www.burmeseclassic.com

ရွှေပဒေသာစာပေ

# မိုးစက်ပွင့်

# ကိုယ်မပိုင်သည့်ပန်း




အချစ်လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

၂၀၁၇ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်

| | | |
|---|---|---|
| ကွန်ပျူတာစာစီ | - | ခင်ပြုံးဝင်း (၀၉၂၅၀၁၄၄၇၉၇) |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၀၄၀၅)<br>ရွှေပဒေသာစာပေတိုက်<br>အမှတ်(၃၃)၊ ကျီတော်လမ်း<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၀၂၄၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ်(၃၃)၊ ကျီတော်လမ်း<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်။ |
| ဖြန့်ချေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

ကိုယ်မပိုင်သည့်ပန်း
မိုးစက်ပွင့်
ရွှေပဒေသာစာပေ၊ ၂၀၁၇၊ ရန်ကုန်။
၂၉၄ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) ကိုယ်မပိုင်သည့်ပန်း


BURMESE CLASSIC

# ကိုယ်မပိုင်သည့် ပန်း

---

## မိုးစက်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



မင်းပျို့ ပြောတာ မှန်တယ် ခက်... သံယောဇဉ်လောက်နဲ့တော့ ကိုကြီးတို့သားအဖကို ငဲ့မနေပါနဲ့။ နောက်မှ ခက် နောင်တရတာမျိုး မဖြစ်စေချင်ဘူး။ အစကတည်းက ကိုကြီးက ကိုယ်မပိုင်တဲ့ ပန်းကို ပျိုးခဲ့မိသူပါ

နွေလုလင်



ကျေးဇူးပါ အစ်ကို၊ ကိုယ့်ခေါင်းမှာ ပန်မယ့်ဆဲဆဲ ပန်းကို သခင့်လက်ထဲ ပြန်ကမ်းပေးတဲ့အတွက် သူခိုးလို့ စွပ်စွဲရမယ့်အစား ရိုးသားစွာ ပြန်ကမ်းပေးတဲ့လက်ကို ဖြစ်နိုင်ရင် စိန်စီရွှေချပြီး သိမ်းထားပေးချင်ပါတယ်

မင်းပျို့မောင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေက ရှေ့မှာ ချောက်လို့ ပြောရင် နောက်ဆုတ်လိုက်ပါ မင်းပျို···မယုံလို့ ခုန်ချ ကြည့်လိုက်ရင် အဲဒီချောက်က သူတို့ပြောတာ ထက် ပိုနက်တယ်။

**ပန်းရောင်ခက်ဆစ်**



# အခန်း (၁)

ခြံထဲကို ကားကွေ့ဝင်လိုက်တာနှင့် ခက် ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွားလေသည်။ ဝမ်းသာရမလိုလို၊ ဝမ်းနည်းရမလိုလိုနှင့် ဘာကို အလိုမကျမှန်းမသိ စိတ်ထဲမှာ မွန်းကျပ်လာတာကြောင့် ခေါင်းကိုမော့ပြီး မျက်လုံးလေးမှိတ်ကာ အသက်ကို ဝအောင် ရှူသွင်းလိုက်သည်။

ဒီအိမ်ကြီးသည် ကိုယ်နှင့် မစိမ်းသက်တော့ပေမယ့် အခု ပြန်လာရတာ စိတ်သစ်၊ လူသစ်၊ ကိုယ်သစ်ဘဝနဲ့ပေါ့။ ဘဝကို တစ်ကနေ ပြန်စလို့ မှာထားပေမယ့် အဖြစ်အပျက်အားလုံးက ငွေရောင်ပိတ်ကားပေါ်က ဇာတ်လမ်းတစ်ပုဒ်လို ကြည့်ပြီး မေ့ထားလို့မှ မရဘဲလေ။ လက်တွေ့၊ ကိုယ်တွေ့ ကြုံခဲ့ရတဲ့အဖြစ် တွေက···

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာတွေရဲ့ ကလောင်သွားထိပ်က တမင်ဖန်တီးရေးသားထားတဲ့ ဝတ္ထုတစ်အုပ်မှ မဟုတ်ခဲ့ပဲ။

"ပန်းရောင်"

"ရှင်"

"ဆင်းလေ"

"ဪ…ဟုတ်ကဲ့…ကိုကြီး"

နွေလုလင် ကားတံခါးကိုဖွင့်ပေးပြီး ဆင်းခိုင်းလေမှ ခက်ကားပေါ်က ဆင်းဖို့ကို သတိရပြီး ဆင်းလိုက်လေသည်။ ကားသံကြားလို့ ထွက်လာကြိုသူတွေကတော့…

"မြေးလေး…ဟိုမှာ သမီးဖေဖေ ပြန်လာပြီ…ဟင်"

ဒေါ်မြမြမိုးအကြည့်က ခက်ဆီသို့ ရောက်သွားတာနှင့် ခက်ကိုမြင်ပြီး ပါးစပ်အဟောင်းသား၊ မျက်လုံးအဝိုင်းသား ဖြစ်သွားလေတော့သည်။ ပြီးတော့မှ နှုတ်ခမ်းက ပြုံးလာပြီး မျက်ရည်တွေလည်း ဝေ့လာသည်သာ။

"ဟာ…ဖေဖေ ပြန်လာပြီ…ဖေဖေ"

"သမီး"

"ဖေဖေ"

"သမီးလေး"

သမီးက သူ့ဆီသို့ပြေးလာတော့ နွေလုလင် သမီးကို ပွေ့ချီပြီး ပါးပြင်လေးကို ဘယ်ပြန်ညာပြန် နမ်းရှိုက်ပစ်လိုက်သည်။

"ဖေကြီး…သမီးလေးပါးက မွှေးနေတာပဲ"





"မွှေးမှာပေါ့…ဖေဖေ့သမီးကိုး…ဖေဖေရ…ဖေဖေပါးလည်း မွှေးတယ်"

ပြောပြီး ဆောင်းလုလင်လေးက ဖခင်၏ပါးကို ပြန်နမ်းလေသည်။ သမီးက စကားတတ်လွန်း၍ မသိရင် တစ်ခါတစ်ခါ လူကြီးတွေ သင်ပေးထားသလားတောင် ထင်ရပါသည်။

"သမီး"

"ရှင်"

"ဟိုမှာ…ဘယ်သူလဲ…ကြည့်ပါဦး"

ဆောင်းလုလင်လေးက ဖအေကြည့်တဲ့သူဆီ လိုက်ကြည့်ပြီး ခက်ကို မြင်သွားလေတော့…

"ဟာ"

မျက်နှာလေး ဝင်းပသွားပြီး သွားချွန်လေးတွေပေါ်အောင် ရယ်လိုက်ကာ…

"မေမေ"

"ဟင်"

"မေမေ"

နွေလုလင် သမီးလေးကို ပွေ့ချီထားရာမှ အောက်သို့ ချပေးလိုက်လေတော့ ဆောင်းလုလင်က ခက်ခါးကို အတင်းဝင်ဖက်လေတော့သည်။ ခက်မှာတော့ ငိုရမလား၊ ရယ်ရမလား မပြောတတ်တော့ပါဘူး။ ရင်ထဲမှာ တစ်မျိုးကြီးပါ။ ဒီအရွယ်နဲ့ဒီအရွယ် ကိုယ်က သမီးလို့ခေါ်ရတာ လွယ်ကူပေမယ့်…

www.burmeseclassic.com



မေမေလို့ အခေါ်ခံရတာကျတော့…

စိတ်ထဲမှာ ရှက်သလိုလိုပါ။ ကိုယ်က ဒီကလေးရဲ့အမေ အစစ်မှ မဟုတ်ဘဲလေ။ သူ့အမေနေရာကို အစားထိုးဝင်ရောက်လာတဲ့သူ။ ခက် ကလေးကို ပြန်ဖက်ထားမိပေမယ့် ဘာပြောရမှန်း မသိပေ။

"ပန်းရောင်"

"………."

"ပန်းရောင်"

"ရှင်"

"သမီးလေးကို ပျော်ရွှင်ပါစေ ပန်းရောင်"

"ဟုတ်…ဟုတ်ကဲ့ပါ ကိုကြီး"

မှာထားတဲ့စကားတွေကို ပြန်ကြားယောင်ပြီး ခက် ပြုံးလိုက်မိပါသည်။ ကိုကြီးက စုတ်ပြတ်သပ်နေတဲ့ ပန်းရောင် (သို့မဟုတ်) ခက်ဘဝကို ဆေးရေးဆေးခြယ်လုပ်ပေးပြီး ဘဝကို တစ်ကနေ ပြန်စခိုင်းခဲ့တာလေ။ ခက်…ကိုကြီးရဲ့စေတနာမေတ္တာအတိုင်း သူတို့မိသားစုအပေါ် တုံ့ပြန်ပေးရမှာပေါ့။

"သမီး"

"မေမေ"

"သမီး…မေ…မေမေ့ကို လွမ်းနေတာလား"

"လွမ်းတာပေါ့ မေမေရဲ့…သမီးက မေမေ့ကို နေ့တိုင်း လွမ်းနေတာ။ မေမေ ဝယ်ပေးလိုက်တဲ့ အရုပ်ကလေးတွေကို





ဖက်အိပ်တယ်။ အဲဒီအရုပ်ကလေးတွေကိုကြည့်ပြီး မေမေ ပြန်လာမယ့်နေ့ကို သမီး နေ့တိုင်း မျှော်နေတာ မေမေရဲ့"

"မေမေလည်း သမီးကို အရမ်းလွမ်းနေတာပါ သမီးရယ်"

"မေမေ တကယ်ပြောတာနော်"

"တကယ်ပေါ့ သမီးရဲ့"

"ဟေး…ဒါမှ တို့မေမေကွ။ မေမေ့ကို အရမ်းချစ်တယ်"

ခက် သမီးလေးပါးပြင်ကို နမ်းလိုက်တော့ သမီးလေးကလည်း ခက် ပါးပြင်ကို ပြန်နမ်းလေသည်။ ဒါကိုကြည့်ပြီး ဒေါ်မြမြမိုး မျက်ရည်မထိန်းနိုင်တော့တာကြောင့် အိမ်ထဲသို့ ပြန်ဝင်လာခဲ့တော့သည်။

"မေမေ…ကိုဇော်ဦးနဲ့ ခင်မာအေးရော…သူတို့ကို ခေါ်လိုက်ပါဦး။ ကားပေါ်ကအထုပ်တွေ ချနိုင်းရအောင်၊ ဒီလင်မယားဘာတွေလုပ်နေလို့ ကျွန်တော်တို့ပြန်လာတာတောင် ရောက်မလာလဲ မသိဘူး"

ဒေါ်မြမြမိုး မျက်ရည်တွေ သုတ်လိုက်ပြီး…

"သူတို့ အလုပ်ထွက်သွားကြပြီ…သား"

"ဗျာ"

"ဇော်ဦးသူငယ်ချင်းတစ်ယောက်က ထိုင်းကို သွားဖို့ ခေါ်လို့ဆိုလားပဲ…အဲဒါ လင်မယားနှစ်ယောက်စလုံး လိုက်သွားမလို့တဲ့"

"ဘြော်"

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို လူသစ်ရှာရတော့မှာပေါ့။ လူတိုင်း ကိုယ့်ဘဝ တိုးတက်ရာတိုးတက်ကြောင်း ရှာဖွေလုပ်ကိုင်နေကြတာမို့ အလုပ်ထွက်ရမလားလို့ အပြစ်လည်း မတင်ချင်ပေ။

"သား"

"...........…"

"မေမေလေ...ဝမ်းနည်းဝမ်းသာနဲ့ ငိုချင်နေတယ် သားရယ်...သူ့ကို မြင်လိုက်ရတာ တကယ် ပန်းရောင် သေရာကနေ အသက်ပြန်ရှင်လာသလိုပါပဲ။ ဒါပေမဲ့ မဟုတ်မှန်းသိနေတော့ ပန်းရောင်ကို သတိရလိုက်တာကွယ်...အဟင့်"

"ဟာ...မေမေ"

ပန်းရောင်နှင့်သမီးလေး အိမ်ထဲကို ဝင်လာတာမြင်ရတော့...

"မေမေငိုတာမြင်ရင် သမီးလေး ဟိုမေးဒီမေး မေးနေပါဦးမယ်...မေမေရယ်"

"အေး...အေးပါ...သားရယ်"

ဒေါ်မြမြမိုး မျက်ရည်တွေကို သုတ်ပစ်လိုက်ရသည်သာ။

"မေမေ"

"ရှင်...ရှင့်"

"သမီးဖို့ ဘာတွေဝယ်လာလဲဟင်"

"ဝယ်လာတာပေါ့ သမီးရဲ့...သမီးအတွက် အဝတ်အစားတွေရော...အရုပ်တွေရော...မုန့်တွေရော ဝယ်လာတာမှ အများ





ကြီးပဲ"

"ဟေး...မေမေ့ကို အရမ်းချစ်တယ်"

ဆောင်းလုလင်လေးက ခက်ခါးကို ကျစ်နေအောင်ဖက်ထားလေသည်။ ပြီးတော့ ခက်မျက်နှာကို မော့ကြည့်ကာ...

"မေမေ ဆေးရုံတက်ရတာ အကြာကြီးပဲနော်။ နောက်တစ်ခါ ဆေးရုံမတက်ရအောင် မေမေ နေကောင်းအောင်နေနော်...မေမေ"

လူကြီးတွေ အကြည့်ချင်းဆုံသွားကြလေတော့ နွေလုလင်မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့လို့ပါ။ ပြီးတော့ ထထွက်သွားလေတော့၏။

"နော်...မေမေ"

"အေးပါ သမီးရယ်...မေမေ နောက်ကို ဆေးရုံမတက်ရအောင် ကျန်းမာရေးဂရုစိုက်ပါ့မယ်...နော်။ သမီးလေးသာ ပျော်အောင်နေ...ဟုတ်ပြီလား"

"မေမေကလည်း မေမေရှိနေရင် သမီးက ပျော်ပြီးသားပါ မေမေရဲ့"

"အေးပါ...သမီးလေးရယ်"

အပေါ်ထပ်တက်လာပြီး ကိုယ့်အခန်းထဲကိုရောက်တော့ နွေလုလင် ပန်းရောင်ရဲ့ဓာတ်ပုံကို မော့ကြည့်လိုက်ပြီး...

"ပန်းရောင်"

တိုးဖွဖွနှင့် ခေါ်လိုက်မိသည်။ နံရံမှာကပ်ထားတဲ့ ပန်းရောင်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံက အသက်ဝင်လှပါသည်။ ပြုံးပြီး ကိုယ့်ကိုကြည့်နေပုံက ခွင့်လွှတ်ပါတယ်လို့ ပြောနေသလိုပါပဲ။

"ကိုကို့ကို ခွင့်လွှတ်ပါ ပန်းရောင်ရယ်...ကိုကိုလေ ပန်းရောင်နေရာမှာ ဘယ်သူ့ကိုမှ အစားမထိုးချင်ဘူး ပန်းရောင်။ ဒါပေမဲ့ သမီးလေး... ကိုကိုတို့ရဲ့သမီးလေး စိတ်ဆင်းရဲမှာစိုးလို့ ကိုကို ခုလို လုပ်လိုက်ရတာပါကွာ"

"..............."

"ကိုကို့ကို ခွင့်လွှတ်ပါ ပန်းရောင်ရယ်"

မျက်ရည်တွေကြားကနေ ကြည့်နေမိတဲ့ ပန်းရောင်ရဲ့ပုံက မျက်ရည်တွေကြောင့်ပဲ ကိုယ့်အမြင်တွေ ဝေဝါးလို့လား။ အပြုံးက မဲ့ပြုံးလိုလို ဖြစ်သွားလိုက်သလိုပါ။ ကိုကို့ကို လှောင်နေတာလား၊ လှောင်ပြုံးပြုံးလိုက်တာလား ပန်းရောင်ရယ်။ မျက်ရည်ကိုသုတ်ပြီး ကြည့်လိုက်ပြန်တော့ အပြုံးက ကြည်လင်နေပြန်သည်။

ပန်းရောင်ရယ်...

ရုပ်ချင်းတူသွားပေမယ့် အချစ်ချင်းမတူနိုင်ဘူးဆိုတာကို တော့ ပန်းရောင် နားလည်ပေးပါ။ ကိုကို ပန်းရောင်ကို အရမ်း ချစ်တယ်။ အရမ်းချစ်လို့လည်း တစ်နေ့ ဒီလိုဖြစ်မယ်မှန်းသိသိနဲ့ ပန်းရောင်ကို ကိုကို လက်ထပ်ခဲ့တာပါ။

"ကိုကို"

"ပြောလေ ပန်းရောင်"

"ပန်းရောင် မရှိတော့ရင် ကိုကို နောက်အိမ်ထောင်မပြုဘဲ





မနေပါနဲ့နော်...ကိုကို့ရဲ့ရှေ့ရေးအတွက် ကိုကို အိမ်ထောင်ပြုပါ။ ပန်းရောင်လို ကိုကို့ကို ချစ်တဲ့သူ ဂရုစိုက်တဲ့သူ သမီးလေးအပေါ် မှာလည်း မိခင်မေတ္တာပေးနိုင်မယ့် မိန်းကလေးမျိုးနဲ့ ကိုကို လက်ထပ်ပါ"

ဒီလိုပြောခဲ့ဖူးတဲ့ ပန်းရောင်...အခု ကိုယ့်လုပ်ရပ်အတွက် ပန်းရောင် နားလည်ခွင့်လွှတ်နိုင်မှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

တစ်နေ့လုံး အဆင်ပြေလာသမျှ ညအိပ်ရာဝင်တော့ ပြဿနာက စပြီ။ ဒေါ်မြမြမိုး မြေးကို အိပ်ဖို့ခေါ်လေတော့…

"ဟင့်အင်း…ဟင့်အင်း…ဒီည ဆောင်း…ဘွားဘွားနဲ့ မအိပ်တော့ဘူး။ ဖေဖေရယ်…မေမေရယ်နဲ့ အတူတူ မအိပ်ရတာကြာပြီ။ ဆောင်း…ဖေဖေ၊ မေမေတို့နဲ့ပဲ အိပ်မယ်"

"မြတ်စွာဘုရား"

"ဗုဒ္ဓေါ"

"ဟင်"

ကိုယ်စီပဲ ပါးစပ်မှ အာမေဍိတ်သံတွေ ထွက်ကုန်ကြလေတော့သည်။ နွေလုလင်…ပန်းရောင်ကို အားနာသလိုကြည့်လေတော့ ပန်းရောင် မျက်နှာလေး ရှက်ဝဲဝဲနှင့် ခေါင်းငုံ့ထားသည်။





ကျေးဇူးရှင်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ သူမပြောဖို့ စကားလုံး မရှိဘူး ထင်ပါရဲ့။

"သမီး"

"ရှင်…ဖေဖေ"

"အဲဒီလို ဂျီမကျရဘူးလေ သမီးရဲ့…သမီးမေမေက ကျန်းမာရေးသိပ်ကောင်းသေးတာ မဟုတ်ဘူးလေ။ သမီးက အိပ်ရင်ခါးကို ခြေထောက်ဖြတ်ဖြတ်တင်တာ။ မေမေက ဘယ်ခံနိုင်မှာလဲ"

"ဖေဖေကလည်း သမီး…မေမေနဲ့ အတူတူအိပ်ချင်ပါတယ်ဆို…ခြေထောက်မတင်ပါဘူး ဖေဖေရဲ့…သမီး ငြိမ်ငြိမ်လေး အိပ်မှာပါ"

"သမီး"

ခက် မနေသာတော့ပေ။

"သမီးက မေမေနဲ့ အတူတူ အိပ်ချင်တာမဟုတ်လား"

"ဟုတ်"

"ဒါဆို သမီးနဲ့မေမေ နှစ်ယောက်အတူတူ အိပ်ကြမယ်လေ…နော်"

"နှစ်ယောက်မဟုတ်ဘူး မေမေရဲ့…သုံးယောက်၊ ဖေဖေနဲ့ မေမေ့ကြားမှာ သမီးက အိပ်မှာ"

"ဟင်"

"မြေးလေး"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး ဘယ်လိုညာရမလဲဆိုတာ ချက်ချင်း စဉ်းစားလို့ မရပေ။ ခက်တော့ခက်ပြီ။ ပါးစပ်ထဲ တွေ့ရာပဲ…

"မြေးလေးက အရင်လို ကလေးလေးမဟုတ်တော့ဘူး မြေးရဲ့…ဖေဖေနဲ့မေမေ့ကြားမှာ အိပ်တယ်ဆိုတာ…ဟော… နို့စို့တဲ့ကလေးလေးမှ အိပ်ရတာ။ အခု မြေးလေးက ကျောင်းသူ တောင် ဖြစ်နေပြီပဲလေ"

"ဟာ…မရဘူး…မရဘူး…အိပ်မှာပဲ။ အဲလိုဆို ခေါင်း ကလေးလေးပြန်လုပ်မယ်။ မေမေ့ချိုချိုစို့ပြီး အိပ်မယ်"

"ဘုရားရေ"

အခြေအနေက ပိုဆိုးလာတော့ ခက် မျက်နှာလေးကို ဘယ် ထားရမှန်းမသိတော့ပေ။ ကလေးကို အပြစ်မြင်လို့လည်း မဖြစ်။ သူ့ခမျာ မိခင်ရဲ့ရင်ခွင်ငွေ့နဲ့ ဝေးနေတာကြာတော့ အတူတူ အိပ်ချင်ရှာမှာပေါ့။ ကိုယ်နဲ့နှစ်ယောက် အိပ်ချင်တယ်ဆိုရင်တော့ ပြဿနာမရှိပါဘူး။ အခုက မဖြစ်နိုင်တာ။

"မြေးလေးကလည်း လိမ္မာပါတယ်ကွယ်…ဘွားဘွားနဲ့ပဲ အတူတူအိပ်…နော်။ ဘွားဘွား ချိုချိုတိုက်မယ်"

"မစို့ဘူး…ဘွား…ချိုချိုက မကောင်းဘူး။ မေမေ့ချိုချိုပဲ စို့မှာနော်…မေမေ…နော်"

"သမီး"

"………"

"ဂျီမကျနဲ့နော်… ဂျီကျရင် ဖေဖေရိုက်မှာ"





ခေါင်းလုလင် ဖခင်မျက်နှာကိုကြည့်ပြီး ငိုမဲ့မဲ့လေး ဖြစ် သွားလေသည်။ ပြီးတော့…

"သမီး သိပါပြီ…ဖေဖေနဲ့မေမေက သမီးကို အရင်လို မချစ်ကြတော့ဘူး…အိ…အိ…ဟီး"

"ဟာ"

"ဟယ်…မငိုရဘူးလေ သမီးရဲ့…မေမေနဲ့ဖေဖေက သမီး ကို အရင်လိုပဲ ချစ်တာပါ။ ဘာမှမပြောင်းလဲဘူး… အရင်က အတိုင်းပဲ ချစ်တာပါ သမီးရယ်"

"မယုံဘူး…မေမေနဲ့ဖေဖေ သမီးကို မချစ်တော့ဘူး… ဟီး"

"သမီး"

နွေလုလင် အကြံအိုက်သွားလေသည်။ ဘာလုပ်ရမှန်းမသိ တော့ပါဘူး။ သမီး စိတ်ညစ်မှာကို သူ မလိုလားပေ။ ထို့ကြောင့် ပန်းရောင်ကို…

"ပန်းရောင်"

"ရှင်"

"ကူညီလက်စနဲ့"

စကားက ရှေ့မဆက်နိုင်ပေ။ ဒေါ်မြမြမိုးကတော့ သူ့ မျက်နှာကိုကြည့်လိုက်၊ ခက်မျက်နှာကို ကြည့်လိုက်နှင့် ဘာဝင် ပြောလို့ ပြောရမှန်းကို မသိတော့ပါဘူး။ ခက်လည်း သက်ပြင်း လေးချပြီး ခေါင်းညိတ်လိုက်မိတော့သည်။ ခက်ဘာဝက မထူး

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလေ။

ခက်က သေဆုံးခဲ့ပြီးသားလူတစ်ယောက်ပါ။

အသက်မသေပေမယ့် ဘဝသေခဲ့သူ။ အသက်တောင် နွေလုလင်ဆိုတဲ့ ကိုကြီးပေးတဲ့အသက်ပဲ ရှိတော့တာလေ။ ထို့ကြောင့် ခက်အသက်၊ ခက်ဘဝကို သူပိုင်သည်လို့ ပြောလို့ရတာပေါ့။ သူ သွန်လိုကသွန်၊ မှောက်လိုကမှောက်ပါစေတော့။ သေမထူး နေမထူးဘဝမျိုးပါ။

ရပ်တည်နေရတာကိုက…

ပန်းရောင်ခက်ဆစ် ခန္ဓာကိုယ်နဲ့ ပန်းရောင်ခြယ်ရဲ့မျက်နှာပဲလေ။

"ကဲ…သမီး"

"ရှင်"

"မငိုနဲ့တော့နော်…ဖေဖေရယ်…မေမေရယ်…သမီးရယ် အတူတူအိပ်ကြမယ်။ ဒါပေမဲ့ သမီး တစ်ခုတော့ ကတိပေးရမယ်"

အတူတူ အိပ်ရမယ်ဆိုတော့ ဆောင်း နှုတ်ခမ်းလေးပြုံးသွားကာ မျက်ရည်တွေကို သုတ်လိုက်သည်။

"ဘာကတိပေးရမှာလဲ မေမေ"

"သမီးက ဖေဖေနဲ့မေမေ့ကြားမှာ အိပ်ရမယ်၊ မေမေ့ဆီမှာ ချိုချိုမစို့ရဘူး။ ဖေဖေ့ချိုချိုပဲ စို့ရမယ်။ ဘယ်လိုလဲ…သဘောတူလား"





"ဟာ…ဖေဖေ့ချိုချိုက စို့လို့မကောင်းဘူး ဖေဖေရဲ့…ဖေဖေ့ချိုသီးက ပြားကပ်ကပ်ကြီး"

"ဟား…ဟား…ဟား"

ဆောင်း နှာခေါင်းလေး ရှုံ့မဲ့ပြောလေတော့ နွေလုလင် ရယ်လေတော့သည်။ ရယ်မောခြင်းသည် အသက်မပါမှန်း ကိုယ်သာသိ၍ သမီးကတော့ မသိရှာပေ။

"သမီးကကွာ…ဂျိမကျနဲ့လေ၊ ဖေဖေ့ချိုသီးက ပြားကပ်ကပ် မဟုတ်ပါဘူး။ သမီး ဖေဖေ့ချိုသီးကို ဘယ်နှခါ စို့ဖူးလဲပြော…ကတိမပေးရင်တော့ အတူတူ မအိပ်ရဘူးနော်…ဒါပဲ"

"အင်း…သမီးက ဖေဖေ…မေမေနဲ့ အတူအိပ်ချင်တော့ ကတိပေးရတော့မှာပဲပေါ့။ ကတိပေးတယ် ဖေဖေရာ"

"ဒါမှ ဖေဖေ့သမီးကွ"

နွေလုလင် သမီးကို ပွေ့ချီပြီး ထလာလေတော့ ဆောင်းက-

"မေမေ…လာလေ"

"အေး…အေး…လာပြီ…သမီး"

မတတ်သာတော့ ပန်းရောင် လိုက်ခဲ့ရတော့သည်သာ။ ဒေါ်မြမြမိုးကတော့ သက်ပြင်းချ၊ ခေါင်းခါနှင့်သာ ကျန်ရစ်ခဲ့တော့၏။ အခုချိန်မှာ သူမကတော့ ပွဲကြည့်ပရိသတ်ပါပဲ။ သားရဲ့လုပ်ရပ်ကို မှားတယ်၊ မှန်တယ်လို့ မဝေဖန်ချင်ပေ။ သူမ စိုးရိမ်မိတာက…

တစ်နေ့နေ့ တစ်ချိန်ချိန်ကိုပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေ အဆင်ပြေသွားကြရင် ကိုယ်က ပြောစရာမရှိပါဘူး။ ပန်းရောင်မဟုတ်တဲ့ ပန်းရောင်ခက်ဆစ်က အပျိုလေးဆိုတော့ သူမ အိမ်ထောင်ပြုသွားရင်ဆိုတဲ့အတွေးက ရင်ထဲမှာ စိုးရိမ်စိတ်တွေကို ဖြစ်ပေါ်စေတာပါ။ ဘဝမှာ ဘယ်လောက်ပဲ နာကြည်းချက်တွေရှိရှိ...

ဘယ်လောက်ပဲ ခက်ခဲကြမ်းတမ်းပါစေ...အချစ်နဲ့ ကင်းသူမှ မရှိဘဲလေ။

"မေမေ"

"ဟင်"

"ဟာ...မေမေကလည်း ဘယ်လိုကြီးထူးတာလဲ...အရင်ကလိုထူးလေ"

"ဟင်"

"ရှင်...ရှင့်"

ပန်းရောင် နားမလည်ဖြစ်သွားတာကြောင့် နွေလုလင်က ဝင်ထူးပြလေလျှင်...

"ဖေဖေ မထူးနဲ့လေ...မေမေ့ကို ခေါ်တာ..မေမေပဲထူး"

နွေလုလင် စောစောက ဝင်ထူးပြလိုက်တာမို့ ခက် သဘောပေါက်သွားကာ ပြုံးလိုက်မိတော့သည်။ ဩော်...ကိုယ်ကသာ ခက်လို့ ထည့်ပြော၊ ခက်လို့ ကိုယ့်ကိုယ်ကိုယ်သာ ခံယူနေသေးတာ တကယ်ရောက်ရှိရပ်တည်နေရသောဘဝသည် ပန်းရောင်ခြယ်ပဲမို့...ခက်ဆိုတဲ့ အသုံးအနှုန်းက မလိုအပ်တော့ဘူးထင်ပါရဲ့။



"ပြန်ခေါ်မယ်နော်...မေမေ"

"ရှင်...ရှင့်"

"မေမေ"

"ရှင်...ရှင့်"

ဒီတော့မှ ဆောင်း သဘောကျစွာ ရယ်လေသည်။ ပန်းရောင်ကိုခေါ်ပြီး နွေလုလင်ဘက်သို့ လှည့်ကာ...

"ဖေဖေ"

"ဗျာ...ဗျ"

"ဖေဖေ"

"ဗျား...ဗျာ...ဗျ"

"ဖေဖေရော...မေမေရော လိမ္မာတယ်"

"သမီးကရော"

"ဟာ...ဖေဖေကလည်း ဖေဖေလိမ္မာနဲ့ မေမေလိမ္မာရဲ့ သမီးပဲဟာ...သမီးလည်း သမီးလိမ္မာပေါ့"

"မတတ်ပါဘူးလေး"

နွေလုလင် သမီးနှဖူးကို ဖွဖွလေးထုပြီး ရယ်လိုက်မိသည်။

"ဖေဖေ...သမီးကို ပုံပြင်ပြောပြ...အယ်...မဟုတ်ဘူး၊ မေမေ ပြောပြ"

"အင်း...မေမေ ပုံပြင်ပြောပြမယ်။ သမီး နားထောင်ပြီး အိပ်တော့နော်"

"ဟုတ်"

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင် သမီးဆံနွယ်စလေးတွေကို လက်ချောင်းလေးများနှင့် ဟိုကိုင်ဒီကိုင် ကိုင်ရင်း…

"ဟိုး…ရှေးရှေးတုန်းက ရွာတစ်ရွာမှာ လှပျင်းဆိုတဲ့ ကောင်လေးတစ်ယောက် ရှိတယ်တဲ့။ အဲဒီကောင်လေးက အရမ်းပျင်းတာတဲ့…သမီးရဲ့"

"ဟုတ်လား မေမေ…သူက အရမ်းပျင်းတာလား"

"ဟုတ်တာပေါ့ သမီးရဲ့…သူက အရမ်းပျင်းပြီး အလုပ်မလုပ်ချင်ဘူးလေ။ တစ်နေ့မှာ သူ့အမေက အဲဒီငပျင်းကို မြှုံးသွားထောင်ခိုင်းတယ်တဲ့"

"မြှုံးဟုတ်လား…မေမေ…မြှုံးဆိုတာ ဘာလဲဟင်"

"မြှုံးဆိုတာ တောအရပ်တွေမှာ ငါးထောင်တဲ့အရာပေါ့။ ပိုက်တို့…ကွန်တို့ကို သမီး သိတယ်မဟုတ်လား"

"ဟုတ်ကဲ့…သိတယ် မေမေ"

"အဲဒီပိုက်တို့ကွန်တို့နဲ့ မတူဘူးလေ။ ဒါပေမဲ့ သူလည်း ငါးထောင်ဖမ်းလို့ရတယ်။ ငပျင်းကတော့ အဲဒီမြှုံးကို ပျင်းတာနဲ့ ရေထဲဆင်းမထောင်ဘဲ သစ်ပင်ခွကြားမှာ တင်ထားတာတဲ့"

ပန်းရောင်ပြောပြတဲ့ ငပျင်းအကြောင်းက ရယ်စရာမို့ သမီးက ခိုးခိုးခစ်ခစ်နဲ့ ရယ်သလို နွေလုလင်လည်း ရယ်မိသည်သာ။ သူမနဲ့ကိုယ့်ကြားမှာ သမီးက ခြားနေပေမယ့် စိတ်ကတော့ မလုံပေ။ ထသွားပါမယ်ဆိုတော့လည်း ပန်းရောင် တစ်မျိုးထင်ပြီး ရှက်သွားမှာစိုးလို့ပါ။ သူ့ခများက ပိုပြီး အနေကျပ်နေမှာပေါ့။



ကြားထဲမှာ သမီးရှိနေပေမယ့် သူမလည်း ဘယ်စိတ်လုံပါ့မလဲလေ။

ကိုယ်…,

သမီးအတွက်ပဲ ကြည့်လိုက်မိတာ တစ်ကိုယ်ကောင်းဆန်ရာများ ကျနေပြီလား။ နောက်ထပ် ပုံပြင်တွေပြောနေရင်းပဲ သမီးက အိပ်ပျော်သွားလေလျှင်…

"ကိုကြီး"

"ဟင်"

"သမီးလေး အိပ်ပျော်သွားပြီ၊ ခက် သွားတော့မယ်နော်"

"အေး…အေး"

ပန်းရောင် သမီးလေးဘေးမှ ထသွားလေလျှင်…

"ပန်းရောင်"

"ရှင်"

"ခဏပြန်လာဦး"

နွေလုလင် ပြောပြီး ခေါင်းအုံးအောက်က သော့နှစ်ချောင်းကို ထုတ်ယူ၍ တစ်ချောင်းစီ ခွဲလိုက်သည်။ ပန်းရောင် ပေကပ်ကပ်ပုံစံနှင့် လျှောက်လာတာ သူ့အနားကိုရောက်လေတော့…

"ရော့…မင်း သော့တစ်ချောင်းယူထား၊ ဟိုဘီရိုထဲမှာ ပိုက်ဆံတွေ ရှိတယ်။ သမီးအတွက် လိုအပ်တာဖြစ်ဖြစ်…မင်းအတွက် လိုအပ်တာပဲရှိရှိ ယူသုံးပါ"

"ဟို…အဲဒါ အန်တီမြကို ပေးထားရင် ပိုကောင်းမယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ် ကိုကြီး"

"ယူဆိုရင် ယူထားလေကွာ…မေမေက ရတယ်။ သူသုံးဖို့ ငွေထည့်ထားပေးပြီးသား"

ပန်းရောင်ခ်က်ဆစ် မလွှန်ဆန်ချင်တာကြောင့် သူပေးတဲ့ သော့ကိုယူပြီး ထွက်လာခဲ့တော့သည်။ ကိုယ်ကတော့ ကိုယ့်ကို ကူညီစောင့်ရှောက်ခဲ့တာနဲ့တင်တောင် ကျေးဇူးက ဆပ်မကုန်ဘူး လို့ တွေးထားသူပါလေ။



# အခန်း (၃)

ဒေါ်လှလှဝင်းခမျာ သမီးကို သတိရတိုင်း မီးဖိုချောင်မှာ ထမင်းဟင်းချက်ရင်း ကျိတ်ငိုရသည့်အဖြစ်ပါ။ ဖော်မင်းဦးရှေ့မှာ မငိုရဲဘူးလေ။ ငိုမိတိုင်း မငိုနဲ့၊ ဒါ မသာအိမ်မဟုတ်ဘူးတဲ့။ ကိုယ့်သမီးကိုလွမ်းလို့မှ လွတ်လွတ်လပ်လပ် မငိုရ။ လိုက်ရှာချင်လို့မှ ရှာခွင့်မရ။

သမီးလေး သေသလား၊ ရှင်သလား…

ဘာသတင်းအစအနမှမရဘဲ စိုးရိမ်သောကနှင့် အိပ်မရတဲ့ ညပေါင်းလည်း များခဲ့ပါပြီ။ လူက ပိန်လာပြီး စိတ်ထောင်းလို့ ကိုယ်ကြေနေပေမယ့် အိပ်ရာထဲမှာ အေးအေးဆေးဆေး အနားယူခွင့် သူမမှာ မရှိပေ။ ချက်ရပြုတ်ရ၊ ဈေးလည်းရောင်းရ၊ တစ်ခါတလေ ငါ မြန်မြန်သေပါစေဟု ကိုယ့်ကိုယ်ကိုယ် ကျိန်မိသည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှ… ဝင့်ကျွတ်မှာလေ။ အခုတော့ ဝဲ့ငွေ့ကြွေးက မကြေနိုင်သေးဘူး ထင်ပါရဲ့။

"အလှ…အလှ"

"……………"

"ဟော့..အလှ..ခေါ်နေတာ မကြားဘူးလား။ တောက်… ဒီမိန်းမ ဘယ်သွားနေပါလိမ့်"

ဒေါ်လှလှဝင်း မျက်ရည်ကိုသုတ်ပြီး ထွက်လာခဲ့တော့သည်။

"အလှ"

"ဘာလဲ"

"ဟာ"

ဒေါ်သနင့် ခပ်ဆောင့်ဆောင့် ထူးလိုက်လေတော့…

"လေသံက မာလှချေလား"

"……………"

"ဘာလဲ…နင်က ငါ့ကို နင် ရှာကျွေးနေရတယ်ဆိုပြီး အကြောကြီးနဲ့ ဆက်ဆံတာလား။ ဟင်…ပြောစမ်း ကောင်မ"

ဒေါ်လှလှဝင်းမျက်နှာက တင်းနေသည်။ သည်းခံရဖန်များလာတော့ သည်းမခံနိုင်တော့ပါဘူး။ ရင်ထဲမှာ ကျိတ်မှိတ်မျိုသိပ်ပြီး ခံစားနေရတာ ဖွဲမီးလို တငွေ့ငွေ့ပါ။ ယောကျ်ားငယ်ငယ်လေးကို ယူမိတာကိုက ကြိုလ်ဝင်တာ။ မယူလို့မရလို့ သူမ ယူဖြစ်တာလေ။

ဒင်းက ကိုယ့်ကိုမရရင် သေတော့မလို့နဲ့ အိမ်ပေါ်ကမဆင်းလို့ သူမ ယူလိုက်တာပါ။ ပတ်ဝန်းကျင်က ရှိသေးသည်လေ။



ဒင်းကလည်း အပြောကောင်းပါ့။ အလှဘဝမှာ ကျွန်တော်က နေမင်းကြီး၊ လမင်းကြီးလောက် မတောက်ပရင်တောင် ကြယ်စင်ရဲ့အလင်းလောက်နဲ့ ထာဝရ အလင်းပြပါရစေတဲ့။

ညားကာစကတော့ ဟုတ်သား။

နောက်ကျတော့ မင်းသား ခေါင်းချွတ်ပြခဲ့သည်လေ။ ကြယ်စင်လောက် အလင်းပေးဖို့မပြောနဲ့၊ ပိုးစုန်းကြူးဖင်က အလင်းရောင်နဲ့ ဆေးလိပ်မီး ညှိချင်တဲ့လူ။ ဒေါ်လှလှဝင်း သည်းမခံနိုင်တော့ပေ။

"ဟုတ်တယ်…ယောကျ်ားဖြစ်ပြီး မိန်းမလုပ်စာထိုင်စားနေတာ နင် မရှက်ဘူးလား…ဇော်မင်းဦး၊ သူများလုပ်စာထိုင်စားလည်း အေးအေးဆေးဆေး ထိုင်စားရင် တော်သေးရဲ့…အခုက အရေပါသောက်လိုက်သေး"

"ငါကြိုက်လို့ ငါသောက်တာ ဘာဖြစ်လဲ…ကောင်မ… လူပါးဝပြီး စကားမပြောနဲ့"

"လူပါးဝတာ ငါမဟုတ်ဘူး…နင်ဟဲ့"

"ဘာ"

"ငါ့လုပ်စာကိုလည်း ထိုင်စားသေး…အရက်ဖိုးလည်း တောင်းသေး၊ ပြီးတော့ နင်ပဲ ငါ့ကို အမျိုးမျိုး နှိပ်စက်နေတာ။ ငါ့သမီးအပေါ်မှာလည်း နင် မကောင်းဘူး။ နင့်ကြောင့် အခု ငါ့သမီးလည်း သေမှန်းမသိ၊ ရှင်မှန်းမသိနဲ့ ငါ ဆက်ပြီး သည်းမခံနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်...သည်းမခံတော့ရင် နင်က ဘာလုပ်မှာလဲ... ပြောစမ်း"

ဦးဇော်မင်းဦး ယိုင်တိယိုင်တိုင်နှင့် ဒေါ်လှလှဝင်းအနားသို့ ရောက်လာလေသည်။ ဒေါ်လှလှဝင်းလည်း မထူးစိတ်ပိုက်၍ ဖြစ်ချင်ရာဖြစ်ဆိုပြီး...

"နင်နဲ့ငါကွာမယ်...နင့်ကို ငါ မပေါင်းနိုင်တော့ဘူး"

"ကောင်မ...ကဲကွာ"

"ဖြန်း"

"အား"

ဒေါ်လှလှဝင်းတစ်ယောက် ဦးဇော်မင်းဦး၏ရိုက်ချက်ကြောင့် ခွေကနဲ လဲကျသွားလေတော့သည်။ ဒါကို ဦးဇော်မင်းဦးက ထပ်ရိုက်လေတော့...

"လူပါးဝတဲ့ကောင်မ...ကဲ"

"ဖြန်း"

"အမယ်လေး"

"ဟေ့ကောင်...ဇော်မင်းဦး...တော်တော့"

"ဇော်မင်းဦး...နင် လွန်နေပြီနော်"

မြင်နေကြားနေရတာ စိတ်မချမ်းသာစရာမို့ ဘေးအိမ်က လူတွေရောက်လာပြီး ဆွဲကြလွဲကြလေသည်။

"ဟုတ်တယ်...အဲဒီလူ တော်တော်လွန်နေပြီ။ ကိုယ်နဲ့ မဆိုင်ဘူးဆိုပြီး ဝင်မပြောတာ။ ဘယ့်နှယ်ဗျာ...မူးလာတိုင်း





အန်တီလှကို ရန်လုပ်နေတာ။ သည်းမခံနိုင်တော့ဘူး"

"ဟာ...ငါ့မိန်းမ ငါရိုက်တာ ဘာဖြစ်လဲ...မဆိုင်တဲ့လူတွေ ဝင်မပါနဲ့"

"နင့်ကို ငါ မပေါင်းတော့ဘူး ဇော်မင်းဦး...အခု နင် ငါ့အိမ်ပေါ်က ဆင်းသွား"

"ဘာ"

ဒေါ်လှလှဝင်းလည်း ဒီတစ်ခါတော့ မလျှော့တော့ပေ။ လဲနေရာကနေ ကုန်းထပြီး ပြောလေတော့...

"နင်က ငါ့ကို မပေါင်းတော့ဘူးဆိုတော့ ဘယ်လင်ငယ် အားကိုးရှိလို့လဲ...ပြောစမ်း"

"နင်...မမိုက်ရိုင်းနဲ့နော်"

"ကဲပါ...မလှ...တော်တော့၊ ပြောမနေနဲ့တော့... ဇော်မင်းဦး...နင်လည်း တော်တော့။ မူးလာရင် အေးအေးဆေးဆေး အိပ်နေပါလား"

ကြားကနေ သူတော်ငါတော် ဝင်ပြောနေပေမယ့်...

"ဖယ်စမ်းပါ...ကျုပ်ကိုမဆွဲနဲ့၊ ဒီမိန်းမ တော်တော်လူပါးဝ နေတာ။ ပြောစမ်း...အလှ...နင်က ဘယ်လင်ငယ်အားကိုးနဲ့ ငါ့ကို အာခံနေတာလဲ။ နင့်လင်ငယ်က ဘယ်သူလဲ...ပြော"

ဆွဲနေရင်းက ရုန်းပြီး ဒေါ်လှလှဝင်း ဆံပင်တွေကို လှမ်းဆွဲလေတော့ ကိုတိုးစိတ်ထဲမှာ အမေချင်းစာနာစိတ်ဖြင့် မခံမရပ်နိုင် ဖြစ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"ပြောနေရင်းက ဒီလူ…ကဲကွာ"
"ခွပ်"
"ဟဲ့…ဟဲ့…ကိုတိုး…မလုပ်နဲ့လေ"
"ကဲကွာ"
"ခွပ်"
"ကိုတိုး…မလုပ်နဲ့"

ကိုတိုးကို ဝိုင်းဆွဲကြရပြန်သည်။ ကိုတိုးက တကယ်ဆို လူရိုးလူအေးလေးပါ။ ခဏခဏ ဒေါ်လှလှဝင်း အနှိပ်စက်ခံနေရတာ မြင်နေကြားနေရတော့ စိတ်ထဲမှာ ကျိတ်ပြီးမခံနိုင်ဘဲ အကုသိုလ်တက်နေတာ ဘယ်လောက်ကြာပြီလဲ။

"ဒီမှာ…ဟေ့လူ…ဒီနေ့ကစပြီး ခင်ဗျား အန်တီလှကို အနိုင်ကျင့်ရဲကျင့်ကြည့်…ကျုပ်နဲ့ အတွေ့ပဲ"

"တော်ပါတော့…မောင်တိုးရယ်…လာပါ"

မောင်တိုးကို ဆွဲခေါ်ကြရပြန်သည်။ လူကောင်းစိတ်တို့နဲ့ တွေ့တော့ ဦးဇော်မင်းဦး ငြိမ်ချက်သား ကောင်းသွားလေတော့၏။

ဦးဇော်မင်းဦးကိုက အမှတ်မရှိတာ။ အရင်ကလည်း ကိုတိုး ထိုးလို့ သေလုမျောပါး ဖြစ်ခဲ့တာပဲလေ။





# အခန်း (၄)

မီးတွေ ခက်တို့အိမ်မှာ မီးတွေလောင်နေပါလား။ အမေ… အမေ ဘယ်မှာလဲ။ အမေရေ…အမေ့ကိုခေါ်ရင်းပဲ ခက် အမေ့ကို ရှာနေမိသည်။ မီးတောက်တွေကလည်း ပြင်းလာပြီ။

အမေ…အမေ ဘယ်မှာလဲ။

"သမီး"
"ဟင်"
"သမီးလေး"
"အမေ"

"အမေ့ကိုကယ်ပါ သမီးရယ်… အမေ့ကို ကယ်ပါ။ အမေ… ပူနေပြီ၊ အမေ့ကို မီးတွေလောင်နေပြီ"

"အမေ"

အမေက မီးတောက်တွေကြားကနေ ကယ်ပါတဲ့။ အမေ့မှာ ချက်ရည်တွေနဲ့။ အမေ့ကို မီးတွေလောင်နေတာ အကျမ်းပူနေ



www.burmeseclassic.com

www.burmeseclassic.com



ရောပေါ့။ ခက်…အမေ့ကို ကယ်မယ်။ သမီး အမေ့ကို ကယ်ပါ့မယ် အမေရယ်။

“သမီး”

“အမေ…သမီး လာပြီ…အမေ”

“မလာနဲ့…သမီး…မလာနဲ့၊ ပူတယ်…အရမ်းပူတယ်၊ သမီး မလာပါနဲ့”

“အမေ”

“ငါ့သမီးလေး ပူနေမယ်…သမီး မလာနဲ့”

ခက် မီးထဲကိုဝင်ပြီး အမေ့ကိုကယ်ဖို့ ကြိုးစားပေမယ့် မရပေ။ မီးဟပ်လို့ပူတော့ နောက်ကို ပြန်ဆုတ်လိုက်၊ ဝင်ဖို့ ကြိုးစားလိုက်ပါပဲ။

“အမေ”

“အား…ပူတယ်”

“အမေ…ဟီး”

“ဟော့…မဝင်နဲ့လေ…မဝင်နဲ့…သေတော့မှာပဲ”

“အမေ…အမေ့ကို ကယ်ကြပါ”

“သမီး”

ခက် အရူးတစ်ယောက်လို ပြေးလွှားအော်ဟစ်နေမိတော့သည်။ အမေ့ကို သူမ မကယ်နိုင်တော့ဘူးလား။ ခက် သေချင်သေပါစေ။ အမေ့ကို ရအောင်ကယ်မယ်။

“ဟိတ်…မဝင်နဲ့”





လူအချို့က ခက်ကို ဆွဲထားလေတော့…

“ဖယ်ပါ…ကျွန်မ အမေ့ကို ကယ်ပါရစေ…အမေ…သမီး လာပြီ”

“သမီး”

“အမေ”

“အား”

“အမေ”

“ပန်းရောင်…ပန်းရောင်”

“…………”

ခက် ကိုယ့်အသံနှင့်ကိုယ် လန့်နိုးပြီး ထထိုင်လိုက်တော့ ရင်ထဲမှာ တလှပ်လှပ်နှင့် မောဟိုက်နေသလိုပါ။ သူမ အိပ်မက်မက်နေတာပါလား။ အမေ…အမေ့ကို အိပ်မက်မက်နေတာ။ အမေက မီးတောထဲမှာ။ အမေ နေမှကောင်းရဲ့လား။ အမေ ဘာများဖြစ်နေလဲ။

အမေ…

အမေ့ကို စိတ်ပူလို့မှ ပြန်သွားကြည့်လို့မရတဲ့ဘဝပါလား။ ခက်ရယ်…နင့်ဘဝက ဆိုးလိုက်တာ။

“ပန်းရောင်”

“ဟင်”

“ပန်းရောင်”

အပြင်က ဒေါ်နီခေါ်သံကြောင့် ခက် အိပ်ရာထက်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ထလာခဲ့တော့၏။ အရင်တုန်းကတော့ ခက် အခုကတော့ ဒီအိမ်သားတွေအားလုံး ခေါ်နေကြတဲ့ ကိုယ့်နာမည်က ပန်းရောင်။

"ဒေါ်နီ"

"ပန်းရောင်"

"ပြောလေ…ဒေါ်နီ"

"ဘာမှမပြောပါဘူး…စောစောက ပန်းရောင်…အော်တာလား၊ အော်သံကြားလို့ ခေါ်ကြည့်တာပါ"

"ဪ…အဟွန်း…ခက် အိပ်မက်မက်ပြီး လန့်အော်တာပါ ဒေါ်နီ"

"ဪ…ဘယ်လိုတွေများမက်လို့ လန့်အော်ရတာလဲ ပန်းရောင်ရယ်…ဒေါ်နီ အခန်းရှေ့က ဖြတ်သွားတော့ အော်သံကြားတာနဲ့ ဘာများလဲလို့"

ခက် သက်ပြင်းလေးချလိုက်ကာ…

"အမေ့ကို အိပ်မက်မက်နေတာပါ ဒေါ်နီ…ခက်လေ အမေ့ကို အရမ်းသတိရတာပဲ"

"ဪ"

ပြောပြီး မျက်ရည်လေးဝဲနေတဲ့ ခက်ကိုကြည့်ပြီး ဒေါ်နီ စိတ်မကောင်းဖြစ်သွားရသည်သာ။ မိဘနဲ့သားသမီးပဲလေ… သွေးချင်းမျှ သတိရမှာပေါ့။ ဪ…ဘဝ…ဘဝ…တွေ့ရမြင်ရတာက အမျိုးမျိုးပါလား။





## အခန်း (၄)

ပန်းရောင် သမီးလေးကို လက်သည်း၊ ခြေသည်းလေးတွေ ညှပ်ပေးနေသည်။ လူကြီးတွေကတော့ လက်သည်း၊ ခြေသည်း ညဘက် မညှပ်ကောင်းဘူးဆိုပေမယ့် ဒီအယူဝါဒတွေက တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သွားခဲ့ပါပြီ။ ကလေးက ကျူရှင်ရယ်၊ ကျောင်းရယ်နဲ့ နားချိန်က သိပ်ရတာမှ မဟုတ်တာ။

ဒီတော့ ရတဲ့အချိန်လေးမှာပဲ လုပ်ပေးရတာပေါ့။

နေ့ဘက်ကျတော့ နွေလုလင်လည်း ဂျူတီကျရင် ဆေးရုံသွားရတာနဲ့၊ ဆေးခန်းထိုင်ရတာနဲ့ မိသားစု မျက်နှာစုံညီနေရတဲ့အချိန်က နည်းလှပါသည်။

"ပန်းရောင်"

"ရှင်"

ခေါ်လိုက်သူက အန်တီမြပါ။

www.burmeseclassic.com

www.burmeseclassic.com



"မနီ ပြောပြတယ်…သမီး…သမီးရဲ့အမေကို အိပ်မက် မက်ပြီး အော်တယ်ဆို…ဘာတွေမက်တာလဲ…ပြောပြပါဦး"

"အိပ်မက်ထဲမှာ ခက်…အဲ"

သမီးလေးက ပါးနပ်ပြီး ဉာဏ်ရည်ထက်မြက်သူမို့ စကား ပြောရင် သူ့ရှေ့မှာ အလွန်မှ သတိထားရပါသည်။ ကိုယ့်ကိုယ်ကို ခက်လို့သုံးမိရင် မျက်မှောင်လေးကြုတ်ပြီး မေးတတ်သည်လေ။ မေမေကလည်း မေမေ့နာမည်က ပန်းရောင်ကို ဘာလို့ ခက်လို့ သုံးတာလဲတဲ့။

ထို့ကြောင့်…

"ပန်းရောင်တို့အိမ် မီးလောင်နေတာပါ အန်တီ…အမေက မီးထဲမှာ"

"ဪ"

"မေမေ"

"ဟင်"

ဆောင်းက မေမေခေါ်လို့ ထူးလိုက်သည်တွင်…

"မေမေက ဘွားကို ဘာလို့ အန်တီလို့ခေါ်တာလဲ… အရင် က မေမေလို့ ခေါ်တာလေ"

"အဲ"

"ဟယ်"

ခက် ပါးစပ်ကို ယောင်၍ လက်ချောင်းလေးများနှင့် ပိတ် လိုက်မိသည်။ သတိထားနေတဲ့ကြားက အမှားကို ထောက်ပြနိုင်



အောင် ဉာဏ်ကောင်းတဲ့ ကလေးပါလား။

"တွေ့လား ပန်းရောင်…မြေးလေးက အဲဒီလို မှတ်ဉာဏ် ကောင်းတာ။ နောက်ကို သတိထားပါကွယ်။ အတိတ်ဆိုတာကို အတတ်နိုင်ဆုံး မေ့နိုင်အောင် ကြိုးစား…အခု မင်းက ပန်းရောင် ဆိုတဲ့ ပန်းရောင်ခြယ်ပါ"

"ဟုတ်…ဟုတ်ကဲ့ပါ မေမေ"

မေမေဆိုတဲ့နာမ်စားကို မနည်းညှစ်ထုတ်ပြီး ခေါ်လိုက်ရ သည်။ သူတို့က ပန်းရောင်ခြယ်လို့ သတ်မှတ်ထားပေမယ့် ကိုယ် က ပန်းရောင်ခြယ်မှ မဟုတ်ဘဲလေ။

"ပန်းရောင်"

"ရှင်"

"မင်း အိမ်ကို သတိရနေတယ်ဆိုတော့ အိမ်ကို ပြန်ချင်နေ လား"

"ပြန်တော့ပြန်ချင်တာပေါ့ ကိုကြီးရယ်…ဒါပေမဲ့"

"ပြန်ချင်ရင်ပြန်လေ…ငါ လိုက်ပို့ပေးပါ့မယ်"

"ပြန်တာကဟုတ်ပါပြီ…ပန်းရောင်ကို အမေက သိတော့ မှာမှ မဟုတ်တာ ကိုကြီးရယ်…ဖွင့်ပြောလို့လည်း မဖြစ်ဘူး။ ဖြစ်ရင်တောင် ရှင်းပြဖို့ လွယ်မှမလွယ်တာ"

"ငါ နားလည်ပါတယ်။ ဒါပေမဲ့ မင်းအမေကို မင်း အလွမ်းပြေတော့ ကြည့်ခွင့်ရတာပေါ့။ ပြီးတော့ ကျေညီစရာရှိ ကျေညီလို့ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါ ကိုကြီး…ကိုကြီးက ခွင့်ပြုရင် ပန်းရောင် အမေ့ကို အလွမ်းပြေ သွားတွေ့ချင်ပါတယ်"

"ကောင်းပြီလေ…ငါ လိုက်ပို့ပါ့မယ်"

ပန်းရောင်အစစ်မဟုတ်တဲ့ ပန်းရောင်…ဝမ်းသာလွန်းလို့ မျက်ရည်လေးဝဲလို့ပါ။ ပတွေးကို မုန်းပေမယ့် အမေက ကိုယ့်အမေပဲလေ။ လွမ်းတာပေါ့။ တွေ့ချင်တာပေါ့။ အခုတွေ့ရမယ် ဆိုတော့ ဖြစ်တည်သွားတဲ့ပီတိက ဘာနဲ့မှ မလဲနိုင်ပေ။

"ဒါနဲ့…သား"

"ဗျာ…မေမေ"

"ဖော်ဦးနဲ့ဖင်မာအေးအစား သား…အလုပ်သမားအသစ် ရှာဦးမှာလား"

"ရှာရမှာပေါ့ မေမေ…သမီးလေးကို ကျောင်းပို့ကျောင်းကြိုလုပ်ဖို့နဲ့ အိမ်မှာ ကူဖော်လောင်ဖက်တစ်ယောက်က ရှိနေမှကို ဖြစ်မှာ"

"ကိုကြီး"

"ဟင်"

"ခက်…အဲ…ပန်းရောင် တစ်ခုလောက်ပြောလို့ရမလား"

"ပြောလေ"

"ကိုကြီးတို့မိသားစုက ပန်းရောင်ရဲ့အသက်သခင် ကျေးဇူးရှင်တွေပါ။ ပန်းရောင် လုပ်အားနဲ့ ကျေးဇူးပြန်ဆပ်ပါရစေနော်။ အိမ်အကူ မရှာပါနဲ့။ သမီးလေးကို ကျောင်းပို့ကျောင်းကြိုလုပ်တာ



ပါ ပန်းရောင်ပဲ တာဝန်ယူပါရစေ။ ကိုကြီး…ဒရိုင်ဘာပဲ ရှာပါ"

"မဟုတ်တာ သမီးရယ်…သမီးက ပန်းရောင်လေ"

"သမီးကို လုပ်ခွင့်ပေးပါ…အန်…မေမေ။ အဲဒီလိုမှ လုပ်ခွင့်မရရင် သမီး ဘယ်လိုမှ လိပ်ပြာလုံမှာ မဟုတ်လို့ပါ"

သားအမိတွေ အကြည့်ချင်းဆုံသွားကြလေသည်။ သူ့ဘက် ကကြည့်တော့လည်း ဟုတ်တော့ဟုတ်ပါသည်။ သိကတ်တဲ့လူ တစ်ယောက်အဖို့က ဘာမှမလုပ်ဘဲ ထိုင်စားနေရမှာ ဘယ်စိတ်လုံ မှာတဲ့လဲ။

"မေမေ"

"ဟင်"

"မေမေက အိမ်ပြန်မယ်ဆိုတာ ဘယ်အိမ်ကို ပြန်မှာလဲ ဟင်…ပြင်ဦးလွင်က ဘိုးဘိုးနဲ့ဘွားဘွားအိမ်ကိုလား…သမီးပါ လိုက်မယ်နော်"

ပန်းရောင် ဘာပြန်ဖြေရမှန်းမသိ။ အိုးတိုးအတ ဖြစ်သွားစဉ် နွေလုလင်ကပဲ…

"ဟုတ်တယ် သမီးရဲ့…ပြင်ဦးလွင်က ဘိုးဘိုးဘွားဘွား တွေဆီကို ပြန်မှာလေ။ အခုသွားမှာမှမဟုတ်တာ သမီးရဲ့…သမီး စာမေးပွဲပြီးလို့ ကျောင်းပိတ်မှ သွားမှာ…သမီး လိုက်ရမှာပေါ့"

"ဟုတ်တယ် မြေးရဲ့…မြေးရဲ့ဘိုးဘိုးနဲ့ဘွားဘွားက မြေးလေးကို သတိရလို့တဲ့။ အလည်လာခဲ့ပါဦးတဲ့"

"ဖုန်းဆက်တာလားဟင်…ဘွား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့…မြေးရဲ့"

"ဟင်…ဆောင်းကိုကျတော့ မဆက်ဘူး။ ဆောင်းလည်း ဘိုးဘိုးဘွားဘွားတို့နဲ့ စကားပြောချင်တယ်"

"ပြောရမှာပေါ့ သမီးရဲ့…သမီး ကျောင်းပိတ်တဲ့ရက်ကျ အေးအေးဆေးဆေး ပြောပေါ့…နော်"

ဆောင်းက ခေါင်းလေးညိတ်ပြလေတော့ နွေလုလင် သက်ပြင်းချလိုက်မိသည်။ ယောက္ခမတွေကို ပန်းရောင်ခက်ဆစ် ကိစ္စ အကျိုးအကြောင်း ပြောပြထားဦးမှာပါ။ သူတို့သိထားတာက သမီးလေးကို ပန်းရောင် ဆေးရုံတက်နေရတုန်းလို့ ညာထားတာပဲ သိကြတာဆိုတော့…

ပြောပြထားမှ ဖြစ်တော့မှာပါ။

သူတို့သိရင် ဘာပြောကြဦးမလဲ မသိပါဘူး။ ပြောလည်း ခံရတော့မှာပဲပေါ့။

"သား"

"ဗျာ"

"ဒရိုင်ဘာကိစ္စ ဘယ်လိုလုပ်မလဲ…သိပ်ကြာနေလို့တော့ မဖြစ်ဘူးထင်တယ်။ အရေးကြီးတာက မြေးလေး ကျောင်းပို့ ကျောင်းကြိုကိစ္စ နေ့တိုင်း Taxi နဲ့ သွားနေလို့ အဆင်မပြေဘူး လေ"

"စိတ်ချပါ မေမေ…ကျွန်တော် မနက်ဖြန်ဘဲ သတင်းစာ ထဲထည့်ပြီး ကြော်ငြာလိုက်ပါ့မယ်"



သတင်းစာထဲထည့်သလို သွားရင်းလာရင်း အသိမိတ်ဆွေ တွေကိုလည်း ရှာခိုင်းရမှာပေါ့။ ဒရိုင်ဘာပေါ်ပေမယ့် ကိုယ်လိုချင် တဲ့ပုံစံကရှားတော့ ဒီလိုပဲ လုပ်ရတော့မှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

သမုဒ္ဒရာကြီးက ပြောတယ်…ရေပြင်ကျယ်ဟာ သူ့ရဲ့အဖော်ပဲ×××တောင်တန်းကြီးက ပြောတယ်၊ စမ်းချောင်းလေးတွေကို ချစ်တယ်×××ကောင်းကင်ကြီးက ပြောတယ်၊ တိမ်ရောင်စုံဟာ သူ့ရဲ့အဖော်ပဲ×××ကြယ်လေးများက ပြောတယ်×××လမင်းမရှိရင် ငိုချင်တယ်… ထာဝရ ကိုယ့်ရင်ခွင်မှာ မင်း…လေးနေပါ…ကိုယ်ဟာ မင်းရဲ့ အမြဲတမ်းပဲ အဖော်မွန်ပါ×××မြတ်နိုးလွန်းလို့ချစ်တာ တန်ဖိုးထားပြီးချစ်တာ…

ယုံကြည်ပါ နောက်ဆုံးတစ်နေ့ထိ လက်တွဲမဖြုတ်ဘူး မင်းအနားနေမှာပါ×××အဆိုးအကောင်းနဲ့ တို့ထပ်တူ ခံစားမျှဝေသွားမှာ….



အဖေဖွင့်ထားတဲ့သီချင်းကြောင့် မင်းပျိုမောင်ရင်ထဲမှာ စူးကနဲဖြစ်သွားပြီး ရင်ဘတ်ထဲမှာ လှိုက်တက်လာသည်။ အူတွေလိပ်တက်လာသလိုပါပဲ။ ထိုဖြစ်စဉ်နှင့်အတူ မျက်ရည် ချက်ချင်းဝဲလာပြီး အသြာလွှယ်လိုက်တာ။ ဒဏ်ရာကို အပ်နဲ့ထိုးဆွလိုက်သလိုပါပဲ။

ကိုယ့်အဖေ ဖွင့်နေတာမို့လို့သာပေါ့။ မဟုတ်ရင် ဒီသီချင်းဖွင့်နေတဲ့ဖုန်းကို ကိုင်ပေါက်မိမလား မသိပါဘူး။ မဟုတ်ဘူး…အဲဒီလိုလည်း မဟုတ်သေးပါဘူး။ နာကျင်ရတာမှန်ပေမယ့် ဒီသီချင်းလေး ပြီးဆုံးသွားမှာကိုလည်း စိုးရိမ်မိနေပြန်သည်။

အရောရောပေးဆပ်ကာ×××အသည်းကိုနှင်းအပ်လို့ထားတာ…

ထာဝရအဖော်ဆိုတာ အချစ်စစ်ရဲ့တန်ဖိုး…တစ်ခုပါ×××

မင်းပျိုမောင်ရဲ့ပါးပြင်ပေါ်သို့ မျက်ရည်ပွင့်တွေ စီးကျလာလေသည်။

သမုဒ္ဒရာကြီးက ပြောတယ်…ရေပြင်ကျယ်ဟာ သူ့ရဲ့
အဖော်ပဲ×××တောင်တန်းကြီးက ပြောတယ်၊ စမ်းချောင်း
လေးတွေကို ချစ်တယ်×××ကောင်းကင်ကြီးက ပြောတယ်၊
တိမ်ရောင်စုံဟာ သူ့ရဲ့အဖော်ပဲ×××ကြယ်လေးများက
ပြောတယ်×××လမင်းမရှိရင် ငိုချင်တယ်… ထာဝရ ကိုယ့်
ရင်ခွင်မှာ မင်း…လေးနေပါ!…ကိုယ်ဟာ မင်းရဲ့ အမြဲ
တမ်းပဲ အဖော်မွန်ပါ×××မြတ်နိုးလွန်းလို့ချစ်တာ တန်ဖိုး
ထားပြီးချစ်တာ…



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပါ နောက်ဆုံးတစ်နေ့ထိ လက်တွဲမဖြုတ်ဘူး မင်း
အနားနေမှာပါ×××အဆိုးအကောင်းနဲ့ တို့ထပ်တူ ခံစား
မျှဝေသွားမှာ····

အရာရာပေးဆပ်ကာ×××အသည်းကိုနှင်းအပ်လို့ထားတာ···

ထာဝရအဖော်ဆိုတာ အချစ်စစ်ရဲ့တန်ဖိုး···တစ်ခုပါ×××

မင်းပျိုမောင် ကိုယ့်ရှိက်သံကို အဖေကြားမှာစိုးလို့ တူကို ကိုင်ရင်းမှ ထထွက်လာခဲ့တာ နောက်ဖေးဘက်ကိုပါ။ သူ့အိမ်ရဲ့ အလယ်ခန်းမှာ ပျဉ်တစ်ချပ် သံကွာနေလို့ သံအသစ်နဲ့ ပြန်ရိုက်ပေး နေတာပါ။ အဖေက ဖုန်းနဲ့ သီချင်းဖွင့်ထားပြီး ဖုန်းကို ဗိုက်ပေါ် တင်ထားကာ ကုလားထိုင်ပေါ်မှာ မျက်လုံးမှိတ်၍ ငြိမ်နေသည်။

အမေကတော့ အဝတ်တွေ လျှော်နေသည်သာ။ ကိုယ့်ကို မွေးထားတဲ့ မိဘတွေဆိုတော့ မင်းပျိုမောင် အပြစ်လည်း မမြင် ချင်ပါဘူး။ သူများတွေရဲ့အမြင်မှာတော့ ကိုယ့်မိဘတွေသည် မပြည့်တဲ့အိုးက ဘောင်ဘင်ခတ်၊ အဆံမရှိတဲ့ ဆည်းလည်းက ပိုသာသလိုမျိုး လူပေါ်ကြွားတွေလို့သာ ပြောခံရသည်လေ။

အဖေနဲ့အမေက···

လက်ထဲမှာ ပိုက်ဆံဖွေးဖွေးလက်လက်ကလေးရှိလာရင် ကြွားဝါချင်ကြသည်။ အစားအသောက်၊ အဝတ်အထည်ကို စီးပွား ရေးအဆင်ပြေသူတွေနှင့် တုပြိုင်ပြီး ဝတ်စားနေတော့ အခု ချွတ်ချုံပြာကျမဖြစ်ရုံတမယ်ပါပဲ။ ပြီးတော့ အဖေက အလုပ်ကို စိတ်မြဲမြဲ မလုပ်ချင်သူ။ ခပ်ရိုင်းရိုင်းပြောရလျှင် ပျင်းတာပေါ့။





ဟိုအလုပ်လည်း မလုပ်ချင်၊ ဒီအလုပ်လည်း မလုပ်ချင်မို့ အလုပ်မမြဲပေ။

"မင်းပျို"

"·······"

"မင်းပျို"

"ဟင်"

အိမ်ရှေ့ကခေါ်သံကြောင့် မင်းပျို မျက်ရည်တွေသုတ်ပြီး အိမ်ရှေ့သို့ ပြန်ထွက်လာခဲ့သည်။

"သြော်···မျိုးမြင့်ပါလား···လာကွာ"

"မင်းပျို···မင်း လုပ်နိုင်လား၊ မလုပ်နိုင်လားတော့ မသိ ဘူး။ ငါ သတင်းစာထဲမှာ ကြော်ငြာတစ်ခုတွေ့လို့ မင်းကို သတိရ ပြီး လာပြောတာကွ"

"ဟုတ်လား···ဘာအလုပ်လဲ···မျိုးမြင့်"

"လုပ်ရမှာတော့ ဒရိုင်ဘာကွ၊ လစာကတော့ ကောင်းသား။ သူ့အိမ်မှာ ညအိပ်ပြီး အမြဲလိုအပ်တဲ့အချိန် အနားမှာရှိနေရမယ်တဲ့။ မင်းနဲ့ဆို အဆင်ပြေမလားလို့"

မင်းပျိုမောင် တွေကနဲ ဖြစ်သွားလေသည်။ ကိုယ့်ဘက်က တော့ မလုပ်နိုင်စရာအကြောင်း မရှိပါဘူး။ အဓိက,က လစာ ရဖို့ပဲလေ။ ကိုယ်က အဝေးသင်တက်နေတာ ကျောင်း[illegible]မပြီး သေး။ ကျန်တဲ့တစ်နှစ်အတွက် ကိုယ့်ဘာသာကိုယ်ပဲ ကြီးဆောင် ရတော့မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေ အဆင်မပြေရင် သားသမီးတွေ ပြန်လုပ်ကျွေးရမှာပဲလေ။ ဒါကြောင့် သူ အလုပ်ရှာနေတာ ကြာပါပြီ။

"လစာက ဘယ်လောက်လဲကွ"

"ဒီမှာ မင်းကိုယ်တိုင် ဖတ်ကြည့်ကွာ"

မျိုးမြင့်က သူကိုင်လာတဲ့ သတင်းစာကို မင်းပျိုလက်ထဲသို့ ထည့်ပေးလေသည်။ မင်းပျို ဖတ်ကြည့်လိုက်တော့ လစာက နှစ်သိန်း။ ကားမောင်းကျွမ်းကျင်ရမည်။ အိမ်မှာ အမြဲနေပေးနိုင်သူဖြစ်ပြီး အိမ်ရဲ့ ဗာဟီရကိစ္စများကို ကူညီလုပ်ကိုင်ရမည်တဲ့။

ကိုယ်က မလုပ်နိုင်စရာမှ မရှိတာ။

လူပျိုလူလွတ်ပဲလေ။ ရိုးသားစွာ ပိုက်ဆံရရင် ပြီးရော။ အလုပ်ကရှားတော့ ရရာအလုပ်ပဲ လုပ်ရမှာပဲပေါ့။

"ငါ လုပ်မယ်ကွာ"

"အေး…ဒါဆို မင်း သွားတွေ့ရမှာပေါ့။ တွေ့ရမယ့်နေရာက ဆေးခန်းကွ…ဒေါက်တာနွေလုလင်တဲ့။ အဟဲ…လူကတော့ ဘယ်လိုပုံစံရှိတယ် မသိဘူး။ နာမည်ကတော့ အပျံစားပဲ"

"မင်းကလည်း နာမည်တွေ…ရုပ်တွေက အဓိကမကျပါဘူးကွာ…အရေးကြီးတာက ကိုယ်အလုပ်ရဖို့ သူသဘောကျရင်ပြီးတာပဲ။ ဒါနဲ့ သွားရင် မင်း အဖော်လိုက်ခဲ့ဦး"

"ဟင်"

ဟင်ဆိုပြီး လှည့်ကြည့်လေလျှင်…

"ဘာလဲ…လိုက်မပေးနိုင်ဘူးလား၊ သူငယ်ချင်းအချင်း





ချင်းကို မကူညီနိုင်ဘူးလား… ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပို့ပါကွ"

"ဟား…ဆံထုံး,ထုံးရ ဆီစိုက်ရပါလား။ ငါက မနေနိုင်လို့ သတင်းစာကိုင်ပြီး လာလည်းပြောပေးရသေး၊ လိုက်လည်းပို့ရဦးမယ်…တရားပါ့"

"မင်း မလိုက်နိုင်ဘူးလား…ဒါပဲပြော"

"လိုက်မယ်ကွာ…လိုက်မယ်"

အဝတ်လျှော်နေတဲ့ ဒေါ်ယဉ်နွဲ့ အဝတ်လျှော်ပြီးလို့ အိမ်ပေါ်သို့ ပြန်တက်အလာမှာ မင်းပျိုတို့ စကားတွေကို တစ်စွန်းတစ်စကြားပြီး…

"ဘာတွေ ဆံထုံး,ထုံးရ ဆီစိုက်ရဖြစ်နေတာလဲ မျိုးမြင့်… ပြီးတော့ ဘယ်ကိုသွားကြမှာလဲ။ ငါ့သားကို မိန်းကလေးတွေနဲ့ အောင်သွယ်အောင်စပ်တော့ မလုပ်နဲ့နော်။ ငါက ငါ့သားနဲ့ သင့်တော်မယ့်အိမ်ထောင်ဘက်ကို ငါကိုယ်တိုင် ရှာပေးမှာ။ ရှုပ်ရှုပ်ယှက်ယှက် လာမလုပ်နဲ့"

ဒေါ်ယဉ်နွဲ့စကားကြောင့် မျိုးမြင့် ကြောင်သွားကာ ဘာပြောရမှန်း မသိပေ။ ပြောတာကို ချက်ချင်း နားမလည်လိုက်တာလည်း ပါတာပေါ့။ မင်းပျိုကတော့ မျိုးမြင့်ကို အားနာသလို အကြည့်…သီချင်းနားထောင်ရင်း သူတို့ပြောနေတဲ့စကားတွေကို နားစွင့်နေတဲ့ ဦးချစ်ခင်က ဖုန်းကိုယူပြီး သီချင်းကိုပိတ်လိုက်ပြီး–

"မင်း…ဘုမသိ ဘမသိနဲ့ ဘာတွေဝင်ပြောနေတာလဲ…



www.burmeseclassic.com

www.burmeseclassic.com



နဲ့…သူတို့ပြောနေတာက အလုပ်အကြောင်း၊ ဘယ်မိန်းကလေးနဲ့မှ အောင်သွယ်နေတာ မဟုတ်ဘူး။ မင်းကလေ…တော်တော် ငါ့စကားနွားရ ပြောတတ်တဲ့ မိန်းမပဲ"

"ဟင်…ဟုတ်လား၊ ကျွန်မက သိမှမသိဘဲရှင့်"

"မသိဘဲနဲ့ ဘာလို့ဖြတ်ပြောလဲ"

"ဩော်…ရှင်ကလည်း မသိလို့ပါဆိုနေမှ"

"ကဲ…တော်ကြပါတော့ ဦးနဲ့အန်တီရယ်…အန်တီပြောတာကို ကျွန်တော် စိတ်မဆိုးပါဘူး။ မသိလို့ပြောတာ…ပြောပါစေ။ ကျွန်တော် နားလည်ပေးနိုင်ပါတယ်"

မင်းပျို နားလည်ပေးတဲ့သူငယ်ချင်းကို ထပ်အားနာရပြန်ပါသည်။ အမေက အဲဒီလိုပါပဲ။ မင်းပျို့ကို ကိုယ့်ပတ်ဝန်းကျင်က မိန်းကလေးတွေနှင့် တူသည်တန်သည်ထင်သူ မဟုတ်ပေ။ ဒါကြောင့်လည်း အချစ်နဲ့ပတ်သက်လို့ မင်းပျိုမောင်ဆိုတာ အသက်ရှင်လျက်နဲ့ ဘဝသေနေသူပါ။

"အေးပါကွယ်…ဒါနဲ့ အလုပ်က ဘာအလုပ်လဲ။ လစာက ဘယ်လောက်တဲ့လဲ…မျိုးမြင့်"

"ဒရိုင်ဘာလုပ်ရမှာပါ…တစ်လ နှစ်သိန်းတဲ့"

"ဟယ်…ဟုတ်လား၊ တစ်လ နှစ်သိန်းဆိုတော့ မဆိုးဘူးနော်"

ပြောပြီး မင်းပျို့ကို ကြည့်လိုက်တဲ့ ဒေါ်ယဉ်နွဲ့အကြည့်ကို အားလုံး နားမည်သဘောပေါက်ကြပါသည်။



"သူတို့က သူတို့အိမ်မှာ အမြဲနေနိုင်သူဖြစ်ရမယ်ဆိုတော့ စရိတ်ငြိမ်းပေါ့ အန်တီ"

"ဩော်"

"အခု အဲဒီအလုပ်ရှင်နဲ့ သွားတွေ့ဖို့ မျိုးမြင့်ကို အဖော်ခေါ်နေတာ အမေရဲ့"

"ကောင်းတယ်…သား…ကောင်းတယ်။ စရိတ်ငြိမ်း တစ်လ နှစ်သိန်းပေးတာပဲဟာ။ အလုပ်က ကိုယ်ရှာနေပေမယ့် အဆင်ပြေတာပဲ မရှိဘူး။ အခုအလုပ်အဆင်ပြေရင် ကောင်းတာပေါ့"

"ဟုတ်တယ်…တို့ မင်းကို ဒီအရွယ်အထိ ပညာတွေသင်ပေးပြီး ကျွေးမွေးလာခဲ့တာ တာဝန်ကျေပြီလို့ထင်တာပဲ"

"ဗျာ"

အပြောမတတ်ရင် ဆဲတာနဲ့တူတယ်တဲ့။ အဖေ့စကားကြောင့် မင်းပျိုရင်ထဲမှာ တစ်မျိုးကြီး ခံစားသွားရသည်။ တာဝန်ကျေတာ မှန်ပါတယ်။ ပြောလိုက်တဲ့စကားက မင်း…တို့ကို တစ်လှည့် ပြန်လုပ်ကျွေးလို့ ပြောလိုက်သလိုပါပဲ။

အစကတည်းက…

မိဘကို ပြန်လုပ်ကျွေးချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ အဖေရယ်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

အိမ်မှာလာပြီး ဆွေးနွေးဖို့မခေါ်ဘဲ ဆေးခန်းဆိုတော့ လူရှင်းအောင် စောင့်ရသေးသည်။ လူရှင်းပြီဆိုမှ နှစ်ယောက်သား ဆေးခန်းထဲသို့ ဝင်လာခဲ့ကြရသည်ပေါ့။ တကယ်တမ်း တွေ့ရတော့မယ်ဆိုတော့ မျိုးမြင့်က တွန့်ဆုတ်တွန့်ဆုတ်ပါ။ ဒါကြောင့် မင်းပျိုပဲ ကိုယ့်ကိစ္စမို့ ကိုယ်သာ အရဲစွန့်ပြီး ရှေ့ကဝင်ကာ…

"ဆရာ"

"ဟင်"

"သတင်းစာထဲက ကြော်ငြာကြောင့် ကျွန်တော်တို့ လာခဲ့တာပါ ဆရာ"

စကားက အဆက်အစပ်မရှိပေမယ့် အလုပ်ကိစ္စဆိုတာကို သဘောပေါက်ကာ နွေလုလင်က…





"ထိုင်လေ…ထိုင်ပါ"

"ဟုတ်ကဲ့…ဆရာ"

နှစ်ယောက်သား ထိုင်လိုက်ကြပြီးနောက်…

"သတင်းစာထဲက ကြော်ငြာကြောင့် လာတာဆိုတော့ အစ်ကိုဘက်က ဘာမှထပ်ပြောစရာ မလိုတော့ဘူးထင်တယ်။ လစာရယ်…လိုချင်တဲ့ပုံစံရော ထည့်ရေးထားတာဆိုတော့လေ"

"ဟုတ်ကဲ့…ကျွန်တော်လည်း ဒီအလုပ်ကို လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ လာခဲ့တာပါ ဆရာ"

"ညီလေး…လုပ်မှာလား"

"ဟုတ်ကဲ့"

နွေလုလင်က မင်းပျိုကိုကြည့်ပြီး မေးလေတော့ မင်းပျို ခေါင်းညိတ်ပြီးဖြေလိုက်သည်။ ပြီးတော့ နွေလုလင်ကို ယောကျ်ားချင်း ငေးကြည့်ဖြစ်၏။ နာမည်က လှသလို လူကလည်း ချောပါ့။ ယောကျ်ား ပီပီသသရုပ်နှင့်ကို ချောတာပါ။ ရာထူးက ဆရာဝန်၊ ဥစ္စာပေါ ရုပ်ချော၊ ပညာတတ်။ သူများတွေများ ကံကောင်းပါ့။

ကိုယ်တွေဘဝနဲ့က တခြားစီ…

ကိုယ့်မှာတော့ ကိုယ့်ပညာရေး ဆုံးခန်းတိုင်ဖို့ ကိုယ့်ဘာသာ ကြိုးစားပြီး ငွေရှာရဦးမည့်သာ။

"ညီလေးနာမည်က"

"မင်းပျိုမောင်ပါ ဆရာ"

"မင်းပျိုမောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာ"

နွေလုလင် ပြုံးလိုက်မိကာ…

"နာမည်က အဆန်းပဲ"

"ဆရာ့နာမည်လည်း ဆန်းတယ်လေ"

"အေး…ဟုတ်သား၊ မင်းနဲ့ငါ တစ်ယောက်တစ်မျိုး ဆန်းနေတာပဲ"

ပြောပြီး ဘာရယ်မဟုတ်၊ ရယ်မိကြလေသည်။

"ဆရာ"

"ဟင်"

"ဆရာ့ကို ကျွန်တော် တစ်ခုတော့ ကြိုပြီးပြောထားပါရစေ"

"ပြောလေ"

"ကျွန်တော် ကျောင်းမပြီးသေးဘူး ဆရာ…အဲဒါ"

"သြော်…ဒါလား၊ ရပါတယ်…ပညာရေးနဲ့ပတ်သက်ပြီး အစ်ကိုတို့ဘက်က နားလည်ပေးရမှာပေါ့။ ညီလေးဘက်က ထပ်ပြီး တောင်းဆိုစရာမရှိဘဲ စည်းကမ်းချက်အတိုင်း နေနိုင်မယ်ဆိုရင်ပေါ့"

"ဟုတ်ကဲ့ ဆရာ…ကျွန်တော် ဘာမှထပ်ပြီးမတောင်းဆိုတော့ပါဘူး။ စည်းကမ်းချက်ကိုလည်း လိုက်နာနိုင်ပါတယ်"

"ဒါဆို…အိုကေလေ…ညီလေး ဘယ်နေ့စပြီး အစ်ကိုတို့အိမ်လာမလဲ…ဒီမှာ အစ်ကို့အိမ်လိပ်စာကဒ်…ညီလေး အဆင်





ပြေမယ့်နေ့ လာခဲ့လေ…နော်"

မင်းပျို့ လိပ်စာကဒ်ကို လှမ်းယူပြီး…

"ကျွန်တော် သန်ဘက်ခါလာခဲ့မယ် ဆရာ"

"အစ်ကိုလို့ပဲ ခေါ်ပါ"

မင်းပျို့နဲ့မိုးမြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိကြသည်။ ဆရာဝန်ဆိုပြီး ဘာမာနမှမရှိပါလားလို့ ကျေနပ်ပီတိ ဖြစ်ရတာပါ။ စကားပြောကြည့်လိုက်တာနဲ့ သိနေတာပဲလေ။

"ဟုတ်ကဲ့…ကျေးဇူးပါ အစ်ကို၊ ဒါဆို ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ"

မင်းပျို့နဲ့မိုးမြင့် ထပြန်လာခဲ့ကြပြီး ဆေးခန်းအပြင်ရောက်မှ လက်ဝါးချင်းရိုက်လိုက်ကြသည်။ ကိုယ် အလုပ်လုပ်ခွင့်ရပြီမို့…

မင်းပျို့ ပျော်လိုက်တာ။

ကိုယ့်အတွက် အဆင်ပြေသလို မိဘတွေကိုလည်း လုပ်ကျွေးခွင့်ရပြီပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

ဒရိုင်ဘာက မရောက်သေးဘူးဆိုတော့ နွေလုလင် ပန်းရောင်ကို ကိုယ်တိုင်ပဲ လိုက်ပို့ရသည်။ သူမလည်း သူမအိမ်နဲ့ အမေဖြစ်သူကို သတိရရှာမှာပေါ့။ အိမ်ပြန်ဖို့ မဖြစ်နိုင်လို့သာ သူ့ခမျာ ကိုယ့်အိမ်မှာ ဟန်ဆောင်မျက်နှာဖုံးစွပ်ပြီး နေရတာ။

လူတိုင်းဟာ…

ကိုယ့်အိမ်ကိုယ့်မိသားစုနဲ့ အတူနေရတဲ့ဘဝမှာပဲ ပျော်ရွှင်ကြတာပါ။ ပြီးတော့ ကိုယ့်အိမ်မှာ သူနေရတာ အစားထိုးခံဘဝ။ သူမ ဘယ်လောက်များ စိတ်ကျဉ်းကျပ်နေမလဲ။ ကိုယ်ချင်းစာမိပါသည်လေ။ ဒါကြောင့်ပဲ ကိုယ်လည်း သူမနဲ့ပတ်သက်ပြီး တတ်နိုင်သလောက် လိုက်လျောတာပါ။

"ကိုကြီး"

"ဟင်"





"ရှေ့ကလမ်းထဲကို ကွေ့လိုက်"

"ဩော်…အင်း"

"အိမ်ရှေ့မှာ ကားရပ်လို့တော့ မဖြစ်ဘူး၊ ခပ်လှမ်းလှမ်းမှာ ရပ်ခဲ့ပြီး ဘေးအိမ်မှာ အကျိုးအကြောင်း အရင်မေးမှဖြစ်မယ်"

"ဘာအကျိုးအကြောင်းလဲ"

"ဩော်…အမေ နေကောင်းရဲ့လား၊ နေရတာ အဆင်ပြေရဲ့လားပေါ့ ကိုကြီးရဲ့"

"ဟုတ်ပါပြီ"

"ရှေ့အနားမှာ ရပ်လိုက်…ကိုကြီး"

နွေလုလင် ပန်းရောင် ရပ်ခိုင်းတဲ့နေရာမှာ ကားကို ရပ်လိုက်သည်။ ပန်းရောင် ကိုယ့်ဇနီးပန်းရောင်ထက် အသက်ငယ်ပြီး အသားအရေက နုဖတ်ဝင်းမွတ်နေသည့် ကောင်မလေး။ အရပ်ကတော့ ကိုယ့်ဇနီးထက် နှစ်လက်မလောက် ပုတယ်ထင်ပါ့။ အသက်နဲ့ ဘဝအတွေ့အကြုံ ရင့်ကျက်မှုက မမျှလိုက်တာ။

သူ ကားပေါ်က ဆင်းမယ်လုပ်တော့…

"ကိုကြီး"

"ဟင်"

"ကိုကြီး…ကျန်ချင်ကျန်ခဲ့လေ"

"ရပါတယ်…လိုက်ခဲ့မယ်၊ တော်ကြာ ပန်းရောင် တစ်ယောက်တည်းဆို မေးရစမ်းရတာ ခက်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခက်…အဲ…ပန်းရောင်က ကိုကြီးကို အားနာလို့ပါ"

"ရပါတယ်"

နှစ်ယောက်သား လျှောက်လာခဲ့ကြပြီး ပန်းရောင်အိမ်နဲ့ ချက်နှာချင်းဆိုင်အိမ်မှာ ကုန်စုံရောင်းတာမို့ ဈေးဝယ်ချင်ယောင် ဆောင်ပြီး ဝင်ခဲ့ကြသည်။ ဝယ်တော့ ယိုစုံ။

"ဇော်မင်းဦး…နင် လွန်လာပြီနော်။ မိန်းမယူထားပြီး နင်က ရှာမကျွေးတဲ့အပြင် ငါ့လုပ်စာကို အရက်ဖိုးတောင်းနေသေး တယ်…မပေးဘူး…ပေးစရာလည်း မရှိဘူး"

"အလှ…"

"ဘာလဲ"

"ယောကျ်ားငယ်ငယ်လေးကို ယူထားပြီး အလိုလိုက်စမ်း ပါဟာ…ပေး…တစ်ထောင်ပဲပေး"

"မပေးဘူး"

"ပေးလို့…ငါ ပြောနေတယ်နော်"

"မပေးဘူး… မပေးဘူး… ရှိလည်း မရှိဘူး။ ငါ နေမကောင်းလို့ ဈေးထွက်မရောင်းနိုင်တာ ဘယ်နှရက်ရှိပြီလဲ။ ငါ နေမကောင်းတာကျတော့ နင် ဘာလုပ်ပေးလို့လဲ"

"ဟ…ဘာလုပ်ပေးရမှာလဲ၊ ငါက ဆရာဝန်မှမဟုတ်တာ။ နေမကောင်းတာ ဆေးဝယ်သောက်ပေါ့"

ဆူဆူညံညံ အသံဗလံတွေကြောင့် ရပ်ကြည့်နေတဲ့ ပန်းရောင်တို့နှစ်ယောက်ကိုကြည့်ပြီး ဆိုင်ရှင်က စပ်စုချင်တယ်လို့





ထင်သွားလားမသိပေ။ တကယ်လည်း စပ်စုတယ်လို့ ပြောလို့ ရပါသည်။

"အဲဒီလင်မယားက အဲဒီလိုပဲ၊ မလှ‥သနားပါတယ်။ သူ့ ခမျာ ပင်ပန်းတော့ ကျန်းမာရေးက မကောင်းရှာဘူး။ အခု စားဖို့ လေးတောင် ဘေးအိမ်ကလူတွေက သနားလို့ ဝိုင်းကူညီနေကြ တာ။ သူ့ယောကျ်ားက တစ်နေ့တစ်နေ့ ထွက်သွားလိုက်၊ အိမ်ပြန် လာရင် မူးလာပြီး ပြဿနာရှာလိုက်ပဲ"

"ဩော်…ဟုတ်လား"

နွေလှလှင် ဆိုင်ရှင်အမျိုးသမီးကိုပြောပြီး ပန်းရောင်မျက်နှာ ကို ငုံ့ကြည့်လိုက်တော့ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မျက်ရည် တွေ ဝဲနေရှာသည်။ အခု သနားပါတယ်လို့ အပြောခံနေရတာ သူ့မအမေ့ပဲလေ။

"ဟုတ်တယ်ကွဲ့…အလှက စိတ်ထောင်းလို့ကိုယ်ကြေ ဆိုတာမျိုးပေါ့။ သူ့သမီးလေးကလည်း ပျောက်နေတာကြာပြီ။ အပျိုလေးဆိုတော့ စိတ်ပူရှာမှာပေါ့။ အခုထိ သတင်းအစအန တောင် စုံစမ်းလို့မရဘူး"

"ဘယ်လိုပျောက်သွားတာလဲ အစ်မ"

"ကောင်လေးတစ်ယောက်နဲ့ ခိုးရာလိုက်ပြေးတာလေ။ ကောင်လေးမိဘတွေက သဘောမတူလို့ဆိုပြီး လိုက်ခွဲကြတာ။ ဇော်မင်းဦးကလည်း လိုက်သွားပြီး ကောင်မလေးကို ခေါ်ကန်က ခေါ်တော့ ကောင်မလေးက ပြန်မလိုက်ဘဲ ထွက်ပြေးတာလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပဲ။ ကောင်မလေးက ဘယ်ပြန်လိုက်ချင်ပါ့မလဲကွယ်။ ဒေါ်မင်းဦးက ပထွေးလေ…အိမ်မှာနေတော့လည်း ကောင်မလေး အတွက် လုံခြုံမှုမှ မရှိတာ”

“ဩော်”

ဆိုင်ရှင်အမျိုးသမီး ရှင်းပြတာတွေကို နွေလုလင် ပန်းရောင် ပြောပြလို့ သိပြီးသားပေမယ့် အခုလက်တွေ့ မြင်ရတဲ့ အဖြစ် အပျက်ကိုကြည့်ပြီး ပန်းရောင်ကို ပိုသနားသွားမိတော့၏။

“အလုပ်မှာလည်း ကိုယ့်ထက် အသက်အများကြီးငယ်တဲ့ ယောက်ျားကို ယူမိတာ ဒုက္ခ…သူ မစဉ်းစားမိခဲ့တာပါ။ ဒေါ်မင်း ဦးနဲ့ သူ့သမီးနဲ့က အသက် ၁၀ နှစ်လောက်ပဲကွာတာလေ။ ကောင်မလေးက ချောချောလှလှလေးဆိုတော့ ဒေါ်မင်းဦးဆိုတဲ့ ကောင် မအေကိုယူထားပြီး သမီးလေးကိုကျတော့ ကျားချောင်း ချောင်းနေတာ။ ဩော်…ဟဲ့…ငါ သူများအတင်း ပြောမိနေပြီ။ မပြောတာပဲ ကောင်းပါတယ်”

ဆိုင်ရှင်အမျိုးသမီးက သူပြောချင်တာပြောပြီးမှ ပါးစပ် ပိတ်သွားလေသည်။ မပြောတာပဲ ကောင်းပါတယ်နဲ့ စကားဖြတ် သွားတော့ ရှေ့ဆက်ပြောမယ်ဆိုရင် ဘာတွေများပြောဖို့ ကျန်နေ သေးလဲ မသိပေ။ ပန်းရောင် ကျိတ်ငိုနေပြီဆိုတာ သိပေမယ့် ကိုယ့်မှာ ဘယ်လိုအားပေးနှစ်သိမ့်ပေးရမှန်း မသိပေ။

“ကောင်မ…မပေးဘူးလား…ပေးမလား ဒါပဲပြော”

“ပေးစရာမရှိဘူးလို့ ငါ ပြောနေတယ်လေ”





“အဲဒါဆို ငါရှိတာယူသွားပြီး ပေါင်မှာနော်”

“ဘာ”

“ရတယ်…မပေးလည်းနေ၊ နင်ဝယ်ထားတဲ့ ဒန်အိုးအသစ် တွေ ယူသွားပြီးပေါင်မယ်”

“ဒေါ်မင်းဦး…နင် မလုပ်နဲ့နော်”

တစ်ယောက်က ဒန်အိုးတွေသွားယူလို့၊ တစ်ယောက်က လိုက်လုတယ်ထင်ပါ့။ ဒန်အိုးလွတ်ကျသံတွေ၊ ဆဲသံဆိုသံတွေ ကြားနေရတာ စိတ်မချမ်းသာစရာပါ။

“ဒုက္ခပါပဲ…မောင်တိုးကလည်း အိမ်မှာမရှိဘူး။ မောင်တိုး အိမ်မှာရှိရင် ဒေါ်မင်းဦး အဲဒီလောက် မသောင်းကျန်းရဲဘူး။ ဟိုတစ်ခါ မောင်တိုးက လက်သီးနဲ့ထိုးထားလို့ ဒေါ်မင်းဦး နည်းနည်းငြိမ်နေတာ ကြာပြီ”

ကိုတိုးကို ပန်းရောင် ကျေးဇူးတင်ပါသည်။ အိမ်နီးချင်းတွေ ဆိုတော့ အမြင်မတော်လို့ ဝင်ထိုးတာပဲဖြစ်မှာပေါ့။ အသံတွေ ကြားနေရတာ ပန်းရောင်ရင်ထဲက အူတွေ၊ အသည်းတွေကို ဓားနဲ့ မွှန်းနေသလိုပါပဲ ခံစားရခက်လိုက်တာ။

“ဒေါ်မင်းဦး…ပြန်ပေးနော်”

“မပေးဘူး”

ဦးဒေါ်မင်းဦးက ဒန်အိုးနှစ်လုံးယူပြီး အိမ်ကနေ ထွက်လာ တော့ အမေက လမ်းရောက်သည်အထိ လိုက်လုနေသည်။ ဘာပဲ ဖြစ်ဖြစ်ဆိုပြီး ပန်းရောင် သွားမည်လုပ်တော့…



www.burmeseclassic.com

www.burmeseclassic.com



"ပန်းရောင်"

နွေလုလင် ပန်းရောင်လက်မောင်းကို ဖမ်းဆုပ်ထားလိုက်ပြီး…

"ကိုကြီး သွားမယ်"

ပြောပြီး နွေလုလင် ထွက်လာကာ ဇော်မင်းဦးဆိုတဲ့လူ သွားမယ့်လမ်းရှေ့ကနေ ပိတ်ရပ်လိုက်ကာ…

"အစ်ကို"

"ဟင်"

ဦးဇော်မင်းဦးက သူ့ကို မော့ကြည့်ကာ…

"ဘာလဲကွ"

"အစ်ကို…ငွေ ဘယ်လောက်လိုတာလဲ။ ကျွန်တော် ပေးမယ်။ အန်တီကို ဒန်အိုးတွေ ပြန်ပေးလိုက်ပါဗျာ"

ဦးဇော်မင်းဦး နွေလုလင်ကို ခြေဆုံးခေါင်းဆုံး စုန်ချည် ဆန်ချည် နှစ်ခေါက်ကြည့်လေသည်။ ပုံစံက ရုပ်ရှင်ထဲက မင်းသားပုံစံပါပဲ။ နှုတ်ခမ်းက ဘာကြောင့်မှန်းမသိ မဲ့ပြုံးပြုံး ဖြစ်သွားကာ…

"ကယ်တင်ရှင်နဲ့ လာတွေ့နေတာပဲ"

နွေလုလင် ထပ်မေးမနေတော့ပါဘူး။ ငါးထောင်တန် တစ်ရွက် ထုတ်လိုက်ကာ…

"ရော့…ငါးထောင်ယူလိုက်၊ ခင်ဗျား ဒန်အိုးပေါင်ရင် အဲဒီ လောက်ရမယ်မထင်ပါဘူး။ အန်တီ့ဒန်အိုးတွေ ပြန်ပေးလိုက်ပါ"





ဦးဇော်မင်းဦး ငါးထောင်တန်ကို မြင်တာနှင့် မျက်နှာက ပြုံးဖြီးဖြီး ဖြစ်သွားလေသည်။ သူ မိန်းမဆီမှာ တောင်းတာ တစ်ထောင်လောက်ပါပဲ။ အခုပေးတာက ငါးထောင်။ ဒီတော့ ပိုက်ဆံကို လှမ်းမယူသေးခင်ဘဲ…

"မိန်းမ…ရော့…မင်းဒန်အိုးတွေ၊ ငါလည်း မလွှဲသာလို့ သာယူရတာ၊ မယူချင်ပါဘူးကွာ…ရော့…ပြန်ယူနော်"

မိန်းမကို ဒန်အိုးတွေပြန်ပေးပြီး နွေလုလင်လက်ထဲက ငါးထောင်တန်ကို လှမ်းယူပြီးကာ…

"ကျေးဇူး…ကျေးဇူးပါကွာ…ငါ့ညီ အခုလိုလှူရတဲ့ အကျိုးကျေးဇူးကြောင့် စိတ်သွားလို့ကိုယ်ပါ လိုရာဆန္ဒရနိုင်သူ ဖြစ်ပါစေကွာ။ ဒီထက်ပိုပြီး အလှူရေစက် လက်နဲ့မကွာ လှူနိုင် တန်းနိုင်တဲ့သူ ဖြစ်ပါစေ…အစ်ကို သွားလိုက်ဦးမယ်နော်"

အမယ်…အရက်သမားက ဆုတွေဘာတွေပေးပြီးမှ သွားလိုက်ဦးမယ်တဲ့။ တော်တော်မှ သောက်ရဲ့လားမသိပါဘူး။ မျက်နှာကိုက ရေနစ်သလို ပုပ်ပွနေတဲ့ မျက်နှာနဲ့။ မသေခင်က ပုပ်ပွနေတာ။ သေရင် ဒီမျက်နှာ အရည်လည်နေမလား မသိပါ ဘူး။

"ကျေးဇူးတင်လိုက်တာ ငါ့တူရယ်…အန်တီလည်း တကယ့်ကို သူ့ကို ပေးစရာပိုက်ဆံ မရှိတာပါ။ ခုလိုကူညီတဲ့ အတွက် ကျေးဇူးပါနော်"

"ရပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"အား"

"ဟင်"

"ဂလုန်...ဠွမ်း"

"အန်တီ"

"အမေ"

ဒေါ်လှလှဝင်းခေါင်းထဲမှာ မိုက်ကနဲဖြစ်သွားတာမို့ လက်ထဲမှ ဒန်အိုးနှစ်လုံးကို လွှတ်ချမိပြီး နားထင်ကို လက်နှင့် တင်းတင်း ထောက်လိုက်မိသည်။ ကျန်တဲ့လက်တစ်ဖက်က လှမ်းဆွဲဖို့ အားကိုးစရာတစ်ခုကို ရှာနေစဉ်မှာပဲ...

"အန်တီ"

"အမေ"

"အမယ်လေး...မရတော့ဘူး"

လေသံပျော့လေးနှင့်ပြောပြီး ဒေါ်လှလှဝင်း ပျော့ခွေလဲကျသွားလေလျှင် နွေလုလင်နဲ့ပန်းရောင် အချိန်မီ လှမ်းထိန်းလိုက်ရတော့၏။

"အန်တီ"

"အမေ"





## အခန်း (၉)

ပန်းရောင် အမေ့အနားက မခွာဘဲ အမေ့မျက်နှာကိုကြည့်၍ တရှုံ့ရှုံ့ ငိုနေမိသည်။ သမီးရဲ့ရှေ့ရေးအတွက် အမေတစ်ယောက်တည်းရဲ့ ရုန်းကန်မှုနဲ့ မလုံလောက်နိုင်ဘူးဆိုပြီး အားကိုးရှာခဲ့တဲ့ အမေ။ အခု အမေယူတဲ့ ယောကျာ်းက အားမကိုးရတဲ့အပြင် နှိပ်စက်နေတော့ အမေ ဒုက္ခရောက်ရပြီပေါ့။

အို...အမေ့ကို အပြစ်မတင်ပါဘူး။ ဒါ အမေ့အပြစ်မှ မဟုတ်တာ။ အမေက ပန်းရောင် စိတ်ကောင်းအောင် ဒီအကြောင်း ပြချက်လေးပေးတာ။ တကယ်တ အမေ အဲဒီလူကို ယူချင်ခဲ့တာ မှမဟုတ်ဘဲ။ အမေက လှသည်လေ။ ဖော်မင်းဦးဆိုတဲ့လူ အမေ့ကို မရရင် ရူးတော့မလို၊ သေတော့မလိုနဲ့ အိမ်ပေါ်ကနေ မဆင်းသို့ အမေက ရက်ပြီးယူခဲ့တာ။

ပတ်ဝန်းကျင် ကဲ့ရဲ့မှာကြောက်လို့ အမေ အဲဒီလူကြီးကို မယူချင်ဘဲ ယူခဲ့ရတာ။ အခုတော့ အမေရယ်...



www.burmeseclassic.com

www.burmeseclassic.com



"အမေ…အမေရယ်"

"ပန်းရောင်"

"ရှင်…ကိုကြီး"

"ဘာလို့ငိုနေတာလဲ ပန်းရောင်…ကိုကြီးတစ်ယောက်လုံး ရှိနေတာ၊ ပန်းရောင်အမေ ဘာမှမဖြစ်ပါဘူး…မငိုနဲ့နော်"

ပန်းရောင် ခေါင်းညိတ်ပြီး မျက်ရည်သုတ်လိုက်သည်။ ကျေးဇူးရှင် ကိုကြီးတို့မိသားစုကို ပန်းရောင်ကြောင့် စိတ်မဆင်းရဲစေချင်ပါဘူးလေ။

"အင်း…ဟင်း…ဟင်း"

"ဟင်"

"အင်း…အင်း"

"သတိရလာပြီ"

"အမေ"

ပန်းရောင် ဝမ်းသာအားရနှင့် အမေ့ကို ငုံ့ကြည့်လိုက်စဉ်မှာပဲ အမေ မျက်လုံးတွေ ဖြည်းဖြည်းချင်း ဖွင့်လာလေသည်။ ပြီးတော့ ပြန်မှိတ်သွားပြီး ပြန်ဖွင့်ကြည့်တော့မှ…

"ဟင်"

ပန်းရောင်ကိုမြင်တော့ ကြည့်လိုက်တဲ့မျက်ဝန်းက မျက်လုံးစိမ်းပဲပေါ့။ ပန်းရောင် ရင်ထဲမှာ နင့်ကနဲ ဖြစ်သွားလေသည်။ အေးလေ…ဒီမျက်နှာကို အမေက ခုမှ မြင်ဖူးတာပဲဟာ။ အမေရယ်…သမီးက အမေ့သမီး ပန်းရောင်ခက်ဆစ်ပါလို့ ဘယ်လို



ပြောပြရမလဲ။

ဒေါ်လှလှဝင်း…

အကြည့်ကို နွေလုလင်ဆီသို့ ရွှေ့လိုက်မိတော့မှ…

"သြော်…ဟိုကလေးပါလား"

"ဟုတ်ပါတယ် အန်တီ…အန်တီ သက်သာရဲ့လား၊ ဘယ်လိုနေသေးလဲမသိဘူး"

"သက်သာပါတယ်ကွယ်"

ပြောပြီး ဒေါ်လှလှဝင်း မျက်လုံးက ဟိုဟိုဒီဒီသို့ ဝေ့ကြည့်မိကာ-

"အန်တီ…အန်တီ ဘယ်ကိုရောက်နေတာလဲကွယ်"

"အန်တီ…ကျွန်တော်တို့အိမ်ကို ရောက်နေတာပါ အန်တီ။ အန်တီ မူးလဲသွားတာနဲ့ ဆေးကုပေးဖို့ ကျွန်တော် အိမ်ကိုခေါ်လာခဲ့တာပါ။ ကျွန်တော် ဆရာဝန်တစ်ယောက်ပါ အန်တီ…အဲဒါကြောင့် အန်တီ့ကို ခေါ်လာခဲ့တာပါ။ ကျွန်တော့်နာမည်က နွေလုလင်ပါ"

"သြော်"

"အန်တီ နေသာသလိုနေနော်…ကျွန်တော်တို့ကို အားမနာပါနဲ့။ အန်တီ ကျန်းမာရေးကောင်းမှ ပြန်ပေါ့။ ကျွန်တော် အန်တီ ကျန်းမာရေးကောင်းတဲ့အထိ ဆေးကုပေးမှာပါ"

"ကျေးဇူးတင်လိုက်တာ ဆရာရယ်…တကယ်ပါ။ အန်တီ ဆရာ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးကွယ်"

www.burmeseclassic.com

www.burmeseclassic.com



နွေလုလင် ဘာမှ ထွေထွေထူးထူး မပြောတော့ဘဲ ခေါင်းပဲ ညိတ်ပြလိုက်မိသည်။ ပန်းရောင် ဘာများပြောချင်လဲလို့ပေါ့။ သားအမိတွေ ပြောကြပါစေ။

“အမေ”

“ဟင်”

“အမေ…နေကောင်းမှ အိမ်ပြန်ပါနော်။ အမေ့ကို သမီး အိမ်ပြန်ရင် စိတ်ဆင်းရဲပြီး ပြန်ဖြစ်မှာစိုးလို့ပါ”

“သမီး”

သမီးဆိုတဲ့နာမ်စားကြောင့် ဒေါ်လှလှဝင်း ကောင်မလေးကို ခပ်တွေတွေလေး ကြည့်လိုက်မိသည်။ ကိုယ့်ကိုခေါ်တာ အမေတဲ့လား။ သမီး…သမီးလေး ခက်အသံနဲ့ တူလိုက်တာ။ သမီး အကြောင်းတွေးမိတော့ မျက်ရည်က ထိန်းလို့မရပေ။ အခုထိ သတင်းအစအန စုံစမ်းလို့မရ။ သေသလား၊ ရှင်သလားလည်း မသိ။ အဖြစ်ဆိုးလှတဲ့ သမီးလေးရယ်။

“မေမေ”

“ဟင်”

“မေမေ”

“ဟော…သမီး စကားကျက်လို့ပြီးပြီလား”

“ဟုတ်ကဲ့ ဖေဖေ”

ကလေးက သူ့အဖေအနားကိုရောက်တော့…

“ဖေဖေ”





“ဟင်”

“ဒီကြီးကြီးက ဘယ်သူလဲဟင်”

“သြော်…ဒီကြီးကြီးက နေမကောင်းလို့ သမီးရဲ့…အဲဒါကြောင့် ဖေဖေက ဆေးကုဖို့ခေါ်လာတာ”

“သြော်”

ဒေါ်လှလှဝင်း ကလေးကို ငေးကြည့်နေရင်းမှ…

“သူလေးက သားနဲ့သမီးရဲ့ သမီးလေးလား”

နွေလုလင် ပန်းရောင်ကို လှမ်းကြည့်လိုက်မိသည်။ သမီးလေးရှေ့မှာ မဟုတ်ပါဘူးလို့ ဘယ်လိုပြောရမလဲ။ ဒီသမီးလေးကြောင့်ပဲ ပန်းရောက်ခက်ဆစ်ကို ပန်းရောင်ခြယ်အဖြစ် အပေါ်ယံလွှာကို သူ ပုံစံသွင်းခဲ့ရတာပါ။

“ဟုတ်လားဟင်…သားနဲ့သမီးက ဇနီးမောင်နှံတွေမဟုတ်လား”

“ဟုတ်ပါတယ် အန်တီ…သမီးလေးက ကျွန်တော်တို့ရဲ့ သမီးလေးပါ။ နာမည်က ဆောင်းလုလင်တဲ့”

“သြော်…နာမည်ရော လူရော ချစ်စရာလေးကွယ်…

ပန်းရောင် အမေ့လက်ကို ဆုပ်ကိုင်လိုက်ပြီး…

“အမေ”

“ဟင်”

“အမေ နေကောင်းမှ အိမ်ပြန်မယ်မဟုတ်လားဟင်”

ဒေါ်လှလှဝင်း တွေကနဲ ဖြစ်သွားလေသည်။ အသံက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်သမီးအသံနဲ့ တူနေသလားလို့ သမီးကို သတိရမိစွာ စိတ်မကောင်းဖြစ်ရပြန်သည်။ နေကောင်းမှပြန်ပါတဲ့။ နေချင်ပါတယ်လေ။ ဒါပေမဲ့ စေတနာနဲ့ ကူညီထားတာကို အခွင့်အရေးထပ်ယူသလိုများ ဖြစ်နေမလား။

ပြီးတော့ ဖော်မင်းဦးက လွယ်တဲ့ကောင် မဟုတ်ပေ။ စုံစမ်းပြီး ပြဿနာလာရှာရင် ကူညီထားတဲ့ကလေးတွေ စိတ်အနှောင့်အယှက်ဖြစ်ရမှာ။ သူမ အိမ်ပြန်မှဖြစ်မှာပါ။

"နော်…အမေ"

"နေတော့နေချင်ပါတယ် သမီးရယ်…ဒါပေမဲ့"

"ဟိုးတွေးဒီတွေးနဲ့ စိတ်ပူမနေပါနဲ့ အမေရဲ့…အမေ့ယောက်ျား ဒီလောက်ဆိုးတာ ဘာပဲဖြစ်ဖြစ် ပစ်ထားလိုက်စမ်းပါ။ သူ့ဝမ်းတော့ သူ့အငတ်ခံမှာ မဟုတ်ဘူး။ ဖြစ်သလိုရှာစားလိမ့်မယ်"

"ဟင်…အမေ့ယောက်ျားဆိုတာကို သမီးက ဘယ်လိုသိတာလဲ"

"ဩော်…အန်တီကလည်း အန်တီ့ယောက်ျား ဒန်အိုးတွေပေါင်ဖို့ယူသွားတာကို ပန်းရောင်လည်း မြင်တာပဲဟာ။ အဲဒါကြောင့် ပြောတာပါ"

"ဩော်"

နွေလုလင်ပဲ သွက်သွက်လက်လက်နှင့် ပြန်ဖြေလိုက်သည်။ ပန်းရောင်ဆိုရင် ဘယ်လိုအဖြေမျိုးပေးမှာလဲ။ သိတာပေါ့။



သမီးက အမေ့သမီး ပန်းရောင်ခက်ဆစ်ပါဆိုရင် ရှည်ရှည်ဝေးဝေး ရှင်ပြနေရဦးမှာလေ။ သမီးလေးရှေ့မှာ ရှင်းပြလို့မဖြစ်ပေ။

သမီးက မသိတတ်တဲ့အရွယ်မှမဟုတ်တာ။ သွက်လက်ချက်ချာပြီး အရာရာကို သိတတ်နားလည်သူမို့ပါ။

"သမီး"

"ရှင်"

"သမီးက အမေ့ကို ဘာဖြစ်လို့ အန်တီမခေါ်ဘဲ အမေလို့ခေါ်တာလဲဟင်"

"ဩော်…ဟို…အမေကလည်း အမေအရွယ်မို့လို့ အမေလို့ ခေါ်တာပါ။ ဒီလိုခေါ်တာ အမေက မကြိုက်လို့လားဟင်။ အမေ မကြိုက်ရင်…"

"အို…မဟုတ်ပါဘူးကွယ်…ကြိုက်ပါတယ်…ခေါ်ပါ"

"မေမေ"

သမီးလေးခေါ်တာကြောင့် ပန်းရောင် လှည့်ကြည့်လိုက်စဉ်-

"သမီး ခြံထဲဆင်းကစားဦးမယ်။ မေမေပါ လိုက်ခဲ့ပေး"

"ဩော်…အေး…အေး…သမီး မေမေလိုက်ခဲ့မယ်နော်"

ပန်းရောင်မဟုတ်တဲ့ ပန်းရောင်ခက်ဆစ် သမီးလေးနဲ့ လိုက်လာခဲ့ရတော့သည်။ အစကတော့ သမီးလေးက မေမေလို့ခေါ်ရင် ပြန်ထူးဖို့ ရှက်သလိုရှိနေပေမယ့် အခုတော့ နားရည်ဝပြီး ရိုးသွားခဲ့ပါပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

မင်းပျို ကိုယ့်အဝတ်အစားနှင့် လိုအပ်တဲ့ အသုံးအဆောင်တွေကိုယူပြီး ဒေါက်တာနွေလုလင်တို့အိမ်သို့ ရောက်လာခဲ့ပါပြီ။ ရိုးသားစွာနှင့် ငွေရမယ့်အလုပ်ဆိုတော့ ဒရိုင်ဘာလုပ်ရလို့ မင်းပျို မရှက်ပါဘူး။ အရေးကြီးတာ မိဘတွေကို ပြန်လုပ်ကျွေးနိုင်ဖို့ပါ။

မိဘတွေ လုပ်ကျွေးတာကို ကိုယ်စားခဲ့တာ ကြာပြီပဲလေ။ အခု ကိုယ့်အလှည့်ပေါ့။

"အစ်ကို"

"ဟော…မင်းပျိုပါလား။ နံနက်စောစောစီးစီး ပေါက်ချလာပါလား။ ဝီရိယကတော့ ကြိုက်ပြီဟေ့…လာ…ထိုင်…မင်းပျို"

"ဟုတ်ကဲ့…အစ်ကို"

မင်းပျို ဆိုဖာတစ်လုံးမှာ ဝင်ထိုင်လိုက်စဉ်…





"ငါက အခုမှ အိပ်ရာကနိုးတာကွ…ခဏနော်။ ငါ မျက်နှာသွားသစ်လိုက်ဦးမယ်"

"ဩော်… ဟုတ်ကဲ့…ရပါတယ် အစ်ကို။ လုပ်ပါ… အေးအေးဆေးဆေးလုပ်…ကျွန်တော် စောင့်နေပါ့မယ်"

နွေလုလင် ခေါင်းညိတ်လိုက်ပြီး -

"ဒေါ်နီရေ…ဒေါ်နီ"

"လာပြီ…ကိုနွေ"

"ရတယ်…ဒေါ်နီ အခုမလာနဲ့။ ဒီမှာ မင်းပျို ရောက်လာပြီ…တစ်ခုခုစီစဉ်ပေးပါဦး"

"အေး…အေး"

"ခဏနော်…မင်းပျို"

"ဟုတ်ကဲ့ပါ အစ်ကို"

နွေလုလင် ထွက်သွားတာကို ကြည့်ပြီး မင်းပျို ပြုံးလိုက်မိသည်။ ဆရာဝန်ဖြစ်ပြီး မာနကင်းလိုက်တာ။ သူ့ရဲ့ပြောဆိုဆက်ဆံမှုက အေးချမ်းပါသည်။ ကိုယ်မမျှော်လင့်ရဲတဲ့ ဘဝကိုပဲ အားကျလိုက်တာ။ တစ်ယောက်တည်း ထိုင်ကျန်ခဲ့ရတာဆိုတော့…

မင်းပျို ဟိုကြည့်ဒီကြည့်နှင့်ပေါ့။ ခဏကြာတော့ အမျိုးသမီးကြီးတစ်ယောက်က ကော်ဖီနဲ့မုန့် လာချပေးရင်း…

"သားက ဟို…ဒရိုင်ဘာလုပ်မယ့်ကလေးလား"

"ဟုတ်ကဲ့ခင်ဗျ"

"အေး…ဘယ်သူမှမရှိခင် ဒေါ်နီပဲ အင်တာဗျူးလိုက်ဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်။ သားနာမည်က ဘယ်လိုခေါ်လဲကွဲ့"

"မင်းပျိုမောင်ပါ အဲန်တီ"

"မင်းပျိုမောင်"

"ဟုတ်ကဲ့"

ဒေါ်နီ မျက်မှောင်လေးကြုတ်သွားပြီး···

"ယောကျ်ားလေးနာမည်ကိုကွယ်···ပျိုထည့်မှည့်ရတယ်လို့။ မင်းခမောင်တို့···မင်းထက်မောင်တို့···ပျိုနေရာမှာ အခြားလှတဲ့နာမည် ထည့်လို့ရသားပဲကို"

"ဘယ်လိုပဲနာမည်ပေးပေးပါဗျာ···အမည်နာမနဲ့ ခေါ်လို့ရရင် ပြီးတာပါပဲ"

"အေးပါ···အေးပါ···ကဲ···ကော်ဖီသောက်ပြီး မုန့်စားလိုက်ပါဦး"

"ဟုတ်ကဲ့"

"ဒေါ်နီ လုပ်စရာရှိတာ သွားလုပ်လိုက်ဦးမယ်နော်"

"ဟုတ်ကဲ့ခင်ဗျ"

ဒေါ်နီက ထွက်သွား၊ နွေလုလင်က ပြန်မရောက်သေးနှင့်၊ မင်းပျိုမောင်တစ်ယောက်တည်း ငုတ်တုတ်ထိုင်၍ ဟိုတွေးဒီတွေးနှင့်ပါ။ ဒီအိမ်မှာ သူ ဘယ်လောက်ကြာအောင်လုပ်ရမလဲ။ မိဘတွေကလည်း ကျန်းမာရေးကောင်းသူတွေ။ ချစ်သူရည်းစားဆိုတဲ့ အနှောင်အဖွဲ့လည်းမရှိတော့ အဆင်ပြေရင်ပြေသလို လုပ်ရမှာပေါ့။

ချစ်သူရည်းစားဆိုတဲ့အကြောင်း စဉ်းစားမိသွားတော့ မင်းပျို





ရင်ထဲမှာ စူးစူးနင့်နင့်ကြီးဖြစ်သွားကာ တစ်ကိုယ်လုံး ကျင်စက်နဲ့အတို့ခံလိုက်ရသလို ထုံကျင်သွားလေသည်။ သူ့မှာ ချစ်သူတစ်ယောက်ဆိုတာထက် ဇနီးတစ်ယောက်ရှိခဲ့ဖူးတယ်လို့ ပြောရမလား။

"ဒုန်း···ဒုန်း···ဒုန်း"

"ဟယ်···သမီး မပြေးရဘူးလေ၊ လဲနေမယ်···သမီးရဲ့"

ဆောင်းက ပြန်လှည့်ကြည့်ပြီး···

"မလဲပါဘူး···မေမေရဲ့"

"လဲနေမှာစိုးလို့ မေမေက ပြောတာလေ။ မေမေ့စကားကို နားထောင်မှပေါ့"

"ဟုတ်"

လှေကားကနေ ဆင်းလာသော ကလေးနှင့်သူ့အမေကို မင်းပျို လှည့်ကြည့်လိုက်မိသည်။ အခုမှ သနပ်ခါးလိမ်းပြီးလာတယ်ထင်ပါ့။ နှစ်ယောက်စလုံး သနပ်ခါးပါးကွက်လေးတွေ မခြောက်ကြသေးပေ။

"ဟင်"

မင်းပျိုကို မြင်လိုက်တဲ့ ပန်းရောင်မှာတော့ ခြေလှမ်းတွေ ရပ်တန့်သွားပြီး မျက်လုံးလေးဝိုင်း၊ ပါးစပ်လေး အဟောင်းသားဖြစ်သွားလေသည်။ ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိပါဘူး။ မင်းပျိုက သူမကို သိမှာမဟုတ်ပေ။ သူမကတော့ မင်းပျိုကို သိတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်... ခြေလှမ်းတွေ ရှေ့တိုးရမလား၊ နောက်ဆုတ်ရမလား မသိတော့ပေ။ သူမ ခပ်တွေတွေ ရပ်နေဆဲမှာပဲ နောက်ထပ်လှေကားကနေ ဆင်းလာတာက ဒေါ်မြမြမိုးနဲ့ ဒေါ်လှလှဝင်းပါ။

"သမီး ပန်းရောင်"

"ရှင်"

"ဘာလို့ရပ်နေတာလဲ...သွားလေ"

"ဟုတ်"

ဆက်လျှောက်ခဲ့ရတဲ့ ပန်းရောင်ခြေဖဝါးမှာ ခြေတစ်လှမ်းလှမ်းတိုင်း ခြေဖဝါးကို တစ်ခုခု စူးရှခံရတော့မလို ကြောက်ရွံ့နေမိသည်သာ။ တကယ်က ကိုယ့်မှာ အဲဒီလိုကြောက်ရလောက်အောင် အပြစ်မရှိပါဘူး။ ဒါပေမဲ့ လက်ရှိအခြေအနေက ကိုယ့်ကို ခြောက်လှန့်လိုက်တဲ့ တစ္ဆေတစ်ကောင်လိုပါပဲ။

အားလုံးထိုင်ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြလေတော့...

"ဟင်"

'ဟင်' ဆိုတဲ့အသံ ထွက်သွားတာသည် ဒေါ်လှလှဝင်းပါးစပ်ကပါ။

"မင်း...မင်းပျို"

"အန်တီ"

မင်းပျိုကို တွေ့လိုက်တာနှင့် ဒေါ်လှလှဝင်း သမီးကို သတိရသွားကာ မျက်ရည်ဝေ့ရပြန်သည်။ မင်းပျိုနဲ့ သမီးက





ပတ်သက်ခဲ့ဖူးတယ်ဆိုတာထက်ကို ပိုပြီးပတ်သက်မှု ရှိခဲ့တာပါ။

"အန်တီ...အန်တီက ဒီကို ဘယ်ကနေဘယ်လို ရောက်နေတာလဲ"

"အန်တီ ကျန်းမာရေးမကောင်းလို့ မောင်နွေတို့လင်မယားက ခေါ်လာပြီး ဆေးကုပေးနေတာပါကွယ်...ဒါနဲ့ မင်းကရော ဘာလာလုပ်တာလဲ"

"ကျွန်တော် ဒီအိမ်မှာ ဒရိုင်ဘာလုပ်ဖို့ လာခဲ့တာပါ အန်တီ"

"ဩော်..."

မပြည့်တဲ့အိုးက ဘောင်ဘင်ခတ်၊ အဆံမရှိတဲ့ဆည်းလည်းက ပိုသာတယ်ဆိုတာမျိုး။ လက်ထဲမှာ ပိုက်ဆံလေး သိန်းဂဏန်းလောက်ကိုင်ရရင် တစ်သက် စားမကုန်ဘူးအထင်နဲ့ မောက်မာမော်ကြွားတတ်တဲ့ မင်းပျိုမိဘတွေက သားကို ဒရိုင်ဘာလုပ်ဖို့ကျ သဘောတူသတဲ့လား။

သူတို့သားကို တော်ရုံတန်ရုံ မိန်းကလေးနဲ့ တူတယ် တန်တယ်လို့ မထင်တဲ့လူတွေ။ အခုလိုကျတော့ ခိုင်းရက်တာ။ သူတို့အချစ်က ဘယ်လိုအချစ်မျိုးလဲတော့ မသိပေ။

"မင်းပျိုနဲ့ လှလှက သိနေကြတာလား"

"သိတယ်ဆိုတာထက်ကို ပိုခဲ့ပါတယ် မမမြရယ်"

အန်တီလှစကားကြောင့် မင်းပျိုရင်ထဲမှာ နွေခသွားလေသည်။ သတိရတယ်ဆိုတာထက် မေ့မရခဲ့တာက အချိန်တိုင်းလိုလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်···

ဘယ်သူ့မျက်နှာကိုမှ မကြည့်တော့ဘဲ သမီးလေးမျက်နှာကိုပဲ ငုံ့ကြည့်နေမိတော့သည်။ မျက်ရည်မကျမိအောင် ထိန်းထားရသည်လေ။ ဒီလောက်တောင်ပဲ တိုက်တိုက်ဆိုင်ဆိုင် ဆုံပေးရသလား ကံကြမ္မာရယ်။

"ဟာ···ဧည့်ခန်းထဲမှာ လူစုံတက်စုံပါလား။ အတော်ပဲ··· မင်းပျို့ကို အားလုံးနဲ့ တစ်ခါတည်း မိတ်ဆက်ပေးရမယ်"

နွေလုလင် ပြန်ရောက်လာပြီး ပန်းရောင်နဲ့ ဘေးချင်းကပ်ဆိုဖာမှာ ဝင်ထိုင်လိုက်ကာ···

"မင်းပျို့"

"ဗျာ···"

"မှတ်ထားနော်···ဟိုဘက်က အစ်ကို့မေမေ ဒေါ်မြမြမိုး၊ ဒီဘက်ကတော့ ကျန်းမာရေးမကောင်းလို့ အစ်ကို့ ဆေးကုပေးနေတဲ့ အန်တီ···နာမည်က ဒေါ်လှလှဝင်းတဲ့"

"အန်တီလှနဲ့ ကျွန်တော် သိပြီးသားပါ···အစ်ကို"

"ဩော်···ဟုတ်လား၊ ဒါဆို ကျန်တဲ့သူနဲ့ မိတ်ဆက်ပေးမယ်။ သူက ပန်းရောင်ခြယ်တဲ့။ သမီးလေးကတော့ အစ်ကို့သမီးလေး ဆောင်းလုလင်တဲ့"

"သမီးလေးက ချစ်စရာလေးပဲ"

"အားလုံးလည်း မှတ်ထားကြ··သူ့နာမည်က မင်းပျို့မောင်တဲ့"





ပန်းရောင် အားတင်းပြီး မင်းပျို့ကို ပြုံးပြလိုက်မိသည်။ တကယ်ဆို မိတ်ဆက်ပေးစရာမလိုလောက်အောင် မင်းပျို့နဲ့သူမက ရင်းနှီးပတ်သက်ခဲ့ကြဖူးသူတွေဆိုတာ···

"ဖေဖေ"

"ဗျာ"

"ဒီဦးဦးက သမီးတို့အိမ်မှာနေမှာလားဟင်"

"ဒါပေါ့ သမီးရဲ့···ဒီဦးဦးက သမီးကို ကျောင်းပို့ကျောင်းကြို လုပ်ပေးမှာလေ···ဦးဦးအပေါ် မဆိုးရဘူးနော်··· သမီး"

"ဖေဖေကလည်း···သမီး မဆိုးပါဘူး···ဖေဖေရဲ့"

ပန်းရောင် ထသွားဖို့ပြင်လေလျှင်···

"ပန်းရောင်"

"ရှင်"

"ဘယ်ကိုလဲ"

"ဒေါ်နီကို သွားကူမလို့ပါ ကိုကြီး"

ပြောပြောဆိုဆိုပဲ ပန်းရောင် ထွက်လာခဲ့တော့သည်။ ဆက်ထိုင်နေရင် မျက်ရည်ကျမိတော့မှာမို့လို့ပါ။ ကိုယ့်ရင်ထဲက ခံစားချက်ကို ကိုယ်ပဲ အသိဆုံးမို့ ဒီနေရာကနေ ထွက်သွားပါရစေတော့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၁)

ဒေါ်လှလှဝင်း တော်တော်လေး နေကောင်းနေပြီမို့ မီးဖိုချောင်ထဲမှာ မနီကို ကူလုပ်လေလျှင်…

“အေးအေးဆေးဆေး အနားယူပြီးနေပါ ညီမရယ်… တော်ကြာ ပြန်ဖြစ်နေပါ့မယ်”

“ရပါတယ်…မနီ၊ အလှ လုပ်နိုင်ပါတယ်။ အလှ လုပ်ရတဲ့အလုပ်က ဒီထက်ပင်ပန်းပါတယ်။ နေမကောင်းလည်း လုပ်နေရတာပဲ။ အခု ကလေးတွေရဲ့ကျေးဇူးကို အလှ လုပ်အားလေးနဲ့ တတ်နိုင်သလောက် ဆပ်ချင်လို့ပါ”

“ကဲ…သဘော…သဘော”

နှစ်ယောက်သား စကားတပြောပြောနှင့် အလုပ်လုပ်နေကြစဉ် ပန်းရောင် ရောက်လာပြီး…





“ဟင်…အမေ…အမေ…ဘာတွေလုပ်နေတာလဲ။ မလုပ်ပါနဲ့ အမေရဲ့…အခုမှ နေကောင်းစပဲရှိသေးတာကို…ပေး…ပေး ပန်းရောင် လုပ်ပါ့မယ်”

ပန်းရောင်က အတင်းပဲ ဒေါ်လှလှဝင်းလက်ထဲမှ ဆေးနေတဲ့ပန်းကန်တွေကို ဆွဲလွဲယူလေသည်။ ဒေါ်လှလှဝင်းကလည်း ပြန်ဆွဲယူကာ…

“အမေ နေကောင်းနေပါပြီ သမီးရဲ့…အမေ့ကို ဒါလေးတော့ လုပ်ခွင့်ပြုပါကွယ်…ကျန်တာကိုထား…အမေလို့ခေါ်တာနဲ့တင် အမေ ဘာပဲလုပ်ပေးရပေးရ လုပ်ပေးရကျိုးနပ်ပါပြီ။ အမေ့မှာလေ သမီးလေးတစ်ယောက် ရှိပါတယ်။ အခုထိ သေသလား ရှင်သလား မသိရ…စုံစမ်းလို့လည်း မရ။ သမီးလေးအသံ… သမီးစကားပြောပုံနဲ့ သိပ်တူတာပဲ”

“အမေရယ်”

ပြောနေတဲ့ ဒေါ်လှလှဝင်းအသံက ငိုသံပါကြီးနှင့်ပါ။ ပန်းရောင်လည်း မျက်ရည်ဝဲ့သွားရသည်ပါပဲ။ အမေနဲ့သမီး တွေ့နေတာတောင်မှ သမီးက အမေမှန်းသိပြီး အမေက သမီးမှန်း မသိ။ ဒီအဖြစ်ကို လောလောဆယ် ရှင်းပြဖို့လည်း မဖြစ်နိုင်။

“အမေ”

“ပြောလေ…သမီး”

“အမေ့ရင်ထဲမှာလေ… သမီးကို အမေ့ရဲ့သမီး ပျောက်သွားတဲ့ အမေ့ရဲ့သမီးလို့ ခံစားကြည့်လို့ မရဘူးလားဟင်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လှလှဝင်း မျက်ရည်ဝေ့နေသည့်ကြားမှ ပန်းရောင်ကို မျက်လုံးချင်းဆုံပြီး အကြာကြီး စိုက်ကြည့်မိသည်။ မျက်လုံးလေး သမီးပန်းရောင်ခက်ဆစ်ရဲ့အကြည့်နဲ့ တူလိုက်တာ။ ပြီးတော့ အသံနှင့်ပြောဟန်ဆိုဟန်ကလည်း တူသည်။ ရင်ထဲမှာ ဒီလိုတွေးမိတာနှင့် လှိုက်ကနဲဖြစ်ကာ အရူတွေအသည်းတွေ လိပ်တက်လာသလို ပါပဲ။

"ခံစားမိတယ် သမီး… သမီးက အမေ့သမီးလေးနဲ့ ဘာတွေတူနေသလဲ ဝေခွဲလို့မရပေမယ့် တူနေတယ်။ အမေ့သမီး လေးလို ခံစားလို့ရပါတယ်။ ဒါပေမဲ့…သမီးရယ် အမေ့သမီး လေးကလေ"

ဒေါ်လှလှဝင်း စကားမဆက်နိုင်ဘဲ မျက်ရည်တွေကျလာချိန် မှာ ပန်းရောင်လည်း မျက်ရည်ကျမိသည်သာ။

ဒီတော့…

"သမီး"

"…………"

"သမီးက ဘာဖြစ်လို့ငိုတာလဲဟင်"

ပန်းရောင် ခေါင်းခါလိုက်ပြီး…

"အမေ့ကို သနားလို့ပါ"

"ဩော်"

"ကဲပါ…အလှရော ပန်းရောင်ရော ငိုမနေကြပါနဲ့ကွယ်။ တော်ကြာ မမမြဖြစ်ဖြစ်၊ ဆောင်းလေးဖြစ်ဖြစ် မြင်သွားရင် စိတ်





မကောင်းဖြစ်နေပါ့မယ်ကွယ်"

"မေမေ"

"ဟော…ပြောရင်းဆိုရင်း ဆောင်းလေးလာပြီ"

သမီးလေးအသံကြားတာနှင့် ပန်းရောင် မျက်ရည်တွေ သုတ်ပစ်လိုက်သည်။

"မေမေ…မေမေ ငိုနေတာလားဟင်"

ဆောင်းက သူ့မမျက်နှာကိုမော့ကြည့်ပြီးမေးလေလျှင်…

"မဟုတ်ပါဘူး သမီးရဲ့…မေမေ မငိုပါဘူး။ စောစောက လေ ကြက်သွန်နီလှီးလို့ မွှန်ပြီး မျက်ရည်တွေကျတာပါ"

"ဩော်…ဟုတ်၊ သမီး ကျောင်းသွားတော့မယ် မေမေ"

"အေး…အေး…မေမေ လိုက်ပို့မယ်နော်…သမီး"

"ဟုတ်"

ပန်းရောင် သမီးလေးကို လက်ဆွဲပြီး ထွက်လာခဲ့တော့ သည်။ တကယ်တော့ သူမ သမီးလေးကို ကျောင်းလိုက်ပို့ချင် စိတ်က တစ်ဝက်၊ မပို့ချင်စိတ်က တစ်ဝက်ပါ။ မပို့ချင်တာက မင်းပျိုနဲ့အတူ သွားအတူရှိနေချိန်မှာ အတိတ်က အကြောင်းတွေ တွေးပြီး ငိုမိမှာစိုးလို့ပါ။

ပို့ချင်စိတ်ဖြစ်မိတာက…

သိပ်ချစ်ရတဲ့ မင်းပျို့ အငွေ့အသက်တွေကို ရှူရှိုက်ချင်လို့ ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

ဘတ်စ်မှန်ထဲကနေ မင်းပျိုကို ခိုးကြည့်နေမိတဲ့ ပန်းရောင်၊ မင်းပျိုက ပြန်ကြည့်တာနှင့်တိုးလေတော့ ချက်ချင်းပဲ မျက်လွှာချပစ်လိုက်မိသည်။ ဟိုတုန်းကတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ကြည်နူးခဲ့ကြဖူးသည်လေ။ ဖြစ်ပျက်ခဲ့သမျှအားလုံး···

မင်းပျိုမှာ အပြစ်မရှိပါဘူး။ ဒါကြောင့် သူ့ကို စိတ်မနာနိုင်ပေ။ ချစ်မြဲချစ်ဆဲ ချစ်နေဆဲပါပဲ။

"မေမေ"

"ဟင်"

"သမီးရဲ့သူငယ်ချင်းတွေမှာလေ မောင်လေးတွေ···ညီမလေးတွေနဲ့။ အချို့ကျတော့ ကိုကို···မမတွေနဲ့ သိလား။ သမီးမှာကျ ဘာမှမရှိဘူး။ သမီးလည်း မောင်လေးဖြစ်ဖြစ်၊ ညီမလေးဖြစ်ဖြစ် လိုချင်တယ် မေမေ···မေမေ မွေးပေးပါနော်···နော်လို့"





"အို"

ပန်းရောင်မျက်နှာလေး ရဲသွားလေသည်။ ကိုယ်က မိခင်ဖြစ်ဖူးသူမှမဟုတ်ဘဲလေ။ ဒါကြောင့် ဒီစကားမျိုးကြားရတော့ ထူထူပူပူကြီး ဖြစ်သွားတာပါ။

"မမလေး"

"..............."

"ကျွန်တော် မပြောသင့်မှန်းတော့ သိပါတယ်ဗျာ···ဒါပေမဲ့ မီးမီးကို သနားလို့ ပြောပါရစေ"

မမလေးတဲ့လား မင်းပျိုရယ်။

"ပြောလေ"

"တစ်ဦးတည်းသောသားသမီးဆိုတာ နာမည်သာကောင်းတာဗျ···တကယ်တမ်းကျတော့ အရမ်းအထီးကျန်ဆန်တာပဲ။ ကျွန်တော် တောင်းဆိုပါရစေ···မီးမီးအတွက် အဖော်ရအောင် နောက်ထပ် မွေးပေးလိုက်ပါဗျ"

"မင်းပျို"

"ဗျာ"

ပန်းရောင် ခေါသသံပေါက်သွားလေသည်။ ကလေးပြောတာတောင် ရှက်မိပါတယ်ဆိုမှ သူက အချွန်နဲ့ မ,နေသေးတယ်။

"အဲဒါ ငါ့ကိစ္စ···နင် ပြောစရာလိုလို့လား"

"ဟုတ်ကဲ့···ကျွန်တော် မပြောသင့်မှန်း သိပါတယ် မမလေး···ပြောမိတဲ့အတွက် တောင်းပန်ပါတယ်။ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



မီးမီးလေးကို သနားလို့ ပြောမိတာပါ''

''မပြောနဲ့''

''မပြောတော့ပါဘူး''

ပါးစပ်ပိတ်သွားပြီး မင်းဖျိုတစ်ယောက်ယောက်ကို သတိရမိသွားလေသည်။ မမလေးပြောလိုက်သံက ခက် သူ့ကို ရန်လိုစွာ ပြောတတ်တဲ့အသံလေးနဲ့ တူလိုက်တာ။ သတိရတယ်ဆိုတာထက် လွမ်းလိုက်တာ ခက်ရယ်။ နင် ဘယ်မှာလဲဟာ။

''မေမေ''

''ဟင်''

''ဦးဦးကို မဆူပါနဲ့ မေမေရဲ့…ဦးဦးက သမီးကို သနားလို့ ကူပြောပေးတာကို။ သမီး မောင်လေးဖြစ်ဖြစ်…ညီမလေးဖြစ်ဖြစ် လိုချင်တယ်။ မေမေ မွေးပေးပါနော်…နော်…မေမေ''

''အေးပါ…သမီးရယ်…အေးပါ''

''ဟေး…ဒါမှ တို့မေမေကွ''

နားအေးပြီးရော ခေါင်းညိတ်လိုက်တော့ ဆောင်းက သူမ ပါးပြင်ကို ခေါင်းလေးမှေ့ပြီး နမ်းလေသည်။ သမီးလေး ပျော်ရွှင်သွားပေမဲ့ မဖြစ်နိုင်တာကတော့ ကိုယ်ပဲသိတာလေ။ သမီးလေးကို ကျောင်းပို့ခဲ့ပြီး…

''သမီး''

''ရှင်…မေမေ''

''လျှောက်မဆော့ရဘူးနော်…ပြီးတော့ ရန်မဖြစ်ရဘူး…



ကြားလား''

''ဟုတ်ကဲ့ပါ မေမေ''

အပြန်လမ်းမှာတော့ ကားပေါ်မှာ မင်းဖျိုနဲ့သူမ နှစ်ယောက်တည်းပါ။ သူ့အငွေ့အသက်လေး ရှူရှိုက်နေရလို့ ကျေနပ်မိတဲ့အချိန်မှာ စိတ်ထဲကတော့ ခွင့်လွှတ်ပါလို့ အကြိမ်ကြိမ် တောင်းပန်မိပါသည်။ သူမမှားသလို ကိုယ်လည်း မမှားပါဘူး။ ဒါပေမဲ့ ကိုယ့်ရဲ့ လက်ရှိအခြေအနေနဲ့ ပတ်သက်ပြီး ပန်းရောင် လိပ်ပြာ ခလုံပေ။

နှစ်ယောက်သား စကားမပြောဖြစ်ကြဘဲ မင်းဖျိုက သီချင်းဖွင့်လေလျှင်…

''ဟင်''

သံစဉ်ကို ကြားကတည်းက ဘာသီချင်းဆိုတာ ပန်းရောင် သိလိုက်ပြီး ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်း မသိတော့ပေ။

သမုဒ္ဒရာကြီးက ပြောတယ်××× ရေပြင်ကျယ်ဟာ သူ့ရဲ့
အဖော်ပဲ×××တောင်တန်းကြီးက ပြောတယ်၊ စမ်းချောင်း
လေးတွေကို ချစ်တယ်×××ကောင်းကင်ကြီးက ပြောတယ်၊
တိမ်ရောင်စုံဟာ သူ့ရဲ့အဖော်ပဲ×××ကြယ်လေးများက
ပြောတယ်×××လမင်းမရှိရင် ငိုချင်တယ်… ထာဝရ ကိုယ့်
ရင်ခွင်မှာ မင်း…လေးနေပါ…ကိုယ်ဟာ မင်းရဲ့ အမြဲ
တမ်းပဲ အဖော်မွန်ပါ×××မြတ်နိုးလွန်းလို့ချစ်တာ ထွေးပိုး
ထားပြီးချစ်တာ…



www.burmeseclassic.com

www.burmeseclassic.com



"မင်းပျို"

ပန်းရောင် သီချင်းသံကြောင့် နှာခေါင်းထဲမှာ စပ်ဖျင်းဖျင်းကြီးဖြစ်သွားသည်အထိ ဝမ်းနည်းသွားရသည်။ ထို့ကြောင့်…

"မင်းပျို"

"ဗျာ"

"ပိတ်…ပိတ်…အဲဒီသီချင်းကို ခုပိတ်ပစ်လိုက်စမ်းပါ"

"ဘာဖြစ်လို့လဲ မမလေး"

"ပိတ်လိုက်စမ်းပါ"

"ဟုတ်"

ယုံကြည်ပါ နောက်ဆုံးတစ်နေ့ထိ လက်တွဲမဖြုတ်ဘူး××× မင်းအနားနေမှာပါ×××အဆိုးအကောင်းနဲ့ တို့ထပ်တူ ခံစားမျှဝေသွားမှာ×××

မင်းပျို ကမန်းကတန်း ပိတ်ပစ်လိုက်တော့ သီချင်းသံက ပြတ်သွားလေသည်။ ဘတ်စ်မှန်ထဲကနေ ကြည့်လိုက်တော့ မမလေးရဲ့ နှာသီးဖျားလေးရဲနေသည်။ တစ်ခုခု ခံစားမှုရှိနေသည် ထင်ပါရဲ့။ သီချင်းက သူမရဲ့ဝေဒနာကို တူးဆွပေးသလိုဖြစ်လို့လား။

ဒီသီချင်းနဲ့ပတ်သက်နေလို့လား…

ဪ…ကိုယ်လည်း တစ်ယောက်သောသူကို သတိရမိလို့ ဖွင့်လိုက်တာပါလေ။

"ဆောရီးပါ မမလေး…ကျွန်တော် တောင်းပန်ပါတယ်"



"…………"

"မမလေးမှာလည်း ဒီသီချင်းနဲ့ပတ်သက်ပြီး အတိတ်ဆိုတာ ရှိခဲ့ဖူးတယ်ထင်တယ်"

"မဟုတ်ပါဘူး…ငါ သီချင်းသံတွေကြားရင် ခေါင်းနောက်လို့ပါ"

ပြီးစလွယ်ဖြေလိုက်တာက အကြောင်းပြချက်တော့ မခိုင်လုံပေ။ ခြံရှေ့ကို ရောက်လေတော့…

"ဟင်"

ခြံထဲကို ချောင်းကြည့်နေတဲ့ လူတစ်ယောက် ဒီဘက်ကို လှည့်ကြည့်လာလေတော့ မျက်နှာမြင်တာနှင့် ပန်းရောင် ထိတ်လန့်သွားရသည်သာ။ မင်းပျိုမှာလည်း ကားကိုရပ်လိုက်ပြီး…

"ဟင်"

ဦးဇော်မင်းဦးကို မြင်လိုက်ရတော့ မင်းပျို စိုးရိမ်ထိတ်လန့်မှုနှင့် ရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားလေသည်။ မမလေးမျက်နှာကို ပြန်ငဲ့ကြည့်လိုက်တော့ တည်တင်းနေတဲ့မျက်နှာထားက တစ်ခုခုကို သိနေလို့လား။ မင်းပျို ကားပေါ်ကဆင်းလိုက်ပြီး…

"ဦးဇော်မင်းဦး"

"ဟင်"

ကိုယ်ပါလှည့်ပြီးကြည့်လိုက်တော့ လူက ယိုင်ကနဲ ဖြစ်သွားလေလျှင် မင်းပျို လှမ်းထိန်းလိုက်ရ၏။ မျက်နှာချင်းဆိုင်လိုက်တာနှင့် အရက်နံ့က ထောင်းကနဲ နှာခေါင်းထဲသို့ တိုးဝင်လာလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"မင်း"

"............"

"မင်းပျိုပါလား"

"ခင်ဗျား…ဒီကို ဘာလာလုပ်တာလဲ"

"ဘာလာလုပ်ရမှာလဲ…ငါ့မိန်းမ ဒီအိမ်မှာရှိတယ်ဆိုလို့ လာခေါ်တာ။ ပျောက်နေတာ ဘယ်မှာမှန်းမသိလို့ မနည်းစုံစမ်းရတယ်။ သူက ငါ့ကိုပစ်ပြီး ဒီအိမ်မှာ လာဝပ်နေတာကွ။ မင်းကားဝင်ရင် ခြံတံခါးဖွင့်မှာမဟုတ်လား။ မြန်မြန်ဖွင့်စမ်းကွာ"

"ဟာ…ခင်ဗျား ဝင်ချင်တိုင်းဝင်လို့ ရမလားဗျ။ သူ့အိမ်ရှင်ကို ခွင့်တောင်းရဦးမှာပေါ့"

"ဘာခွင့်တောင်းစရာလိုလို့လဲ…သူတို့ ငါ့မိန်းမကို ခေါ်ထားလို့ ငါ ပြန်လာခေါ်တာ…ဘာဖြစ်လဲကွာ။ ဖွင့်…တံခါး၊ အခုဖွင့်…အလှရေ…အလှ"

"ဟာ…ဒီလူနဲ့ ခက်တော့တာပဲ"

မင်းပျို ခေါင်းသာကုတ်မိလေတော့သည်။ မင်းပျို့အတွက် အခက်အခဲတစ်ခုကို ရင်ဆိုင်နေရသလို ဖြစ်နေတာမို့ ပန်းရောင်ကားပေါ်ကနေ ဆင်းလိုက်ကာ…

"ဒီမှာ"

"ဘာလဲ…နင်က ဒီအိမ်ကလား"

"ဟုတ်တယ်"





"ဟုတ်တယ်ဆိုရင် တံခါးဖွင့်ပေး"

"မဖွင့်ပေးနိုင်ဘူး"

"ဘာ"

"ဘာလဲ…ရှင်က အိမ်ထောင်ဦးစီးဆိုပြီး မိန်းမကို လုပ်မကျွေးတဲ့အပြင် မိန်းမထဘီနား ခိုစားချင်တုန်းလား။ အမေချင်း…နှမချင်းတော့ စာနာတတ်ဖို့ကောင်းပါတယ်"

"ဘာ"

"ကျွန်မပြောတာ မဟုတ်လို့လား။ ရှင်က မိန်းမထဘီနား ခိုစားတဲ့လူကြီး"

"ဟာကွာ…တောက်"

"ဟော့လူ"

ဦးဇော်မင်းဦး ရှေ့တိုးလာတော့ မင်းပျို ဦးဇော်မင်းဦး ရင်ဘတ်ကို တွန်းထားလိုက်သည်။

"ခင်ဗျား…ပြောစရာရှိတာကို အေးအေးဆေးဆေး ပြောပါ"

"မအေးဆေးနိုင်ဘူးကွ…ဘယ်မှာလဲ…ငါ့မိန်းမ အခုခေါ်ပေး…ခေါ်မပေးရင် ငါ့အဆိုးမဆိုနဲ့"

မင်းပျို…ပန်းရောင်ကို လှည့်ကြည့်လေသည်။ ဒီလူက အချိန်ပြည့်မူးနေတာ။ စဉ်းစားတွေးခေါ်မှုလည်း ရှိတာမဟုတ်။ တော်ကြာ မလိုအပ်တဲ့ပြဿနာတွေ ဖြစ်မှာစိုးတာပါ။ မလေးတို့ကရော အန်တီလှကို ဘာလို့ ပြန်မလွှတ်ချင်ကြတာလဲ။ သနားတာ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ သနားတာပေါ့။

သနားပေမယ့် သူတို့မိသားစုဝင်မှ မဟုတ်ဘဲလေ။

"ပြောနေတာကြားလား…ငါ့မိန်းမကို အခုခေါ်ပေး… အလှရေ…အလှ…အလှ…နင် ဒီအိမ်မှာရှိနေတာ ငါ သိတယ်နော်။ ပြန်လာခဲ့ပါ မိန်းမရယ်…မင်းယောကျ်ား ငါ မင်းကို လွမ်းနေပြီ။ အလှရေ…အလှ"

"ပြဿနာပဲဗျာ"

မင်းပျို ခေါင်းကုတ်နေမိချိန်မှာ ပန်းရောင်ကတော့ အောက်နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ဖိကိုက်ထားလေသည်။ နာကြည်းတယ်ဆိုတာထက်ကို ပိုပြီး နာကြည်းခဲ့တာ။ လူယုတ်မာကြီး…ခက်တို့သားအမိ အေးချမ်းစွာနဲ့ ရှာဖွေစားသောက်ခဲ့ကြတာ။

ဒီလူကြီးကြောင့် အဲဒီအေးချမ်းသာယာတဲ့ ကမ္ဘာလေး ပျက်စီးခဲ့တာလေ။

"အလှ…အလှရေ…မင်းယောကျ်ား ခေါ်နေတယ်လေ"

"ဇော်မင်းဦး"

ဦးဇော်မင်းဦးကို အာရုံစိုက်နေကြသဖြင့် ဒေါ်လှလှဝင်း အိမ်ထဲက ထွက်လာတာကို မသိလိုက်ကြပေ။ ဒေါ်သသံနှင့် ခေါ်ပြီး မျက်နှာက ပြတ်ထွက်လုမတတ် ပေါက်ထွက်လုမတတ်ပါ။

"နင် ဒီကို ဘာလာလုပ်တာလဲ ဇော်မင်းဦး"



"ဟာ…အလှ…မင်း မေးရက်လိုက်တာ မိန်းမရယ်… ငါ မင်းမရှိတော့ မနေတတ်ဘူး။ မင်းကို လွမ်းနေတာ မိန်းမရဲ့… သိလား"

"ဘာ…လွမ်းတယ်…ဟုတ်လား"

"ဟုတ်တယ်လေ…ကိုယ့်မိန်းမကိုယ်လွမ်းတာ ဘာဆန်းလို့လဲ မိန်းမရဲ့"

"လူကိုလွမ်းတာတော့ မဖြစ်နိုင်ဘူး၊ အရက်ဖိုးရှာပေးမယ့်သူ မရှိလို့မဟုတ်လား။ နင်…ပြန်တော့ ဇော်မင်းဦး။ သူများတွေကို အနှောင့်အယှက်မပေးပါနဲ့"

"ပြန်မှာပါ…ဒါပေမဲ့ နင် မပါဘဲနဲ့တော့ ငါ မပြန်ဘူး။ နင် ပြန်လိုက်မှာလား…မလိုက်ဘူးလား ဒါပဲပြော။ အေး… ပြန်မလိုက်လို့ကတော့ နင် ငါ့အကြောင်းသိရမယ်"

"အမေ"

ပန်းရောင်က သူမလက်ကို လာဆုပ်ကိုင်လေသည်။ ဇော်မင်းဦးအကြောင်းကို သူမ အသိဆုံးပဲလေ။ သူမ ပြန်မလိုက်ရင် သောင်းကျန်းတော့မှာ။ အရက်သမားက လူမှုရေးတွေ ဘာတွေ နားလည်နေတာမှမဟုတ်တာ။ သူ သောင်းကျန်းတာက အကြောင်းမဟုတ်ဘူး။ ကလေးတွေ စိတ်ဆင်းရဲမှာကို စိုးတာပါ။

ကိုယ့်ကို ကူညီစောင့်ရှောက်ထားတာ…

သူတို့အတွက် မျှော်လင့်ချက်ရှိလို့မှ မဟုတ်ဘဲ။ ကျေးဇူးရှင်တွေကို ကိုယ့်ကြောင့် ဘာမှမထိခိုက်စေချင်တာကြောင့်…



www.burmeseclassic.com

www.burmeseclassic.com



“အမေ ပြန်လိုက်သွားမယ် သမီး”

“ဟာ…အမေ”

“အမေ ပြန်ပါရစေ…အမေက သမီးတို့ရဲ့မိသားစုဝင်မှ မဟုတ်ဘဲကွယ်။ အချိန်တန်ရင် အိမ်ပြန်ရမယ့်အတူတူ အခုပဲ ပြန်ပါရစေတော့။ သမီးတို့ကျေးဇူးကို အမေ ဘယ်တော့မှ မမေ့ပါဘူးကွယ်”

“အမေရယ်”

ပန်းရောင် မျက်ရည်ဝဲရုံကလွဲပြီး ဘာတတ်နိုင်မှာတဲ့လဲ။ ဆိုင်သာဆိုင် မပိုင်သည့်ဘဝလို အမေနဲ့သူမကြားမှာ စည်းတစ်ခု ခြားနေခဲ့ပြီပဲလေ။ ဒီလိုတွေ စည်းခြားခဲ့တာ ဖော်မင်းဦးဆိုတဲ့လူ ကြောင့်။ အခုမှလာပြီး အမေ့ကို ချစ်စနိုး ခင်စနိုး လာလုပ်ပြနေ တာ။ အရက်ဖိုးရှာပေးမယ့်သူ မရှိလို့ပေါ့။

အမေ့ကို နှိပ်စက်ပြီး ပန်းရောင်ကို ကျားချောင်းချောင်းတဲ့ လူကြီး။ ရမ္မက်ခိုးတွေဝေနေတဲ့ မျက်နှာကြီးကို မြင်ယောင်ပြီး ဖြစ်နိုင်ရင် မျက်နှာကို ဓားနဲ့မွှန်းပြီး သတ်ပစ်ချင်တာ။ သူများ သားပျိုသမီးပျိုကို နှမချင်းမစာနာ ဖျက်ဆီးချင်တဲ့လူကြီး။

“အလှ”

“…………”

“ငါ စိတ်မရှည်တော့ဘူးနော်…သွားမယ်”

“ဘယ်လိုဖြစ်နေတာလဲ…သွားမယ်…သွားမယ်…သမီး အမေ သွားတော့မယ်နော်”





တစ်ဖက်က ခင်ပွန်းကို လေသံမာနှင့်ပြောပြီး သမီးကိုကျ လေသံပျော့နှင့်ပြောပြီး ဒေါ်လှလှဝင်း ထွက်လာခဲ့တော့သည်။ အလာတုန်းက ကိုယ့်မှာ ဘာမှမပါခဲ့ဘူးမို့ အခုလည်း ဘာမှပြန်ယူ စရာ မရှိဘူးလေ။

“မမလေး”

“…………”

“စိတ်မကောင်းဖြစ်မနေပါနဲ့ဗျာ…အန်တီလှက ညည့်သည် ပဲ။ ညည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်မှာ ဓမ္မတာပါ”

“ငါ သိပါတယ်…ဒါပေမဲ့”

မင်းပျို…ပန်းရောင်ကိုကြည့်ပြီး ခက်ကို သတိရမိသွားပြန် သည်။ အသံတူသလို စကားပြောရင်လည်း နှင်နဲ့ငါသုံးတာက ခက်အတိုင်းပါပဲ။ နှင် ဘယ်မှာလဲ ခက်ရယ်။ အသက်ရှင်လျက်နဲ့ ရှိနေသေးရင် ငါ့ဆီကို ပြန်လာခဲ့ပါဟာ။ ငါ နှင့်ကို ဘယ်လောက် လွမ်းနေတယ်ဆိုတာ ငါပဲ အသိဆုံးပါ။

“ငါ အမေ့ကို သနားလို့ပါ”

စကားကို တိုတိုနဲ့ဖြတ်ပြီး ပန်းရောင် ကားပေါ်သို့ ပြန်တက် ခဲ့တော့သည်။ သူမအဖြစ်က မျက်စိမြင်လျက် ကန်းနေသူတစ်ဦးပါ။ ဘဝမှန်ကို ဖွင့်ပြောလို့မရ။ သြော် ပန်းရောင်ခက်ဆစ်ဆိုတာ… အသက်ရှင်လျက် ဘဝသေရသူတစ်ဦးပါ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)

အိပ်ချိန်မှီ အိပ်ရာထဲသာရောက်နေတယ်။ ပန်းရောင် အိပ်လို့မပျော်ပေ။ အတွေးတွေက အတိတ်ဆီသို့ ပြန်လည်နေတာ မေ့မရဖျောက်မရ။ မင်းပျိုတို့မိသားစုနဲ့ ခက်တို့မိသားစု ဆင်းရဲတာချင်း တူပေမယ့် မတူညီတာတွေက ရှိနေသည်လေ။

ဒါကြောင့်…

ပေါင်းစည်းဖို့ ကြိုးစားရင်းပဲ ဝေးခဲ့ကြရသည်ပေါ့။ အခုလူချင်း နီးနီးကပ်ကပ်ရှိသော်လည်း မြင်သာမြင် မကြင်ရတဲ့ဘဝပါ။ မင်းပျိုမောင်နဲ့ ပန်းရောင်ခက်ဆစ်ဆိုတာ သိပ်ချစ်ကြတဲ့ သူငယ်ချင်းချစ်သူတွေပဲပေါ့။ ဟိုဘက်လမ်း၊ ဒီဘက်လမ်းနဲ့ တစ်ရပ်ကွက်တည်း နေကြသူတွေ။

"မင်းပျို"

"………"





"ဟဲ့…မင်းပျို"

"ဘာလဲဟာ"

"ငါ့ကို စောင့်နေပါဦးဟ"

"လာပါလား…မှီအောင်မလိုက်ဘဲနဲ့"

"မှီမလားဟဲ့…နင်သွားနေတာက နောက်ကလူ လိုက်လာလို့ ပြေးနေတဲ့အတိုင်း၊ မစောင့်ဘူးလား…မစောင့်လည်းနေ…ရတယ်။ နင်မပါဘဲ တစ်ယောက်တည်း သွားရတဲ့နေရာတွေတောင် ရှိသေးတာပဲ။ အခုလည်း တစ်ယောက်တည်းသွားလို့ရတယ်…သဘောပေါက်"

မင်းပျို ခြေလှမ်းတွေရပ်သွားပြီး ခက်ကို ပေစောင်းစောင်းနှင့် ပြန်ကြည့်လေသည်။ တကယ်တော့ မင်းပျို စိတ်ကောက်လာတာလေ။ ဒါကို ခက်က စိတ်ကောက်မှန်းမသိပေ။

"မစောင့်ချင်လို့ မစောင့်တာမဟုတ်ဘူး…သိလား"

"ဒါဆို ဘာလို့မစောင့်တာလဲ"

"ငါ စိတ်ကောက်နေတာ နင် မသိဘူးလား"

"ဘုရားရေ"

ယောကျ်ားတန်မဲ့ စိတ်ကောက်တာတဲ့။ သူ ဘာကို စိတ်ကောက်လဲဆိုတာ ခက် မသိပေ။ ခက်နဲ့ စကားများတာလည်း မရှိဘဲနဲ့။

"နေစမ်းပါဦး…နင်က ဘာကို စိတ်ကောက်တာလဲ။ နင်စိတ်ကောက်ရလောက်အောင် ငါ ဘာလုပ်မိလို့လဲ မင်းပျိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မိလို့လဲ…ဟုတ်လား"

"ဟုတ်တယ်လေ…ငါ ဘာလုပ်မိလို့လဲ"

"တောက်…မပြောလိုက်ချင်ဘူး၊ နင် လူများပါမေ့ဆိုတဲ့ နေရာကျမှ ငါ့ကို ဖြဲခြောက်တာ"

"ဟောတော့…ငါက ဘာဖြဲခြောက်လို့လဲ မင်းပျို့ရဲ့… ပါးစပ်လည်း မဖြဲမိ၊ မျက်လုံးလည်း မပြူးမိ"

"ခက်!"

မင်းပျို့ အော်လိုက်တော့ ခက် ဇက်ကလေးပုသွားလေသည်။ ပြီး…မျက်လုံးကို မှိတ်ပျာမှိတ်ပျာ လုပ်ပြလေတော့…

"ငါ လုပ်လိုက်ရနှာတော့မယ်"

"အမယ်…လုပ်ကြည့်ပါလား"

ဒီလိုကျတော့ ခက် ငြိမ်ခံမနေပေ။ ချက်ချင်းပဲ ကိုယ်ကို မတ်ပြီး ခါးထောက်လိုက်ကာ…

"ငါ့ကို ဘလိုင်းကြီးလာမကောနဲ့…သိလား၊ ငါ့မှာလည်း လက်နဲ့ခြေနဲ့"

"တောက်"

"မင်းပျို့"

"ဘာလဲ"

"နင် ငါ့ကို တက်မခေါက်နဲ့နော်"

"ခေါက်တော့ ဘာဖြစ်လဲ။ လူကို နှာမည်အပြည့်အစုံမခေါ်ဘဲ ပျို့ပျို့…ပျို့ပျို့…ပျို့လေးနဲ့ လူပုံအလယ်မှာ ခေါ်တာ။ အဲဒီ



တော့ ငါ့ကို သူများတွေ ဘယ်လိုမျက်လုံးမျိုးနဲ့ ကြည့်ကြလဲ နင် သိလား"

"ဟင်"

မင်းပျို့ပြောမှပဲ ခက် ခစ်ကနဲ ရယ်လေတော့သည်။ တစ်ခါ တစ်ခါ ဒီလိုပဲ ခေါ်တတ်တာကို အခုမှလာပြီး စိတ်ဆိုးရတယ်လို့။

"နင်က အဲဒါကို စိတ်ဆိုးတာဟုတ်လား"

"ဟုတ်တယ်"

"အမယ်လေး…မင်းပျို့ရယ်…ငါက ဘာများလဲလို့။ နင့်ကို ငါ အဲဒီလိုခေါ်တတ်တာ အခုမှမှမဟုတ်ဘဲ မင်းပျို့ရဲ့… အရင်ကလည်း ခေါ်တတ်တာပဲဟာ။ အခုမှလာပြီး စိတ်ဆိုးရတယ်လို့…ဟာ…ဟ…ခြေမ ကလိထိုးပြီး ရယ်ပစ်လိုက်ချင်တယ်…တကယ်ပဲ"

"ခြေမကလိထိုး ရယ်ချင်တယ်…ဟုတ်လား၊ ကဲ… ရယ်ဟာ…ငါကိုယ်တိုင် ကလိထိုးပေးမယ်…လာ"

"ဟယ်"

မင်းပျို့…ခက်ရှေ့မှာ ထိုင်လိုက်ပြီး ခက်ဖိနပ်ကို ဆွဲချွတ်လေလျှင်…

"ဟယ်…မင်းပျို့ နင် ဘာလုပ်တာလဲ။ မလုပ်နဲ့နော်… မင်းပျို့"

ခက် အော်ပေမယ့် မရပေ။ မင်းပျို့က ခြေထောက်ကို အတင်းဆွဲမ,နေသဖြင့် လဲမှာစိုးတာနှင့် ခက် ထိုင်ချလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခက် ထိုင်ချလိုက်တော့ မင်းပျို့က ပိုကြိုက်တာပေါ့။ လဲမှာ မစိုးရိမ်ရတော့ဘူးလေ။ ဒါကြောင့် ခက် ခြေထောက်က ဖိနပ်ကို ချွတ်ယူပြီး…

ထိုဖိနပ်နှင့်ပဲ ခက် ခြေဖဝါးနှစ်ဖက်လုံးကို ပွတ်တိုက်ပေးလေတော့ ခက်မှာ ယားလို့ အော်လည်းအော်၊ ရယ်လည်း ရယ်လျက် ကိုယ်လေးတွန့်လိမ်နေရသည်သာ။

"ခစ်…ခစ်…မင်းပျို…တော်တော့ မလုပ်နဲ့ဆို"

"မရဘူး…ကြောက်ပြီလား"

"မင်းပျို…ဖယ်နော်"

"မှတ်ပလား"

"မင်းပျို…ခစ်…ခစ်…တော်တော့၊ မလုပ်နဲ့ဆို… ဖယ်နော်"

"ဟော့…ဘာတွေဖြစ်နေကြတာလဲဟ"

"ဟိတ်…ကောင်မလေးကို လွှတ်လိုက်စမ်း"

မင်းပျို့သူငယ်ချင်း မျိုးမြင့်နဲ့ဇော်ထက် ရောက်လာလေတော့မှ မင်းပျို လက်တွေလည်း ရပ်တန့်သွားလေသည်။

"မင်းတို့ဟာကလည်း လူကြားမကောင်း သူကြား မကောင်းကွာ…ကောင်မလေးက တော်တော့…မလုပ်နဲ့ဆို။ ဖယ်ပါနဲ့ အော်နေတော့…ဟီး"

"အေးလေ…မသိရင် လမ်းလယ်ခေါင်ကြီးမှာ မင်းကပဲ ကောင်မလေးကို ဘာပြုသလို ညာပြုသလို ဟိုဟာပြုသလိုကြီး"





"ဟော့ကောင်တွေ"

"နင်တို့နော်…ပေါက်ကရမပြောနဲ့"

ပန်းရောင် ရှက်လို့ မျက်နှာလေး ရဲသွားလေသည်။ ပြီးတော့ မင်းပျို ပခုံးကိုထုပြီး…

"အဲဒါ…နင့်ကြောင့် အပြောခံရတာ…သိလား"

"ဟာ…ဘာဆိုင်လို့လဲ"

"နင်…ဘာလို့ ငါ့ခြေထောက်ကို ကုတ်လဲ"

"ပြဿနာကို စတာက နင်လေ…ဘာလို့ ငါ့ကို မဟုတ် မဟတ်နာမည် ခေါ်လဲ"

"မဟုတ်မဟတ်နာမည်…ဘာလဲကွ၊ ပြောပြစမ်းပါ… ဘာနာမည်လဲ သိချင်လို့"

"ဟော့ကောင်"

မင်းပျို့အော်တော့ မျိုးမြင့်နဲ့ဇော်ထက်က ရယ်လေသည်။ ဇော်ထက်က…

"စလုံးနဲ့ ပသောက်ပါတဲ့နာမည်လား"

"ဇော်ထက်"

စပိုင်ကို ပြောတာပါကွ…စပိုင်…စပိုင်…ခစ်…ခစ်"

ရယ်ရရင် ငိုရတတ်တယ်တဲ့။ ဒီနေ့ ခက် ရှက်မျက်နှာလေး ရဲသွားတာရဲ့အရင်မှာ ရယ်ခဲ့ရသည်သာ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)

"ဘယ်လို…အမေ…အမေ နောက်အိမ်ထောင်ပြုတော့မယ်…ဟုတ်လား"

"ဟုတ်တယ် သမီး"

ခက်မျက်နှာလေး ချက်ချင်းပဲ ညှိုးသွားလေသည်။ တကယ်တော့ အမေ့ကို နောက်အိမ်ထောင်မပြုစေချင်ပေ။ ဒါပေမဲ့ ကိုယ့်ဘက်ကကြည့်တွက်ပေးရမှာပေါ့။ အမေက အရွယ်ရှိသေးတာပဲ။ တစ်ပင်လဲလို့ တစ်ပင်ထူတာ ထူပါစေလေ။ သူများတွေလို အိမ်ထောင်ရေးဖောက်ပြန်တာမှ မဟုတ်ဘဲ။

ဂုဏ်သိက္ခာရှိရှိ တစ်ပင်ထူတာကို ခက် နားလည်ပေးရမှာပေါ့။ ပြီးတော့ အမေဆိုတာ အိမ်တစ်အိမ်ရဲ့အတွင်းလူမို့ ခက်အတွက် ပြဿနာမရှိနိုင်ဘူးထင်ပါရဲ့။

"သမီး အမေ့ကို နားလည်ခွင့်လွှတ်ပေးမယ်လို့ ထင်ပါ





တယ်။ အမေလည်း မလွဲသာလို့ပါကွယ်"

"ဟုတ်ကဲ့ပါ…အမေလည်း အရွယ်ရှိသေးတာပဲလေ။ သမီး နားလည်ပါတယ်။ အမှန်ပြောရရင်တော့ သဘောမကျချင်ဘူးပေါ့။ သူစိမ်းဝင်လာပြီဆိုကတည်းက မတွေးတတ်တဲ့သူအဖို့ အနေချောင်ပေမယ့် တွေးတတ်တဲ့သူအဖို့ကတော့ အနေကျပ်မှာ အမှန်ပါပဲ"

အမေက နားလည်ပေးတဲ့ ခက်ကိုကြည့်ပြီး မျက်ရည်ဝေ့သွားကာ…

"အဲဒီလိုတော့ မတွေးပါနဲ့ သမီးရယ်…သမီးက အမေ့သမီးပါ။ တစ်ခုခုဖြစ်လာရင် အမေ သမီးဘက်က ရပ်တည်ပေးမှာပါ။ သမီး ဘာမှအနေကျပ်စရာမလိုဘူး။ နေမြဲတမ်းပဲနေ…ကြားလား။ ယောက်ျားဆိုတာ အစားထိုးလို့ရတယ် သမီးရဲ့…အမေပြောတာ သမီး သဘောပေါက်ရဲ့လား"

"သမီး သဘောပေါက်ပါတယ်။ အဲဒါကြောင့် သမီး အမေ့ကို မတားပါဘူး။ အမေသာ ကိုယ့်ဇာတ်ကိုယ် နိုင်အောင်ကပါ"

ဒီစကားက အပေါ်ယံတွေးလိုက်ရင် ဘာမှမဟုတ်ပေမယ့် သေသေချာချာတွေးလိုက်ရင် အလွန်မှ နက်နဲပါသည်။ ကိုယ့်ဇာတ်ကိုယ်နိုင်အောင်ကတဲ့။ ဒါ…စာပ်ပြီးချုပ်ပြီး ပြောလိုက်တဲ့စကားပါပဲ။

"စိတ်ချပါ သမီးရယ်…အမေ့ဘဝမှာ သမီးကသာ အရေး



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးပါ။ သမီးက အမေ့ရဲ့အသက်…အမေ့ရဲ့ဘဝပါကွယ်''

ခက် အပြုံးနှင့်ပဲ ခေါင်းညိတ်ပြလိုက်သည်။ သဘောထားကြီးတယ်ဆိုတာထက် နားလည်ပေးလိုက်တာပါ။ သမီးအပေါ် တာဝန်ကျေတဲ့ မိခင်တစ်ယောက်မို့ ခက် ဘာမှမပြောချင်ပါဘူး။ ကိုယ်ကလည်း အလိုက်သိပေးရမည်သာ။

''ဒါနဲ့ အမေ လက်ထပ်မယ့်သူက ဘယ်သူလဲ အမေ''

''ဘယ်သူရှိရဦးမှာလဲ သမီးရယ်…ဖော်မင်းဦးပဲပေါ့''

''ရှင်''

''ဟုတ်တယ် သမီး…အမေ သူ့ကြောင့် သိက္ခာကျအရှက်ရဖြစ်တော့မယ်။ သူက အမေသွားလေရာလျှောက်လိုက်…အိမ်ကို ခဏခဏလာနဲ့…ပတ်ဝန်းကျင်က ရှေ့မှာမပြောပေမယ့် ကွယ်ရာမှာ သို့လော…သို့လောတွေ ပြောကုန်ကြပြီ''

ခက် ခေါင်းခါလိုက်မိသည်။ အဲဒီလူကြီးနဲ့ဆိုရင်တော့ ခက် သဘောမတူနိုင်ပေ။ အဲဒီလူက ခက်နဲ့ အသက်သိပ်ကွာတာ မဟုတ်ဘဲ။ အမေနဲ့ကျတော့ အရမ်းငယ်နေတာ။ အရွယ်ကောင်းပဲ ပြောပါတော့။ ဖအေနဲ့သမီး မဟုတ်၊ ပထွေးနဲ့သမီး ယှဉ်ရပ်ရင်တောင် လူမြင်မတင့်တယ်တဲ့အဖြစ်ပါလား။

ပြီးတော့…

ဦးဖော်မင်းဦးဆိုတာ အလုပ်ကို မယ်မယ်ရရ မလုပ်သူ။

''အမေ''

''ပြောလေ…သမီး''





''အဲဒီလူနဲ့ဆိုရင်တော့ သမီး လုံးဝ သဘောမတူဘူး အမေ…ဖြစ်ကိုမဖြစ်နိုင်တာ။ အမေပဲ စဉ်းစားကြည့်ပါဦး။ မိထွေးနဲ့လင်ပါသားဆိုတာကမှ နှစ်ယောက်တည်း အိမ်မှာရှိနေရင် တင့်တယ်သေးတယ်။ ပထွေးနဲ့ မယားပါသမီးဆိုတာက ဟူး… မဖြစ်ပါဘူး။ သမီး သဘောမတူဘူး အမေ''

''အမေ…အဲဒါတွေကို ထည့်တွေးပါတယ် သမီးရယ်။ သူက ပြောတယ်။ အမေနဲ့လက်ထပ်ပြီးရင် သူ အလုပ်တစ်ခုကို စွဲစွဲမြဲမြဲလုပ်ပြီး ကြိုးစားပါ့မယ်တဲ့''

စွဲစွဲမြဲမြဲဆိုတဲ့စကားကို ထည့်သုံးရတာ ဖော်မင်းဦးက အလုပ်မမြဲဘဲ မယ်မယ်ရရအလုပ် မလုပ်ခဲ့သူမို့ပါ။ ဒီအလုပ်က အဆင်ပြေနေလည်း လုပ်လိုက်မလုပ်လိုက်နဲ့ 'ဟိုအလုပ်ခုန်ကူး၊ ဒီအလုပ်ခုန်ကူးလေ။ ပြီးတော့ အလုပ်မရှိလို့ဆိုပြီး ယောင်ခြောက်ဆယ်ဖြစ်ပြန်ရော။

''ပြီးတော့…သူ ကတိပေးပါတယ်တဲ့။ သမီးကို သူ့သမီးအရင်းလို သဘောထားပြီး စောင့်ရှောက်ပါ့မယ်။ အမေ အိမ်မှာ မရှိတဲ့အချိန်ဆို သူလည်း အိမ်မှာမနေပါဘူးတဲ့''

''အမေ''

''…………''

''အဲဒါ…ပါးစပ်ထဲက ကတိစကားနော်။ စာချုပ်ပေါ်မှာ လက်မှတ်ထိုးပြီးပေးတဲ့ ကတိတောင် မဖောက်ကြလို့ လိမ်လည်မှုဆိုတာတွေ ဖြစ်ပေါ်နေတာ''



www.burmeseclassic.com

www.burmeseclassic.com



“………”

“အချိန်ဘယ်လောက်ကြာအောင် သမီးအတွက် လုံခြုံမှု ရှိမှာလဲ…အမေ စဉ်းစားပါ”

“ဒါဆိုရင် အမေ ဘယ်လိုလုပ်ရမလဲ။ သူ့ကို လက်ထပ်မယ်လို့ ကတိပေးပြီးပြီ။ ခုလောက်ဆို ပတ်ဝန်းကျင်မှာ ဒီသတင်း ပြန့်နေလောက်ရောပေါ့။ အဲဒီကောင် လျှောက်ကြွားပြီးရောမယ်”

အစကတည်းက အမေ စဉ်းစားရမှာမဟုတ်ဘူးလား။ အခုကျတော့ သိက္ခာဆိုတာအတွက် ခက်မှာ ထပ်ပြောစရာစကားလုံးတွေ ပျောက်သွားပြီ။ အချို့ ရိက္ခာအတွက် သိက္ခာကို ချနင်းပြီး ဘဝပျက်ခံရတဲ့သူတွေကို အပြစ်မတင်ထိုက်ပါဘူး။ အခု အမေက သိက္ခာအတွက် ဘဝကို ချနင်းမယ့်သူ။

“ဒီကိစ္စကို ဖျက်လိုက်ရင် ဓော်မင်းဦးက သွားပုပ်လေလွင့် ပြောမလား”

“မသိတော့ဘူး အမေရာ…လုပ်ချင်တာသာ လုပ်တော့။ သမီး ဘာမှမပြောတော့ဘူး”

“သမီး”

“အမေက စကားလွှန်ပြီးမှ သမီးကို ပြောပြတော့ သမီး ဘာလုပ်ရတော့မှာလဲ။ အခုမှတော့ အမေ့သဘောပါ”

“သမီးရယ်…အမေလေ”

“ထပ်မပြောပါနဲ့တော့ အမေ…အမေ ခင်းထားတဲ့လမ်းကို အမေ ဆက်လျှောက်ပါ”





ပြောပြီး ခက်… နောက်ဖေးဘက်သို့ ထွက်လာပြီး တစ်ယောက်တည်း ကျိတ်ငိုမိသည်သာ။ ဓာတ်လမ်းအစကတော့ ကောင်းမှာပေါ့။ အနှောင်းက မသေချာဘူးလေ။ လူ့စိတ်ဆိုတာ အစိုးရတာမှ မဟုတ်တာ။ ဘီလူးလူယောင်ဆောင် ခုနစ်ရက်တဲ့။ ဓော်မင်းဦးဆိုတဲ့လူ ဘယ်နှလ ကောင်းပြနိုင်မှာလဲ။

“မမလှ”

“…………”

“မမလှ”

ပြောနေရင်း ဓော်မင်းဦးဆိုတဲ့လူ ရောက်လာသဖြင့် ခက် အိမ်ကနေ ထွက်လာခဲ့တော့သည်။

ဖြစ်နိုင်ရင်…

ဟိုး…အဝေးဆုံးကို ပြေးထွက်သွားလိုက်ချင်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

ခက် ပျော်ရင်ပဲဖြစ်ဖြစ်၊ ဝမ်းနည်းရင်ပဲဖြစ်ဖြစ် သူမ ရင်ဖွင့်တဲ့သူက မင်းပျိုပါ။ မင်းပျိုနဲ့ခက်က ငယ်သူငယ်ချင်းတော့ မဟုတ်ပါဘူး။ အရင်က တစ်ယောက်နဲ့တစ်ယောက် သိပြီး မရင်းနှီးကြပေ။ ဒီနှစ်မှ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဖြစ်ခဲ့ကြပေမယ့်...

တကယ့်ငယ်သူငယ်ချင်းတွေလိုပါ။ ဒါကြောင့် ခက် ငိုတာမြင်လေတော့...

"ခက်"

"..........."

"နင်ကလည်း မငိုပါနဲ့ဟာ...နင်ငိုတာမြင်တော့ ငါလည်း ငိုချင်တယ်ဟ"



"အဟင့်"

"အခုမှတော့ ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ မှတ်လိုက်ပါ။ အန်တီလှက နင့်အမေပဲ...ဖြစ်လာသမျှ ကောင်းကောင်းဆိုးဆိုး သူပဲ ခါးစည်းခံမှာပေါ့။ သားသမီးအတွက် မစဉ်းစားဘဲ ကိုယ့်ဆန္ဒကို ဦးစားပေးတဲ့ မိခင်ဆိုတာ မရှိသလောက် ရှားပါတယ်ဟာ..."

"ငါ့အမေယူမှာ အခြားအသက်ကြီးကြီး ရိုးသားသူ တစ်ယောက်ဆို ငါ ဘာမှမပြောပါဘူးဟာ... အခုဟာက ဇော်မင်းဦးဆိုတဲ့လူ ဖြစ်နေလို့"

မင်းပျို သက်ပြင်းချလေသည်။ ခက်ကိုသာ နှစ်သိမ့်ပေးရတယ်။ တကယ်တော့ သူလည်း ဇော်မင်းဦးဆိုတဲ့လူကို သဘောမကျပေ။ ဒီလူက လူပျိုကြီးဖြစ်ပြီး အလုပ်မမြဲ။ တောင်ခုန်မြောက်ခုန်လေ။ အရက်လေး တမြမြ၊ လောင်းကစားက စနန်း။ ထို့ကြောင့် သူ့ကို မသိသူ ခပ်ရှားရှားပါ။ ရွာကျော်ရပ်ကျော်ဆိုတာမျိုးပေါ့။

"ဟုတ်တော့ဟုတ်ပါတယ်...ဒါပေမဲ့ လူတစ်ယောက်ကို စိုးသေသတ်မှတ်လို့ မရဘူး...ခက်ရဲ့"

"ဘာလို့လဲ...ငါ နားမလည်ဘူး"

"အချို့က လူပျိုဘဝမှာ ကောင်းပြီး အိမ်ထောင်ကျမှ ဆိုးသွားတာတွေ ရှိတယ်လေ။ အချို့ကျတော့ လူပျိုဘဝမှာ ဆိုးပေနေပြီး အိမ်ထောင်ကျတော့ ပြုပြင်ပြောင်းလဲသွားကြတယ်ဟ"

www.burmeseclassic.com

www.burmeseclassic.com



ခက် နှုတ်ခမ်းလေးမဲ့သွားပြီး…

"ဒီလူကတော့ မထင်ပါဘူးဟာ"

"အဲဒီလိုတော့ အပြတ်မဝေဖန်နဲ့လေ"

"မင်းပျို"

"ဟင်"

ခက်က ခပ်ဆောင့်ဆောင့်လေး ခေါ်လိုက်တော့ မင်းပျို ခက်ကို ခပ်ငေးငေးလေး ကြည့်လေသည်။

"အဲဒီလူက နင့်ကို ရှေ့နေငှားထားတာလား…ပြော"

"မဟုတ်ဘူးလေ…ငါက ဖြစ်တတ်တာကို ပြောပြတာပါ။ ပြုပြင်တာ မပြုပြင်တာတော့ စောင့်ကြည့်ရမှာပေါ့။ ဟား…သူ ငိုနေလို့ စိတ်ပြေရာပြေကြောင်း နှစ်သိမ့်လည်းပေးရသေး…လူကို လည်း ရန်တွေ့ခံရသေး"

"မနှစ်သိမ့်နဲ့"

"ဒါဆို နင်လည်း မငိုနဲ့လေ"

"မငိုဘူး"

"အဲဒါဆို မျက်ရည်တွေသုတ်"

ခက် မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။ ဟုတ်တာပေါ့။ ဘာလို့ငိုရမှာလဲ။ ကိုယ်ငိုနေလို့ရော ဘာထူးမှာလဲ။ အမေပြောပုံက နောက်ဆုတ်လို့မရတဲ့ အခြေအနေပဲလေ။ ဒီတော့ ကြည်ဖြူပေးလိုက်ရုံပဲ ရှိတော့တာပေါ့။

"မျက်ရည်ဆို မျက်ရည်တင်မသုတ်နဲ့…နှပ်ချေးတွေ



ထွက်နေတာလည်း သုတ်ဦး…ဟွန်း…ရွံဖို့ကောင်းလိုက်တာ"

"ဘာ"

"ကိုယ့်နှပ်ချေးကိုယ် ပြန်စားမလို့များ မသုတ်ဘဲထား သလားမသိဘူး"

"မင်းပျိုနော်"

"ဘာလဲ"

"အမြင်မတော်ရင် နင် သုတ်ပြီးစားလိုက်ပါလား"

"ဘာပြောတယ်"

ပြောပြီး ခက်က နှပ်ချေးကို ခွီးကနဲ ညှစ်ပြီး ပစ်လိုက်လေတော့ မင်းပျိုမျက်နှာက ရှုံ့မဲ့မဲ့ပါ။ တကယ်တော့ တကယ်ရွံလို့ မဟုတ်ပါဘူးလေ။ ခက်ကို စချင်ရုံသက်သက်ပါ။

"ညှစ်ပတ်မ"

"ညှစ်ပတ်တော့ ဘာဖြစ်လဲ…ညှစ်ပတ်ရင် မခင်နဲ့"

"ခင်တော့ဘာဖြစ်လဲ"

"မခင်နဲ့"

"ခင်မယ်"

မင်းပျိုက ခက်ကို ပခုံးချင်းတိုက်၍ ပြောလိုက်စဉ်မှာပဲ…

"မင်းပျိုမောင်"

"ဟင်"

မာဆတ်ဆတ်လေသံနှင့် မင်းပျိုနာမည်ကို အပြည့်အစုံခေါ် လိုက်သူက မင်းပျို့ရဲ့အမေ ဒေါ်ယဉ်နွဲ့ပါ။ အကြည့်တွေက စူးစူး

www.burmeseclassic.com

www.burmeseclassic.com



ရဲရဲပါလား။ ဘာများဖြစ်လာလို့ပါလိမ့်လို့ တွေးနေတုန်းမှာပဲ အိမ်ပေါ်တက်သွားတဲ့ ခြေလှမ်းက ထဘီအောက်နားစ ကွဲထွက်လုမတတ်ပါပဲ။

မင်းပျိုနာမည်ကို ခေါ်ပြီး…

ဘာမှလည်း ဆက်မပြောပေ။ အိမ်ပေါ်ရောက်တော့ သောက်ရေခပ်သောက်ပြီး ရေခွက်ကို ပြန်ချသံက ဆောင့်ချသည်ထင်ပါရဲ့။ ခွပ်ကနဲမြည်သံက ညင်ညင်သာသာမှ မဟုတ်ဘဲလေ။

"မင်းပျို"

"…………"

"မင်းပျို"

"ဗျာ…အမေ"

"နင့်ကို ငါ ခိုင်းစရာရှိတယ်…လာဦး"

မင်းပျို…ခက်ကို အားနာသလိုကြည့်လေလျှင်…

"ရပါတယ်…သွားပါ…ငါလည်း ပြန်တော့မယ်"

"နင် ခဏစောင့်ချင်စောင့်နေလေ…ငါ အမေခိုင်းတာလုပ်ပေးလိုက်ဦးမယ်။ ပြီးရင် နင့်ကို ငါ ရခိုင်သင်္ဘောသီးသုပ်လိုက်ဝယ်ကျွေးမယ်"

"နေပါစေဟာ…မစားတော့ပါဘူး"

"မင်းပျိုမောင်"

"ဗျာ…အမေ"

ဒေါ်ယဉ်နွဲ့ ထပ်ခေါ်ပြန်လေပြီ။ ဘာကို မကျေနပ်လို့ပါ





သိမ့်။ အပြင်ကနေ တစ်ခုခုဖြစ်လာလို့ ဒေါသကူးစက်တဲ့အသံလား။ ဒါမှမဟုတ် ခက် လာတာကို မကြိုက်လို့လား။ အရင်ကလည်း လာဖူးတာရှိပေမယ့် အခုလို မာမာထန်ထန်အသံနဲ့ သူ့သားကို စကားပြောတာမျိုး သိပ်မရှိပေ။

ခက်နဲ့ခင်တာကို မကြိုက်ပုံတော့ပေါ်သား။ အခုကျတော့ သိသိသာသာကြီးများလားလို့။

"ငါခေါ်နေတာ အခုထိ မလာသေးဘူးလား…မအေစကားကို အဲဒီလောက်နားထောင်ရင် တော်ရောပေါ့"

"လာပြီ…အမေ"

မအေကို လှည့်ပြောပြီး ခက်ဘက်သို့ ပြန်လှည့်လာလေတော့…

"သွားလေ…ငါလည်း ပြန်မယ်"

ပြောပြီး ခက် ထထွက်လာခဲ့လေလျှင်…

"နင့်ကို ငါ ပြောထားမယ်နော် မင်းပျို…အပေါင်းကြောင့် ဂုဏ်တက်၊ အပေါင်းကြောင့် ဂုဏ်ပျက်တဲ့။ အပေါင်းကြောင့်တော့ ဂုဏ်မပျက်စေနဲ့"

"ဘာကိုလဲ အမေရဲ့"

"ဘာကိုရမှာလဲ…နင်တို့ အရွယ်ရောက်နေကြပြီ။ သူငယ်ချင်းဆိုပြီး အဲဒီကောင်မလေးနဲ့ နင် ပလူးပလဲနေတာကို ငါ မကြိုက်ဘူး။ မကြိုက်တာတော့ အရင်ကတည်းက။ အခု ပိုပြီး မကြိုက်တာကို သိအောင်ပြောပြတာ"



www.burmeseclassic.com

www.burmeseclassic.com



ခက် ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ နောက်ကိုတော့ ပြန်လှည့်မကြည့်ဖြစ်ဘဲ နောက်ထပ် ဘာဆက်ပြောဦးမလဲလို့ နားစွင့်နေလိုက်မိ၏။ ကိုယ့်အကြောင်းပြောနေတာကို ဥပေက္ခာပြု ပြီး ရှေ့ဆက်သွားရလောက်အောင် ခက် မျက်နှာမပြောင်တတ် လေတော့…

ခြေလှမ်းတွေက…

နားရဲ့ရှုးစမ်းလိုမှုကို မတွန်းလှန်နိုင်ပေ။

"အမေကလည်းဗျာ…ခက် ကြားသွားပါဦးမယ်"

"ကြားအောင်ပြောတာ…ကြားပစေပေါ့။ ငါ ထပ်ပြော မယ် မင်းပျို…နင် အဲဒီကောင်မလေးနဲ့ ခပ်ကင်းကင်းနေပါ"

"သူငယ်ချင်းပါဆိုမှ ခပ်ကင်းကင်းနေလို့ ရမလား အမေ ရဲ့…အမေ…ခက်ကို သဘောမကျရအောင် ခက်က ဘာဖြစ်နေ လို့လဲ…နူနေဝဲနေလို့လား အမေရဲ့"

"ကြည့်စမ်း…နင်က ဒီကောင်မလေးအတွက်နဲ့ မအေကို ပြန်ပြောနေပြီပေါ့လေ…ဟုတ်လား၊ အဲဒါပဲ မင်းပျို…ငါက နင့်အမေ…ရှေ့ကို ကြိုတွေးပြီး မီးကို မလောင်ခင်ကတားနေတာ နားလည်လား"

"ကဲပါ…အမေ သားကို ခိုင်းစရာရှိတယ်ဆိုတာ ဘာခိုင်း မှာလဲ"

"ဘာမှမခိုင်းဘူး…အဲဒါပြောမလို့ခေါ်တာ"

"ကျွတ်…ဟူး"





ခက် ထွက်လာခဲ့တော့သည်။ ဒီလောက်ဆို သဘောပေါက် ပြီလေ။ ကိုယ်နဲ့တွဲတာ မကြိုက်ဘူးတဲ့။ ထင်တော့ထင်သားပဲ။ အခု အတိအကျသိလိုက်ရတော့ ခက် ဆင်ခြင်ရတော့မှာပေါ့။ ယောကျ်ားလေးနဲ့မိန်းကလေး ယောကျ်ားလေးရှင်က သွေးကြီးပြီး မတူမတန်သလို ပြောတာလောက် ခက် မုန်းတာ မရှိတော့ပေ။

"ကောင်မလေးက ဒီလောက်လှနေတာ မင်းက ဘာသားနဲ့ ထုထားတာမှတ်လို့။ တစ်နေ့မှာ မရိုးသားတော့ရင် မင်းကို ငါ အဲဒီကောင်မလေးနဲ့ သဘောမတူနိုင်ဘူး မင်းပျို"

"အမေ သဘောမတူရအောင် ခက်က ဘာဖြစ်နေလို့လဲ အမေရဲ့။ သူတို့သားအမိက ကောင်းရောင်းကောင်းဝယ် ဈေးရောင်းစားနေတာပဲဟာ"

"အဲဒါမပြောနဲ့…ငါက မင်းကို တော်ရုံမိန်းကလေးနဲ့ သဘောမတူနိုင်ဘူး။ အဲဒါ မိဘရဲ့အတွ…ကောင်းရောင်းကောင်း ဝယ်လုပ်စားလည်း လက်မခံဘူး။ အခု ပိုဆိုးတယ်"

ဒီတစ်ခါတော့ ဘာဖြစ်လို့လဲဆိုတာကို ပါးစပ်နဲ့ မမေးမိ တော့ပေ။ မျက်လုံးမှာ ထင်ဟပ်သွားသည့်အမိပ္ပာယ်ကို အမေ နားလည်သည်ထင်ပါ့။

"ဒီလောက်လှတဲ့ မိန်းကလေးနဲ့ ပထွေးက အသက် သိပ်မကွာတာကို မကြာခင် တစ်အိမ်တည်းမှာ အတူနေကြတော့ မှာ…သိလား။ တွဲဖက်၍ မထားသင့်သောလူများထဲမှာ မိအိုနဲ့ ခယ်မ၊ မရိုးနဲ့မတ်၊ ပထွေးနဲ့မယားပါသမီးလို့ ပြောလို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေဗျာ"

ပြောတဲ့သူက ကိုယ့်အမေဖြစ်နေလို့ မင်းပျိုရင်ထဲမှာ အောင့်သက်သက်နှင့် ငြိမ်နေလိုက်ရတော့သည်။ တကယ်ဆို အမေ့စကားက ခက်သိက္ခာနှင့် ခက်ရဲ့ကိုယ်ကျင့်တရားကို စော်ကားလိုက်ခြင်းပါပဲ။





# အခန်း (၁၆)

အမေ ပြောသလိုပါပဲ။ ဦးဇော်မင်းဦးက ခက်အမေနှင့်သူ လက်ထပ်တော့မယ့်အကြောင်း ပတ်ဝန်းကျင်မှာ လျှောက်ကြွား ထားလေတော့ အခုမှ လက်မထပ်ဘူးဆိုရင်လည်း အမေပဲ ရှက်ရမှာ။ အမေရှက်ရတော့ ခက်လည်း ရှက်ရတာပေါ့လေ။ သားအမိတွေကိုး။

ထို့ကြောင့် . . .

အမေနှင့်ဦးဇော်မင်းဦးတို့ လက်ထပ်လိုက်ကြသည်။ အစ ပိုင်းကတော့ တကယ့်ကို ပြောင်းလဲသွားလိုက်တာ။ ဦးဇော်မင်းဦး တစ်ယောက် ပတ်ဝန်းကျင်ပါးစပ်ဖျားမှာ တကယ်ပြောင်းလဲသွား တဲ့လူပေါ့။ အမေကလည်း ယောကျ်ားကို ပြုပြင်ပြောင်းလဲပေးသူ အဖြစ် ချီးမွမ်းခံရသူပါ။



www.burmeseclassic.com

www.burmeseclassic.com



“အလှ…မင်း၊သမီးရော”

“ရှိတယ်လေ…ဘာဖြစ်လို့လဲ…စာကျက်နေတယ်”

တကယ်တော့ ခက် စာကျက်နေတာကို ဦးဇော်မင်းဦး မြင်သွားပဲ။ စာကျက်တာ အသံထွက်ကျက်နေတာပဲလေ။ တမင် ရင်းနှီးအောင် မေးတယ်ဆိုတာ ခက် သိတာပေါ့။ ဒီလူနဲ့ခက် ရင်းရင်းနှီးနှီး မနေချင်ပါဘူး။ ဒါကြောင့် အမြဲတမ်း ခပ်တည် တည်နှင့်နေတာပါ။

“မောင်…သူ့အတွက် ဝတ်စုံဝယ်လာလို့မေးတာ အလှရဲ့။ ဒီနေ့ မောင် လစာထုတ်တယ်လေ။ အဲဒါကြောင့် ဝယ်လာတာ”

“မကြီးမငယ်နဲ့…ဘာမောင်လဲ”

“အလှကလည်း လင်မယားချင်းခေါ်တာ ဘာဖြစ်လဲ။ မောင်လို့ခေါ်စမ်းပါ”

“အို…မခေါ်ချင်ပါဘူး…ကလေးကလားနဲ့၊ သမီး ကြား သွားဦးမယ်”

“ကဲ…ထားပါ။ ဒီမှာ ငါ ဝယ်လာတဲ့ဝတ်စုံ ကြည့်ပါဦး။ မင်း၊သမီး ကြိုက်ပါ့မလား”

“စေတနာနဲ့ ဝတ်စေချင်လို့ ဝယ်လာပေးတာပဲ…ကြိုက် မှာပါ”

“အင်းပါ…ပေးလိုက်ပါဦး”

ဦးဇော်မင်းဦးက အမေ့ကို ဝတ်စုံပေးတာ ခက် မြင်ပါ သည်။ ဒါပေမဲ့ မမြင်ချင်ယောင်ဆောင်ပြီး စာကျက်တဲ့အသံကို





နည်းနည်း ပိုမြှင့်ပစ်လိုက်၏။

“သမီး”

ခေါ်သံကိုကြားပေမယ့် ခက် မထူးပေ။

“သမီး…ခက်”

နောက်တစ်ခါ ထပ်ခေါ်မှ ခက် စာကျက်သံကိုရပ်ကာ လှည့်ကြည့်လိုက်သည်။

“ဒီခဏလာဦး”

“အမေ ခိုင်းစရာရှိလို့လား၊ ခိုင်းစရာရှိရင်ပြောလေ”

“ခိုင်းစရာမရှိပါဘူး သမီးရဲ့…ဒီမှာ သမီးဦးလေးက သမီးအတွက် ဝတ်စုံဝယ်လာတယ်တဲ့။ အဲဒါပေးမလို့ပါ”

ခက် လက်ထဲက စာအုပ်ကိုချလိုက်ပြီး…

“ဦးဇော်မင်းဦးကို ခက် တစ်ခုမှာထားရဦးမယ်”

“ပြောလေ…သမီး၊ သမီးက ဦးကို ဘာမှာချင်လို့လဲ”

“အခြားတော့မဟုတ်ပါဘူး…ခက်က ရှိတာနဲ့ပဲ ရောင့်ရဲ တတ်တယ်။ အမေဝယ်ပေးတဲ့အဝတ်နဲ့ပဲ သပ်သပ်ရပ်ရပ်နေမယ်။ နောက်ကို ခက်အတွက် မျက်နှာလိုမျက်နှာရလုပ်ဖို့ ဘာမှ ဝယ်မလာပါနဲ့”

“ဟင်”

“သမီး”

ဦးဇော်မင်းဦးမျက်နှာပျက်သွားတော့ အမေ ပျာပျာသလဲ ဖြစ်သွားလေသည်။ အစပိုင်းမှာ လူကောင်းဖြစ်နေတော့ သူ့



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားရဲ့စေတနာကို စော်ကားရက်လေခြင်းလို့ အမေ တွေးလိုက်သည်ထင်ပါ့။ ခက်ကလည်း ကိုယ့်မာနနှင့်ကိုယ် ပထွေးနှင့် မယားပါသမီးကြား စည်းကမ်းနဲ့ခြားချင်သူ။

သူ့အရွယ်နဲ့ ကိုယ့်အရွယ်...

အမေ့အရွယ်နဲ့သူ...ပတ်ဝန်းကျင် လက်ညှိုးထိုးမေးငေါ့စရာမဖြစ်အောင် ရင်းနှီးကျွမ်းဝင်ခြင်းမရှိတာ အကောင်းဆုံးပါပဲ။

"ဘယ်လိုပြောလိုက်တာလဲ သမီးရယ်...သူက သမီးအတွက် ဝတ်စေချင်တဲ့စေတနာနဲ့ ဝယ်လာတာပါ။ သူ့ကို မကြည်ဖြူရင်တောင် အမေ့ကိုတော့ အားနာသင့်ပါတယ်ကွယ်"

"အားနာရင် ခါးပါတတ်တယ်ဆိုတဲ့စကားရှိတယ် အမေ။ သမီး စကားရိုင်းရင် တော်းပန်ပါတယ်။ အဖေအရင်းမဟုတ်တဲ့အတွက် ခပ်ကင်းကင်းနေကြတာ အကောင်းဆုံးပါပဲ"

"သမီး"

"ပြောပါစေ အလှရယ်...ခက်က ငယ်သေးတော့ ရင်ထဲရှိတာကို အရှိအတိုင်းပြောတာ။ တို့လူကြီးတွေက နားလည်ပေးရမှာပေါ့။ အဲဒီလိုပွင့်လင်းတာ ကောင်းပါတယ်။ ဒါမှ ဘာလုပ်သင့်တယ်ဆိုတာကို လူကြီးတွေက စဉ်းစားလို့ရတာပေါ့"

ခက် မျက်နှာလွှဲပြီး နှုတ်ခမ်းကို မဲ့ပစ်လိုက်သည်။ ကိုယ့်အဖေမှမဟုတ်တာ။ သူစိမ်းက သူစိမ်းပဲပေါ့။ သူစိမ်းတွေရဲ့စေတနာအရောင်ပြနောက်မှာ ဘာတွေကပ်ပါလာနိုင်သလဲ လူတိုင်းမဟုတ်ပေမယ့် ခက် လူတိုင်းကို မယုံကြည်ချင်ပေ။





ပထွေးဆိုတော့ ပိုဆိုးတာပေါ့။

ကိုယ်ဘယ်လောက်ပဲ ကောင်းအောင်နေနေ အပြစ်ရှာချင်တဲ့ လက်ညှိုးတွေက အပြစ်မရှိ အပြစ်ရှာပြီး ထိုးချင်ကြတာ။ ဒါကြောင့် ကိုယ့်စည်းနဲ့ကိုယ်နေတာ အကောင်းဆုံးပါပဲ။

"နှင့်ကို ငါ အားနာလိုက်တာ"

"ရပါတယ် အလှရယ်...လူကြီးနဲ့လူငယ် အတွေးအခေါ်ချင်း ဘယ်တူပါ့မလဲ။ တစ်နေ့တော့ ခက် နားလည်လာပါလိမ့်မယ်"

"အေးပါ...ထားပါတော့၊ နင် ခဏနားပြီးရင် ရေချိုးလိုက်လေ...ငါ ထမင်းပွဲပြင်ထားလိုက်မယ်"

ခက် သူတို့စကားတွေကို နားမထောင်တော့ဘဲ စာပဲဆက်ကျက်နေလိုက်တော့၏။ ကျက်သာကျက်ရတယ်၊ စာကို သိပ်စိတ်မပါတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၅)

"ခက်"

"…………"

"ခက်…နေဦး"

နောက်က မင်းပျို့ ခေါ်နေတာမို့ ခက် ခြေလှမ်းတွေ ပိုသွက်သွားလေသည်။ ခက် သူနဲ့လည်း သူငယ်ချင်းမဖြစ်ချင်တော့ပါဘူး။ သူငယ်ချင်းဆိုတဲ့ အဖြူရောင်သံယောဇဉ်ကို သူ့အမေက အရောင်စဆိုးပေးနေတာလေ။ မခံချင်စိတ်ရှိပေမယ့် ခက် ရှေ့မတိုးပါဘူး။

မာနက…

နောက်ကိုပဲ ဆုတ်ခိုင်းနေတာ။ တကယ်ဆိုရင် စိတ်ရှိလက်ရှိ ပြောပစ်လိုက်ချင်တာ။ ခက်သာ အချစ်ရေးကို စိတ်ဝင်စားရင်





သူ့သားထက်သာတဲ့လူတွေကို ခေါင်းခေါက်ရွေးလို့ရတယ်ဆိုတာကိုပေါ့။ အခု ခက် မပြောဘဲနေတာ မင်းပျို့ကို ခင်မိတဲ့ သံယောဇဉ်ကြောင့်။ မင်းပျို့မျက်နှာကို ထောက်ထားနေတာကြောင့်ပဲပေါ့။

"ခက်…နေဦးဆို"

မင်းပျို့ ပြေးလိုက်လာပြီး ခက်ရှေ့ကနေ ပိတ်ရပ်ကာ…

"နင်…ဘာဖြစ်နေတာလဲ…ခက်"

"…………"

"မေးနေတာ ဖြေလေ…နင် ဘာဖြစ်နေတာလဲ။ ငါ့ကို မကျေနပ်စရာ ဘာရှိလဲ။ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

"ဘာဖြစ်နေတယ်လို့ နင် ထင်လဲ"

"မသိလို့မေးနေတာပေါ့ဟာ…ကဲ…ပြော…ငါ့ကို ဘာမကျေနပ်တာရှိလဲ"

"ငါ မကျေနပ်တာ နင် မဟုတ်ဘူး…နင့်အမေ"

"ဟင်"

မင်းပျို့ တွေ့ရှေ့နဲ့ ဖြစ်သွားလေသည်။ အမေက ခက်နဲ့ ကင်းကင်းနေဖို့ မကြာခဏ ပြောခဲ့ပေမယ့် မင်းပျို့က မကင်းနိုင်။ ဒါကြောင့် အခင်အမင်မပျက် ရှိနေခဲ့တာလေ။ အရင်ကတည်းက အမေပြောတာဆိုတာတွေကို ခက်သိပေမယ့် တို့က ရိုးရိုးသားသား ခင်ကြတာပဲ။

ပြဿနာမရှိကြပါဘူး…

တစ်နေ့ကျ နင့်အမေ အမြင်ရှင်းသွားမှာပါတဲ့။ ငါ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ခင်မိတဲ့သံယောဇဉ်ကြောင့် သည်းခံနေတာပါတဲ့။ ကိုယ်ကလည်း ပြောရတာပေါ့။ အမေက အဲဒီလိုပဲ အပြောမတတ်ဘူး။ ပတ်ဝန်းကျင်က ဘာတွေပြောလို့လဲမသိဘူး။ သည်းခံပါ ခက်ရယ်လို့ တောင်းပန်ရတာ ခဏခဏလေ။

အခုကျတော့…

ကိုယ့်ကို ခက်က သိသိသာသာ ရှောင်နေတာဆိုတော့ မင်းပျို မနေတတ်ပေ။

"ဘာဖြစ်လို့လဲ…ခက်"

"အခု နင့်အမေက ငါ့ကို အတိအလင်း သတိပေးသွားပြီ မင်းပျို…နင်နဲ့ လုံးဝ မပတ်သက်ပါနဲ့၊ သူ မကြိုက်ဘူးတဲ့"

"ဟာ"

မင်းပျို တော်တော်အံ့သြသွားတယ်ထင်ပါ့။ ပါးစပ်အဟောင်းသား၊ မျက်လုံးအဝိုင်းသား ဖြစ်သွားသည်လေ။

"နင့်ကို ငါ့အမေက အဲလိုပဲ တကယ်ပြောသွားတာလား ခက်"

"ငါပြောတာကို နင်က မယုံဘူးလား။ ဒါဆို နင့်အမေကို နင် ပြန်မေးလိုက်။ လူတိုင်း မုသာဝါဒ မကင်းကြပါဘူး။ ဒါပေမဲ့ ငါ တတ်နိုင်သလောက် ရှောင်တယ်။ သူများတွေထက် အသုံးနည်းတယ်ပေါ့ဟာ"

"ကျွတ်"

မင်းပျိုမျက်နှာက နေလောင်သရက်သီးလို ရှုံ့တွသွားလေ





သည်။ သူ့အမေကို မကျေမနပ်ဖြစ်သွားသည်ထင်ပါ့။ ဒါပေမဲ့ မိဘဆိုတော့ ဘာမှလည်းမပြောဘဲ…

"ငါ တောင်းပန်ပါတယ် ခက်ရယ်…အမေက အဲဒီလိုပဲဟာ၊ အဖေလည်း သိပ်မထူးဘူး။ အတ္တကြီးတယ်…ကြွားဝါတတ်တယ်။ စဉ်းစားတွေးခေါ်မှု သိပ်မရှိဘူး။ ငါလည်း အဲဒီစရိုက်တွေကို မကြိုက်ပေမယ့် သူတို့က မိဘဆိုတော့ ဖအေထက် သားတစ်လကြီးလို့ မရဘူးလေ။ ဒါကြောင့် နင့်ကို ငါ တောင်းပန်ပါတယ်"

"အဲဒါနဲ့ပဲ ငါက ကျေအေးပေးရဦးမှာလား"

"နင်နဲ့ငါက ရန်သူမှမဟုတ်တာ ခက်ရဲ့"

"ရန်သူမဟုတ်ပါဘူး…ဒါပေမဲ့ ငါ နင်နဲ့ သူငယ်ချင်းလည်း မဖြစ်ချင်တော့ဘူး"

"ခက်"

မင်းပျိုအသံက ကျယ်သွားလေသည်။ ဒီစကားလုံးမျိုးကြောင့် သူ မခံစားနိုင်ဘူးဆိုတာ သိတော့သိသားပေါ့။ ဒါပေမဲ့ သူ့အမေပြောခဲ့တဲ့စကားတွေကိုလည်း ခက် မခံစားနိုင်ဘူးလေ။ သူ့အမေသာ မိန်းမချင်းကိုယ်ချင်းစာတတ်ရင်၊ သမီးချင်းကိုယ်ချင်းစာတတ်ရင်…

သူမပြောသွားတဲ့စကားမျိုး ပြောထွက်မှာမဟုတ်ပါဘူး။ ခက်လည်း မင်းပျိုကို အခုလို စိမ်းစိမ်းကားကားစကားမျိုးပြောထွက်မှာမဟုတ်ပေ။ အခုတော့ မပြောချင်ဘဲ ပြောနေရတာ။ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လည်း စိတ်မကောင်းပါဘူး။

"""နင် ဘယ်လိုပြောလိုက်တာလဲ ခက်···သံယောဇဉ်ဆိုတာ အချိန်တိုတာရှည်တာနဲ့ မဆိုင်ဘူးဟ···နင့်အပေါ်မှာ ငါ အရမ်းသံယောဇဉ်ကြီးခဲ့တာ။ ဒါကို နင်မို့ ဒီစကားမျိုး ပြောထွက်ရက်တယ်ဟာ···တကယ့်ကို စိမ်းစိမ်းကားကားပဲ"

"အဲဒီလို ငါ့ပါးစပ်က စိမ်းကားတဲ့စကားတွေ ထွက်တတ်အောင် ဘယ်သူလုပ်ခဲ့တာလဲ မင်းပျို···နင့်အမေသာ ငါ့ကို ဘာမှမပြောရင် နင့်အမေသာ ငါ့ဘဝကို နားလည်ကိုယ်ချင်းစာတတ်ရင် ငါ ဘာမှပြောစရာအကြောင်း မရှိဘူးလေ"

"တော်ပါတော့ဟာ"

"တော်ပါဆိုတော့ ငါ ဆက်မပြောရုံပဲပေါ့။ ငါ···သွားမယ်···ရှေ့ကဖယ်"

"ခက်"

ခက် သူ့ကို ရှောင်ကွင်းပြီး ထွက်သွားလေတော့ မင်းပျိုက ခက်လက်ကောက်ဝတ်ကို ဖမ်းဆုပ်ထားကာ···

"သံယောဇဉ်ဆိုတာ အဲဒီလို လွယ်လွယ်ဖြတ်လို့ရသလား ခက်···နင် ငါ့ကို မခေါ်မပြောဘဲ နေနိုင်ပေမယ့် ငါက နင့်ကို မခေါ်မပြောဘဲ မနေနိုင်ဘူး"

"အဲဒီတော့ ငါက ဘာလုပ်ရမလဲ···ကပြရမှာလား"

"ဖြစ်နိုင်ရင် ငါ့အမေပြောတဲ့စကားတွေကို မေ့ထားလိုက်ပါဟာ"





"ဘာ"

မေ့ထားရမယ်တဲ့လား။ လွယ်လွယ်မေ့ထားနိုင်ရလောက်အောင် သူ့အမေပြောခဲ့တဲ့စကားတွေက သာမန်ခေါ်ပြောနှုတ်ဆက်စကားတွေမှ မဟုတ်ဘဲလေ။ လူတစ်ယောက်ရဲ့သိက္ခာကို စော်ကားတဲ့စကားတွေ။

"ခက်"

"·········"

"နင် တကယ်နေနိုင်မှန်း ငါ သိပါတယ်ဟာ···ငါ့သံယောဇဉ်ကို နင် နည်းနည်းတော့ အသိအမှတ်ပြုပေးပါ။ ငါ တောင်းပန်ပါတယ်။ အမေ ဘာပဲပြောပြော နင့်စိတ်ထဲမှာ မထားပါနဲ့။ ငါ့ကို ငဲ့ပြီး နားလည်ပေးပါ"

"မင်းပျို"

ခက် ပိုးစိုးပက်စက်ပြောလိုက်ဖို့ သူ့မျက်လုံးကို တည့်တည့်ကြည့်လိုက်စဉ် လည်ချောင်းထဲမှာတင် ဟင်ကနဲဖြစ်ပြီး စကားလုံးတွေက ပြောမထွက်တော့ပေ။ မင်းပျိုရဲ့မျက်ဝန်းထဲမှာ ကိုယ့်ကို တောင်းပန်တိုးလျှိုးနေတဲ့အရိပ်တွေ။ မင်းပျိုကိုတော့ ခက် သနားဝါသည်လေ။

ကိုယ်လည်း သူ့အပေါ် သံယောဇဉ်ရှိတာပါပဲ။ သူ့ထက်မပို ရင်တောင် သူ့ထက်မလျော့တဲ့ သံယောဇဉ်တွေ ခက်ရင်မှာ ရှိပါသည်။ ထို့ကြောင့် ဒေါသနှင့် စိတ်ရှိလက်ရှိ ပြောပစ်ချင်ယ်လို့ မောင်းတင်ထားတဲ့စကားတွေက ငြိမ်းသံပေးပြီး လေသံယ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရာနောက် လိုက်ပါပျောက်ကွယ်သွားတဲ့မိုးသို့နှယ်ပါ။

"စိတ်ထဲမှာ မထားရအောင် နင့်အမေပြောတဲ့စကားတွေက ငါ့မာနကို ရိုက်ချိုးသွားတာလေ မင်းပျို့ရဲ့။ ဒါကို ငါက အမှတ်မရှိ ခေါင်းငုံ့ခံနေရအောင် ငတုံးငအမှ မဟုတ်တာ"

"ငါ့အမေလွန်မှန်း ငါသိပါတယ်။ ဒါပေမဲ့ ငါက နင့်ကို သံယောဇဉ်ကြီးတယ်။ ငါလေ နင်ပြောသမျှခံမယ်၊ နင်ခိုင်းတာ လုပ်ပေးမယ်။ ငါ့အမေရဲ့စကားတွေကို ငါ့ရဲ့အနစ်နာခံမှုနဲ့ ချေဖျက်ပေးပါ ခက်ရယ်…နော်"

ခက် သက်ပြင်းချလိုက်မိတော့သည်။ ခက်က နှလုံးသား မရှိတဲ့ စက်ရုပ်မှမဟုတ်ဘဲလေ။ ဒီတော့ မင်းပျို့ရဲ့အသနားခံမှုကြောင့် ဒေါသတွေ၊ မာနတွေ အရည်ပျော်ပြီး…

"ဟွန်း…ပျို့ပျို့မ…နင့်ကြောင့် တစ်ပတ်လျှော့လိုက်မယ် သိလား"

ခက် မျက်စောင်းထိုးပြီး ထွက်သွားလေတော့ မင်းပျို့ ဝမ်းသာလွန်းလို့ ရင်ထဲမှာ လှိုက်တက်လာသည်အထိပါ။ ခက်ရဲ့ မျက်စောင်းက ငြိမ်းချမ်းရေးမျက်စောင်းပဲလေ။





# အခန်း (၁၈)

"မင်းပျို့မောင်"

ခေါ်သံကြောင့် မင်းပျို့ စာကျက်တာကိုရပ်ပြီး အမေ့ကို လှည့်ကြည့်လိုက်သည်။ ကိုယ့်နောက်ကျောဘက်မှာ အမေက ရပ်နေတာမို့ ကိုယ်ပါလှည့်ထိုင်လိုက်ပြီး…

"အမေ ဘာပြောမလို့လဲ…ပြောလေ၊ သား စာကျက်နေ တာ"

"နင် စာကျက်နေတာ ငါ မြင်သားပဲ။ ငါက ပြောစရာရှိ ရှင် အကြွေးမထားတတ်လို့…နင်စာကျက်တာ ခဏထားဦး။ စာကျက်တာက ဘယ်အချိန်ပဲကျက်ကျက် ရတယ်"

သြော်…အချိန်ရှိခိုက် လုံ့လစိုက်ရမယ့် စာကျက်ခြင်းအလုပ် က ဘယ်အချိန်ပဲကျက်ကျက် ရတယ်တဲ့လား။ အမေ့စကားက အထက် အရေးကြီးနေတာလား။ ထို့ကြောင့် မင်းပျို့ စာအုပ်ကို စားပွဲပေါ်သို့ တင်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ပြောပါ အမေ"

"နင်…ငါ့စကားကို ဘာလို့နားမထောင်တာလဲ မင်းပျို… ဘာလဲ…ငါပြောတဲ့စကားတွေကို နင်က ချွေးယောင်တာလောက် တောင် အလေးမထားတာလား…ပြောစမ်း"

"ဟာ…အမေ"

အမေ့စကားလုံးက ကြမ်းလွန်းသဖြင့် မင်းပျို ပျာပျာသလဲ ဖြစ်သွားကာ ထရပ်မိသွားလေသည်။ အမေ စကားပြောရင် အဲဒီလို ခပ်ကြမ်းကြမ်း အခိုင်းအနှိုင်းတွေနဲ့ ပြောတတ်မှန်းသိပေ မယ့် ဒီတစ်ခါ ပို၍တုန်လှုပ်မိသည်သာ။

"အမေ့…အမေ ဘယ်လိုပြောလိုက်တာလဲဗျာ…အမေ့ စကားက သားကို အပြစ်ပေးသလိုဖြစ်နေပြီဗျ"

"ဩော်…အပြစ်ရမှာတော့ ကြောက်သလား။ မိဘစကား ကိုကျတော့ နားမထောင်ဘူး။ ငါ ဒီထက်ပိုကြမ်းတဲ့စကားလုံးတွေ မသုံးချင်ဘူးနော်…မင်းပျို"

"ဘာကိုလဲ အမေရဲ့…အမေ့စကားက လိုရင်းမပြောဘဲ အကြမ်းနဲ့ အရင်စလာတာ။ သား နားလည်အောင် ရှင်းရှင်းပြော ပေါ့"

"ဘာကိုရမှာလဲ…မင်းကို ပန်းရောင်ခက်ဆစ်နဲ့ တွဲသွား တွဲလာ မလုပ်ပါနဲ့လို့ ငါ ဘယ်နှခါပြောရလဲ မင်းပျို…ဘာလဲ… နင်က နွားဖြစ်ချင်လို့လား"

"အမေ"





အမေ ဒီစကားကို ဘာအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲဆိုတာ ကို မင်းပျို သိပါသည်။ ခက်ကို ပထွေးနဲ့မို့လို့ ဒီစကားမျိုးပြော တာလေ။ ခက်က အဲဒီလိုမိန်းကလေးမျိုးမှ မဟုတ်တာ။ သူ့စည်းနဲ့ သူနေတာကို ဝတ်ဝန်းကျင်လည်း သိကြတာပါပဲ။

အမေ့ကိုက အကောင်းမမြင်ဝါဒနဲ့ ပြောနေတာ။ အခု ဘာမှ မဖြစ်ပေမယ့် နောက်ကျိန်းသေပေါက်ဖြစ်မယ့်ပုံစံ ပြောနေတာ လွန်တာပေါ့။

"အမေ…သူများသားပျိုသမီးပျိုကို အဲဒီလို မှိုချိုးမှိုစ်ချိုး မပြောပါနဲ့။ သားက နွားဖြစ်ရအောင် ခက်က ဘာဖြစ်နေလို့လဲ"

"ဘာ"

"ခက်က တည်ငြိမ်တယ်၊ စည်းကမ်းရှိတယ်၊ လူတိုင်းကို အရောတဝင်နေတာမှ မဟုတ်တာ။ သားနဲ့လည်း ရိုးရိုးသားသား ခင်တာပဲ"

"တော်စမ်း…မင်းပျို"

အမေ့အကြည့်တွေက ခပ်စူးစူးပါ။ ဘယ်ဘဝက ရန်ငြိုး ကြောင့်များ အမေ ခက်ကို ဒီလောက်မုန်းနေတာပါလိမ့်။ တကယ် ဆိုရင် ဆင်းရဲတာကလွဲပြီး ခက်မှာ ဘာအပြစ်မှမရှိပေ။ ဆင်းရဲ တာ အပြစ်မှမဟုတ်တာ။ ကိုယ်တွေလည်း ချမ်းသာတာမှမဟုတ် တာ။

ဆင်းရဲသားချင်း သံယောဇဉ်ရှိတာ မရှိရဘူးလား။ အမေက ဘာတွေနဲ့ တိုင်းတာနေမှန်းကို မသိတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



"အခု ရှီးရှီးကနေ နောက်တိုးလာမှာစိုးလို့ ငါ ကြိုတားနေတာ နားလည်လား၊ မင်းကို တော်ရုံတန်ရုံ မိန်းကလေးမျိုးနဲ့ ငါ သဘောမတူနိုင်ဘူး မင်းပျို။ လက်ဝါးချင်းပွတ်ရင် ကြက်ချေးစော်နံရုံပဲ ရှိမယ်။ ကိုယ်တွေဘဝက ထမင်း…ထမင်း…ထမင်းချင်း နယ်မစားချင်နဲ့။ အကောင်းဆုံးဟင်းကိုသာရှာ…ငါ ဒါပဲ ပြောမယ်"

"စိတ်ချမ်းသာမှုဆိုတာကိုရော အမေ ထည့်မတွက်တော့ဘူးလား…ဟင်းတွေ ဘယ်လောက်ပဲ ဖွယ်ဖွယ်ရာရာချက်ချက် စိတ်ဆင်းရဲရင် ခံတွင်းက ပျက်နေမှာပဲ"

"ခံတွင်းပျက်လည်း အာဟာရအပြတ်ခံပြီး သေတဲ့လူ ရှိလား။ လုံးဝ မစားတဲ့လူရှိလား။ ရှိရင် ငါ့ကို လက်ညှိုးထိုးပြစမ်းပါ"

"အမေ"

"ကဲ…တော်ကြစမ်းပါ၊ တစ်နေ့တလေ အိမ်မှာနေရတာကို နားအေးပါးအေးကို မနေရဘူး။ တစ်ခါတည်း သူများနဲ့မဟုတ်ဘဲ သားအမိချင်း ရန်ဖြစ်နေတာ။ မသိရင် သားအမိ ရန်ဖြစ်တယ် ထင်ကြမှာမဟုတ်ဘူး"

"ဘာပြောတယ်"

"ကြားတဲ့အတိုင်းပဲ"

"ကိုချစ်ခင်…ရှင်နော်…စကားကိုကြည့်ပြော"

အမေ့မျက်စောင်းတစ်ချက် ထိုးလိုက်တာနှင့် အဖေ အသံ





တိတ်သွားလေသည်။

"ရှင်လည်းသတိထား"

"ဟော"

"ဘာဟောလဲ…တစ်နေ့တလေ အိမ်မှာနားရတယ်ဆိုတဲ့ စကားကိုမပြောနဲ့။ ဒီအလုပ်မြဲနေတာ ကျွန်မ ဆူလွန်းပူလွန်းလို့ မဟုတ်လား။ မဟုတ်ရင် ရှင် အလုပ်ကို စွဲစွဲမြဲမြဲကို မလုပ်ချင်တာ"

"အောင်မယ်…သူများကိုသာ ပြောတယ်။ မင်းကရော ဘာထူးလို့လဲ။ အိမ်အလုပ် လုပ်ရတာကို တစ်ခါတလေ ထောင့်မစေ့လို့ ငါ ကူလုပ်ရတယ်လေ"

တစ်ယောက်အသုံးမကျတာ တစ်ယောက်ဖော်သလို ဖြစ်နေပြီ။ ဟုတ်တော့ဟုတ်နေတာပါပဲ။

"ဘာပြောတယ်"

"…………"

"ဒီမှာ ကျွန်မသားကို ဆုံးမနေတာ ရှင့်အသံ ထပ်ထွက်မလာနဲ့"

အဖေ ဝင်ပြောလို့ ကိုယ့်ဘက်က ကိစ္စပြီးမလားမှတ်ပါတယ်။ မြွားဦးက ကိုယ့်ဘက်ပြန်လှည့်လာပြန်ပြီမို့ မင်းပျိုစိတ်ညစ်သွားလေသည်။ ဖြစ်နိုင်ရင် သူ ဒီအိမ်မှာ နေတောင်မနေချင်တော့ပေ။ မိဘရင်ဝကို စုန်ကန်ထွက်တယ်လို့ ပြောမှာစိုးလို့သာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင်… ဒီအချုပ်အနှောင်တွေကနေ ရုန်းထွက်ပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်လိုက်ချင်ပါသည်။

"မင်းပျို"

ကိုယ့်ဘက်ကိစ္စ နားအေးပြီဆိုပြီး ဟိုဘက်ပြန်လှည့်ထိုင်နေတဲ့ မင်းပျို အမေဖြစ်သူဘက်သို့ ပြန်လှည့်ထိုင်ရပြန်တော့၏။

"ခက်ကို ငါကိုယ်တိုင် မင်းနဲ့ မပတ်သက်ဖို့ တစ်ခါ ပြောထားပြီးပြီ။ နောက်ထပ် မပြောစေချင်ရင် မင်း ဆင်ခြင်…ဒါပဲ ငါ ပြောမယ်"

"အမေက ခက်ကို ဘာလို့သွားပြောရတာလဲ။ ခက်က သားကို မခေါ်ဘဲနေသားပဲ။ သားက သူ့ကို မခေါ်ဘဲ မနေနိုင်လို့ မနည်းတောင်းပန်လိုက်ရတာ"

"ဘာ"

"ဟုတ်တယ် အမေ…အမေ သားကို အရမ်းချုပ်ချယ်ပြီး ဘောင်ခတ်မထားပါနဲ့။ အမေ့ရဲ့ချုပ်ချယ်မှုက သားတို့ရဲ့ဖြူစင်ရိုးသားမှုကို အရောင်ဆိုးပေးသလိုဖြစ်နေတာ"

"ဟင်…ဒါဆို မင်းက ရှေ့ဆက်တိုးမယ်ပေါ့…ဟုတ်လား…မင်းပျို၊ ငါ လက်မခံနိုင်ဘူးနော်…မင်း အဲဒီကောင်မလေးကို ကြိုက်ရဲကြိုက်ကြည့်…ငါ့အကြောင်းသိစေရမယ်"

မင်းပျို မဲ့ပြုံးပြုံးလိုက်မိသည်။ မုန့်ဆီကြော် ဘယ်နေမှန်းမသိ နှုတ်ခမ်းနာနဲ့ တည့်ပါ့မလားဆိုတာမျိုးတော့ ဖြစ်နေပါပြီ။ ခက်ကဖြင့် ကိုယ့်ကို စိတ်ကူးထဲတောင်ထည့်ရဲ့လား မသိဘူး။





ခင်းပျိုရင်ထဲမှာတော့ အမေ့ရဲ့ပိတ်ပင်တားဆီးမှုတွေကြောင့်လား မသိပါဘူး။

ခက်ကို အားနာတာကနေ သနား…

သနားရာကနေ အခုတော့ သူမအပေါ်မှာ မရိုးသားနိုင်တော့သေး။

"အမေ"

"………"

"ခက်က အမေ့သမီးဖြစ်ပြီး သားက သူများသားဖြစ်နေလို့ သားရဲ့အမေဆိုတာက အမေ့သမီးကို အဲဒီလိုပြောရင် အမေ ခံနိုင်မှာလား"

"မင်း ဘာမှ ငါ့ကို ဘုန်းကြီးစာချလုပ်မနေနဲ့ မင်းပျို… ငါက မင်းရဲ့အမေ…ငါ့ကို ဥပမာတွေနဲ့ နိုင်းနှိုင်းမပြနဲ့။ ငါက သက်ရှိဘဝကိုပဲ လက်ခံတာ"

"အဲဒါဆိုလည်း အမေ့သဘောပါ။ ခက်နဲ့ မတွေ့ရအောင် ခေါ်ဘဲနေနိုင်အောင်သား လုပ်စရာတစ်နည်းပဲ ရှိတယ်"

"ဘာလဲ"

မင်းပျို မိဘကို ကလန်ကဆန် မလုပ်ချင်ပေမယ့် အခြေအနေက လုပ်မှဖြစ်တော့မှာပါ။ ရင်တွင်းကဆန္ဒကို ကိုယ်ကမှ လွှန်ဆန်နိုင်ပဲလေ။

"သား…မကြာခင်ဖြေရမယ့် စာမေးပွဲကို မဖြေတော့ဘူး အမေ…ဆယ်တန်းမအောင်တော့ရော ဘာဖြစ်လဲ။ အဲ့ဒီရတော့

www.burmeseclassic.com

www.burmeseclassic.com



ရော ဘာဖြစ်လဲ။ သား အလုပ်ပဲထွက်လုပ်တော့မယ်။ အမေတို့ကို တတ်နိုင်သလောက် ရှာကျွေးမယ်"

"ဘုရားရေ"

"ဟုတ်သားပဲ နှဲ့ရာ…ကိုယ်က ယောကျ်ားလေးရှင်ပဲ။ သူငယ်ချင်းအဖြစ်နဲ့ မိန်းကလေးတစ်ယောက်ကိုတွဲတာ ဘာဖြစ်လဲ။ မတော်တဆ ငြိသွားလို့ ခိုးပြေးတော့ရော လိုက်ခဲ့လိုက်ရုံပေါ့။ ယောကျ်ားလေးက ဘာနာစရာရှိလို့လဲ"

ပြောလိုက်တာ ကိုယ်ချင်းစာတရားကင်းမဲ့လို့ မင်းပျို ကိုယ့်မိဘတွေပေမယ့် စိတ်ပျက်မိပါသည်။ ပြောသလောက် လွယ်မတဲ့လား။ စာအုပ်ကို ပြန်လှည့်မကြည့်တော့ဘဲ ထထွက်လာခဲ့တော့-

"သား…ဒါက ဘယ်ကိုလဲ"

"စာကျက်ဖို့မှ မလိုတော့တာ…အဲဒါကြောင့် အပြင်သွားမလို့"

"အဲဒီလိုတော့ မလုပ်ပါနဲ့ သားရယ်…သားရဲ့ပညာရေးက အဓိကပါ။ သားက အမေတို့ရဲ့ မျှော်လင့်ချက်၊ သားမကြိုက်ရင် အမေ မပြောတော့ပါဘူး။ စာကိုပဲ ကြိုးစားပါကွယ်နော်…သား ပညာတတ်ကြီးဖြစ်တာကို အမေ မြင်ချင်လို့ပါ"

အမေ လေသံပျော့သွားလေတော့ မင်းပျို ခြေလှမ်းတွေ ရှေ့တိုးရခက်သွားလေသည်။ ရှိပါစေတော့…ရှိစေတော့ပဲပေါ့။





# အခန်း (၁၂)

ပန်းရောင် အတွေးနှင့် အိပ်မပျော်သလို မင်းပျိုသည်လည်း အန်တီလှအကြောင်းကနေ ပတ်သက်ပြီး ချစ်ရသူ ပန်းရောင် ခက်ဆစ်ကို သတိရကာ အိပ်လို့မပျော်ပေ။ ချစ်ခဲ့ဖူးကြတဲ့ နှလုံးချင်းသားကပဲ နီးလွန်းလို့ အတိတ်အကြောင်းကို ပြန်တွေးမိတာချင်းတူနေသလားတော့ မသိပေ။

မင်းပျိုက ခက်ကို ချစ်မိသွားသလို…

ခက်ကလည်း မင်းပျိုအပေါ် သံယောဇဉ်မပြတ်နိုင်ပေ။ ခက်နဲ့ မပတ်သက်ရရင် သား ကျောင်းဆက်မတက်တော့ဘူးဆိုတဲ့ စကားကြောင့် မင်းပျိုအမေဘက်က စိတ်လျှော့သွားသည်သာ။ ဘာဖြစ်လို့လဲဆိုတော့ သူ့သားကို ပညာတတ်ဖြစ်စေချင်တဲ့ဆန္ဒက ပြင်းပြနေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုယ်တိုင်က ပညာမတတ်ကြပေ။

ပညာမတတ်တဲ့သူတိုင်း အတွေးတိမ်စဉ်းစားဉာဏ်မရှိတာ မဟုတ်ပေမယ့် မင်းပျိုမိဘတွေကတော့ သူတို့အတွေး သူတို့ဖြစ်ချင်တာကလွဲပြီး သူများဘက်ကကြည့်၍ ဖြည့်စွက်တွက်မပေးတတ်ကြပေ။ သူတို့အတွေးက မင်းပျို ပညာတတ်ဘွဲ့ရဖြစ်မှပဲ သူတို့ချမ်းသာလာမလိုလိုပါ။

ပြီးတော့…

ပညာတတ်ရင် ဘွဲ့တွေဘီတွေရရင် မင်းပျို ချမ်းသာတဲ့ မိန်းမနဲ့ ရမလိုလို။ တကယ်က ရေစက်ရှိမှဆုံမှာ။ ဖူးစာပါမှရမှာကို သူတို့ ထည့်မတွက်တာလေ။

လုံထမ်းလာတာသာ မြင်ရတာ။

ကံထမ်းလာတာကို မမြင်ရဘူးမဟုတ်လား။ မင်းပျိုရော ပန်းရောင်ရော မတူညီကြတဲ့နေရာကိုယ်စီမှာ အတွေးနယ်ကျွံနေကြတာ ညရဲ့အရောင်ဟာ နက်လို့နက်မှန်းပင် မသိကြပေ။





# အခန်း (၂၀)

စာမေးပွဲနောက်ဆုံးနေ့မှို စာမေးပွဲခန်းထဲက ထွက်လာတာနှင့် သူငယ်ချင်းတွေ တစ်ယောက်နဲ့တစ်ယောက် ဖြေနိုင်လားမေးကြ၊ ဖြေနိုင်သူတွေက ပျော်လို့၊ မဖြေနိုင်သူတွေက မှိုင်လို့ပေါ့။ အချို့ကတော့ မဖြေနိုင်လည်း မမှုတဲ့ရုပ်နဲ့ စပ်ဖြဲဖြဲတွေပါ။

ဖြေနိုင်တဲ့သူတွေကတော့…

ကျောင်းကြီးနဲ့ ခွဲရမှာကို ဝမ်းနည်းကြောင်း ပြောကြ၊ သူငယ်ချင်းအချင်းချင်း နှုတ်ဆက်ကြပေါ့။

"ပျိုပျို"

"…………"

"ဟဲ့…ပျိုပျိုမ"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



မင်းပျို့ သူငယ်ချင်းတွေကို နှုတ်ဆက်နေရာမှ ခက်ကို လှည့်ကြည့်ပုံက ပေစောင်းစောင်းပါ။ ဒါကိုမြင်တဲ့သူငယ်ချင်းတွေက ပြုံးကြ၏။ အဲဒီလိုခေါ်တာကို မကြိုက်မှန်းသိရဲ့သားနဲ့ကို တမင်ခေါ်တာ။

"နင် ဖြေနိုင်ရဲ့လား"

"ဖြေနိုင်တယ်"

"အမယ်လေး...အသံကလည်း မာရေကျောရေနိုင်လိုက်တာ"

"နင် ဘာလို့ ငါမကြိုက်တဲ့နာမည်ကို ရွေးခေါ်လဲ။ အဲဒါကြောင့် မာတာ"

"နင့်နာမည်မှာ ပျို့ပါလို့ ပျို့ပျို့လို့ခေါ်တာလေ...ဘာဖြစ်လဲ...နင် အပြစ်တင်ချင်ရင် ငါ့ကို အပြစ်မတင်နဲ့။ နင့်မိဘတွေကိုပဲ အပြစ်တင်"

"ဘာ"

"ဟုတ်တယ်လေ...နင့်မိဘတွေက နင့်ကို ပျို့ပါတဲ့နာမည်မှည့်ပေးတာ သူတို့အပြစ်။ ခေါ်တဲ့လူအပြစ် မဟုတ်ဘူး"

"အပြောကောင်းတယ်...ငါ ထုထည့်လိုက်ရ"

မင်းပျို့ လက်သီးနှင့်ရွယ်လေတော့ ခက် ဇက်ကလေးပုပြီး နောက်သို့ ဆုတ်သွားလေသည်။

"မလုပ်ပါနဲ့ ပျို့ရယ်...သူပြောတာ မှန်နေတာပဲဥစ္စာ။ မသကာ ပျို့ပျို့ဆိုတဲ့အတိုင်း လိုက်ပြုံလိုက်ရုံပဲပေါ့။ ပြုံချင်လား





ဟင်...ကိုယ်နဲ့လိုက်ခဲ့ပါလား"

"ဟော့ကောင်"

"ပြောလိုက်လေ ပျို့...ပျို့မှာ ဇော်ထက်ဆိုတဲ့ယောကျ်ားရှိတယ်။ ပြုံပြီးပြီလို့...ဟီး"

"ကျွတ်...မင်းတို့ကွာ"

မင်းပျို့ကို ဝိုင်းစပြီး ရယ်နေကြတာ အပူအပန်ကင်းတဲ့ ကလေးငယ်တွေလိုပါ။

"ရုပ်တွေကိုက မချိုမချဉ်နဲ့။ ပြောတော့လည်း စာမေးပွဲ မဖြေနိုင်လို့တဲ့"

"အေးလေ...မဖြေနိုင်တာ ဘာဖြစ်လဲ။ ဝမ်းနည်းစရာမှ မရှိတာ။ နောက်တစ်နှစ်ထပ်နေတော့ တစ်နှစ်စာ အသိထပ်တိုးတာပေါ့။ မဟုတ်ဘူးလား...မျိုးမြင့်"

"ဟုတ်ပါ့ဗျာ...တို့က စာမကြိုးစားတာမဟုတ်ဘူးကွ။ ကျောင်းကြီးနဲ့ ဆရာ၊ ဆရာမတွေကို အကြာကြီးမခွဲနိုင်လို့ နောက်နှစ် ပြန်တွေ့ရအောင် လျှော့ဖြေတာ...ဟီး...ဟီး"

"ဩော်...ဟုတ်လား...မှတ်သားစရာပါပဲ။ တို့ဖြေနိုင်တဲ့ သူတွေကတောင် ဆရာ၊ ဆရာမတွေကို သံယောဇဉ်မရှိသလိုပဲ ပြောပုံက"

သင်းသင်းက မျက်စောင်းထိုးပြီးပြောလေလျှင် မျိုးမြင့်က

"အဲဒါ အမှန်တရားပဲလေ...နင်တို့က စာတော်တော့ ဆရာ၊ ဆရာမတွေက နင်တို့ကို မှတ်မိတယ်။ တို့က သာမန်ဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ မမှတ်မိဘူး။ အဲဒါကြောင့် ဆရာ၊ ဆရာမတွေ မှတ်မိအောင် နောက်နှစ် ထပ်နေမလို့…သိပြီလား"

"နေပါ…ကျောင်းကြီးပြိုကျသည်အထိသာနေ"

စာမေးပွဲဖြေနိုင်တဲ့လူတွေနဲ့ မဖြေနိုင်တဲ့လူတွေကြားမှာ အဲဒီလို ဟာသဖောက်စရာလေးတွေ ဖြစ်ခဲ့သည်သာ။

"သင်း"

"ဘာလဲ"

"တို့ကို မေ့မသွားရဘူးနော်…မနက်အိပ်ရာထပြီး မျက်နှာသစ်ရင်တစ်ကြိမ်…ညအိပ်ရာဝင်ခါနီး ရှူးပေါက်ရင်တစ်ကြိမ် တစ်နေ့နှစ်ကြိမ်လောက်တော့ သတိရပေးနော်…သင်း"

"ဘာ"

"ဟာ…မင်းဟာကလည်း နံနက် အိပ်ရာထသတိရခိုင်းတာကမှ ဟုတ်တုတ်…ညအိပ်ရာဝင် ရှူးပေါက်ချိန် သတိရရအောင် မင်းက ရှူးပေါက်ထည့်ရတဲ့ ခွက်ကြီးလား"

"ခွေးကောင်"

"ခစ်…ခစ်"

"ဟား…ဟား"

"နင်တို့နော်…အရမ်းညစ်ပတ်တာပဲ။ တော်ပြီ…တော်ပြီ၊ နင်တို့နဲ့ ငါ စကားမပြောတော့ဘူး…သွားမယ်"

သင်းသင်းက ဗျစ်တောက်ဗျစ်တောက်ပြောပြီး ထွက်သွားလေတော့ မျိုးမြင့်နဲ့ဇော်ထက် စရတာ အားမရပုံနှင့် သင်းသင်း



နောက်သို့ လိုက်သွားကြလေသည်။

"နင်ကလည်း ခင်လို့စတာကို စိတ်ဆိုးစရာလား"

"အေးလေ…ချစ်လို့စတာ စိတ်ဆိုးနဲ့…မကျေနပ်ရင် ပါးဖောင်းပေးမယ်…နမ်းသွား"

"ဇော်ထက်…နင်"

သင်းသင်းကထုတော့ ဇော်ထက် ကျောကော့ပြီးပြေးလေတော့သည်။ မင်းပျိုကတော့ ခက်နှင့် နောက်မှာကျန်ခဲ့ပြီး-

"ခက်"

"ဟင်"

"နင်ရော ဖြေနိုင်လား"

"အင်း…ဖြေနိုင်ပါတယ်"

ခက်ရဲ့ဖြေသံက အေးစက်စက်မို့ မင်းပျို မျက်ခုံးနှစ်ဖက်တွန့်လိုက်မိကာ…

"နင်ပြောပုံကြီးကလည်းဟာ… ဖြေနိုင်တယ်ဆိုပြီး တက်တက်ကြွကြွလည်း မရှိဘူး"

"မတက်ကြွနိုင်လို့ပေါ့ဟာ…အောင်သည်ဖြစ်စေ ကျသည်ဖြစ်စေ ငါ့အတွက်က ဘာမှမှမထူးတာ"

"ဟင်…ဘာဖြစ်လို့လဲ"

လေအတိုက်မှာ သစ်ရွက်ကြွေတွေက လူးကာလိမ့်လွင့်လာပြီး ခက်ရဲ့ဖိနပ်ဦးထိပ်မှာ ရပ်သွားလေသည်။ ခက် ထိုသစ်ရွက်ကြွေကို ဖိနပ်ဦးနှင့် တိုက်ပစ်လိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ…ခက်"

"ငါ ဆယ်တန်းအောင်လည်း ကျောင်းဆက်တက်ရဖို့ မတက်ရဖို့က မသေချာဘူးလေ။ အဲဒါကြောင့်ပြောတာပါ"

"ဘာလဲ…နင့်အိမ်က ဆက်မထားနိုင်ဘူး ပြောလို့လား"

"မဟုတ်ပါဘူး"

"ဒါဆို"

ခက် ကိုယ့်ဆုံးဖြတ်ချက်ကို ဆက်ပြီးရင်မဖွင့်တော့ပေ။ အမေ့လုပ်စာနဲ့ ခက်ကို ဘယ်လိုလုပ်ပြီး ကျောင်းဆက်ထားနိုင်မှာလဲ။ ခက် အမေ့ကို ဆက်ပြီးဒုက္ခမပေးချင်တော့ပေ။ ပထွေးရဲ့ လုပ်စာနဲ့လည်း ကျောင်းဆက်မတက်ချင်ပါဘူး။

အဲဒါ…ခက်ရဲ့မာနပဲပေါ့။

ဦးဇော်မင်းဦးက ခက်ရဲ့အဖေအရင်း မဟုတ်လေတော့ သူ့လုပ်စာနဲ့ ကျောင်းဆက်တက်ရရင် ဒါ…ပံ့ပိုးခြင်းပဲပေါ့။ ပံ့ပိုးခြင်း၊ ပေးကမ်းခြင်းရဲ့နောက်ကွယ်မှာ ဘာတွေရှိလာနိုင်မလဲ။ ရှေ့ဆိုတာကို ကြိုမမြင်နိုင်တော့ ခက် ပေးကမ်းခြင်းနောက်ကွယ်က အရာတွေကို ကြောက်ပါသည်။

ထို့ကြောင့်…

ခက် ကိုယ့်ဘာသာ ဒီလိုဆုံးဖြတ်လိုက်တာပါ။

"ငါ့ဘာသာ ဆုံးဖြတ်တာပါ။ ငါ သူများရဲ့ပံ့ပိုးထောက်ပံ့မှုနဲ့ ကျောင်းဆက်မတက်ချင်ဘူး မင်းပျို…ဘာဖြစ်လို့လဲဆိုတော့ ငါက မိန်းကလေးဖြစ်နေလို့ပဲ။ ဒီလောက်ဆိုရင် ငါ ဘာကို





တွေးကြောက်လဲဆိုတာ နင် သဘောပေါက်မှာပါ"

မင်းပျို သက်ပြင်းချပြီး ခေါင်းညိတ်လိုက်မိသည်။ ခေတ်လူငယ်ပဲလေ။ ခက် ဘာပြောချင်တယ်ဆိုတာကို သိတာပေါ့။ ခက်ရဲ့စိတ်ဓာတ်ကို ကိုယ်ကတော့ လေးစားတာပေါ့။ ရိုက္ခာအတွက် သိက္ခာနဲ့အရှက်ကို ချမနင်းတဲ့စိတ်ဓာတ်ကို မလေးစားဘဲ နေနိုင်ပါ့မလားလေ။

"ခက်"

"ဟင်"

"နင် ကျောင်းဆက်မတက်ဘဲ မနေပါနဲ့"

"ငါ ပြောပြီးပြီပဲ မင်းပျို"

"ငါ့စကားမဆုံးသေးဘူး…ခက်"

"ဒါဆို ဆက်ပြောပါ"

မင်းပျို ခက်လက်ဖဝါးလေးကို လှမ်းယူဆုပ်ကိုင်လိုက်မိသည်။ သူ့ခြေလှမ်းတွေရပ်သွားတော့ လက်ကို ဆွဲထားခြင်းခံရတဲ့ ခက်လည်း ရပ်ရတော့တာပေါ့။

"အခြားသူရဲ့ အကူအညီ အထောက်အပံ့ကို လက်မခံတာ ကောင်းတယ်။ ဒါပေမဲ့ နင် ကျောင်းဆက်တက်ပါ။ နင် ကျောင်းဆက်တက်နိုင်ဖို့အတွက် ငါ ကြိုးစားမယ်…ခက်"

"ဘယ်လို"

ခက်က မယုံသလို သူ့မျက်နှာကို မော့ကြည့်လေသည်။ အကြည့်ချင်းဆုံမိတာ အကြာကြီးမို့ မင်းပျိုရင်ထဲမှာ နွေးထွေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခုန်လျက်…ရှေ့ဆက်ရမယ့် အနာဂတ်အတွက် အားတွေ အင်တွေ ပြည့်လာသလိုပါ။

"ဟုတ်တယ်…ခက်၊ နင် ကျောင်းဆက်တက်နိုင်ဖို့ ငါ အလုပ်ကြိုးစားမယ်ဟာ"

"မင်းပျို"

ခက် လက်ကို ဆောင့်ရုန်းလိုက်ပြီး….

"အဓိပ္ပာယ်မရှိတာတွေ နင် မပြောစမ်းပါနဲ့ဟာ…နင်က ရော ကျောင်းဆက်မတက်ဘူးလား။ အဲဒီလောက်အထိ နင် အနစ်နာခံပေးရအောင် နင်နဲ့ငါက မောင်နှမလည်း မဟုတ်၊ သားအဖလည်းမဟုတ်"

"ဟုတ်ဟုတ်မဟုတ်ဟုတ်ဟာ…ကျန်တာတွေ ငါ မသိဘူး။ ငါသိတာက နင့်အတွက်ဆို ဘာမဆို ငါပဲလုပ်ပေးချင်တယ်"

"နင် ရူးနေလား မင်းပျို"

ခက်မေးတော့ ခေါင်းလည်းမညိတ်၊ ပါးစပ်ကလည်းမဖြေ။ ဒါပေမဲ့ ရင်ထဲမှာတော့ အခါခါဟုတ်နေသည်သာ။ သူ ရူးနေတာ။ ခက်နဲ့ပတ်သက်ပြီး ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့ကောင်ပါ။ သူတို့အရွယ်က သစ်ရွက်ကြွေရင်တောင် ရယ်ချင်တဲ့ အရွယ်ဆိုလားပဲ။

ဟုတ်မဟုတ်တော့ မင်းပျို မသိပေ။

သူသိတာက သူ ခက်အပေါ်ထားမိသည့် သံယောဇဉ်သည်





သူတာမြင်လို့ မဟုတ်။ အနေနီးလို့လည်း တဒင်္ဂသာယာတာ မဟုတ်ပေ။ သံယောဇဉ်တို့သည် ကျောက်စိုင်ကျောက်သားများလို ခိုင်ခိုင်မာမာနှင့် ရင်ထဲမှာ ထုထည်ကြီးမားနေတာပါ။

ခက်အတွက်ဆို…

မဖြစ်နိုင်တာမရှိရအောင် လုပ်ပေးချင်သည်။ မဖြစ်နိုင်လို့သာပေါ့။ ဖြစ်နိုင်ရင် ခက်အတွက် လိုတာရစေ ဖန်ဆင်းပေးနိုင်တဲ့ ဘန်ခိုးရှင်တောင် ဖြစ်လိုက်ချင်တာ။ အဲဒါကို ဘာလို့အမည်တပ်ကြမလဲ။ အချစ်ဆိုရင်လည်း အချစ်ပဲပေါ့။

"ဘာလဲ…နင်က နင့်အမေ ငါ့ကို နောက်ထပ် ပက်ပက်စက်စက် ပြောစရာစကားမရှိမှာစိုးလို့ စကားလုံးအသစ်တွေ ဆွင်ပေးမလို့လား မင်းပျို"

"ခက်"

"စကားလုံးအသစ်တွေ ထွင်မပေးပါနဲ့ဟာ…အပြောခံရဖူးတဲ့စကားလုံးတွေနဲ့တင် ငါ နာတတ်ပါတယ်။ ငါနဲ့ပတ်သက်ပြီး နင့်ကို ဒုက္ခဖြစ်မှာစိုးတဲ့ နင့်အမေကို တစ်ခုတော့ သိစေချင်တယ်။ ပန်းရောင်ခက်ဆစ်ဆိုတဲ့မိန်းမက မလွဲသာလို့ ဘဝပျက်သွားရင်တောင် ကိုယ့်ဝန်ကိုယ်နိုင်အောင်ထမ်းမယ်။ ဘယ်သူ့ဒုက္ခကို မှ လှည်းကျိုးမထမ်းနိုင်ဘူး"

မင်းပျို ဘာဆက်ပြောရမှန်း မသိရလောက်အောင်ကိုပဲ ခေါင်းထဲမှာ ခံစားရပါသည်။ ဒါ အမေပြောတာဆိုတာတွေကို ခက်ကြားထားလို့ ပြန်ပြောတာပေါ့။ အမေကပြောခဲ့သည်လေ။

www.burmeseclassic.com

www.burmeseclassic.com



ခက်က အရမ်းလှပြီး ပထွေးကငယ်ငယ်၊ အခုမဟုတ်ရင်တောင် တစ်နေ့နေ့တော့ဆိုတဲ့ တစ်ဖက်သတ်အတွေးနဲ့ ပြောခဲ့တာတွေ…

ဟူး…

တကယ်ကို ရူးချင်ပါတယ်လေ။

"နင့်ကို ငါယုံတယ် ခက်… အမေ ဘာပဲပြောပြော သူလည်း မိခင်တစ်ယောက်ရဲ့အတ္တနဲ့ ပြောတာလို့ နင် နားလည်ပေးပါ"

"သြော်… သြော်… နင့်အမေတစ်ယောက်တည်းမှ သားသမီးအပေါ် ချစ်တတ်သူလို့ နင်က ထင်နေတာလား မင်းပျို"

"မဟုတ်ပါဘူးဟာ…ကဲပါ အဲဒါတွေထားပါတော့။ နင် ငါ့သံယောဇဉ်နဲ့ ငါ့စေတနာတွေကို အသိအမှတ်ပြုပေးပါ ခက်ရယ်…နော်"

ခက် မဲ့ပြုံးပြုံးလိုက်မိပြီး…

"နင် ငါနဲ့ သူငယ်ချင်း ဆက်ဖြစ်ချင်သေးတယ်ဆိုရင် ဒီအတိုင်းလေးပဲနေပါ မင်းပျို"

မင်းပျို ခေါင်းငိုက်စိုက်ချသွားလေတော့သည်။ သူငယ်ချင်းအဖြစ် ဆက်ရှိနေချင်သေးရင် ဒီအတိုင်းပဲနေပါတဲ့လား။ ကိုယ့်ရင်ထဲမှာက သူငယ်ချင်းအဆင့်ထက် မကတော့ဘဲလေ။





# အခန်း (၂၁)

ခက် ကျောင်းပိတ်ရက်မှာ တစ်ဖက်တစ်လမ်းက ဝင်ငွေရအောင်ဆိုပြီး အထည်ချုပ်စက်ရုံတစ်ရုံမှာ အလုပ်ဝင်လုပ်လေသည်။ ကိုယ်တွေ မိဘလုပ်စာထိုင်စားပြီး ပညာသင်လာခဲ့တာ အခု ဆယ်တန်းတောင်ဖြေပြီးပြီ။ မိဘကို တတ်နိုင်သလောက် ပြန်လုပ်ကျွေးချင်တယ်ဆိုပြီး…

သင်းသင်းနဲ့ သူငယ်ချင်းနှစ်ယောက် တိုင်ပင်ပြီး နှစ်ယောက်စလုံး ဝင်လုပ်ခဲ့ကြတာပါ။ သင်းသင်းတို့မိသားစုကလည်း စီးပွားရေး သိပ်အဆင်မပြေကြဘူးလေ။ အမေကတော့ ခက်ကို မလုပ်စေချင်။ ခက်က ခွတ်ဝင်လုပ်ခဲ့တာပါ။ ဒီနေ့ အလုပ်ကပြန်လာပြီး အိမ်ရောက်တော့ အိမ်ထဲကို မဝင်သေးဘဲ အိမ်ရှေ့က ကျောက်စည်ပိုင်းထဲကရေကိုခပ်ပြီး ခြေဆေးနေစဉ်-

www.burmeseclassic.com

www.burmeseclassic.com



"ငါ နင့်ကို မပြောချင်လို့ ကြည့်နေတာနော် ဇော်မင်းဦး။ နင့်အချိုးတွေ ပြောင်းနေတာကြာပြီ။ ငါက ငါ့သမီးလေးသိရင် စိတ်ဆင်းရဲမှာစိုးလို့ ဘာမှမပြောဘဲ ဘာမှမဖြစ်သလို ငြိမ်နေတာ"

"နင့်သမီးသိတော့ရော ဘာဖြစ်လဲ...သောက်ဂရုကို မစိုက်ဘူး။ အလုပ်မလုပ်ချင်တော့လို့ အလုပ်ထွက်တာ ဘာဖြစ်လဲ။ ငါ နင်နဲ့ရမှ အလုပ်လုပ်ရတာ အရမ်းပင်ပန်းနေပြီ"

"ဟင်...အဲဒါဆို အစက ဘာလို့ မရမက ယူခဲ့သေးလဲ။ မိန်းမယူရင် ရှာကျွေးရမယ်ဆိုတာ နင် မသိဘူးလား။ ယူခါနီးတုန်းက နင် ဘာကတိတွေပေးခဲ့လဲ ဇော်မင်းဦး...ပြောစမ်း"

"အဲဒါ နင့်ကိုမရခင်က ပေးခဲ့တဲ့ကတိ။ အခု ရပြီးပြီ။ တည်ဖို့မလိုဘူး...ထားလိုက်တော့"

"ဘာ"

"ဒွမ်"

"ဟ"

ဒေါ်လှလှဝင်း ဒေါသဖြစ်ပြီး လက်ထဲကပန်းကန်ကို ဆောင့်ချလိုက်တာ ဖြစ်သည်။

"အမယ်...ကောင်မ...နင်က ငါ့ကို မာန်ပြီး ပန်းကန် ဆောင့်ချတယ်ပေါ့လေ...ဟုတ်လား၊ ငါ ထလုပ်ရ...သေတော့မှာပဲ"

"လုပ်ရဲလုပ်ကြည့်ပါလား"





"တောက်"

"အလုပ်က ဘယ်လုပ်ချင်တော့မလဲ၊ တစ်နေ့တစ်နေ့ အရည်သောက်ပြီး မှိန်းနေချင်တာကိုး။ ငါ မှားတာ...ငါကိုက မှားတာပါ"

ခြေဆက်မဆေးဖြစ်ဘဲ ငြိမ်ပြီးနားထောင်နေတဲ့ ခက်...အမေ့ရဲ့ ငိုသံပါနှင့်ပြောနေတဲ့ စကားတွေကြောင့် အောက်နှုတ်ခမ်းကို ဖိကိုက်မိလိုက်သည်။ ထင်သားပဲ...ဘီလူးလူယောင်ဆောင်ရင် ခုနစ်ရက်ပါလို့။ အမေနဲ့ ရခါစကတော့ လူလိမ္မာကြီး လုပ်လိုက်သေးတာပေါ့။

အခုကျတော့...

ဇာတိရုပ်က ပြန်ပေါ်လာပါပြီ။

"လူကြီးသူမတွေ ပြောကြတဲ့စကား သိပ်မှန်တာပဲ။ မရခင် ဖျာလိုလိပ် ထိပ်ပေါ်တင်ပြီး...ရတော့ ဖျာလိုခင်း နင်းချေကြ တယ်ဆိုတာ ဒါမျိုးကိုခေါ်တာ။ မမလှနဲ့ရရင် ကျွန်တော် မမလှ စိတ်ကြိုက် ပြုပြင်ပြီးနေပါ့မယ်ဆိုတဲ့စကားကို ယုံစားမိလို့ ခုတော့ ဒုက္ခတွေ့တော့မယ်"

"အလှ"

"ဘာလဲ"

"နင့်ပါးစပ်ကို ပိတ်ထားနော်...ငါ နားငြီးမခံနိုင်ဘူး။ အသံထပ်ထွက်ရဲထွက်ကြည့်"

ဒေါ်လှလှဝင်း တစ်ခုခုပြန်ပြောမလို့ ပါးစပ်ဟလိုက်စဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ သမီးကို မြင်လိုက်ရသဖြင့် ပါးစပ်ပိတ်သွားလေသည်။ ဒီလူနဲ့ ယူမယ်ဆိုတော့ ခက် သဘောတူကြည်ဖြူခဲ့တာမှ မဟုတ်ဘဲလေ။ ဒါကြောင့် သမီးကိုမြင်တာနှင့် ပါးစပ်ပိတ်သွားတာပါ။

ခက်...

မသိချင်ယောင်ဆောင်ပြီး ခပ်တည်တည်နှင့်ပဲ အိမ်ထဲသို့ ဝင်လာခဲ့သည်။ အမေ နောင်တတွေနဲ့ ကြိတ်ခံစားနေတာ ဘယ်လောက်ကြာပြီလဲတော့မသိပေ။ ဒါ မခံစားနိုင်လို့ ပွင့်ထွက်လာတဲ့စကားတွေ ထင်ပါရဲ့။ ဦးဇော်မင်းဦး အရက်ပြန်သောက်နေတာကို ခက် ရိပ်တော့ရိပ်မိပါသည်။

ဒါပေမဲ့...

အမေ့ကို ဘာပြဿနာမှ မရှာဘူးဆိုပြီးနေခဲ့တာ။ ကိုယ်ပြောလိုက်ရင် အမေ စိတ်ဆင်းရဲမှာလည်း စိုးပါသည်။ အဟွန်း... လက်စသတ်တော့ သူတို့က ခက် မသိအောင် အခုလို ပဋိပက္ခဖြစ်နေကြတာကိုး။

"ဟော...သမီး ပြန်လာပြီ"

"ဟုတ်"

"သမီး"

"ရှင်"

"ရေတန်းမချိုးနဲ့နော်...ခဏနေပြီးမှချိုး...ကြားလား။ ရေချိုးပြီးရင် ထမင်းတစ်ခါတည်း စားရအောင် အမေ ထမင်းပွဲပြင်လိုက်ဦးမယ်"



ခက် သက်ပြင်းချလိုက်မိသည်။ ခါတိုင်းလည်း ဒီလိုပဲ ခဏအမောပြေထိုင်ပြီးမှ ရေချိုးတာပဲလေ။ အမေ စကားယောင်ပြီး လမ်းကြောင်းလွှဲတယ်ဆိုတာ ခက် သိတာပေါ့။ စောစောက ကြားလိုက်တဲ့အတိုင်းဆို ဦးဇော်မင်းဦး အလုပ်ထွက်လာပြီ ထင်ပါရဲ့။

အရင်ကတည်းက...

ဒီလူက အလုပ်ကို မယ်မယ်ရရ လုပ်ချင်သူမှမဟုတ်တာ။ အမေနဲ့ရမှ အလုပ် နေ့စဉ်ပုံမှန်လုပ်တာလေ။ အခု ဇာတိပြပြီး စိတ်က ချည်တိုင်ပြန်ပြီထင်ပါရဲ့။ သူ အလုပ်မလုပ်ရင် အမေ့လက်ထဲမှာ ပိုက်ဆံရှိတော့မှာမဟုတ်ပေ။ ဘဝက တစ်နေ့လုပ်တစ်နေ့စား။ အလုပ်မလုပ်တော့ရင် ပိုက်ဆံက ပြတ်တော့မှာပေါ့။

"အမေ"

"ဟေ...ဘာလဲ သမီး"

"အမေ့မှာ ပိုက်ဆံသုံးဖို့ ရှိသေးလား"

"ဩော်...အေး...ရှိ...ရှိပါတယ် သမီးရဲ့"

"မရှိရင် သမီးကိုပြောနော်...သမီးမှာ စုထားတာ နှစ်သောင်းရှိတယ်။ အမေ လိုရင်ယူသုံးပါ။ သမီးက အသုံးလိုတာမှမဟုတ်တာ"

"အေးပါ...သမီးရယ်"

ခက် အလုပ်သွားရင် အမေပေးတဲ့မုန့်ဖိုးနဲ့ လစာထုတ်ရင် အမေက သမီးဝယ်ချင်တာဝယ်ရအောင်ဆိုပြီး ပြန်ပေးတဲ့ပိုက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



လေးတွေကို စုထားတာပါ။ ခက်က လစာထုတ်ရင် အမေ့ကို တစ်ပြားမကျန် အကုန်အပ်တာလေ။ အမေ့ကို အကုန်အပ်ပြီးမှ အမေပြန်ပေးသလောက်ပဲ ယူပြီးစုထားတာပါ။

"အလှ"

သူ့ယောက်ျားခေါ်တာကို အမေက ပြန်မထူးဘဲ လှည့်ကြည့်ရုံသာ ကြည့်လေသည်။

"ငါ ဗိုက်ဆာနေပြီကွ…ထမင်းပွဲပြင်မယ်ဆိုလည်း မြန်မြန်ပြင်…ဒါနဲ့ ဘာဟင်းချက်လဲ"

"ကြက်ဥကြော်နဲ့ ငါးပိရည် တို့စရာပဲ"

"ဒါပဲလား"

"ဟုတ်တယ်…အဲဒါပဲ"

"ကျွတ်…မင်းကွာ ငါ အဲဒီကြက်ဥကြော်မစားမှန်း သိရဲ့သားနဲ့ ငါးပိရည်နဲ့ တို့စရာချည်းပဲ ငါ ဘယ်လိုလုပ်ပြီး စားရမလဲ"

"နင့်ဘာသာနင် စားချင်သလိုသာစား…အိမ်မှာ မစားနိုင်ရင် ဆိုင်သွားစား။ ဒါပဲ ငါ ပြောတတ်တယ်"

"အဲဒါဆို အပြင်ထွက်စားမယ်…ငါ့ကို ပိုက်ဆံပေး"

"ဘာ"

"ဟုတ်တယ်လေ…ဆိုင်သွားစားရင် ငါ့ကို ပိုက်ဆံပေးမှ ဖြစ်မှာပေါ့"

အမေက ခက်ကို လှမ်းကြည့်လေသည်။ ခက် မမြင်ချင်





ယောင်ဆောင်ပြီး ထထွက်လာခဲ့တော့၏။ ထွက်လာတာက ကိုယ့်အခန်းထဲကိုပါ။ ကိုယ်ရှိနေရင် အမေ အပြောရခက်မှာစိုးလို့ပေါ့။ မျက်နှာသာ မမြင်ရမှာ၊ စကားသံကတော့ ကြားနေရမှာပါပဲ။

မျက်နှာမြင်နေရလို့ ပြောမထွက်တဲ့စကား အမေရေ…ပြောသာပြောလိုက်ပါတော့။

"ဇော်မင်းဦး"

"ဘာလဲ"

"ငါ သမီးရှေ့မှာမို့လို့ နင့်ကို မပြောတာ။ အခု မပြောလို့မရတော့ ပြောရတော့မှာပဲ။ ငါ့ဆီမှာ ပိုက်ဆံတောင်းရအောင် နင် ငါ့ကို ပိုက်ဆံမပေးတာ ဘယ်နှရက်ရှိပြီလဲ…ပြောပါဦး"

ဟင်…ဒါဆို ဟိုလူကြီး အမေ့ကို ပိုက်ဆံမပေးတာ ဘယ်လောက်ကြာပြီလဲ။ အမေ ဘယ်လိုရှာဖွေပြီး ချက်ပြုတ်နေရပါလိမ့်။

"အရင်ရက်ကပေးတဲ့ပိုက်ဆံတွေက ကုန်ပြီလား"

"ဟဲ့…ဒီပါးစပ်တွေက နေ့တိုင်းစားနေတာလေ။ ပိုက်ဆံတစ်သောင်းလောက်ပေးတာကို နင်က ဒီတစ်သက် စားမကုန်ဘူးလို့များ ထင်နေလား"

"မရှိလည်း ရှာပေးဟာ…ငါ ဗိုက်ဆာနေပြီ"

ခက် သူမ စုထားတဲ့ပိုက်ဆံထဲက တစ်ထောင်တန်တစ်ရွက်ကို ယူပြီး အခန်းထဲကနေ ပြန်ထွက်လာခဲ့သည်။

"ငါက ဘယ်သွားရှာရမှာလဲ။ မရှိဘူး…မပေးနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နင့်ဘာသာနင် နင့်မှာ ပိုက်ဆံရှိရင် သွားဝယ်စား…မရှိရင် အိမ်က ချက်တာကို စားနိုင်အောင်စား…ဒါပဲ”

“အလှ”

“ဘာလဲ”

“စောစောက ခက်ပြောတာ သူ့မှာစုထားတဲ့ပိုက်ဆံရှိတယ်တဲ့။ အဲဒါ…တောင်းပေးပါ…နော်”

“ဘာ”

“အမေ”

ခက် ခေါ်လိုက်တော့ အမေရော ဦးဇော်မင်းဦးပါ ခက်ကို လှမ်းကြည့်လေသည်။

“ရော့…ပေးလိုက်”

“သမီး”

“ပေးလိုက်ပါ…လူမချမ်းသာတာထက် စိတ်မချမ်းသာတဲ့ ဒဏ်ကို မခံချင်ပါနဲ့”

အမေက ချက်ချင်းမယူသဖြင့် ခက် ပိုက်ဆံကို ကမ်းပေးနေရတာ အကြာကြီးပါ။ နောက်မှ အမေက လှမ်းယူရှာလေသည်။ မကြာခင် ခက် လစာထုတ်တော့မှာပါ။ အရင်ကတော့ ခက်ကလည်း ဝင်ငွေနဲ့၊ ဦးဇော်မင်းဦးကလည်း အမေ့ကို ပိုက်ဆံအပ်တော့ အဆင်ပြေသား။

အခုတော့…





# အခန်း (၂၂)

“ခက်”

“………..”

“ခက်ရေ”

ခက်နာမည်ကို တကြော်ကြော်ခေါ်ရင်း အိမ်ထဲသို့ဝင်လာသူက မင်းပျိုပါ။ ဒီနေ့ တနင်္ဂနွေနေ့မို့ မင်းပျို လာမယ်ဆိုတာ ထင်သားပဲ။ သိလို့လည်း ခက် မျှော်နေတာပါ။ ကျောင်းတက်တုန်းကတော့ နေ့တိုင်း သွားအတူ၊ လာအတူပေါ့။

အခုကျတော့…

အလုပ်ကိုယ်စီနှင့်မို့ အခုလို တနင်္ဂနွေ အလုပ်ပိတ်ရက်မှ မင်းပျိုက အလည်လာလို့ ဆုံကြရတာပါ။

“ခက်”

“နင်ကလည်း အိမ်ထဲပဲဝင်လာပြီးနေပြီကို ဘာလို့ခေါ်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော်…အိမ်ရှင်ရှိမရှိ ခေါ်ကြည့်ရသေးတာပေါ့ဟ"

"ရှိတယ်…ဘယ်မှမသွားဘူး"

"ငါလာမယ်ဆိုတာသိလို့ စောင့်နေတာလား"

"အောင်မယ်…ငါက နင့်ကို ဘာကိစ္စစောင့်ရမှာလဲ။ ငါ့ဘာသာ ဘယ်မှမသွားချင်လို့ မသွားတာ…နားလည်လား"

"မသိဘူးလေ"

မင်းပျိုရုပ်က စပ်ဖြဲဖြဲနှင့်ပါ။ ခက်ကိုတွေ့တာနဲ့ စချင်နေတာလေ။ သူက ခက်ကို စရနောက်ရမှ စားဝင်အိပ်ပျော်သူလို့ ပြောရမလိုပါပဲ။ ခက် စိတ်ကောက်ရင် ချော့ရတာကို အရသာတစ်မျိုးဟု ထင်နေသူလေ။ အခုတစ်ပတ်မှ တစ်ရက်ပဲတွေ့ရတော့ သံယောဇဉ်တွေ ပိုတိုးပြီး…

သတိရလွမ်းဆွတ်နေရသူက မင်းပျိုပါ။ ဖွင့်ပြောမယ်ကြံလိုက်တိုင်း ခက် စိတ်ဆိုးပြီး မခေါ်မပြောဘဲနေမှာကို ကြောက်နေမိတာ။ ဒါကြောင့် မပြောဖြစ်သေးပေမယ့် ခက်ကို မင်းပျို ချစ်ပါသည်။

"ဘာမသိတာလဲ…ပျိုပျိုမနော်…ဟွန်း"

"ဟာ…နင်ကလည်း အဲလိုကြီးမခေါ်ပါနဲ့ဆို…နင် အဲဒီလိုခေါ်တာနဲ့ သူများတွေပါ လိုက်ခေါ်ကုန်ကြပြီဟ"

"သူများတွေ လိုက်ခေါ်တော့လည်း ထူးလိုက်ပေါ့။ နင့်အသား ပွန်းပဲ့သွားတာမှမဟုတ်တာ"

"အမယ်…နင်မှ အပြောကောင်း။ အဲဒီလိုအခေါ်ခံရတော့ ငါ ဘာဖြစ်သွားပြီလဲ။ ကြာရင် ဘုန်းကညာတစ်ပါး လုံးရာက





ပြားရတော့မယ်"

"ခစ်…ခစ်"

"ဘာရယ်တာလဲ"

"သဘောကျလို့"

"ရယ်ပါရယ်…ငါ ထိပ်ထုလို့ ပဝင်သွားမယ် ဘာမှတ်လဲ"

"ထုပါလား…ငါက မကြိုက်ရင် ပိုခေါ်ချင်တာ။ ပျိုပျိုရေ ပျိုပျို…ပျိုပျိုမ"

"ခက်"

"ပျိုပျို"

"ကျွတ်"

ခက် ကန့်ကလျပုံစံလုပ်ပြပြီးခေါ်လေတော့ မင်းပျို ဒေါသထွက်ချင်လာသည်။ တကယ်တမ်းကျတော့ ဒေါသမထွက်ရက်ပါဘူး။

"ကောင်းပြီလေ…ခေါ်ပါ…နင်ကြိုက်သလို ခေါ်… နင်ဒ ငါ့ကို ပျိုပျိုခေါ်ရင် ငါက နင့်ကို ကိုကိုလို့ ပြန်ခေါ်မယ်။ ကိုကိုနဲ့ပျိုပျိုပေါ့"

"ကောင်းသားပဲ"

"အေး…ကိုကိုဆိုရင်တော့ ပျိုပျိုဆိုးသမျှ ခံရမှာနော်။ ပျိုပျိုဘ ကိုကို့ကိုချစ်တော့ မေးစေ့လေး…နဖူးလေး…ပါးလေး အဲဒီဆွေ နမ်းမှာ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့…နှုတ်ခမ်းလေး"

"မင်းပျိုနော်"

"ဘယ်လိုလဲ…အနမ်းခံမှာလား"

"မင်းပျိုစုတ်…ကဲ"

"အမယ်လေးဗျ"

ခက်က မင်းပျိုပခုံးကို ထုလိုက်လေတော့ မင်းပျိုမျက်နှာ ရှုံ့မဲ့သွားလေသည်။ ဒါပေမဲ့ ဖွဲ့ကတော့ မလျှော့ပါဘူး။ ပခုံးကို လက်ဖြင့်ပွတ်ရင်းမှ…

"ရက်စက်လိုက်တာ ကိုကိုရယ်…ပျိုပျိုက ချစ်လို့ပြောတာပဲ…ဟာပဲ…ဟာပဲကို"

"မင်းပျို"

"ဘာလဲ"

"နင် ပေါက်ကရ မပြောနဲ့နော်…ထပ်ပြောရဲပြောကြည့်၊ အခုတစ်ခါ လက်နဲ့မထုဘူး…ဓားနဲ့ထိုးမှာ"

"ထိုးလေ…ထိုးပေါ့…ရင်ဘတ်ဖွင့်ပြီး ကော့ပေးလိုက်မယ်။ ချစ်လို့ချစ်တယ်ပြောတာ ဘာဖြစ်လဲ"

"မချစ်နဲ့"

"ချစ်မယ်"

"မချစ်နဲ့ဆို"

"ချစ်တော့ဘာဖြစ်လဲ…ဒါ ငါ့ရဲ့ကိုယ်ပိုင်လွတ်လပ်ခွင့်ပဲဟာ"





ခက်…မင်းပျိုမျက်နှာကို ခပ်တွေတွေလေး ကြည့်လိုက်မိသည်။ သူ တကယ်ပြောနေတာလားလို့လေ။ မင်းပျိုကလည်း ခက်ကို ပြန်စိုက်ကြည့်၊ မင်းပျိုမျက်လုံးထဲက ဘာသာတွေကို ခက် ဖတ်မိလိုက်ပါသည်။ ထို့ကြောင့် ခက် ချက်ချင်း မျက်နှာပြန်လွှဲပြီး ထသွားမည်ပြုလေလျှင်…

"ခက်"

မင်းပျို…ခက်ရဲ့လက်ဖျားလေးကို လှမ်းဆွဲထားကာ ဖြစ်ချင်တာဖြစ် ဖွင့်ပြောတော့မည်ဟု ဆုံးဖြတ်လိုက်မိ၏။ မျိုသိပ်ရလွန်းတော့ မခံစားနိုင်တော့ဘူးလေ။ အမေ သဘောမကျလို့ ဘားလေလေ မင်းပျိုက ခက်ကို သနားပြီး ပိုချစ်မိလေလေပါပဲ။ ဒီဘစကားကို နားမထောင်တာ မဟုတ်ပါဘူး။

နှလုံးသားရဲ့ဆန္ဒကို မလွန်ဆန်နိုင်တာပါ။ ဖိနှိပ်လို့ ပိုပြီး မှုန်းကြွတယ်ပဲပြောပြော ခက်ကို ချစ်မိတဲ့အချစ်တွေက ရင်နဲ့ မဆံ့တော့ပေ။

"ဘာလုပ်တာလဲ…လွှတ်"

ခက်က လက်ကို ရုန်းပေမယ့် မင်းပျိုက လွှတ်မပေးပေ။

"နင် ငါ့ကို တစ်ခုခု ပြန်ပြောဦးလေ…ခက်"

"ဘာလဲ…ငါက ဘာကိုပြောရမှာလဲ"

"ငါ နင့်ကို နောက်နေတာမဟုတ်ဘူး…ခက်၊ အတည်ပြောနေတာ"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



“နင့်ကို ငါ ချစ်တယ်ဆိုတာလေ။ ချစ်တယ်ဆိုတာထက် ပိုပြီး မြတ်နိုးခဲ့မိတာပါ။ နင်ကရော ငါ့အပေါ် ဘယ်လိုသဘောထားလဲ…အဲဒါကို သိချင်တာ”

“မသိဘူး…အဲဒီအချစ်ဆိုတာကို ငါ စိတ်မဝင်စားဘူး။ ငါ့ခေါင်းထဲမှာရှိတာ ရှေ့ဆက်ဘယ်လိုရပ်တည်ရမလဲဆိုတာပဲ ရှိတယ်။ အဲဒီအချစ်ဆိုတာကို စဉ်းစားပြီး စိတ်ကူးယဉ်နေဖို့ ငါ့မှာ အချိန်မရှိဘူး မင်းပျို”

ပြောပြီး ခက် လက်ကို ဆောင့်ရုန်းပစ်လိုက်သည်။ ဒီအချိန်မှာ ခက် တကယ်ပဲ အချစ်အကြောင်း မစဉ်းစားချင်ပေ။ အိမ်မှာ အခု အမေက ဈေးထွက်ရောင်းနေရတယ်လေ။ တားလို့လည်းမရ။ ခက်ရဲ့လစာလေးကို အရင်းအနှီးလုပ်ပြီး ဈေးရောင်းနေတာ။

ခက်တစ်ယောက်တည်းလုပ်စာနဲ့ ထိုင်စားနေလို့ မရဘူးတဲ့လေ။ ဟုတ်တာပေါ့…ခက် နောက်ထပ် လစာမထုတ်ခင် ဘာနဲ့သွားစားကြမလဲ။ ဦးဇော်မင်းဦးက တစ်နေ့တစ်နေ့ မူးနေရတာနဲ့ လုံးဝ အလုပ်မလုပ်တော့ပေ။ ဒီတော့ အမေက သူမအမှားအတွက် သူမပဲ တာဝန်ယူချင်နေတာပါ။

ခက်…

လင်ဆိုးမယားဖြစ်နေရတဲ့ အမေ့ကို စိတ်ချမ်းသာစေချင်သည်။ ဒီဘဝထဲကနေ ဘယ်လိုရုန်းထွက်ရမလဲ… ဒါပဲစဉ်းစားနေမိတာမို့ နှလုံးသားရေးကိစ္စအတွက် အချိန်မပေးနိုင်ပေ။

“နင်က အဲဒီလိုလား…ခက်”



“ဟုတ်တယ်”

“ခက်ရယ်”

“နင်…ပြန်တော့ မင်းပျို”

ပြောပြီးတာနှင့် ခက် ကိုယ့်အခန်းထဲသို့ ဝင်နေလိုက်သည်။ အိမ်ရှင်က ညွှန်ခံစကားမပြောတော့ဘူးဆိုမှတော့ မင်းပျိုလည်း ပြန်ရတော့သည်သာပေါ့။ ခက် စိတ်ထဲမှာ မွန်းကျပ်ပြီး အိုက်စပ်စပ်ဖြစ်လာတာနှင့် ရေချိုးဖို့ ပြင်လိုက်သည်။ ကိုယ်တွေက သူဌေးမဟုတ်တော့ ရေချိုးခန်းဆိုတာ မရှိပေ။ နောက်ဖေးဘက် မီးဖိုချောင်းနောက်မှာ စည်ပိုင်းရှိသည်လေ။

ထိုစည်ပိုင်းထဲကရေပဲ ခပ်ချိုးရတာပါ။

ခက်…ရေချိုးနေရင်း ခြေသံကြားလို့ လှည့်ကြည့်လိုက်တော့ လူရိပ်လူယောင် မတွေ့ရပေ။ ကိုယ်ပဲစိတ်ထင်လို့ဖြစ်မှာပါဆိုပြီး ရေဆက်ချိုးနေလိုက်သည်။ ရေချိုးပြီးလို့ ထဘီလဲခါနီးမှာတော့…

“ဒုန်း”

“ဟင်”

ခက် ထဘီမလဲဖြစ်သေးဘဲ အသံကြားရာသို့ကြည့်လိုက်တော့ ဦးဇော်မင်းဦးပါ။ မီးဖိုချောင်မှာ ထမင်းချက်ရင် ခုထိုင်တဲ့ ခုံထိုင်ခုံကို ဝင်တိုက်မိတာပါ။ ခက် ကမန်းကတန်းပဲ ထဘီနှင့် သူမကိုယ်ကို ပတ်လိုက်သည်။ စောစောက ခြေသံကြားတာ ဒီလူကြီးပဲဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို…

ဒီလူကြီး ခက် ရေချိုးတာကို ချောင်းနေတာပဲဖြစ်မယ်။ လူမိသွားတော့ မထူးစိတ်ပိုက်လိုက်တာထင်ပါရဲ့။ ရမ္မက်ခိုးတွေဝေနေတဲ့ မျက်နှာကြီးက ပြုံးတော့မလိုလို၊ ရယ်တော့မလိုလိုပါ။ ခက် မျက်နှာတင်းသွားပြီး…

"ဦးဇော်မင်းဦး…ရှင် ဘာလုပ်တာလဲ"

"အဟဲ…ဘာမှမလုပ်ပါဘူး ခက်ရဲ့…လာတုန်းကတော့ အိမ်သာသွားမလို့…ခက်…ရေချိုးနေတာ မြင်လိုက်တော့ မသွားချင်တော့ဘူး"

"ဘာ"

"ခက်က တော်တော်လှတာပဲ"

"ဦးဇော်မင်းဦး…ရှင် ဘာစကားပြောတာလဲ။ ဒါ ရှင်မိဘနေရာကနေပြီး ပြောရမယ့်စကားလား"

"ခက်ကလည်း…ခက်က ဦးရဲ့သမီးမှမဟုတ်တာ"

"တောက်…ရှင်…ခက်ကို ရီးတီးယားတားတော့လာမပြောနဲ့နော်…အသက်ချင်းလဲပစ်လိုက်မယ်…ဘာမှတ်လဲ"

ခက် ပြောပြီး အဝတ်ထူထူတို့၊ စောင်တို့ဖွပ်ရင် ရိုက်ဖွပ်တဲ့ တုတ်ကို ကောက်ကိုင်လိုက်သည်။ ဦးဇော်မင်းဦး ရှေ့တိုးလာရင်နဲ့ ဘာပဲဖြစ်ဖြစ် ရိုက်ကိုရိုက်မှာပါ။ ပထွေးပီပီ ပထွေးစိတ်ရှိနေတာ။ ကိုယ့်အဖေအရင်းမှ မဟုတ်တာ။ သတ်လည်း ဘာကိစ္စမထိုက်ဘူးလေ။



ခက်ဆိုတာ…

အရှက်ကို အသက်နဲ့လဲပြီး ကာကွယ်မယ့်မိန်းကလေးပါ။

"ခက်ကလည်းကွယ်…ဦးက ဘာလုပ်လို့လဲ။ မြင်နေလို့ကြည့်ရုံပဲကြည့်တဲ့ဟာကို"

"ဘာ"

"လှလို့လှတယ်ပြောတာ စိတ်ဆိုးစရာလား။ နောက်နေ့ကျဦး…အလုပ်ပြန်လုပ်ပြီး ခက်အတွက် အဝတ်အစားတွေ ဝယ်ပေးဦးမှာပါ"

ခက်မျက်နှာက တင်းသည်ထက် တင်းသွားလေသည်။ ဒီစကားက ဘာစကားလဲ။ ခက်ကို ဒီလို မက်လုံးပေးပြီး မြူဆွယ်ဖြားယောင်းလို့ရမယ်များ ထင်နေသလားမသိဘူး။ ဒီလိုအဝတ်အစားလောက်မပြောနဲ့…ရွှေတွေ၊ ငွေတွေ ပုံပေးရင်တောင် မိန်းရောင်ခက်ဆစ်ဆိုတဲ့ မိန်းမက မမက်မောပေ။

ရိက္ခာအတွက် သိက္ခာကို ချမနင်းသလို…

အလှအပအတွက်လည်း ဘဝပျက်မခံနိုင်ပေ။ မိန်းမသားတစ်ယောက်အတွက် တန်ဖိုးအရှိဆုံးအရာကို အသက်နှင့်လဲ၍ ကာကွယ်မည့်သူပါ။

"မလိုပါဘူး…ရှင် ဘာမှဝယ်ပေးစရာ မလိုဘူး။ အဟွန်းသူများကို ဝယ်မပေးနဲ့။ ရှင့်ဝမ်းဝအောင် စားဖို့ပဲ အရင်ရှာဦး…သူများလုပ်စာ ထိုင်စားပြီး နေ့ရှိသရွေ့ မူးရူးနေတဲ့သူကများ"

"အဲ့ဒီလိုတော့ မပြောပါနဲ့ ခက်ရယ်…ဦးကလေ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်...ရှေ့တိုးမလာနဲ့နော်...ရှေ့တိုးလာရင် ကျွန်မ အဆိုး မဆိုနဲ့"

ခက်က တုတ်တရွတ်ရွယ်နဲ့မို့ ဦးဇော်မင်းဦး ရှေ့မတိုးရဲတော့ပေ။

"ရှင်...အခု ဒီအိမ်ကနေ ထွက်သွား"

"ဟင်...ဘယ်ကိုသွားရမှာလဲ၊ ဦးမှာ ဒီအိမ်ပဲ ပြန်လာစရာရှိတာကို ကလေးရယ်"

"ဘာကလေးလဲ...ဘာကလေးလဲ...တောက်...လုပ်လိုက်ရသေးတော့မှာပဲ"

ခက် ရိုက်မယ်ဟန်ပြင်လေတော့ ဦးဇော်မင်းဦး နောက်သို့ ဆုတ်သွားလေတော့သည်။

"သွား...ထွက်သွား...ရှင့်ဘာသာရှင် သွားချင်ရာသွား၊ အမေ အိမ်ပြန်မလာမချင်း ရှင်ကြီးလည်း ပြန်မလာနဲ့"

တုတ်ကို ကြောက်လို့ထင်ပါရဲ့။ ဦးဇော်မင်းဦးမျက်နှာက လငပုပ်ဖမ်းသလိုပုံစံနှင့် ထွက်သွားလေတော့သည်။ သူ ထွက်သွားမှပဲ...

"ဟူး"

ခက် မျက်လုံးလေးမှိတ်ပြီး လေကို မှုတ်ထုတ်ပစ်မိတော့သည်။ ခက်ဘဝ မလုံခြုံတော့ပါလား။



# အခန်း (၂၃)

ခက်...ဦးဇော်မင်းဦးနဲ့ပတ်သက်ပြီး ဆိုးသည်ကောင်းသည် အမေ့ကို ဘာမှမပြောပေ။ ပြောလိုက်ရင် အမေပဲ စိတ်ဆင်းရဲရမှာ စိုးလို့ မပြောတာပါ။ ဒါပေမဲ့ တစ်ယောက်ယောက်ကိုတော့ ပြောပြနေချင်မိတာ အမှန်ပါ။ သူမနဲ့ အနီးစပ်ဆုံးက သူငယ်ချင်း သင်းသင်းပဲ ရှိတာလေ။

သင်းသင်းကို ဘယ်သူ့မှ ပြန်ပြောမပြဖို့ ကတိတောင်းပြီး ပြောပြလိုက်တော့...

"ဟယ်...ဦးဇော်မင်းဦးက အဲဒီလိုကြီးလား ခက်...ဒုက္ခပဲ...ဒီအတိုင်းဆို မလွယ်ဘူး။ နင် သတိဝီရိယနဲ့နေမှဖြစ်တော့မယ်နော်...ခက်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…သင်းသင်း၊ ဒီလူကြီးကို ငါ သတိထားနေမှ ဖြစ်တော့မယ်။ ငါ့အတွက် အိမ်ဆိုတာ ငရဲလိုဖြစ်နေပြီ။ လုံခြုံမှုလည်း မရှိတော့ဘူး။ ငါ အရမ်းစိတ်ညစ်တယ်ဟာ"

"ဟူး"

သင်းသင်းက သက်ပြင်းချပြီး စိတ်ပျက်လက်ပျက်ပုံစံဖြင့် ခေါင်းခါလေသည်။

"ငါ…အဲဒီလူကြီးကို သိပ်မုန်းတာပဲ။ အခု ရှိတာတစ်ခု တိုးသွားပြီ။ အစကတည်းက ငါ အမေနဲ့ အဲဒီလူကြီးကို သဘောတူခဲ့တာမဟုတ်ဘူး။ အခုတော့ ငါ ဆုတောင်းမိတယ်··သိလား"

"ဘယ်လိုလဲ"

"သူများအိမ်ထောင်ရေးကို မပြိုကွဲစေချင်ပေမယ့် ငါ့အမေဖြစ်နေတော့ အမေ မြန်မြန်ဝဋ်ကျွတ်ပါစေ၊ ဒီလူကြီးနဲ့ မြန်မြန်ကွဲပါစေလို့ ဆုတောင်းမိတယ်ဟာ"

"နင့်အမေကိုက ပျော့ညံ့တာပါဟာ။ ဒီလောက် စိတ်ဆင်းရဲနေရတာ။ အဲဒီလူကြီးကို ကွာရှင်းပစ်လိုက်ပြီးရော…ငါသာဆို ကွာပစ်လိုက်တာ ကြာပြီ။ ဒီလောက် နေ့တိုင်း မူးရူးနေတာကို"

ပြောတာလွယ်ပါတယ်လေ။ ခက်လည်း အဲဒီလိုပဲ ဖြစ်စေချင်တာပေါ့။ ဒါပေမဲ့ ဦးဇော်မင်းဦးက ကွာမပေးဘူးဆိုတာ သူမ သိနေသည်။ ပြီးတော့ အမေက ကိုယ့်ဆုံးဖြတ်ချက်အမှားအတွက် ကိုယ်ပဲ ရင်စည်းခံမယ်တဲ့။ ကွာလည်း ဇော်မင်းဦးက မူးမူးရူးရူးနဲ့ အမြဲနှောင့်ယှက်နေဦးမှာ။



တစ်ရှက်က နှစ်ရှက်ဖြစ်ရုံပဲရှိမှာမို့ မကွာဘူးတဲ့လေ။

"ခက်"

"ဟင်"

"နင့်ဘဝလုံခြုံမှုရှိဖို့ တစ်နည်းပဲရှိတယ်…သိလား"

"ဘာလဲ"

ပြောမလို့ ပါးစပ်ဟလိုက်စဉ်မှာပဲ ကားလာသဖြင့်…

"ဟော··ကားလာပြီ"

သူတို့စောင့်နေတဲ့ ကားလာပြီမို့ နှစ်ယောက်သား ကားပေါ်သို့ ခပ်သုတ်သုတ် တက်ခဲ့ကြသည်။ ကားပေါ်ရောက်မှပဲ နှစ်ယောက်သား ထိုင်ခုံပေါ်မှာ အတူတူထိုင်ရတာမို့…

"သင်းသင်း"

"ဟေ"

"ပြောပါဦး…ငါ့ဘဝ လုံခြုံမှုရှိဖို့ ငါ ဘာလုပ်ရမှာလဲ။ အလင်းပြပါဦး"

"ဟီး…နင် ယောကျ်ားယူလိုက်"

"ဟယ်"

ခက် ဒေါသဖြစ်ချင်သွားလေသည်။ ပြောလိုက်တာ သူ့ပါးစပ်ထဲမှာလွယ်လေး။ တကယ်တမ်းမှာ မိန်းကလေး တစ်ယောက် အိမ်ထောင်ပြုဖို့ကိစ္စ အဲဒီလောက် လွယ်မတဲ့လား။

"ကောင်မ…ငါက အကောင်းပြောတယ်မှတ်လို့"

ခက် သင်းသင်းပခုံးကို တွန်းလိုက်တော့…

www.burmeseclassic.com

www.burmeseclassic.com



"ငါက တကယ်ပြောနေတာကို"

"နင်ယူပါလား"

"ငါယူရအောင် ငါ့ဘဝက လုံခြုံမှုရှိတယ်လေ။ မီးရင်းဖရင်းနဲ့ မေတ္တာရိပ်မှာ ခိုလှုံနေရတာ။ နင့်ဘဝ မလုံခြုံလို့ နင့်ကို ယူခိုင်းတာပေါ့"

"ငါက ဘယ်သူ့ကို သွားယူရမှာလဲဟဲ့"

"ခက်ရယ်...နင်ကလည်း ဝေးဝေးသွားရှာနေစရာ မလိုပါဘူး။ မင်းပျို...နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါမသိဘဲ နေပါ့မလား။ နင်သာ တကယ်မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား မသိတာ။ ငါက သိပါ့"

"ဟင်"

"စိတ်ကူးမလွဲနဲ့ နင်...မင်းပျိုကိုသာ ယူလိုက်"

"ကောင်မစုတ်"

ဟုတ်တာပြောတော့လည်း မခံနိုင်ပေ။ အဲ...မခံနိုင်တာ မဟုတ်ပါဘူး...ရှက်တာပေါ့။ မင်းပျို သူမကို ဖွင့်ပြောပြီးပြီပဲလေ။ မသိဘဲနေပါ့မလား။



# အခန်း (၂၄)

မင်းပျို... ခက်တို့အိမ်ဘက်သွားမလို့ ဖိနပ်စီးနေစဉ် နောက်ဖေးဘက်ကနေ အိမ်ရှေ့ကို ထွက်လာတဲ့ခြေသံကြားရပြီး-

"မင်းပျို"

အမေ့အသံကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။ မင်းပျို လှည့်ကြည့်လိုက်တော့ အမေကလည်း မင်းပျိုကို မျက်မှောင်ကြုတ်ပြီးကြည့်နေကာ...

"ဒါက ဘယ်ကိုလဲ"

မင်းပျို ချက်ချင်းမဖြေမိပေ။ ဒါကြောင့်...

"ငါ မေးနေတယ်လေ...ဘာလို့ပြန်မပြောတာလဲ"

"ခက်တို့အိမ်သွားမလို့ပါ"

"မသွားရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အမေ"

"ငါက မသွားရဘူးဆိုရင် မသွားနဲ့နော်...ဒါပဲ"

"ကျွတ်...အမေရာ...ခက်မှာ ဘာအပြစ်ရှိလို့ အမေ ဒီလောက်တောင် မုန်းနေရတာလဲ။ မုန်းပါ... အမေ ကြိုက်သလောက်မုန်း...အမေက မုန်းလေ...သားက ခက်ကို ပိုချစ်လေပဲ"

"ဘာ"

မင်းပျို ဖွတ်ပဲပြောပစ်လိုက်သည်။ ဟုတ်တယ်လေ။ ဒါ အမှန်တရားပဲဥစ္စာ။ အမေက ခက်ကို မှိုချိုးမျှစ်ချိုး ပြောလေလေ မင်းပျိုက ခက်ကို သနားပြီး ပိုချစ်လေလေ ဖြစ်နေတာပါ။

"မင်း ဘာပြောလိုက်တာလဲ မင်းပျို... ပြန်ပြောစမ်း။ အဲဒီစကားကို ပြန်ပြောလိုက်စမ်း"

မင်းပျိုက ပြန်မပြောလေလျှင်...

"နင်က ခက်ကို ချစ်တယ်ဟုတ်လား...ဒါ မင်း ငါ့ကို စိန်ခေါ်လိုက်တာပဲ မင်းပျို...ခက်နဲ့ပတ်သက်ပြီး ငါ့သဘောထားကို အစောကြီးကတည်းက ကြိုပြောထားပြီးသား။ မင်းကို ခက်နဲ့ လုံးဝ သဘောမတူနိုင်ဘူးလို့"

"သားကလည်း ခက်ကိုပဲ ချစ်တာ။ ခက်ကလွဲရင် ဘယ်မိန်းကလေးကိုမှ မယူဘူး"

"မင်းပျို"

စိန်ခေါ်တယ်ပဲပြောပြော မိဘရင်ဝကို စုန်ကန်တယ်ပဲပြော



ပြော၊ မင်းပျိုနှလုံးသားရဲ့ဆန္ဒကို လွန်မှမလွန်ဆန်နိုင်ပဲလေ။ မိဘအပေါ် ပြစ်မှားမိရင် နောက်မှပဲ ဝန်ချတောင်းပန်ပါတော့မည်။ ခက်မှာ ခံစားစရာရှိလို့မှ ရင်ဖွင့်စရာလူမရှိ။

အခက်အခဲရှိလို့မှ ကူညီမယ့်သူမရှိ။

အဲဒီမရှိတွေကြားထဲမှာမှ အရှက်နဲ့သိက္ခာကို တန်ဖိုးထားပြီး ဖြစ်လာသမျှကို ရဲရဲရင်ဆိုင်ပြီး ရုပ်တည်နေသူပါ။ ဒီလိုမိန်းကလေးမျိုးကို လေးစားရမှာ မဟုတ်ဘူးလား။

"မင်းက အဲဒီလိုလား။ ငါက မင်းရဲ့အမေပါ မင်းပျိုရဲ့... အခု မင်းကို ငါ တားနေတာအတွက် အတ္တကြီးတယ်လို့ ပြောချင်လည်းပြော...အဲဒါ သားသမီးနဲ့ပတ်သက်ပြီး မိဘတွေထားတဲ့ အတ္တပဲ မင်းပျို...မင်းကိုယ်တိုင် မိဘနေရာရောက်လာတဲ့နေ့ မင်း ငါ့စေတနာကို နားလည်လာလိမ့်မယ်"

"သား အမေ့စေတနာကို နားမလည်လို့ ကန့်လန့်တိုက်နေတာမဟုတ်ဘူး အမေ...ခက်ကို အမေ ဒီလောက် ခါးခါးသီးသီး ဖြစ်နေရအောင် ခက်က ဘာဖြစ်နေလို့လဲ။ ဘဝကို ရိုးသားစွာ ဖြတ်သန်းနေတဲ့ မိန်းကလေး...လောကဓံက ရိုက်ပုတ်သမျှ ကြံ့ကြံ့ခံပြီး ရုပ်တည်နေတဲ့ မိန်းကလေး...ဒီလိုမိန်းကလေးမျိုးကို လေးစားရမှာမဟုတ်ဘူးလား"

"ဩော်...နင်က ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်အတွက်နဲ့ ငါ့ကိုတောင် ပြန်လှန်ပြောဆိုနေပြီပေါ့လေ။ ဟုတ်လား မင်းပျို...ငါက နင့်ကို နွားဖြစ်မှာစိုးလို့ တားနေတာ။ သူများ

www.burmeseclassic.com



လှည်းကျိုး ဝင်ထမ်းရမှာစိုးလို့ ပြောနေတာ…နားလည်လား”

“အမေ”

မင်းပျို…ခက်ကိုထိရင် ခက်သိက္ခာကို စော်ကားရင် နည်းနည်းလေးမှ မခံချင်ပေ။ မင်းပျိုက နွားဖြစ်ရအောင် သူများ လှည်းကျိုးဝင်ထမ်းရအောင် ခက်က ပေါက်လွှတ်ပဲစားနေတဲ့ မိန်းကလေးမှ မဟုတ်တာ။ ပတ်ဝန်းကျင်ဆိုတာကတော့ ဘယ် လောက်ပဲကောင်းအောင်နေနေ လိုရာဆွဲတွေးပြီး အပုပ်ချနေကြ မှာပါပဲ။

လူတွေရဲ့ပါးစပ်က…

ကောင်းတဲ့အချက်ကိုသာ ချီးမွမ်းဖို့ လေနှမြောကြတာ။ မကောင်းတာအပုပ်ချဖို့ဆိုရင် စကားလုံးတွေ ဝယ်ပြောရမယ် ဆိုရင်တောင် ထမင်းနှစ်နပ်ကို တစ်နပ်လျှော့စားပြီး တစ်နပ်စာ ကုန်ကျစရိတ်နဲ့ စကားလုံးပုပ်တွေကို ဝယ်ပြောမယ့်သူက ခပ်များများ။

“အမေ…ခက်အကြောင်း ဘာတွေကြားထားလို့လဲ။ သူများပြောတိုင်း မယုံနဲ့…အမေရဲ့”

“သူများပြောတာ မဟုတ်ဘူး မင်းပျို… မင်းအဖေကိုယ် တိုင် နားနဲ့ဆတ်ဆတ်ကြားခဲ့လို့ ငါ့ကို ပြန်ပြောပြတာ။ နင့်အဖေနဲ့ ဖော်မင်းဦး မနေ့က ဘီယာအတူတူ သောက်ခဲ့ကြတယ်တဲ့”

“အဲဒီတော့”

စိတ်ထဲကတော့ အမူးသမားက အမူးစကား မဟုတ်



တမ်းဝါးပဲပြောမှာပေါ့လို့ တွေးလိုက်မိသည်သာ။

“ဖော်မင်းဦးကိုယ်တိုင်က နင့်အဖေကို ပြောပြတာလေ။ ခက်က ဘယ်လောက်လှကြောင်း၊ ရင်ဘတ်သားလေးက ဝင်းနေ တာပဲဆိုတာ၊ ခက် ရေချိုးတာကို ချောင်းကြည့်ပြီး စိတ်ထဲမှာ ဘာဖြစ်တယ် ညာဖြစ်တယ်နဲ့ ပြောတာ။ တစ်နေ့ ဘာဖြစ်နိုင်သလဲ မင်း စဉ်းစားကြည့်ပေါ့”

ကြားလိုက်ရတဲ့စကားက မင်းပျိုရင်ဝကို မီးစနှင့် ထိုးလိုက် သလိုပါ။ တော်တော်ယုတ်မာကောက်ကျစ်တဲ့လူပါလား။ ခက် အတွက် စိုးရိမ်လိုက်တာ။ မဖြစ်သေးပါဘူး။ ဒီကိစ္စ ခက်ကို ပြောပြပြီး သတိပေးထားမှပါ။ ခက်ကို ဘာအကြောင်းနဲ့မှ သူမ ထိန်းထားတဲ့အရှက်နဲ့သိက္ခာကို အစွန်းအထင်း မခံစေချင်။

ခက်ဘဝလုံခြုံမှု မရှိတော့ဘူးဆိုရင်…

ကိုယ် ဘာလုပ်ပေးရမလဲ။ ခက်ကို တစ်နည်းနည်းနဲ့တော့ ကာကွယ်ပေးနိုင်အောင် ကြိုးစားရမည်။

“ကျွန်တော် အပြင်ခဏသွားလိုက်ဦးမယ် အမေ”

“ခက်ဆီတော့ မင်း မသွားရဘူးနော် မင်းပျို”

မင်းပျို ဟင့်အင်းမလုပ် အင်းမလုပ်နှင့်ဘဲ ဖွတ်တိုး၍ ထွက် လာခဲ့တော့သည်။ ကိုယ်က ခက်ဆီကိုပဲသွားမှာလေ။ ဒါကြောင့် မငြင်းဆန်သလို ကတိလည်း မပေးတာပါ။ ခြေလှမ်းတွေက ခပ်သွက်သွက်ပါပဲ။ အတွေးပေါင်းစုံနှင့် လျှောက်လာမိသည်။

လမ်းမှာ ဘယ်သူဘာလုပ်နေလဲ မမြင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာ ဘာရှိလဲဆိုတာလည်း မကြည့်ခဲ့မိသလိုပါ။ ခက်တို့အိမ်ကိုရောက်တော့…

"ခက်"

"……….."

"ခက်"

"ဟော…မင်းပျို့ပါလား၊ လာလေ… သား… ခက် ရှိပါတယ်။ ဟိုမှာ ဘုရားပန်းလဲပြီး ဆုရားရှိခိုးနေတာ"

"ဪ…ဟုတ်ကဲ့"

ဒေါ်လှလှဝင်းက ဟင်းရွက်တွေ နွှင်နေရင်းမှ လှမ်းပြော လေသဖြင့် မင်းပျို့…ခက် ဘုရားရှိခိုးပြီးသည်အထိ ထိုင်စောင့် နေလိုက်သည်။ ဟင်းရွက်က ချဉ်ပေါင်ရွက်နှင့် ကန်စွန်းရွက် တွေပါ။

"မင်းပျို့ပါလား"

ခက်က ဘုရားရှိခိုးပြီးတော့ သူ့ကို စနှုတ်ဆက်လေသည်။

"ဘယ်ကလှည့်လာတာလဲ"

"နင့်ဆီကိုပဲ တမင်လာခဲ့တာ"

"ဟုတ်လား…ကိစ္စရှိလို့လား…မင်းပျို့"

"နင်ကလည်း ဒီလိုပဲ အားရင်လာနေကျကို အပိုတွေလုပ် ပြီး မေးနေသေးတယ်။ နင့်ကို ငါ ပြောစရာရှိတယ်"

"ဘာလဲ"

မင်းပျို့ ပြန်မဖြေဘဲ ဒေါ်လှလှဝင်းကို လှမ်းကြည့်လိုက်လေ



သည်။ စိတ်ထောင်းတော့ကိုယ်ကြေတဲ့…စိတ်ညစ်ရလို့ထင်ပါရဲ့။ အရင်က အန်တီလှရဲ့ လှပချောမွေ့နေတဲ့ မျက်နှာက အခုတော့ အိုစာသွားသလိုပါ။

"နင်··ငါနဲ့ အပြင်ခဏလိုက်ခဲ့ပါလား။ တစ်ခုခု သွားစား ရအောင်"

ခက် လွှန့်ကနဲ ပြုံးလိုက်ပြီး…

"ပြောစရာရှိရင် ပြောပါ…မင်းပျို့၊ နင်နဲ့တွဲပြီး အပြင်ထွက် မှ ငါ ငြင်းပါတယ်"

"ဘာဖြစ်လို့လဲ"

"ပတ်ဝန်းကျင်ဆိုတာကို ငါ ကြောက်လို့ပါ"

မင်းပျို့လည်း ပတ်ဝန်းကျင်ဆိုတာကို ဂရုမစိုက်ချင်ပေမယ့် ခိုက်နေရတာပါပဲ။ ပတ်ဝန်းကျင်ရဲ့ ပါးစပ်ပေါက်တွေက ကျည်ဆံ ဆွဲဖက် ကြောက်ဖို့ကောင်းသည်လေ။ ထို့ကြောင့် လိုက်ခဲ့ပါလို့ ဇွတ်အတင်းမခေါ်ပါဘူး။

အန်တီလှလည်း မီးဖိုချောင်ထဲဝင်သွားပြီမို့…

"ခက်"

"ဟင်"

"နင့်ကို ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်ဟာ"

"အင်း…ပြောလေ"

"နင့်အတွက် ဒီအိမ်က လုံခြုံမှုရှိရဲ့လား။ နင် စိတ်ညစ်နေ သလား…ခက်"

www.burmeseclassic.com

www.burmeseclassic.com



ခက်… မင်းပျို့မျက်နှာကို ခပ်တွေတွေလေး ကြည့်လိုက်မိသည်။ မင်းပျို့ ဘာတွေသိ၊ ဘာတွေကြားလာလို့ပါလိမ့်။ သင်းသင်း ချွန်လိုက်တာများလား။ သင်းသင်းက ခက်နဲ့မင်းပျို့ကို သဘောတူနေတာလေ။ ဒါကြောင့် နီးစပ်အောင်ဆိုပြီး ပြောလိုက်တာများလား။

"ငါမေးတာဖြေလေ…ခက်"

"နင့်ကို သင်းသင်း ပြောပြတာလား"

"သင်းသင်းနဲ့ ငါ မတွေ့ဖြစ်ပါဘူး။ ငါမေးတာ ဟုတ်လား မဟုတ်လားဘဲ နင် ဖြေပါ"

ခက် သက်ပြင်းချပြီး ခေါင်းညိတ်လိုက်မိသည်။ မင်းပျို့က ဘယ်သူပြောလို့သိတာလဲ။ ဘာပဲဖြစ်ဖြစ် ခက် မဖုံးကွယ်ချင်ပေ။ ဖုံးကွယ်ထားရင် ကိုယ်ပါ အလိုတူအလိုပါပုံစံမျိုး ဖြစ်သွားမှာပေါ့။

"ဟုတ်တယ်··မင်းပျို့၊ အမေ စိတ်ဆင်းရဲမှာစိုးလို့ ငါ အမေ့ကိုတောင် ပြောမပြဘူး။ ဒီအိမ်မှာနေရတာ ငါ့အတွက် လုံခြုံမှုမရှိတော့ဘူး။ ငါ အဆောင်မှာသွားနေရကောင်းမလားလို့ စဉ်းစားနေတာ"

"ဟာ…မနေပါနဲ့၊ ဘာလို့ အဆောင်မှာနေရမှာလဲ။ နင့်ကို ငါ စိတ်မချဘူး"

"ဟင်"

"ခက်"

မင်းပျို့…ခက်လက်ဖဝါးကို ဆုပ်ကိုင်လိုက်ကာ…





"တို့နှစ်ယောက် လက်ထပ်ကြရအောင်ဟာ…နော်"

"ဘာ"

ခက်…မင်းပျို့စကားကြောင့် လက်ကို ရုန်းလိုက်သည်။ ချစ်တယ်ဆိုတဲ့အဖြေတောင် မပေးရသေးဘူး။ လက်ထပ်ကြမယ်တဲ့။ အိမ်ထောင်ရေးကို ဒီလိုလွယ်လွယ်တွေးလို့ ရမလား။

"ငါ တကယ်ပြောနေတာနော်…ခက်၊ တို့နှစ်ယောက် လက်ထပ်ကြမယ်။ ပြီးရင် ငါ အလုပ်လုပ်မယ်။ နင်က ကျောင်းဆက်တက်"

"အဲဒီလောက်လွယ်မှာလား မင်းပျို့"

"ငါ ယောကျ်ားပါ…ကြိုးစားရင် မဖြစ်နိုင်တာ မရှိဘူး။ မဖြစ်သေးတာပဲ ရှိတယ်"

"နင့်အမေက သဘောတူကြည်ဖြူမှာတဲ့လား"

"ခက်"

ခက် နှုတ်ခမ်းလေးမဲ့ပစ်လိုက်မိသည်။ မဖြစ်နိုင်တာကို သိနေတယ်လေ။ သူငယ်ချင်းအဖြစ်တွဲတာတောင် သူ့အမေက ခက်ကို ဒီလောက် ခါးသီးနေတာ။ ချစ်သူအဖြစ်ဆို ပိုဆိုးပြီး လက်ထပ်ဖို့ဆိုရင် ခါးရုံတင်မဟုတ်ဘူး၊ တူးပြီး အန်ထုတ်မှာ အသေအချာပါ။

"လူကြီးတွေက ရှေ့မှာ ချောက်လို့ပြောရင် နောက်ဆုတ်လိုက်ပါ မင်းပျို့…မယုံလို့ ခုန်ချကြည့်လိုက်ရင် အဲဒီချောက်က သူတို့ပြောတာထက် ပိုနက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်နက်နက်ဟာ…နင်နဲ့ပတ်သက်လာရင် ငါ ဂရုမစိုက်ဘူး…ခက်၊ ငါသိတာ နင့်ကို ငါ ချစ်တယ်။ နင့်အပေါ် ကျရောက်လာမယ့် အန္တရာယ်မှန်သမျှ ငါပဲ ကာကွယ်ပြီး နင့်ကို စောင့်ရှောက်ချင်တယ်…ခက်"

"စိတ်ကူးမယဉ်စမ်းပါနဲ့ မင်းပျိုရယ်"

"ငါ စိတ်ကူးယဉ်တာမဟုတ်ဘူး…ခက်၊ လက်တွေ့ကျကျ သက်သေပြချင်တာ။ နင် ငါ့ကို ချစ်လား…မချစ်ဘူးလား။ အဲဒါ ကိုပဲ ငါ သိချင်တယ်"

ခက် သက်ပြင်းချလိုက်မိပြန်သည်။ ခက်က မညာတတ်ဘူးလေ။ လူတိုင်း မုသာဝါဒကို မကင်းနိုင်ကြပါဘူး။ ဒါပေမဲ့ မလိုအပ်တဲ့နေရာမှာတော့ မညာချင်ပါဘူး။ မင်းပျိုက မငြင်းသင့်တဲ့လူဆိုတာထက် ရင်ထဲမှာလည်း စစ်မှန်တဲ့သံယောဇဉ်က ရှိနေတာမို့…

"မညာတမ်းဝန်ခံရရင် နင့်ကို ငါ ချစ်ပါတယ်"

"ဟာ"

မင်းပျိုမျက်နှာသည် လပြည့်ညပမာ ထိန်လင်းဝင်းပသွားလေတော့သည်။ သူလိုချင်တာ ဒီအဖြေပဲလေ။ အဲဒီအတွက် သူ အစစအရာရာ တာဝန်ယူနိုင်အောင် ကြိုးစားမှာပါ။ ခက်၏စကားက မင်းပျိုအတွက် ခွန်အားတွေပါပဲ။





# အခန်း (၂၅)

ချစ်သူဖြစ်ကြပြီဆိုတာနှင့် ချစ်သူနှစ်ဦး လွတ်လွတ်လပ်လပ် တွေ့ချင်ကြတာ ဓမ္မတာပါ။ ထို့ကြောင့် မင်းပျိုနှင့်ခက်တို့ ဘုရားသွားမယ်ဆိုပြီး နှစ်ယောက်သား ဘုရားလည်းဖူးရင်း လိပ်ဥတူးဖို့ ထွက်လာခဲ့ကြသည်ပေါ့။ နှစ်ယောက်သား ရွှေတိဂုံဘုရားကို ဖူးပြီးတော့ နီးစပ်ရာ ကန်တော်ကြီးသို့ ဝင်ခဲ့ကြသည်။

ချစ်သူနှစ်ဦး လက်ချင်းချိတ်ပြီး တံတားပေါ်လျှောက်ရတာ အရသာတစ်မျိုးပါပဲ။ တစ်ဦးလက်ကိုတစ်ဦး တင်းတင်းဆုပ်တဲ့အခါ ဆုပ်ပေါ့။

"ခက်"

"ဟင်"

"ပျော်လား"

www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဟာ"

"ဘာလဲ"

"နင့်ဖြေပုံကြီးကလည်း အသက်မပါလိုက်တာ။ ပျော်တယ်ဆို ပျော်တယ်လို့ စိတ်ပါပါဖြေစမ်းပါဟ…ဥပမာ ငါက ပျော်လားမေးရင် ပျော်တာပေါ့ မောင်ရယ် ဘာညာပေါ့ဟ"

"အမယ်"

မကျေနပ်သံကြီးနှင့် ပြောပုံက ရယ်စရာပါ။ ပြီးတော့ မောင်ဆိုတဲ့ အသုံးအနှုန်းကြောင့် ခက် ခစ်ကနဲ ရယ်လေလျှင်…

"ဘာရယ်တာလဲ"

"ဘာမှမဟုတ်ဘူး"

"ဘာမှမဟုတ်ဘဲနဲ့ ရယ်စရာလား…ပြော…ပြောဟာ…ပျော်တာပေါ့ မောင်ရယ်လို့"

ဗိုစ်က တကယ့်ကလေးဆိုးအတိုင်းပါပဲလား။ ခက်လည်း အစကတော့ တင်းထားပါသေးတယ်လေ။ နောက်တော့ ချစ်တာက ချစ်တာပါပဲ။ အချစ်ဆိုတာ တားဆီးလို့မှ မရနိုင်တာ။ ဘယ်လောက်ပဲ ဟန်ဆောင်ထိန်းချုပ်ထားထား…

ဝမ်းနည်းအားငယ်နေချိန်မှာတော့…

ကိုယ်ချစ်ရသူရဲ့ ရင်ခွင်ထဲတိုးဝင်ပြီး ရင်ဖွင့်ချင်မိတာ အမှန်ပါ။

"ပြောလေဟာ"





"ပျော်တာပေါ့ မင်းပျို့ရယ်…ကိုယ့်ချစ်သူနဲ့ အခုလို လျှောက်လည်ရတာ ငါ မပျော်ဘဲနေပါ့မလား။ အဟဲ…မောင်လို့တော့ ငါ မခေါ်ချင်ဘူးနော်"

"ဘာဖြစ်လို့လဲ…မရဘူး ခေါ်ရမယ်။ ကိုယ့်ချစ်သူကိုယ်ချစ်လို့ မောင်ခေါ်တာ ဘာဖြစ်လဲ။ ဘယ်သူက တရားစွဲမှာမှတ်လို့"

"ဟာ…မခေါ်ချင်ပါဘူးဆို"

"အင်"

မင်းပျို့…ခက်ပခုံးကို ကိုင်ပြီး သူ့ဘက်သို့ ဆွဲလှည့်လိုက်သည်။ မျက်နှာချင်းဆိုင်ရပ်မိကြတော့…

"ဘာလို့ မခေါ်ချင်တာလဲ"

"ချစ်သူနှစ်ယောက်ကြားမှာ တစ်ယောက်ကိုတစ်ယောက် အရမ်းချစ်ဖို့က အရေးကြီးသလား။ ကိုတွေမောင်တွေခေါ်ဖို့က အရေးကြီးသလား မင်းပျို့"

"ဟူး"

မှန်ပါတယ်လေ။ အခေါ်အဝေါ်တွေက တကယ်တမ်းမှာ သိပ်အရေးကြီးတာမှမဟုတ်တာ။ ဒါကြောင့် ဇွတ်တိုး၍ မခေါ်ခိုင်းချင်ပေ။

"အေးပါ…မခေါ်ချင်လည်းနေပါ။ ဒါနဲ့ ငါ သီချင်းဆိုပြမယ်…နားထောင်မလား"

"တကယ်ဆိုပြမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့…နားထောင်မှာလား"

"နားထောင်မယ်…ဆိုပြ"

အရိပ်ရှိတဲ့နေရာလေးမှာ နှစ်ယောက်လုံး ခြေလှမ်းတွေ ရပ်တန့်သွားကြလေသည်။ ပြီးတော့ မင်းပျို့က လက်ပိုက်ပြီး တံတားလက်ရမ်းကို မှီရပ်လိုက်သည်။

"အဟမ်း…အဟမ်း…သေသေချာချာ နားထောင်နော်"

မင်းပျို့ ချောင်းဟန့်ပြီးမှ ခက်ပခုံးလေးကို ဖက်လိုက်တော့ ခက်ကိုယ်လုံးလေးက နွဲ့ပါလာပြီး အလိုက်သင့် သူ့ပခုံးလေးကို မှီလို့သာ။ ဒီအချိန်မှာ မြင်မြင်ရသမျှအရာအားလုံးသည် လှပစိုပြေသာယာလို့ပေါ့။

"သမုဒ္ဒရာကြီးက ပြောတယ်… ရေပြင်ကျယ်ဟာ သူ့ရဲ့ အဖော်ပဲ×××တောင်တန်းကြီးက ပြောတယ်၊ စမ်းချောင်းလေးတွေကို ချစ်တယ်××× ကောင်းကင်ကြီးက ပြောတယ်၊ တိမ်ရောင်စုံဟာ သူ့ရဲ့အဖော်ပဲ××× ကြယ်လေးများက ပြောတယ်××× လမင်းမရှိရင် ငိုချင်တယ်… ထာဝရ ကိုယ့်ရင်ခွင်မှာ မင်း…လေးနေပါ…ကိုယ်ဟာ မင်းရဲ့ အမြဲတမ်းပဲ အဖော်မွန်ပါ×××မြတ်နိုးလွန်းလို့ချစ်တာ တန်ဖိုးထားပြီးချစ်တာ…"

သီချင်းဆိုနေရင်းကနေ မင်းပျို့ လက်တစ်ဖက်ကပါ ခက်ရဲ့ ကိုယ်လေးကို ခပ်တင်းတင်း ဖက်လိုက်မိသည်။

"ယုံကြည်ပါ နောက်ဆုံးတစ်နေ့ထိ××× လက်တွဲမဖြုတ်ဘူး မင်းအနားနေမှာပါ×××အဆိုးအကောင်းနဲ့ တို့ထပ်တူ ခံစား





မျှဝေသွားမှာ….

အရာရာပေးဆပ်ကာ××× အသည်းကို နှင်းအပ်လို့ထားတာ×× ထာဝရအဖော်ဆိုတာ အချစ်စစ်ရဲ့တန်ဖိုး… တစ်ခုပါ×××"

ခက်…အပြုံးမျက်နှာနှင့် မင်းပျို့မျက်နှာကို မော့ကြည့်လိုက်သည်။ မင်းပျို့က မချောပါဘူး။ အသားလတ်လတ်နှင့် သူ့လိုကိုယ့်လိုထက် ပိုကြည့်ကောင်းရုံလေးပါပဲ။

မျက်ခုံးထူထူနှစ်ဖက်နှင့် ရယ်လိုက်ရင် သွားချွန်လေးတွေ ပေါ်တာကတော့ ဆွဲဆောင်မှုရှိတယ်လို့ ပြောရမလား။ မျက်နှာ အဖုအပိန့် မရှိပေ။ သူများတွေအမြင်တော့ ချောတယ်လို့ မဆိုနိုင်ပါဘူး။

ဒါပေမဲ့…

ချစ်တဲ့သူ့ရဲ့အမြင်မှာတော့ သူမအတွက် မင်းပျို့က ရွှေမင်းသားပါ။ လူငယ်ဆိုပေမယ့် မင်းပျို့က ဘောင်းဘီဝတ်ဘဲ ပုဆိုးကိုသာ အမြဲဝတ်တတ်သူ။

"ခက်"

"ဟင်"

"ဘယ်လိုလဲ…ငါ သီချင်းဆိုတာ နားထောင်ကောင်းရဲ့လား"

"အရမ်းနားထောင်လို့ကောင်းတယ်…ဒါနဲ့ ဟိုဟာလေ… သမုဒ္ဒရာ၊ တောင်တန်း၊ ကောင်းကင်ကြီး အဲဒါတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခံစားချက်တွေ ပြောပြတယ်။ မင်းပျိုကရော…မင်းပျိုရဲ့ ခံစားချက်ကလေး ပြောပြပါလားရှင်”

ခက်ပြောတော့ မင်းပျို ခေါင်းမော့၍ ရယ်လိုက်မိသည်။ ပြီးမှ…

“နင် အရင်ပြော”

“ဟင်…ငါက ဘာပြောရမှာလဲ”

“ထာဝရကိုယ့်ရင်ခွင်မှာ…မင်းလေးနေပါ×××ကိုယ်ဟာ မင်းရဲ့အမြဲတမ်းပဲ အဖော်မွန်ပါ×××မြတ်နိုးလွန်းလို့ ချစ်တာ××× တန်ဖိုးထားပြီး ချစ်တာ”

မင်းပျိုက သီချင်းကို ကြိုက်တဲ့နေရာလေး ပြန်ဆိုပြပြီး…

“ငါ့ရင်ခွင်မှာ ထာဝရနေမှာလား”

“အင်း…နေမှာပေါ့”

“တကယ်နော်”

“တကယ်ပေါ့”

“ဒါဆိုရင်…ငါကလည်း”

ခက်ရဲ့လက်ဖဝါးလေးကို ခပ်တင်းတင်းဆုပ်ပြီး မင်းပျို သီချင်းတစ်ပုဒ် ထပ်ဆိုပြန်လေသည်။

“ယုံကြည်ပါ နောက်ဆုံးတစ်နေ့ထိ လက်တွဲမဖြုတ်ဘူး မင်းအနားနေမှာပါ×× အဆိုးအကောင်းနဲ့ တို့ထပ်တူ ခံစားမျှဝေသွားမှာ××× အရာရာပေးဆပ်ကာ အသည်းကို နှင်းအပ်လို့ထားတာ ထာဝရအဖော်ဆိုတာ××× အချစ်စစ်ရဲ့တန်ဖိုး တစ်ခုပါ”





သီချင်းဆုံးတာနှင့် မင်းပျိုက ဖျတ်ကနဲ ငုံ့နမ်းလေတော့ ခက် မရှောင်တိမ်းလိုက်နိုင်ပေ။ အစက မာနနှင့် မျိုသိပ်ဖုံးကွယ်ထားတဲ့အချစ်တွေ ဘောင်ချိုးပြီး ဖွင့်ထွက်လာခဲ့တော့…

ချစ်လိုက်တာ မင်းပျိုရယ်…။

ဒီအချစ်တွေဟာ နောင်သံသရာအဆက်ဆက်အထိ ပါသွားမည်ထင်ပါရဲ့။

“ခက်”

“ဘာတုန်း”

“နင်ရော ငါ့ကို ပြန်မနမ်းချင်ဘူးလား”

“ဟင့်အင်း…မနမ်းချင်ပါဘူး…ရှက်စရာကြီး”

“နင်ကလည်း ဘာရှက်စရာရှိလို့လဲ။ ကိုယ့်ချစ်သူကိုယ်နမ်းတာပဲဟာ…လုပ်ပါဟ…တစ်ခါလောက်”

“ဟင့်အင်း”

“ငါ့ကို ဘယ်လောက်ချစ်လဲ”

“ချစ်တာကို ပမာဏတွေ…ထုထည်တွေနဲ့ နှိုင်းပြလို့ရဘူးလေ မင်းပျို။ ဘာလဲ…ကလေးတွေလို ဟောဒီလောက်ကြီး ချစ်တယ်ဆိုပြီး လက်ကွင်းပြရမှာလား။ အဲဒီလို လက်ကွင်းပြရုံနဲ့ လုံလောက်မှာမှ မဟုတ်တာ”

ဟုတ်သားပဲ။ ခက်စကားကို သဘောကျလွန်း၍ မင်းပျိုရယ်လိုက်မိသည်။ ကိုယ့်ကိုလည်း ဘယ်လောက်ချစ်သလဲမေးရင် ထုထည်ပမာဏတွေနဲ့ နှိုင်းပြလို့မရပေ။ အချစ်ဆိုတာ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်မိရင် အနှိုင်းအဆမဲ့ပါပဲ။ ကိုယ်က သူ့ဘဝ၊ သူ့အသက်ဖြစ်နိုင်သလို...

သူကလည်း...

ကိုယ့်ဘဝ...ကိုယ့်အနာဂတ်...ကိုယ့်အသက်ပါ။

"ဟုတ်ပါပြီဗျာ...ကျွန်တော်က ခင်ဗျားလေးထက် ပိုတယ်သိလား...အဲဒါကြောင့် ဒီခေါင်းက ဒီချစ်သူလေးနဲ့ အမြန်ဆုံးနီးစပ်ဖို့ပဲ အမြဲစဉ်းစားနေတာ"

"မလောပါနဲ့ မင်းပျို့ရယ်...တို့နှစ်ယောက်လုံး ငယ်ပါသေးတယ်။ တို့ရဲ့အနာဂတ် လှပဖို့အတွက် တို့ကြိုးစားရဦးမယ်လေ။ အိမ်ထောင်တစ်ခု တည်ဆောက်ရင် အချစ်ကိုပဲ ဝတ်ဆင်စားသုံးနေလို့မှ မရတာ"

"ငါ နားလည်ပါတယ်...ဒါပေမဲ့ နင့်ကို စိတ်မချဘူးဟာ"

"ဟင်"

"မဟုတ်ဘူး...ငါပြောတာက နင့်ကို ယုံတယ်။ ပတ်ဝန်းကျင်နဲ့ ကံကြမ္မာကို မယုံလို့ပြောတာပါ"

ခက် အဓိပ္ပာယ်ကောက်လွဲမှာစိုးလို့ မင်းပျို့ ပျာပျာသလဲ ဖြေရှင်းလိုက်ရသည်။ နင့်ကို စိတ်မချလို့ဆိုတာ ခက်ကို စိတ်မချတာ မဟုတ်ပေ။ ခက်က လှတော့ ဝဲလာမယ့် ပျားပိတုန်းတွေနဲ့ ကံကြမ္မာလှည့်စားမှာကို ကြောက်တာပါ။

ပြီးတော့...





ဦးဇော်မင်းဦး...ပထွေးက ပထွေးပီပီ ကျားချောင်းချောင်းနေမှာကို စိုးတာပါ။

"နင် စိတ်ချပါ မင်းပျို့...ငါ ငါ့ကိုယ်ငါ ကာကွယ်နိုင်ပါတယ်။ ငါ့ဘဝ မလုံခြုံတော့မှန်းကို သိပါတယ်။ ဒါပေမဲ့ တို့...ရည်မှန်းချက်ထားပြီး အလုပ်လုပ်ရဦးမယ်။ ဒါကြောင့် အန္တရာယ်ကို ရှောင်တတ်အောင် ရှောင်နေရဦးမှာပေါ့"

"သတိတော့မလစ်ပါစေနဲ့ ခက်...အမှောင်ထဲကလူကို အလင်းမှာ ရပ်နေတဲ့သူက မမြင်ဘူးလေဟာ"

"အေးပါ...ငါ သိပါတယ်"

"ဟူး"

ရှေ့ရေးနောက်ရေးနဲ့ ရပ်တည်နေရတဲ့ ဘဝတွေကို ပြန်တွေးကြည့်မိတော့ စောစောက ပျော်တာလေးတွေ ဘယ်ရောက်သွားမှန်း မသိပေ။

"နင်တို့ ငွေရေးကြေးရေး အဆင်ပြေရဲ့လား...ခက်"

"ဒီလိုပါပဲဟယ်...လုံးလည်ချပ်ပြားပါပဲ။ ကဲပါ...အဲဒါတွေ ပြောမနေနဲ့တော့။ ငါ ဗိုက်ဆာတယ်၊ တစ်ခုခု သွားစားရအောင်"

"ဟင်...အဲဒါ စောစောကပြောပါလား။ ဗိုက်ဆာတာကို မပြောဘူး...လာ...အဲဒါဆိုပြန်ရအောင်"

မင်းပျို့က စိတ်မြန်လက်မြန်နှင့် ခက်ကို လက်ဆွဲခေါ်လေသည်။ ဒီလိုနဲ့ သူတို့ချစ်သူနှစ်ဦးကြားမှာ ပျော်ရွှင်ကြည်နူးမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



က လမင်းလို မှောင်မိုက်လိုက် ထိန်ထိန်သာလိုက်ပါ။ ဖြတ်သန်းရတဲ့ နေ့ရက်တွေ ကြာလာသည်နှင့်အမျှ အချစ်တွေက ပိုပိုပြီး ခိုင်မာရစ်ပတ်လာသည်သာ။

မင်းပျိုမိဘတွေက…

မင်းပျိုကို အပြင်းအထန်တားလည်း တားမောပါ။ ဦးဇော်မင်းဦးကလည်း ခက်ကို ကျားချောင်းချောင်းလို့ကောင်းဆဲ။ ခက်ကလည်း ပါးရည်နပ်ရည်ရှိစွာနှင့် ရှောင်တိမ်းခဲ့ပါသည်။

အချိန်တွေ ဒီလိုနဲ့ တရွေ့ရွေ့ ကုန်ဆုံးလာခဲ့ပြီး…

မင်းပျိုက ကျောင်းဆက်တက်၊ ခက်ကတော့ ကျောင်းဆက်မတက်ရပေ။ မိခင် ဈေးရောင်းလို့ရတာလေးနဲ့ ခက် ကျောင်းဆက်မတက်ချင်တော့လို့ ဖွတ်ပဲ ပေကပ်နေခဲ့တာပါလေ။





# အခန်း (၂၆)

"သမီး…သမီး"

"…………"

"သမီး…ခက်"

အမေ လာနှိုးတာကိုသိပြီး ခက် ချက်ချင်း ပြန်မထူးဖြစ်ပေ။ ခေါင်းရော ကိုယ်တွေ လက်တွေရော ကိုက်ခဲနေတာ ဘာဖြစ်ပါလိမ့်။ ခက် ကိုယ့်ကိုယ်ကိုယ် နေမကောင်းဘူးဆိုတာ သိလိုက်ပြီး–

"အား…အမေ"

"သမီး ထတော့လေ…အမေ ထမင်းချိုင့်ပြင်ထားပြီးပြီ။ ထ…ထ…အမေ ဈေးသွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေ…သမီး နေမကောင်းဘူးထင်တယ်။ ခေါင်းကိုက်နေတယ်…ကိုယ်တွေလက်တွေလည်း ကိုက်ခဲနေတာပဲ"

"ဟင်…ဟုတ်လား"

ဒေါ်လှလှဝင်း ခက် နဖူးလေးကို စမ်းကြည့်ပြီး…

"ဟုတ်ပါရဲ့… ကိုယ်တွေ ပူနေတယ်။ ဘယ်လိုလုပ်ပါ့မလဲ"

အမေ တစ်ခုခုကို စဉ်းစားနေတယ်ထင်ပါရဲ့။ ခဏ အသံတိတ်သွားပြီး ခက်ရဲ့နဖူးလေးကို ပြန်စမ်းကြည့်လိုက်၊ ခြေဖျားလေးကို စမ်းကြည့်လိုက်ပါ။ ပြီးမှ စောင်ကို ခက်ခါးပေါ်ကနေ ပခုံးအထိ ဆွဲခြုံပေးလေသည်။ အမေဆိုတာ အဲဒီလိုပါပဲ။

သားသမီးတွေ နေမကောင်းရင်…

နာစေးတာလေး၊ ချောင်းဆိုးတာလေးနဲ့တင်တောင် အရမ်းဂရုစိုက်ကြတာပါ။ လောကမှာ အနွေးထွေးဆုံးရင်ခွင်သည် မိဘရင်ခွင်။ အေးချမ်းမှုအရှိဆုံးအရိပ်သည် မိဘရဲ့မေတ္တာရိပ်ပါ။

"ဒါဆို ဒီနေ့ အလုပ်မဆင်းနဲ့ သမီး…အမေ ဈေးရောင်းပြီးပြန်လာရင် ဆေးခန်းသွားရအောင်နော်"

"ရပါတယ် အမေရယ်…အမေ စိတ်ချလက်ချ သွားပါ။ သမီးက ဆေးသောက်လိုက်ရင် ကောင်းသွားမှာ…ဘာမှ စိတ်မပူပါနဲ့"

"မဟုတ်တာ သမီးရယ်"

ခက် အမေ အရမ်းစိတ်ပူမှာစိုးတာကြောင့် ထထိုင်လိုက်သည်။





"အမေ…သွားပါ၊ တော်ကြာ နောက်ကျနေဦးမယ်။ သမီးလည်း အိပ်မနေတော့ဘူး။ ပြီးမှ ဆေးသွားဝယ်ပြီး သောက်လိုက်မယ်…နော်"

"အေးပါ…ဒါဆို အမေ သွားတော့မယ်နော်"

"ဟုတ်ကဲ့…အမေ"

ခက် နားထင်နှစ်ဖက်ကို လက်နှင့်တောက်ပြီး အိပ်ရာထဲမှ ထလာခဲ့တော့သည်။ အမေထွက်သွားတော့ အိမ်မှာ ဦးဇော်မင်းဦးနှင့်ခက် နှစ်ယောက် ကျန်ခဲ့ရသည်ပေါ့။ ဦးဇော်မင်းဦးက အခုထိ အိပ်ရာက မထသေးပေ။ ခက် သွားတိုက်၊ မျက်နှာသစ်ပြီး သနပ်ခါးမလိမ်းဘဲ အိမ်ရှေ့မှာ ထွက်ထိုင်နေလိုက်၏။

အိမ်ထဲမှာက ဦးဇော်မင်းဦးရှိနေတာမို့ မနေချင်ပေ။ နောက် ဦးဇော်မင်းဦး အိပ်ရာက နိုးလာပြီး…

"ခက်…ဒီနေ့ အလုပ်မသွားဘူးလား"

"ဟုတ်တယ်…မသွားဘူး"

"ဘာဖြစ်လို့လဲ"

"နေမကောင်းလို့"

"သြော်"

ခက် တိုတိုပြတ်ပြတ်ပဲ ဖြေလိုက်သည်။ ပြီးတော့ ဘာရယ် မဟုတ်ဘဲ တစ်ဖက်အိမ်သို့ လှမ်းကြည့်လိုက်တော့ ကိုတို့ကလည်း သူ့အိမ်ရှေ့က ရေကန်မှာ မျက်နှာသစ်နေသည်။ ခက်ကို လှမ်းကြည့်ပြီး ခက်ကိုမြင်တော့ ပြုံးပြကာ…

www.burmeseclassic.com

www.burmeseclassic.com



"ခက်...ဒီနေ့ အလုပ်မသွားဘူးလား"

"ဟုတ်တယ် ကိုတိုး...ဒီနေ့ နေမကောင်းလို့လေ။ ကိုတိုးရော အလုပ်မသွားဘူးလား"

"အဟဲ..နှင်နဲ့ငါ တူနေပြီ။ ငါလည်း ကောင်းကောင်းနေမကောင်းလို့ဟ...လူလည်း ပင်ပန်းနေပြီဟာ..နားဦးမှ"

"ကောင်းပါတယ် ကိုတိုးရယ်...နားပေါ့၊ နေကောင်းနေသရွေ့ အလုပ်က လုပ်နေရတာ။ နေမကောင်းတဲ့အခါတော့ နားမှပေါ့"

ကိုတိုးနဲ့ စကားပြောနေတော့ ခက်အသံက ချိုချိုသာသာမို့ ဦးဇော်မင်းဦး ကျေနပ်ပုံမရပေ။ သူ့ကိုကျတော့ တိုတိုပြတ်ပြတ်ဆက်ဆံတာကိုး။ ဒါကြောင့် ကြည့်ပုံကိုက မကျေနပ်သည့်ပုံစံပါ။ ခက်က ဂရုစိုက်မတဲ့လား။ သူ့ကို အရောတဝင်နေရင် ဘာဖြစ်လာနိုင်မလဲဆိုတာ ပြေးကြည့်စရာ မလိုပါဘူး။

တွေးကြည့်ရုံနဲ့ သိနေတာပဲလေ။

ခက် ဦးဇော်မင်းဦး အပြင်မထွက်မချင်း အိမ်ထဲသို့မဝင်ဘေးလမ်းထိပ်မှာ ဆေးလုံးသွားဝယ်သေးသည်။ ဆေးလုံးဝယ်ပြီးပြန်လာတော့ ဦးဇော်မင်းဦးနှင့် လမ်းမှာဆုံလေသည်။ တစ်အိမ်သားတည်းဆိုပေမယ့် တစ်ယောက်ကိုတစ်ယောက် နှုတ်မဆက်ကြပါဘူး။

အိမ်ရောက်တော့...

ခက် သနပ်ခါးအရင်လိမ်းသည်။ ဦးဇော်မင်းဦး အိမ်မှာမ



တော့ဘူးဆိုတော့ စိတ်အေးလက်အေးနေလို့ရပါပြီ။ ထို့ကြောင့် ခက် ဆေးသောက်ပြီး ကိုယ့်အခန်းထဲမှာ ဝင်အိပ်နေလိုက်တော့သည်။ နေမကောင်းတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာပါ။

အိပ်မက်ထဲမှာ...

မင်းပျိုနဲ့ခက် နှစ်ယောက်သား တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်၍ တောအထပ်ထပ် တောင်အထပ်ထပ်ကိုဖြတ်ကျော်ပြီး လျှောက်သွားနေတာ မမောနိုင်မပန်းနိုင်ပါ။

မမောဆို...

ချစ်သူနဲ့ပဲလေ။ နောက်တော့ မင်းပျိုက ခက်ပါးပြင်လေးကိုနမ်းလေသည်။ နောက် အနမ်းက ကြမ်းလာပြီး ခက် ဖျတ်ကနဲလန့်နိုးသွားလေသည့်တွင်...

"ဟင်"

အနမ်းကြမ်းတို့သည် အိပ်မက်မဟုတ်။ တကယ့်လက်တွေ့အနမ်းတွေမို့ ခက် လန့်နိုးသွားတာပါ။ မျက်လုံးဖွင့်ကြည့်လိုက်တာနှင့် မြင်လိုက်ရတဲ့မျက်နှာက အရက်ကြောင့် မသေခင် ဖောယောင်နေတဲ့ ဦးဇော်မင်းဦးရဲ့မျက်နှာကြီး။ ခက် ကြောက်အားလန့်အားနှင့် အားသုံးပြီး တွန်းထုတ်ပစ်လိုက်သည်။

ယောကျ်ားနှင့်မိန်းမမို့...

လွင့်ထွက်သွားအောင် ဘယ်လိုတွန်းထုတ်လို့ ရနိုင်ပါ့မလဲ။

"ဦးဇော်မင်းဦး ဘာလုပ်တာလဲ...ဖယ်"

"ခက်ကလည်း ဦးက ခက်ကို ချစ်လို့ပါ။ အသူမှ ချစ်တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ချစ်နေတာ ကြာလှပြီ”

ခက် ထထိုင်ဖို့ ကြိုးစားပေမယ့် မရပေ။ ဦးဇော်မင်းဦးက ခက် ပခုံးနှစ်ဖက်ကို ဖိထားတာလေ။

“ရှင်ကြီး…မယုတ်မာနဲ့နော်…လွှတ်”

“……………”

“ခွေးကြီး…တိရစ္ဆာန်ကြီး…ဖယ်”

“ချစ်လို့ပါ ခက်ရဲ့”

ခက် ရုန်းကန်နေရင်းမှ ဟိုဘက်အိမ်မှာ ကိုတိုးရှိနေတာကို သတိရသွားလေသည်။ ဒါ…ရှက်စရာမဟုတ်ဘူး။ ကိုတိုးကို လှမ်းခေါ်ပြီး အကူအညီတောင်းရမယ်။ ကိုယ်က လက်မခံလို့ အကူအညီတောင်းတာ ရှက်စရာမှမဟုတ်ဘဲလေ။ ဘဝပျက်သွားရင်သာ ရှက်စရာကောင်းတာ။

ထို့ကြောင့်…

“ကိုတိုးရေ…ခက်ကို ကယ်ပါ”

“ဟင်”

“ကိုတိုးရေ”

“မအော်နဲ့”

“ကယ်ကြပါ”

“မအော်နဲ့ဆို”

ရမ္မက်ခိုးတွေဝေနေတဲ့ ဦးဇော်မင်းဦး ရှေ့နောက်မစဉ်းစားတော့ဘူး ထင်ပါရဲ့။ ခက် အော်လို့ နောက်ဆုတ်မသွားပေ။





ခက်ရဲ့ဘဝကိုသာ စားသုံးဖို့ ကြိုးစားနေချိန်မှာ ကိုတိုးက ခက်အော်သံကြောင့် သူ့အိမ်ကနေ ဒီဘက်အိမ်ကို ပြေးလာသည်လေ

“ခက်”

“………”

“ခက်…ဘာဖြစ်တာလဲ”

“ကိုတိုး…ရေ”

ဦးဇော်မင်းဦး…ခက်ပါးစပ်ကို ပိတ်လိုက်ပေမယ့် အော်မိတဲ့အသံကို ကိုတိုး ကြားပြီး အသံကြားရာအခန်းထဲသို့ လာခဲ့လေသည်။ ဒီအချိန်မှာ ခက်အခန်းထဲကို ဝင်သင့်မဝင်သင့် စဉ်းစားနေနိုင်။

“ဟင်…ခက်”

“…………”

“ဟေ့လူ…ခင်ဗျား”

“ခွပ်”

မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ကိုတိုး ဘာမှမစဉ်းစားတော့ဘဲ ဦးဇော်မင်းဦး၏ အင်္ကျီကော်လံကိုဆွဲပြီး လက်သီးနှင့် ထိုးလေတော့သည်။

“ခွပ်”

“အ”

“လူယုတ်မာကြီး”

“ခွပ်”



www.burmeseclassic.com

www.burmeseclassic.com



"ခွေးတိရစ္ဆာန်ကြီး"

"ခွပ်"

"အား"

ကိုတိုး ဒေါသထွက်ထွက်နှင့် စိတ်ရှိလက်ရှိ ထိုးနေတာ ဦးဇော်မင်းဦးကို သဲအိတ်ပမာ သဘောထားနေသည့်နှယ်ပါ။ ဦးဇော်မင်းဦး နှာခေါင်းနဲ့ပါးစပ်မှ သွေးတွေကျလာပြီး မလှုပ်တော့မှ ရပ်ကာ...

"ခက်...လာ...ညီမ...ကိုတိုးနဲ့လိုက်ခဲ့"

"ကိုတိုး...သူ...သူ သေပြီလားမသိဘူး"

"သေပစေဟာ...ဒီလိုလူမျိုး သေလို့ ငါ ထောင်ကျခံရမှာ တန်တယ်။ ဒီအိမ်မှာနေလို့ နင့်အတွက် လုံခြုံမှုမရှိတော့ဘူး... ခက်။ အဲဒါကြောင့် ငါနဲ့လိုက်ခဲ့"

ခက်လည်း ပူပူနွေးနွေးပဲရှိသေးတဲ့ အဖြစ်အပျက်ကြောင့် အကြောက်ကြီး ကြောက်နေမိတော့သည်။ ဒီအိမ်မှာ ဆက်နေလို့ ခက်အတွက် လုံခြုံမှုမရှိတော့ဘူးလေ။ ဒါကြောင့် ကိုတိုးကို ဘယ်သွားမှာလဲ၊ ဘာလုပ်မှာလဲ မမေးတော့ဘဲ ကိုတိုးခေါ်ရာ နောက်သို့ လိုက်လာခဲ့သည်။

လောလောဆယ်အဖို့မှာ...

ဒီအိမ်နဲ့ဝေး ပြီးရောပါပဲ။ ကိုယ့်အိမ်နဲ့ဝေးပြီဆိုမှ...

"ကိုတိုး"

"........"





"ခက်ကို ဘယ်ခေါ်သွားမှာလဲဟင်...ခက် ဘယ်မှာနေရမှာလဲ"

ဒီတော့မှ မြန်မြန်လှမ်းနေတဲ့ ကိုတိုးခြေလှမ်းတွေ အရှိန်လျော့သွားပြီး...

"နင့်ကို ငါ့အဒေါ်အပျိုကြီးအိမ် ပို့ပေးမလို့ပါ။ အဲဒီမှာ နင့်အတွက် လုံခြုံစိတ်ချရတယ်။ အပျိုကြီးနှစ်ယောက်တည်း နေတာ...ဘယ်ယောကျ်ားလေးမှ မရှိဘူး"

"သြော်"

"လောလောဆယ်တော့ အဲဒီမှာနေလေ။ ပြီးမှ မင်းပျိုနဲ့ နင်တို့ ဘယ်လိုရှေ့ဆက်သင့်လဲ တိုင်ပင်ကြပေါ့"

"ရှင်"

မင်းပျိုဆိုတဲ့နာမည်ကို ကြားလိုက်ရတော့ ခက် ငိုချင်သွားလေသည်။ ကိုယ့်ဘဝ ကံသီပေလို့ မပျက်စီးခဲ့တာမဟုတ်လား။

"ဟုတ်တယ်...ခက်၊ နင် ဒီအတိုင်းနေလို့ကတော့ နောင်ရေးစိတ်အေးရမှာ မဟုတ်ဘူး။ အဲဒီတော့ နင်နဲ့ မင်းပျို ယူလိုက်ကြဟာ"

"ရှင်"

ခက်ပါးစပ်က 'ရှင်' ကလွဲပြီး ဘာမှမပြောတတ်တော့သလိုပါ။ ကိုတိုးက ကိုယ့်ဘဝပျက်မယ့်အရေးကနေ ကယ်ထုတ်လာခဲ့သူ ကျေးဇူးရှင်ပဲပေါ့။ ဒီလိုလူရဲ့ပြောစကားကို ခက် နားထောင်သင့်တယ်လို့ ထင်သည်။ မင်းပျိုက သူမရဲ့ချစ်သူပဲလေ၊ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ချင်းပေါင်းခိုင်းတာပဲဟာ။

ခက် ဆက်ပြီးခေါင်းမာနေရင်…

ကံကြမ္မာဆိုတာ မျက်နှာလိုက်တတ်တဲ့အရာမျိုးမှ မဟုတ်တာ။ ကိုယ့်ဘဝလုံခြုံမှု မရှိတော့တဲ့အတွက် ကာကွယ်နိုင်မယ့် ရင်ခွင်တစ်ခုကို တိုးဝင်ရတော့မည်သာ။

“ငါ မင်းပျိုနဲ့တွေ့မယ်”

“ဖြစ်ပါ့မလား ကိုတိုးရယ်…သူ့အမေက”

“နင် ပေါင်းရမှာ သူ့အမေ မဟုတ်ဘူးလေဟာ။ သူနဲ့ ပေါင်းရမှာ။ သူနဲ့ အဆင်ပြေရင် ပြီးတာပဲ။ ကျန်တာ ဘာမှ စဉ်းစားမနေနဲ့”

“ခက်…ကြောက်သလိုပဲ”

“ကြောက်မနေနဲ့…မင်းပျိုနဲ့ နင်က လိုက်ဖက်ညီတဲ့စုံတွဲ။ ပြီးတော့ နင်တို့နှစ်ယောက်က ချစ်သူတွေပဲဟာ။ ဒီကိစ္စကို မကြောက်နဲ့…နင် တကယ်ကြောက်ရမှာက ဟိုတိရစ္ဆာန်ကြီးရန် နားလည်လား”

ပြောပြီး နှစ်ယောက်သား ဆက်လျှောက်ခဲ့ကြသည်။ ဟူး… ရှေ့ဆက်ဘာတွေဖြစ်လာဦးမှာပါလိမ့်။ ရင်လေးလိုက်ပါဘိနော်။





# အခန်း (၂၇)

“ခက်”

မင်းပျို…ကိုတိုး ပြောပြလို့ အကြောင်းစုံသိသိချင်းပဲ အပြေးရောက်လာခဲ့သည်။ ကိုတိုးကိုလည်း ကျေးဇူးတွေတင်လိုက်တာ မပြောပါနဲ့တော့။ ကိုတိုး ကယ်လို့သာ ခက်ဘဝ ရေတိမ်နစ်တာ။ မဟုတ်ရင် မတွေးဝံ့စရာပါပဲ။ ကြားလိုက်ရတဲ့သတင်းစကားကြောင့်…

မင်းပျို…

ရင်ပူဟပ်ခဲ့ရသည်လေ။ ခက်ကို သွားယ်လိုနည်းနဲ့မှ စိတ်မချနိုင်တော့ဝေ။

“ခက်”

“မင်းပျို”



www.burmeseclassic.com

www.burmeseclassic.com



"ကိုတိုးပြောပြလို့ ငါ ပြေးလာခဲ့တာ။ ငါ စိတ်ပူလိုက်တာ ခက်ရယ်"

တွေ့တာနှင့် တစ်ဦးလက်ကိုတစ်ဦး ခပ်တင်းတင်း ဆုပ်ကိုင်ထားမိကြသည်။ အခြေအနေမပေးလို့ ဝေးခဲ့ကြရင် မင်းပျို ရှုးမလား၊ သေမလား မပြောတတ်ပေ။

"စိတ်ပူမနေပါနဲ့တော့ မင်းပျိုရယ်... ကိုတိုးရဲ့ကျေးဇူးကြောင့် ငါ လွတ်မြောက်လာခဲ့ပြီပဲ"

"အေးပါဟာ"

ကိုတိုးကို လှည့်ကြည့်လိုက်တော့ ကိုတိုးက သူတို့နှစ်ယောက်ကို ပြုံးပြုံးကြီးနှင့် ကြည့်နေသည်။

"ကျေးဇူးတင်ပါတယ် ကိုတိုးရယ်...တကယ်ပါဗျာ။ ကိုတိုးကျေးဇူးကို ကျွန်တော်တို့ မမေ့ပါဘူး"

"ရပါတယ်ကွာ...ငါလည်း တစ်နေ့ တူသောအကျိုး ခံစားရမှာပါ။ မင်းတို့ကို ကူညီလိုက်ရတဲ့အတွက် ငါလည်း အချစ်စစ်အချစ်မှန်နဲ့ တွေ့ပါစေလို့ ဆုတောင်းပေး...ရပြီ"

"တွေ့ပါစေ ကိုတိုး...ကျွန်တော် ဆုတောင်းပေးပါတယ်"

"ကဲ...အချိန်ရှိတုန်း မင်းတို့ သွားကြတော့"

"ဟုတ်ကဲ့ ကိုတိုး...ကျေးဇူးပါဗျာ"

"သြော်...နေဦး"

'နေဦး' ဆိုပြီး ကိုတိုးက သူ့အင်္ကျီအိတ်ထဲက ပိုက်ဆံတစ်ထပ်ကို ထုတ်ယူကာ...





"ရော့...ငါ့မှာ ပိုက်ဆံက နှစ်သောင်းပဲရှိတယ်ကွ။ မင်းတို့အတွက်က ငွေလိုမှာ အသေအချာပဲ။ အများကြီးပေးလိုက်ချင်ပါတယ်ကွာ...ဒါပေမဲ့ မရှိတော့ ရှိသလောက်ကလေးပဲ ကူညီတာ...ယူသွား"

"ဟာ...မဟုတ်တာ ကိုတိုးရာ...ကျွန်တော်တို့ မယူပါဘူး။ ကျွန်တော့်မှာ နည်းနည်းပါးပါး ပါပါတယ်။ အစစအရာရာ ကူညီတာအတွက် ကျေးဇူးပါဗျာ"

"သြော်...မင်းကလည်း လိုအပ်လို့ပေးနေတာ ယူသွား...နောက်မှ သိတတ်လို့ ပြန်ဆပ်ချင်လည်းဆပ်ပေါ့"

မင်းပျို အားနာလို့ လည်ပင်းကိုသာ ပွတ်လိုက်မိတော့သည်။

"ကဲ...ယူပါ"

ပြောပြီး ကိုတိုးက သူကိုယ်တိုင်ပဲ ပိုက်ဆံကို မင်းပျိုအင်္ကျီအိတ်ထဲသို့ ထည့်ပေးလေသည်။ ခက်ကတော့ ကိုတိုးရဲ့ကူညီမှုအတွက် ဝမ်းသာလွန်းလို့ မျက်ရည်များတောင် လည်ရသည်သာ။ သူတော်ကောင်းကို နတ်ကောင်းမ,တယ်ဆိုသလို...

ဒုက္ခပေးသူရှိလို့...

ကူညီမယ့်သူရှိလာတာ ဝမ်းသာစရာပါ။ ဒီအချိန်မှာ မိတ်ဆွေစစ် မိတ်ဆွေမှန်ကိုရှာလို့ တွေ့ပြီလေ။

"ကျေးဇူးတင်ပါတယ် ကိုတိုးရယ်...ခက်လေ...ခက်ဘာပြောရမှန်းကို မသိတော့ပါဘူး"

"ဘာမှပြောမနေနဲ့တော့...ဒီသီတင်းမပျံ့ခင် သွားကြ



www.burmeseclassic.com

www.burmeseclassic.com



တော့။ တော်ကြာ မင်းပျိုမိဘတွေ သိသွားလို့ လိုက်လာနေဦးမယ်"

"ဟုတ်ကဲ့ပါ ကိုတိုး… ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

"လာ…ခက်"

"ကိုတိုး…ခက် သွားပြီနော်"

"အေး…အေး…အစစအရာရာ အဆင်ပြေကြပါစေကွာ"

မင်းပျိုနှင့်ခက် ထွက်လာခဲ့ကြတော့သည်။ နှစ်ယောက်စလုံး အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ပေမယ့် အချစ်ကပေးတဲ့ ခွန်အားကြောင့်…

အရာရာကို နှစ်ယောက် သတ္တိရှိစွာ ရင်ဆိုင်သွားကြမည်။



# အခန်း (၂၈)

ခက်နဲ့မင်းပျို ပထမဦးဆုံး အိမ်ငှားဖို့ရှာရသည်။ အစက ခိုးပြေးသာလာတယ်…ဘယ်သွားလို့ ဘယ်လာရမှန်းမသိပေ။ အသိတွေ၊ ဆွေမျိုးတွေဆီသွားရင် မင်းပျိုမိဘတွေ လိုက်လာမှာစိုးတာကြောင့် ဘယ်သွားရမှန်း မသိတာလေ။

အခုတော့…

နှစ်ယောက်သား အိမ်ငှားနေဖို့ တိုင်ပင်ပြီး ငှားမယ့်အိမ် လိုက်ရှာနေတာပါ။ ဒီနေရာအဆင်မပြေတော့ ဟိုနေရာ။ ဟိုနေရာ အဆင်မပြေတော့ ဒီနေရာနှင့် အချိန်က မိုးချုပ်စပြုလာပြီ။

"မင်းပျို"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"မိုးချုပ်တော့မယ်…အခုထိ အိမ်ငှားဖို့က အဆင်မပြေသေးဘူး။ တို့…ဘယ်လိုလုပ်ကြမလဲဟင်"

မင်းပျို စိတ်ညစ်ညစ်နှင့် ခေါင်းကုတ်မိမလိုဖြစ်ပြီးမှ မကုတ်ဖြစ်တော့ပေ။ ကိုယ်က စိတ်ညစ်တယ်လို့ ညည်းရင် ခက်က ပိုဆိုးမှာပေါ့။ ကိုယ်က ယောကျ်ားလေ။ ဖြစ်လာသမျှကို ရင်ဆိုင်ရဲရမည်။ ခက် အားငယ်မှာစိုးတာနှင့် ပြုံးပြလိုက်ရင်း…

"မိုးချုပ်တော့ရော ဘာဖြစ်လဲ… ခက်ရဲ့၊ နင့်အနားမှာ နင့်ယောကျ်ားတစ်ယောက်လုံး ရှိနေတာပဲ။ ဘာမှ စိတ်ပူမနေနဲ့။ တည်းခိုခန်းသွားအိပ်ကြတာပေါ့…မဟုတ်ဘူးလား"

"ဘာ"

"ဟင်…ဘာကိုဘာတာလဲ"

မေးတော့ ခက်မဖြေဘဲ မျက်နှာလွှဲပစ်လိုက်သည်။ နင့်ယောကျ်ားလို့ ပြောလိုက်တာကို နားထဲမှာ ကြားရတာ တစ်မျိုးကြီးပါပဲ။ ရှက်စိတ်နဲ့ မျက်နှာက ထူထူပူပူ ဖြစ်သွားလေသည်။ တကယ်တော့ သူမတို့နှစ်ယောက်ဟာ လင်မယားအရော မရောက်သေးပါဘူး။

ထို့ကြောင့်…

ကြားရတာ ကန့်လန့်ကြီး ဖြစ်နေသည်လေ။

"ခက်"

"ဘာလဲ"

"အမယ်လေးဗျာ…ငါ့မိန်းမ ထူးလိုက်တာ ညင်ညင်သာသာလေး…နားဝင်ကို ချိုနေတာပဲ"



"မင်းပျို"

"ဗျား"

"နင် ငါ့ကို အဲဒီလိုမခေါ်နဲ့နော်"

"ဟင်…ဘယ်လိုခေါ်တာကိုလဲ"

မင်းပျို သိလျက်နှင့် တမင် ရစ်လိုက်သည်။ စောစောက စိတ်ညစ်နေပေမယ့် အခုတော့ စပ်ဖြဲဖြဲပါပဲ။ ကိုယ့်အနားမှာ ကိုယ့်ချစ်သူလေးရှိနေတော့ စိတ်ညစ်တာသည် ခဏပါပဲ။ ချစ်သူ့မျက်နှာလေးကြည့်မိတာနှင့် စိတ်ညစ်တာက ပြေပျောက်သွားသည်သာ။

"မေးနေတာ ဖြေလေ…ဘယ်လိုခေါ်တာကို မကြိုက်တာလဲ။ ခက်လို့ခေါ်တာကို မကြိုက်တာလား၊ ငါ ပြောင်းခေါ်မှာပါဟ"

"နင်နော်"

"ဘာလဲဆို"

"ဟိုလိုကြီး ငါ့ကို မခေါ်နဲ့"

"ဘယ်လိုလဲဆို"

"မိန်းမဆိုတာကြီး"

"ဟား…ဟား…ဟား"

ခက် စူစူဆောင့်ဆောင့်နှင့် ပြောလေတော့ မင်းပျို အသံထွက်အောင် ရယ်လေသည်။ ဒါပေါ့လေ…ယောကျ်ားလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



က လက်ထပ်ကြမယ်ဆိုတာနဲ့ ဒီအခေါ်လေးကို မြတ်နိုးတန်ဖိုးထားစွာနဲ့ ခေါ်ချင်ပေမယ့် မိန်းကလေးတွေကျတော့ ရှက်လို့ အခေါ်မခံချင်ကြပေ။

နောက်တော့မှ…

မကြိုက်တဲ့ကြားက ခေါ်ရင်းခေါ်ရင်းပဲ နားယဉ်ကာ နှစ်သက်သွားရတာမျိုးပါ။ မင်းပျို…ခက်ပခုံးကို ဖက်လိုက်ပြီး–

"ခက်ရယ်…ခိုးပြေးလာပြီးမှတော့ တော်ရတော့မှာပဲဟာ။ ခေါ်မယ်…ဘာဖြစ်လဲ"

"မသိဘူး…သွား"

ခက်က မင်းပျိုကို တွန်းပစ်လိုက်လေသည်။

"ဘယ်ကိုသွားရမှာလဲ"

"သွားချင်တဲ့နေရာသွား"

"ဒါဆို သွားမယ်…တည်းခိုခန်းကို"

"ဟွန်း"

ခက် နှုတ်ခမ်းလေးစူပြီး မျက်စောင်းထိုးလေသည်။ ချစ်လို့ထိုးတဲ့ အချစ်မျက်စောင်းမို့ မင်းပျိုရင်ထဲမှာ ပန်းတွေ ပွင့်ပြီး တစ်လောကလုံး မွှေးပျံ့သွားသလိုပါပဲ။ အခက်အခဲမှန်သမျှကို သတ္တိရှိရှိ ရင်ဆိုင်ဖြတ်သန်းဖို့ အချစ်က ခွန်အားတွေ ထည့်ပေးထားပြီးသားပါလေ။

"တွေ့ပြီ…တွေ့ပြီ…ဟိုမှာ"

"ဟာ…ဟုတ်တယ်…မင်းပျို…ဟိုမှာ…မင်းပျို"



"ဟင်"

"ဟာ"

မိုးမမြင် လေမမြင်ဖြစ်နေကြတဲ့ မင်းပျိုနဲ့ခက်…အသံတွေကြားရာဆီသို့ ကြည့်လိုက်ကြတော့ ဟင်ကနဲ၊ ဟာကနဲ ဖြစ်သွားလေသည်။

"မင်းပျို"

"ခက်…နင် ဘာမှမကြောက်နဲ့"

ပြောပြီး မင်းပျို…ခက်လက်ကို တင်းတင်းဆုပ်ထားမိလေသည်။ လိုက်လာသော မင်းပျိုရဲ့ အဖေနဲ့အမေ။ ပြီးတော့ မင်းပျိုရဲ့ ဦးလေး။ ဦးဇော်မင်းဦးလည်း ပါလာလေသည်။ သူတို့ မင်းပျိုတို့ နှစ်ယောက်ဆီသို့ လာနေကြပြီ။

"တို့…ရဲရဲရင်ဆိုင်လိုက်ကြတာပေါ့။ တို့နှစ်ယောက်ကို သူတို့ ခွဲလို့မရစေရဘူး"

ခက် ခေါင်းညိတ်ပြီး သူ့လက်ကို ပြန်ပြီးဖိဆုပ်ထားမိသည်။ သူတို့နှစ်ယောက်ရဲ့ချစ်ခြင်းကို ခွဲမှာထက် ခက် ပိုကြောက်တာက ဦးဇော်မင်းဦးကိုပါ။ ဒီလူကြီး ဒဏ်ရာတွေနဲ့တောင် ပါလာပြန်ပြီ။ ကိုတိုး ဒီလောက်ထိုးခဲ့တာတောင် ဘာမှမဖြစ်ဘူးလား။

သူက ဘာကိစ္စလိုက်လာတာလဲ…

မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို ခက်ကို ဒုက္ခပေးတော့မယ်ထင်ပါရဲ့။

"မင်းပျိုမောင်"

www.burmeseclassic.com

www.burmeseclassic.com



မင်းပျို အမေ့ရဲ့ ရူးရူးရဲရဲအကြည့်နဲ့ တစ်ခွန်းချင်းခေါ်သံကြောင့် နောက်သို့ ခြေလှမ်းကို မသိမသာ ဆုတ်လိုက်မိသည်။

"နွားဖြစ်ချင်တဲ့ကောင်…နင်က ငါ ဒီလောက် အတန်တန် တားနေတဲ့ကြားက လှည်းကျူးကို ထမ်းဖြစ်အောင် ထမ်းမယ်ပေါ့လေ…ဟုတ်လား"

"အမေ"

လှည်းကျူးထမ်းတယ်ဆိုတဲ့စကားကြောင့် ခက် ကိုယ်လေး ဆတ်ကနဲ တုန်သွားလေသည်။ တစ်ကိုယ်လုံး ဖျင်းကနဲ ဖြစ်သွားတာပါပဲ။ ခက်ကို အဲဒီလောက်အထိ ပြောရအောင် ခက်က ဘာဖြစ်နေလို့လဲ။ ဦးဇော်မင်းဦး မတရားကြံခဲ့ပေမယ့် ကိုတိုးကူညီလို့ ဘာမှမဖြစ်ခဲ့ဘူးလေ။

ခက် ဘယ်နေရာမှာ ဘာဖြစ်ပြီး အပျိုရည်ပျက်ခဲ့လို့လဲ။ ဒါကို ပြောလိုက်တာများ ကိုယ့်အရှက်နှင့်သိက္ခာကို အောက်ဆုံးအထိ ဆွဲချလိုက်ပြီဆိုတော့…

"ဒီမှာ အန်တီ"

"ဘာလဲ"

"အန်တီ စကားပြောတာ သမီးချင်းမစာနာ မပြောပါနဲ့။ မင်းပျိုကို သူများလှည်းကျူးထမ်းတယ်ပြောရအောင် ခက်က ဘယ်ယောကျ်ားနဲ့ ဘာဖြစ်ခဲ့လို့လဲ…ပြောပါဦး"

"ဒါတော့ နင့်ကိုယ်နင် အသိဆုံးဖြစ်မှာပေါ့"

"အန်တီ…အဲဒီလို တစ်ဖက်သတ်မပြောပါနဲ့"



"အို…ဘာပဲဖြစ်ဖြစ် ညည်းနဲ့ ငါ့သားကို ငါ လုံးဝ သဘောမတူနိုင်ဘူး။ အခု ငါ့သားကို ငါပြန်ခေါ်ဖို့ လိုက်လာတာ။ နင်တို့ လင်မယားအရာမြောက်ပြီးတာ…မပြီးတာ ငါ နားမလည်ဘူး။ ငါ့သားကို ငါရအောင် ပြန်ခေါ်မယ်…ဒါပဲ"

"အမေ…အမေတို့ မတရားမလုပ်နဲ့နော်…ကျွန်တော် လုံးဝ ပြန်မလိုက်ဘူး"

မင်းပျိုကလည်း အကြောက်အကန် ငြင်းလေသည်။ ခက်ကတော့ အောက်နှုတ်ခမ်းကို ဖိကိုက်မိထားတာ ပြတ်ထွက်လုမတတ်ပါပဲ။ သူတို့က ချမ်းသာလို့ ကိုယ့်ထက် ပညာတွေ ပိုတတ်လို့ သဘောမတူဘူးဆိုရင် ထားပါတော့။ ဒါမှမဟုတ် ခက်က စာရိတ္တချို့ယွင်းပြီး ပျက်စီးနေတဲ့ မိန်းကလေးဆိုရင်လည်း နားလည်ပေးလို့ ရသေးသည်။

အခုတော့…

လက်ဖဝါးချင်းကို ကိုယ့်ဘက်က ကြက်ခြေးကိုင်ထားသလို အပြောခံနေရတော့ ရင်ရော၊ ကျောရော တစ်ကိုယ်လုံး နာကျင်မိပါသည်။ ခိုးရာလိုက်လာမိပြီဆိုတော့ ကိုယ့်ရဲ့ အရှက်နဲ့သိက္ခာက သွားပြီလေ။ ဒါကြောင့်သာပေါ့။ မဟုတ်ရင် မင်းပျိုကို ပြန်လိုက်သွားဆိုပြီး ခက် ဒီနေရာကနေ လှည့်ထွက်သွားတာ ကြာပါပြီ။

"ရှည်ရှည်ဝေးဝေး ပြောမနေနဲ့တော့ နှဲ့…ဟော့ကောင် မင်းပျို…မင်း ပြန်လိုက်မလား…မလိုက်ဘူးလား…ဒါပဲပြောကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မလိုက်ဘူး…အဖေ"

"မလိုက်ရင်…မောင်စိုး ဆွဲခေါ်ကွာ…ပြန်မလိုက်လို့မရဘူး…ပြန်လိုက်ခဲ့"

"ဟာ"

မင်းပျိုကို သူ့အဖေနှင့် သူ့ဦးလေးက အတင်းဆွဲခေါ်လေတော့သည်။

"နင်လည်း ငါနဲ့ လိုက်ခဲ့"

ဦးဇော်မင်းဦးကလည်း ခက်ကို ဆွဲခေါ်လေတော့ အခြေအနေက ရှုပ်ထွေးသွားလေတော့သည်။

"မလိုက်ဘူး…မလိုက်ဘူး…လူယုတ်မာကြီး…ရှင်လွှတ်နော်"

"ခက်"

"မင်းပျို"

"အဖေ…ကျွန်တော် တောင်းပန်ပါတယ်ဗျာ…ဖယ်ပါ။ ကျွန်တော်တို့ကို မခွဲပါနဲ့။ ဦးလေး…လွှတ်ပါဗျ…ဖယ်ပါ…ခက်"

"မင်းပျို…ငါ့ကို ကယ်ပါဦး"

"ခက်"

"အား"

"ခက်"

တစ်ယောက်ကို တစ်ယောက်ခေါ်ရင်းပဲ…





"ဒီလောက်မိုက်ချင်တဲ့ကောင်"

"ခွပ်"

"ကဲကွာ"

"ခွပ်"

မင်းပျိုကို သူ့အဖေက လက်သီးနှင့်ထိုးပြီး အတင်းဆွဲခေါ်သွားကြလေတော့ မင်းပျို ရုန်းရင်းကန်ရင်းနှင့်ပဲ ပါသွားလေတော့သည်။ ခက်မှာလည်း ဦးဇော်မင်းဦး ဆွဲခေါ်ရာနောက်သို့ ပါသွားလေတော့ ဘယ်တော့မှ မခွဲပါဘူးဆိုတဲ့ ချစ်သူနှစ်ယောက်…

တဖြည်းဖြည်းနှင့်…

ဝေးဝေးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂၉)

ခက် ရှုန်းကန်နေရင်းပဲ ယောကျ်ားနှင့်မိန်းမ အင်အားချင်း မညီမျှမှုကြောင့် ဦးဇော်မင်းဦး ဆွဲခေါ်ရာနောက်မှာ ပါနေသည်သာ။ နောက်မရမက ခြေကန်ရုန်းလေတော့…

"ဘယ်လိုဖြစ်နေတာလဲ…အေးအေးဆေးဆေး လိုက်ခဲ့စမ်း"

"ဘယ်လိုလိုက်ရမှာလဲ…မလိုက်ဘူး…လွှတ်"

"နင့်ကို ငါချစ်တယ် ခက်…သူများနောက် အပါမခံနိုင်ဘူး"

"ဘာ"

"နင်က ငါ့အတွက်ပဲဖြစ်ရမယ်"





"ခွေးကြီး…ခွေးစကားမပြောနဲ့။ လူယုတ်မာ…ရှင့်လက်ထဲမှာတော့ ဘဝပျက်မခံဘူး။ အသေပဲခံလိုက်မယ်…နားလည်လား"

ပြောပြီး ခက်…ဦးဇော်မင်းဦးရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်လေသည်။ ဦးဇော်မင်းဦး ယိုင်ကနဲဖြစ်သွားတဲ့ ကိုယ်ကို ပြန်ထိန်းပြီး…

"ကောင်မ…တော်တော်ခေါင်းမာနေတယ်ပေါ့လေ…ကဲ"

"ဖြန်း"

"အ"

ခက် မျက်နှာလေးလည်ထွက်သွားလေသည်။ သူမ ဒီလူကြီးလက်ကနေ လွှတ်ပါဦးမလား။ သူမဘဝ ရေတိမ်နစ်ရတော့မှာလား။ ခက် အဲဒီလိုတော့ အဖြစ်မခံနိုင်ပေ။ ဘာပဲဖြစ်ဖြစ် ကိုယ့်အရှက်ကို အသက်နဲ့လဲပြီး ကာကွယ်ရမှာပဲပေါ့။

ထို့ကြောင့်…

နာကျင်မှုဝေဒနာကို ဂရုမစိုက်နိုင်ဘဲ ကိုယ်ကို ချက်ချင်းပြန်မတ်ကာ ပြေးလေလျှင်…

"ခက်"

"…………"

"နင် မပြေးနဲ့နော်"

ဦးဇော်မင်းဦးကလည်း အတင်းလိုက်ပြီး ခက်လက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ဆွဲလေသည်။ ပြီးတော့ လွယ်အိတ်ထဲမှာ အရာတစ်ခုကို ထုတ်ယူလိုက်တာ လက်ကနဲ မြင်လိုက်ရတော့ ခက် လန့်သွားရ၏။ ဓားပါလား…ညဘက်မို့ ခပ်လှမ်းလှမ်းက လမ်းမီးရောင်နှင့် လက်ကနဲ မြင်လိုက်ရသည်လေ။

ပထမတော့ ကြောင်သွားပြီး…

နောက်ကျတော့ အသက်ချင်းလဲဖို့ ဆုံးဖြတ်လိုက်တော့၏။ ထို့ကြောင့် ဖြစ်ချင်ရာဖြစ်ဆိုပြီး ဓားကိုလုဖို့ ကြိုးစားလိုက်စဉ်မှာပဲ ဦးဇော်မင်းဦး ဓားကိုဇိထားတဲ့လက်ကအမြောက် ခက်ပါးပြင်ကို ဓားက ခြစ်သွားလေတော့သည်။

"အား"

"ဟင်"

ခက် ပါးပြင်ကို လက်ဝါးနှင့်အုပ်ပြီး နောက်ဆုတ်သွားစဉ်မှာပဲ…

"ကျွတ်…မထူးတော့ပါဘူး…ကဲ"

ဦးဇော်မင်းဦး ဘယ်လိုတွေးပြီး ဘယ်လိုစိတ်ပေါက်သွားသည်မသိတော့ပေ။ ခက်မျက်နှာကို ဓားနှင့် လိုက်ခြစ်တာ တစ်ချက်ပြီးတစ်ချက်ပါပဲ။ ခက်မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ဘာမှပြန်မလုပ်နိုင်ပေ။ လမ်းပေါ်မှာ….

လူသွားလူလာရှိနေပေမယ့်…

မမြင်ဘဲ မမြင်ကြတာလား။ ကိုယ်နဲ့ မဆိုင်ဘူးဆိုပြီး ဥပေက္ခာပြုနိုင်ကြတာလား။ ခက်ကို ကူညီမယ့်သူ မရှိပေ။



"ဟာ…ဟေ့လူ…ဘာလုပ်တာလဲဗျ"

"ကောင်မလေးကို ဓားနဲ့ ဘာလုပ်တာလဲ"

အခုမှပဲ လူသံတွေကြားလေတော့ ခက် ဦးဇော်မင်းဦး ကြောင်ကြည့်နေတုန်းမှာ ပြေးမိပြေးရာ ပြေးခဲ့လေတော့သည်။

"ဟာ…ကောင်မလေး ပြေးပြီ"

"ပြေးပစေ…ဒီလူကိုပဲ မိအောင်ဖမ်းရမှာ"

"အေး…ဟုတ်တယ်"

"ဟေ့လူ…ကောင်မလေးကို ခင်ဗျား ဘာလုပ်တာလဲ…ပြော"

ဦးဇော်မင်းဦး ဘယ်လိုဖြေရှင်းလဲ ခက် မသိတော့ပေ။ သူ့လက်ကလွှတ်ပြီးရော ပြေးထွက်လာခဲ့တာ ဘယ်ရောက်လို့ဘယ်ပေါက်နေမှန်း မသိတော့ပေ။ လမ်းချိုးတစ်ခုမှာ ခက် ချိုးကွေ့လိုက်သည်တွင် ကားမီးရောင်က ဖူးကနဲ ဝင်လာပြီး ကားက ကိုယ့်ဆီကို တည့်တည့်ကြီးလာတော့…

ခက်မှာ ရှောင်ချိန်မရ…

ဆက်လည်းမပြေးနိုင်တော့။ သွားပြီဆိုတဲ့အသိနဲ့ ဒူးကို ညွှတ်ချပစ်လိုက်မိတော့သည်။ ပါးစပ်ကတော့…

"အား"

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၀)

"အား"

ခက် ယောင်အော်လိုက်မိပြီး ငုတ်တုတ်ထထိုင်လိုက်မိသည်။ ပြီးတော့ ကိုယ့်မျက်နှာကို လက်နှင့် စမ်းကြည့်မိတော့၏။ ဩော်…တကယ်မဟုတ်တော့သည့်တိုင် တကယ်ဖြစ်တဲ့ အဖြစ်အပျက်ကို တွေးမိတိုင်း မျက်နှာက နာကျင်သလို ခံစားရသည်သာ။

ပိုဆိုးတာက…

ရင်ထဲမှာ ပိုပြီးနာကျင်မိတာပါပဲ။ ဦးဇော်မင်းဦး ဒီနာမည်ကို သတိရလိုက်မိတာနှင့် ခက် အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်သည်။ သူ အမေ့ကို ဘယ်လိုညာထားလဲ။ အမေ့ကို အနိုင်ကျင့်နေတာမြင်ရတော့ သတ်ပစ်ချင်စိတ်ပေါက်မိသည်။





ခက်…

အိပ်ရာထဲကနေ ထလာပြီး ရေသောက်လိုက်မိ၏။ အာခေါင်တွေ ခြောက်နေလို့လေ။ ရေသောက်ပြီးမှ…

ဟူး…

ဒေါက်တာနွေလှလင်နဲ့သာ မတွေ့ခဲ့ရင် ခုလောက်ဆို ခက်ဘ၀ ဘယ်သောင်တင်ပြီး ဘယ်ကမ်းဆိုက်နေမလဲ မပြောတတ်တော့ပေ။ ခက် သူ့ကားရှေ့မှာ လဲကျလို့ ကူညီခဲ့တာ။ ဒဏ်ရာတွေနဲ့မို့ ချက်ချင်း ဆေးရုံပို့ခဲ့ရတာတဲ့လေ။ အဲဒီတုန်းက ဆရာဝန်တွေရော၊ ရဲတွေရော…

ခက်ကို ဟိုမေးဒီမေးနဲ့…

ခက် ရူးကြောင်ကြောင်ပုံစံလုပ်ပြီး ဘာမှမဖြေခဲ့ပေ။ အဖြစ်နဲ့ကိုသိရင် ခက်ကို အိမ်ပြန်ပို့ကြမှာ။ ခက် အိမ်ကိုမပြန်ချင်ဘူးလေ။ ဘယ်သူနဲ့မှလည်း မတွေ့ချင်တော့ပါဘူး။ ပြဿနာတွေလည်း မရှင်းချင်တော့ပါဘူး။ ပြီးခဲ့တာကို ပြီးခဲ့တဲ့အတိုင်း ထားလိုက်ချင်လို့…

ဘာမှမပြောခဲ့တာပေါ့။

လမ်းပျောက်နေတဲ့ ခက်ဘ၀ကို အလင်းပြပေးခဲ့သူက အခု ခက် ကိုကြီးလို့ခေါ်နေတဲ့ ဒေါက်တာနွေလှလင်ပါ။ ကိုကြီးက ခက်ကို ဆေးကုပေးတဲ့အပြင် သူ့ညီမလေးတစ်ယောက်လို ပြုစုစောင့်ရှောက်ခဲ့သည်။ အဲဒီကျေးဇူးတွေက ခက် ဒီတစ်သက် ဆပ်လို့ကုန်မှာ မဟုတ်တော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့…

ခက် သိလိုက်ရတာ ကိုကြီးဇနီး ဆုံးပြီးတာ မကြာသေးဘူးတဲ့။ ဆောင်းလုလင်လေးက မေမေ ပြန်မလာသေးဘူးလားလို့ မေးတိုင်း ဆေးရုံမှာ ဆေးကုနေတယ်လေလို့ ဖြေပြီး ညာထားခဲ့ကြတာ။

တစ်နေ့…

“ခက်”

“ရှင်…ကိုကြီး”

“ခက်ကို ကိုကြီး…ပြောစရာရှိလို့”

“ဟုတ်ကဲ့…ပြောပါ ကိုကြီး”

ပြောပါဆိုတော့ တော်တော်နှင့်မပြောပေ။ ခက်ကို ပြောရမှာ အားနာနေတယ်ထင်ပါရဲ့။

“ကိုကြီး…ပြောလေ”

လို့ ခက်ကပြောမှ သက်ပြင်းချပြီး…

“ခက်ဆီက ကိုကြီး အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ။ အကူအညီမတောင်းသင့်မှန်းတော့ သိပါတယ်။ ဒါပေမဲ့ သမီးလေးကို သနားလို့ ခက်ဆီက အကူအညီတောင်းမှာပါ”

“ကိုကြီးရယ်…ခက်က အားနာနေရမယ့်သူလား။ ခက်မှာ ကိုကြီးပေးတဲ့အသက်ပဲ ရှိတော့တာပါ။ ပြောသာပြောပါ… ခက် ကူညီပါ့မယ်”

“ကိုကြီး… ခက်ကို ကျေးဇူးတရားနဲ့ တုပ်နှောင်သလို



ဖြစ်မှာစိုးလို့ပါ”

“မဟုတ်တာ ကိုကြီးရယ်…တစ်ယောက်ကျေးဇူး တစ်ဦးမေ့တ္တာပေါ့။ ကျေးဇူးတရားနဲ့ တုပ်နှောင်တယ်လို့ သဘောမထားပါနဲ့။ ခက်…ကူညီနိုင်တာဆိုရင် ပြန်ကူညီပါရစေ”

နွေလုလင် သက်ပြင်းချပြန်လေသည်။ အပြောရခက်နေသည်ထင်ပါရဲ့။ ဒါကြောင့် ခက်…အန်တီမြမျက်နှာကို လှမ်းကြည့်လိုက်လေလျှင် အန်တီမြက…

“သားက ပြောမထွက်တော့ အန်တီပဲ ပြောပါတော့မယ်ကွယ်”

“ဟုတ်ကဲ့…ပြောပါ အန်တီ”

“ဒီလိုပါ…ခက်ရယ်…သားရဲ့ဇနီး ပန်းရောင်ခြယ်ဆုံးသွားတာကို ခက် သိတယ်မဟုတ်လား”

“ဟုတ်ကဲ့…ကိုကြီးနဲ့အန်တီ ပြောပြလို့ ခက် သိပါတယ်”

အန်တီမြက ခေါင်းညိတ်လိုက်ပြီး…

“ပန်းရောင် ဆုံးသွားတဲ့ကိစ္စ အန်တီတို့ ဆောင်းလေးကို အခုထိ ဖွင့်မပြောရသေးဘူးလေ…ကလေးက မေမေ ပြန်မလာသေးဘူးလားလို့ မေးတိုင်း မေမေက နေမကောင်းလို့ ဆေးရုံတက်နေတာ၊ ပြန်လာလို့ မရသေးဘူး၊ နေကောင်းမှ ပြန်လာမှာလို့ ညာထားကြတာ။ ကလေးကို ပြောမထွက်ဘူးကွယ်။ ပြောလိုက်ရင် မြေးလေး စိတ်ထိခိုက်မှာစိုးလို့ပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အခု…ခက်က ပန်းရောင်နဲ့ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားက သိပ်မကွာဘူးလေ။ ပြီးတော့ ခက်မျက်နှာက ဒဏ်ရာတွေကုရမယ့်အတူတူ ပန်းရောင်မျက်နှာမျိုး အစားထိုး ပြုပြင်လို့ရခဲ့ရင်"

ဒေါ်မြမြမိုး စကားကို ဆက်မပြောဘဲ ဖြတ်ထားလေသည်။ ခက်ကို ပြောရမှာ အားနာနေတယ်ထင်ပါရဲ့။ ခက်ကလည်း ဆက်မပြောတဲ့စကားကိုပဲ ဘာဆိုတာ အတိအလင်း သိချင်နေသည်။ သူတို့ ဘာဖြစ်ချင်တာလဲ။ ဘာဖြစ်စေချင်တာလဲ။

ဘာပဲဖြစ်ဖြစ်…

ခက်က ကိုကြီးပေးတဲ့အသက်နဲ့ ဆက်လက်ရှင်သန်ခွင့်ရနေ သူပါ။ ဒါကြောင့် ဘာပဲလုပ်ပေးရ လုပ်ပေးရ လုပ်ပေးချင်သူပါ။

"ဆက်ပြောပါ အန်တီ…ခက်ကို အားမနာပါနဲ့"

"အေးကွယ်…ပြောရမှာ အားတော့နာပါတယ်။ ဒါပေမဲ့ မပြောလို့ကလည်း မဖြစ်။ ဒီလိုပါ…ခက်မျက်နှာက ဒဏ်ရာ တွေပျောက်အောင် အန်တီတို့ ကုန်ချင်သလောက်ကုန်ပါစေ… ကုပေးမယ်။ နိုင်ငံခြားမှာ သွားကုပြီး ပလပ်စတစ်ဆာဂျီလုပ်လို့ ရရင် ပန်းရောင်မျက်နှာ အစားထိုးမယ်။ တကယ်လို့ အောင်မြင် ခဲ့ရင် ခက်… ပန်းရောင်အဖြစ်နဲ့ မြေးလေးအပေါ် အမေ တစ်ယောက်လို ဂရုစိုက်ပေးနိုင်မလားလို့ပါ။ မြေးလေးအတွက် လိုအပ်တဲ့ မိခင်တစ်ယောက်ရဲ့ နွေးထွေးမှု…ကြင်နာယုယမှုလေး



ပေးပါလို့ အန်တီ…မေတ္တာရပ်ခံချင်ပါတယ်"

"ရှင်"

ခက် ကိုယ်လေးမတ်သွားလေသည်။ အန်တီပြောပုံက ခက်က မမပန်းရောင်အဖြစ် ဟန်ဆောင်ပေးရမယ်ပေါ့။ အဲဒီလို လား။ ဒါမှမဟုတ်…ကိုကြီးနဲ့…

"သြော်…ဒီလိုပါ ခက်…မေမေပြောတာက ဒီလိုပါ"

စကားရဲ့အဆုံးသတ်က မရှင်းမရှင်းဖြစ်သွားလေတော့ နွေလုလင် ပျာပျာသလဲနှင့် ရှင်းပြလေသည်။

"ခက်…ပန်းရောင်အဖြစ်နဲ့ သမီးလေးအပေါ်မှာ ပြုစုယုယ ပေးရုံပါပဲ။ သမီးလေးအမြင်မှာ ခက်ကို သူ့အမေလို့မြင်ပြီး သမီး လေး စိတ်ချမ်းသာဖို့သက်သက်ပါ။ ကိုကြီးနဲ့ ဘာမှ မပတ်သက် ရပါဘူး။ အခုလို ဟန်ဆောင်ခိုင်းတာလည်း အချိန်အတိုင်းအတာ တစ်ခုအထိပါ။ နောက်တော့လည်း ဖြည်းဖြည်းချင်း သမီးလေးကို နားလည်အောင် ပြောပြရမှာပေါ့"

"သြော်"

"ခက်…ကျေညီလို့ ခက်ရဲ့လွတ်လပ်ခွင့်ကိုလည်း ကိုကြီးတို့ ဘာမှ မပိတ်ပင်…မတားဆီးပါဘူး"

ဒီတော့မှ ခက် သက်ပြင်းချလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် ခက် ကျေညီမှာပါလေ။ ခက်မှာ အမေမွေးပေးတဲ့ အသက်မရှိ တော့တာ။ ကိုကြီးနဲ့ လက်ထပ်ရမယ်ဆိုလည်း ခက် မငြင်းပါ ဘူး။ မချစ်နိုင်ပေမယ့် သံယောဇဉ်ရှိသည်ပဲလေ။ ခက် ဘာကိုမှ

www.burmeseclassic.com

www.burmeseclassic.com



မက်မောလို့ မဟုတ်ပါဘူး။

ကျေးဇူးဆပ်ချင်ရုံသက်သက်နဲ့ ဘာမဆို လုပ်ပေးချင်တာပါ။

"ဟုတ်ကဲ့…ခက် ကူညီနိုင်ပါတယ် ကိုကြီး… ကိုကြီး စီစဉ်စရာရှိတာကိုသာ စီစဉ်ပေးပါ"

"ဟယ်"

"ဟာ"

ကူညီမယ်ဆိုတာနှင့် ကိုကြီးတို့သားအမိ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြတာ ကမ္ဘာပေါ်မှာ အလှဆုံးနဲ့ အချိုဆုံး အပြုံးတွေပါ။

"ကျေးဇူးတင်ပါတယ် ခက်ရယ်…တကယ်ပါ။ အန်တီ ဘယ်လိုဝမ်းသာမှန်းကို မသိတော့ဘူး"

"ခက်"

"ရှင်…ကိုကြီး"

"ဒါဆို ကိုကြီး စီစဉ်စရာရှိတာ စီစဉ်လိုက်တော့မယ်နော်"

"ဟုတ်ကဲ့ပါ ကိုကြီး"

ကူညီပါ့မယ်လို့ ကတိပေးပြီးနောက်မှာ ခက်ဟာ ကိုကြီး ကြိုးဆွဲရာကခဲ့တဲ့ အရုပ်တစ်ရုပ်ပါ။ ခွဲစိတ်ကုသမှုက အောင်မြင်ခဲ့သည်လေ။ ဒီလိုအချိန်တွေမှာ ခက် အမေ့ကို သတိရသည်၊ အိမ်ပြန်ချင်သည်။ ဒါပေမဲ့ အခြေအနေက ပြန်လို့မရခဲ့ပေ။

ပန်းရောင်ခက်ဆစ်ဆိုတာ…

ပတ်ဝန်းကျင်ရဲ့အမြင်မှာ သေသလား၊ ရှင်သလား မသိ၊ သေလူလို့ သတ်မှတ်ခံထားရသူပါ။ အသက်မသေပေမယ့် ဘဝကတော့ သေသွားခဲ့သည်လေ။ ခက်ဆိုတဲ့ မိန်းကလေးက ပျောက်ကွယ်သွားခဲ့ပြီး ရှင်သန်နေရတဲ့ဘဝက ပန်းရောင်ခြယ်အဖြစ်နဲ့ပေါ့။



တကယ်တော့…

ဘာတွေ ဘယ်လိုပဲ ပြောင်းလဲခဲ့ပါစေ၊ ဒီခန္ဓာကိုယ်က မပြောင်းလဲတော့ ရင်ထဲမှာရှိတဲ့ နှလုံးသားကလည်း အရင်လို အရင်အတိုင်းပဲပေါ့။ အချစ်နဲ့ မပတ်သက်မိအောင် ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူးလေ။ ချစ်မိပြီဆိုတော့…

အဲဒီအချစ်က ခိုင်မြဲစွာနဲ့…

သူ့အပေါ် မဖောက်မပြန် သစ္စာရှိစွာနဲ့ ချစ်ဆဲ…ချစ်မြဲ…ချစ်နေလျက်ပါလေ။

ငါ နင့်ကို အရမ်းချစ်တယ်…မင်းပျို။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၁)

ဆောင်းလေးက စာမေးပွဲဖြေပြီးလို့ ကျောင်းပိတ်ပြီ။ ဒါကြောင့် မင်းပျို ကျောင်းပို့ကျောင်းကြို မလုပ်ရတော့ဘူးလေ။ ဒေါ်နီ ဈေးသွားရင် လိုက်ပို့၊ ကျန်တဲ့လူတွေ သွားစရာရှိရင်လိုက်ပို့နဲ့ ဗာဟီရတွေလည်း ကိုယ်နဲ့မဆိုင်သလို မနေဘဲ ကူလုပ်ပေးသည်သာ။

ဒါကြောင့်…

မင်းပျိုကို တစ်အိမ်လုံးက ခင်မင်ကြသည်လေ။ အန်တီမြဆို မင်းပျိုကို မုန့်ဖိုးခဏခဏ ပေးသည်။ မင်းပျိုက သူ့အလုပ်ကိုယ့်အလုပ် မခွဲခြားဘဲ ဝင်ကူလုပ်တာကိုး။ အခုလည်း မမလေး ပန်းရောင် ကြမ်းတိုက်နေတာကို မြင်ရတော့ ကူတိုက်ပေးမယ်ဟု စိတ်ကူးကာ ပုဆိုးကို ပြင်ဝတ်လိုက်ပြီး…





“မမလေး”

ပန်းရောင်က ကြားဟန်မတူ…

“မမလေး…မမလေး…ဖယ်…ကျွန်တော် တိုက်ပေးမယ်”

“ဟင်”

ပန်းရောင် သူ့ကို မော့ကြည့်လိုက်စဉ်မှာပဲ…

“မမလေး…ဖယ်ပါ၊ ကျွန်တော် တိုက်မယ်”

“ရပါတယ်”

“မရနဲ့…ကျွန်တော်လည်း အလုပ်မရှိတော့ ပျင်းနေတာဗျ”

ပြောရင်း မင်းပျိုက တိုင်ချလိုက်တော့ ပန်းရောင် မတ်တတ်ရပ်လိုက်သည်။ ကိုယ်ဟာ ပန်းရောင်ခက်ဆစ်ပေမယ့် ပန်းရောင်ခြယ်အဖြစ်နဲ့ ရပ်တည်နေရသူမို့ သူနဲ့ကိုယ့်ကြားမှာ စည်းတစ်ခုခြားနေသလိုပါပဲ။ ကိုယ်က အိမ်ရှင်လိုအဖြစ်နဲ့…

သူက သခင်ကို ဆက်ဆံသလိုမျိုး ကိုယ့်ကို ရိုသေလေးစားနေတော့ ပန်းရောင် မခံစားနိုင်ပေ။ ငါက နင့်ရဲ့အလုပ်ရှင် မဟုတ်ပါဘူး မင်းပျိုရယ်။ ဆပ်ပြာကောင်းလို့ လှနေရတဲ့ ခေါင်းပေါင်းစပါ။

“မေမေ”

“ဟင်”

“မေမေ”

“ဟော…သမီး”



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလေးက လှေကားကနေ ဆင်းလာပြီး ပန်းရောင်ခါးကို ပြေးဖက်လေသည်။ ပြီးတော့ ပန်းရောင်မျက်နှာကို မော့ကြည့်ကာ...

"မေမေ...ပြင်ဦးလွင်ဇာ ဘိုးဘိုးနဲ့ဘွားဘွား ဖုန်းဆက်တယ်...သိလား"

"ဟုတ်လား...ဘာတွေပြောကြလဲ သမီး"

ဟန်လုပ်မေးရပေမယ့် ရင်ထဲမှာ စိုးထိတ်သွားရှာသည်သာ။ ကိုကြီး အကျိုးအကြောင်း ပြောပြထားလားမသိပါဘူး။ တော်ကြာ အလိမ်တွေပေါ်ကုန်မှာစိုးတာပါ။ ကလေးကို စိတ်မထိခိုက်စေချင်ဘူးလေ။

"ဘိုးဘိုးနဲ့ဘွားဘွားက သမီးတို့ကို အလည်လာခဲ့ဦးတဲ့။ ဘွားက ဆောင်းကို အရမ်းသတိရနေတာတဲ့ မေမေရဲ့"

"ဟုတ်လား"

"ဟုတ်...ဖေဖေက လိုက်ပို့မယ်တဲ့။ အဲဒါကြောင့် သမီးပျော်နေတာ။ မေမေရော ဘိုးဘိုးဘွားဘွားတို့နဲ့ တွေ့ရမှာ...မပျော်ဘူးလားဟင်"

ခက် အဖြေရခက်သွားလေသည်။ ကိုယ်က တကယ်ပန်းရောင်ခြယ်အစစ်မဟုတ်တော့ ဘယ်လိုလုပ်ပြီး ပျော်နိုင်ပါ့မလဲလေ။ မဖြစ်မနေ လိုက်ရမှာတော့ အမှန်ပါပဲ။ မမပန်းရောင်ရဲ့မိဘတွေက သူတို့သမီးမဟုတ်တဲ့ ကိုယ့်ကို ဘယ်လိုဆက်ဆံကြမလဲ။ ကြည်ဖြူကြပါ့မလား။



ဒါကိုပဲ ပန်းရောင် တွေးပြီးစိတ်ပူမိတာပါ။ တကယ်တော့ ကိုယ်က အဖြည့်ခံဘဝ။ ဒါကို သူတို့ နားလည်ကြပါ့မလား။

"မေမေ"

"ဟင်"

"သမီးမေးတာကို ဖြေဦးလေ...မေမေရော ပျော်လားလို့"

"ပျော်တာပေါ့ သမီးရယ်...မေမေ ပျော်တာပေါ့"

"ဟုတ်တယ်...ပန်းရောင်...ဟိုက သူ့အဘိုးနဲ့အဘွားက ပန်းရောင်ကိုရော သူ့မြေးကိုရော အရမ်းတွေ့ချင်နေတာ။ အဲဒါကြောင့် ကိုကြီးတို့...သွားကြတာပေါ့"

ဆောင်း...အဖေကိုကြည့်လိုက်၊ အမေကိုကြည့်လိုက်နှင့်ပြီးတော့ ခပ်တွေတွေလေးဖြစ်သွားပြီး...

"ဖေဖေ"

"ပြောလေ...သမီး"

"မေမေကလေ...ဟို"

"ဘာလဲ သမီး...ပြောပါ"

ဆောင်း မျက်မှောင်လေးကြုတ်သွားပြီး...

"အရင်က မေမေကလေ ဖေဖေ့ကို အဲလိုခေါ်တာ မဟုတ်ပါဘူး။ အခု ဘာလို့ ကိုကြီးလို့ခေါ်တာလဲ။ အဲဒါကို သမီးမေးမလို့ မေ့နေလို့"

"ဟင်"

"ဟယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းလေးစကားကြောင့် နွေလုလင်နဲ့ပန်းရောင် အကြည့်ချင်းဆုံသွားကြလေသည်။ သမီးက တော်တော်စေ့စပ်သေချာပါလား။ ဒါကစ မှတ်ထားလိမ့်မယ်လို့ မထင်ခဲ့မိပါဘူး။ သူတို့နှစ်ယောက်လုံး ဆွံ့အသူတွေလို ဖြစ်သွားပြီး…

မင်းပျိုမှာလည်း…

ကြမ်းတိုက်တာကို ရပ်ပြီး အစ်ကို၊ မမလေးနဲ့ ဆောင်းလေးမျက်နှာကို တစ်လှည့်စီ ကြည့်လိုက်မိသည်။

“သြော်…အဲဒါလား၊ အဲဒါက ဒီလို သမီးရဲ့…သမီးမေမေက ဖေဖေ့ကို အရင်ကလို ကိုကိုလို့ မခေါ်ချင်တော့ဘူးတဲ့။ ကိုကြီးလို့ ပြောင်းခေါ်ကြည့်ချင်တယ်ဆိုပြီး ကိုကြီးလို့ခေါ်တာ”

“သြော်”

မင်းပျို နားလည်ရခက်စွာနှင့် မျက်ခုံးနှစ်ဖက် စုကျုံ့သွားလေသည်။ အခေါ်အဝေါ်ကို ရိုးတယ်လို့ ပြောင်းခေါ်တယ်တဲ့လား။ ပြီးတော့ မင်းပျို သတိထားမိသလောက် အစ်ကိုနဲ့မမလေးကြားမှာ တစ်ခုခု လိုအပ်နေသလိုပါပဲ။ လင်မယားသာဆိုတယ်··

ရန်ဖြစ်စိတ်ကောက်တာမရှိကြပေမယ့်…

ကြင်နာယုယစွာ နွေးနွေးထွေးထွေးလည်း မရှိကြပေ။ ချစ်လို့ယူထားကြတဲ့ လင်မယားမဟုတ်ဘူးလား။ ကလေးပဲ ဒီအရွယ် ရောက်နေပြီ။ ဆက်ဆံပုံက သူစိမ်းတွေလိုပါ။ တစ်ယောက်နဲ့တစ်ယောက် ရိုသေလေးစား သံယောဇဉ်ရှိပုံဟန်တွေကတော့ အပြည့်ပါပဲ။





ဒါပေမဲ့…

မင်းပျို့အထင်မှာ လင်မယားနဲ့မတူသလို ဖြစ်နေတာလေ။ သူတို့နှစ်ယောက်ကြားမှာ ဘယ်လိုစည်းခြားပြီး ဘာလျှို့ဝှက်ချက်တွေရှိနေလဲ မသိပါဘူး။ နားကိုမလည်နိုင်တော့တာ။

“မင်းပျို”

“ဗျာ…အစ်ကို”

“မင်း…ပြင်ဦးလွင်ကို ရောက်ဖူးလား”

“အဟဲ…မရောက်ဖူးသေးဘူး…အစ်ကိုရ”

“ဒါဆို ရောက်ဖူးတော့မှာပေါ့ကွာ…တို့…ပြင်ဦးလွင်သွားရင် မင်းပါ လိုက်ခဲ့ရမယ်”

“ဟာ”

မင်းပျို ဝမ်းသာသွားလေသည်။ သူ ပြင်ဦးလွင်ကို ရောက်ဖူးချင်နေတာပါ။ အကြောင်းအပေါင်းမသင့်တော့ ရောက်ဖူးချင်ပေမယ့် မသွားဖြစ်ခဲ့ဘူးလေ။ အခု အစ်ကိုက လိုက်ခဲ့ရမယ်ဆိုတော့ ဝမ်းသာလိုက်တာ။

“အစ်ကို…ကျွန်တော် တကယ်လိုက်ရမှာလား”

“တကယ်ပေါ့ကွ”

“ဟာ…ဝမ်းသာလိုက်တာဗျာ”

“ဦးဦး”

“ဟော”

“ဦးဦး…ပျော်သွားတာလား”



www.burmeseclassic.com

www.burmeseclassic.com



“ဒါပေါ့…မီးမီးရ၊ ဦးဦးက ပြင်ဦးလွင်ကို မရောက်ဖူးတော့ သွားချင်နေတာ”

“မီးမီးလည်း ပျော်နေတာ ဦးဦးရဲ့…ဟိုရောက်ရင် ဦးဦးကို မီးမီး ဆွယ်တာအကျႌ ဝယ်ပေးမယ်…သိလား”

“တကယ်နော်…မီးမီး”

“တကယ်ပေါ့ ဦးဦးရ…ကတိ…ကတိ”

မင်းပျိုနဲ့ ဆောင်းလေး ပျော်နေတာကိုကြည့်ပြီး ပန်းရောင် ပြုံးမိသည်သာ။ နင်ပျော်နေတာမြင်ရတော့ ငါလည်း ပျော်ပါတယ် မင်းပျိုရယ်။

“ပန်းရောင်”

“ရှင်”

နွေလုလင် ပန်းရောင်ကိုကြည့်ပြီး ဘယ်လိုနားလည်လိုက်ရမှန်း မသိပေ။ ပန်းရောင်…မင်းပျိုကိုကြည့်တဲ့အကြည့်တွေက တစ်မျိုးပါပဲ။ ထိုမျက်ဝန်းရိပ်ကို သူဘာသာပြန်တတ်သလိုလို မပြန်တတ်သလိုလို ဖြစ်နေတာပါ။

“ပြင်ဦးလွင်ကို မနက်ဖြန်သွားမှာဆိုတော့ ဒီနေ့ ယူစရာရှိတာတွေ ပြင်ဆင်ထား…နော်”

“ဟင်…သွားမယ်ဆိုတော့ ဆိုင်းမဆင့် ဗုံမဆင့်…မြန်လှချေလား ကိုကြီးရဲ့”

နွေလုလင် ရယ်လိုက်ပြီး…

“ခရီးသွားတာ ဆိုင်းတွေ…ဗုံတွေ ဆင့်နေစရာမှ မလိုတာ





ပန်းရောင်ရဲ့…အလည်သွားမှာလေ။ ဓာတ်ပွဲသွားကမှာမှ မဟုတ်တာ”

“ဟုတ်သားပဲ…မမလေးရဲ့၊ ဓာတ်ကသွားမှာမှ မဟုတ်တာ။ ဟုတ်ချင်းဟုတ် နတ်ပဲသွားကမှာ။ ဟီး…မမလေးက နတ်ကတော်”

“ဘာ”

“ဟီး”

“ပျိုပျိုစုတ်…နင်နော်”

“ဟင်”

ခက် စိတ်လွတ်သွားသည်။ ပျိုပျိုလို့ ခေါ်လိုက်မိပြီးမှ အခြေအနေမှန်ကို သတိရကာ ပါးစပ်ကို အတင်းပိတ်လိုက်မိ၏။ ဒါပေမဲ့ ခေါ်ပြီးသွားပြီကိုလေ။ မင်းပျိုလည်း သူမကိုကြည့်ပြီး ကြောင်တောင်တောင်ပုံစံနှင့် ပါးစပ်က ပွင့်ဟလျက်ပါ။

ပျိုပျိုတဲ့…

ပျိုပျို…ပျိုပျိုမဆိုတဲ့ နာမ်စားကိုသုံးတာ ဘယ်နှယောက်ရှိလဲ။ လက်ချိုးရေတွက်လို့ ရပါသည်။ အခု မမလေးက သူ့ကို ပျိုပျိုတဲ့။ ဒါ…စတာနောက်တာသက်သက်မှာ တိုက်ဆိုင်မှုတစ်ခုလား။ ခေါ်လိုက်တဲ့အသံကလော့ ခက်…အသံနဲ့ တစ်ထပ်တည်းပါလေ။

မင်းပျိုရင်ထဲမှာ…

ဖော်မပြနိုင်တဲ့ ဝေဒနာတစ်ရပ် ဖြစ်တည်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ အသည်းနှင့်အောင် ချစ်ခဲ့ရပါသော ခက်။ အခုထိဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်းမသိ။ မင်းပျို့ သွားလေရာအရပ်မှာ ခက်အကြောင်းကို စုံစမ်းနေခဲ့တာပါ။

အခု…

ခက် ခေါ်တတ်တဲ့နာမ်စားလေး အခေါ်ခံလိုက်ရတော့ မျက်ရည်က ချက်ချင်းဝေ့တက်လာတာ ထိန်းမရ၊ သိမ်းမရပါ။

"မမလေး"

ခေါ်သံက ငိုသံပါကြီးနှင့်ပါ။

"မမလေး…ကျွန်တော့်ကို စချင်နောက်ချင်ရင် အခြားနာမ်စားနဲ့ပဲ ခေါ်ပါဗျာ။ ပျို့ပျို့လို့တော့ ကျွန်တော့်ကို မခေါ်ပါနဲ့"

"ဆောရီး…ဆောရီးပါ မင်းပျို့"

ခက်လည်း ငိုချင်စိတ်ပေါက်လာတာကြောင့်…

"ကိုကြီး"

"ဟင်"

"ခက်…ပြင်စရာရှိတာတွေ သွားပြင်လိုက်တော့မယ်နော်"

တစ်ဖက်က အဖြေကို မစောင့်တော့ဘဲ ခက် ထွက်လာခဲ့တော့သည်။ ကိုယ့်အခန်းထဲကိုရောက်မှ အညှာမခိုင်တဲ့ မျက်ရည်တွေက အတားအဆီးမဲ့စွာ။

"အဟင့်…ဟင့်"

ပျို့ပျို့လို့ မခေါ်ပါနဲ့တဲ့လား မင်းပျို့ရယ်။ နင် ငါ့ကို သတိရသွားတယ်ဆိုတာ ငါ သိပါတယ် မင်းပျို့။ ငါလည်း နင့်ကို အမြဲ





သတိရနေသူပါဟာ။ နင်နဲ့ပတ်သက်ပြီး ငါ မာနမကြီးနိုင်ခဲ့တာနင့်ကို အရမ်းချစ်လို့ပါ။

"ခက်"

"ဘာတုန်း"

"နင်ရော ငါ့ကို ပြန်မနမ်းချင်ဘူးလား"

"ဟင့်အင်း…မနမ်းချင်ပါဘူး…ရှက်စရာကြီး"

"နင်ကလည်း ဘာရှက်စရာရှိလို့လဲ။ ကိုယ့်ချစ်သူကိုနမ်းတာပဲဟာ…လုပ်ပါဟာ…တစ်ခါလောက်"

အတိတ်က အရိပ်တွေ အဲဒီလို ထင်ဟပ်လာတိုင်း သူမရှုံးမတတ် ခံစားရသည်သာ။

မင်းပျို့ရယ်…

ငါ သေသွားခဲ့ရင် သိပ်ကောင်းမှာပဲဟာ။ အခုတော့…



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၃၂)

နွေလုလင်.၊. မင်းပျို… ပန်းရောင်နဲ့ ဆောင်းလုလင် ပြင်ဦးလွင်သို့ ချီတက်ခဲ့ကြသည်။ ခရီးကဝေးတော့ နွေလုလင်နဲ့ မင်းပျို တစ်ယောက်တစ်လှည့် ကားမောင်းရသည်မို့ ရှေ့ခန်းမှာ နှစ်ယောက်အတူ ထိုင်ကြသည်။ ပန်းရောင်နဲ့ဆောင်းကတော့ နောက်ခန်းမှာပေါ့။

သူတို့လည်း…

အိပ်လိုက်၊ ကလေးက မေးသမျှစကား ပြောလိုက်ပေါ့။

"ကိုကြီး"

"ဟင်"

ပန်းရောင်ခေါ်သဖြင့် နွေလုလင် လှည့်ကြည့်လေလျှင်…





"မန္တလေးကို ခဏလောက် ဝင်လို့ရမလား။ ဟို… မန္တလေးကို ပန်းရောင် မရောက်ဖူးလို့ပါ"

"မေမေ"

"ဟင်"

"မေမေက မန္တလေးကို ဘာလို့ မရောက်ဖူးရမှာလဲ။ မေမေနဲ့သမီး ဦးပိန်တံတားပေါ်မှာ ဓာတ်ပုံရိုက်ဖူးတယ်လေ မေမေရဲ့"

မြတ်စွာဘုရား…ဒီကလေး တော်တော်မှတ်ဉာဏ်ကောင်း ပါလား။

"ဪ…အင်း…ဟုတ်တယ်၊ မေမေ စကားပြောမှားတာ ပါ သမီးရဲ့။ မရောက်ဖူးတာ မဟုတ်ဘူး…မရောက်တာကြာပြီ လို့ ပြောတာ…သမီးရဲ့"

နွေလုလင် သက်ပြင်းချလိုက်မိသည်။ သမီးက မေးလိုက် ပြောလိုက်ရင် ဒုက္ခနဲ…ဒုက္ခနဲနဲ့။ မကြာခင် အလိမ်တွေ ပေါ်ကုန်တော့မယ်ထင်ပါရဲ့။ ကိုယ်တွေကလည်း သမီးကို စိတ် ထိခိုက်မှာစိုးလို့ ညာထားတာ။ အချိန်အတိုင်းအတာတစ်ခုအထိတော့ ညာလို့ရမှာပေါ့။

"သမီး"

"ရှင်…မေမေ"

"သမီးမေမေက ဆေးရုံတက်တုန်းက ဆေးတွေ အများ ကြီးသောက်ထားရတာလေ။ သမီး မေ့နေပြီလား။ သမီးမေမေ

www.burmeseclassic.com

www.burmeseclassic.com



သောက်ရတဲ့ဆေးတွေက အရမ်းမှတတ်တယ် သမီးရဲ့…သမီး နားလည်ပေးရမယ်လေ"

"ဟုတ်သားပဲ…ဆောရီးနော် မေမေ…ဆောရီး…ခစ်… ခစ်"

ကလေးကရယ်ပေမယ့် ပန်းရောင်မှာ မရယ်နိုင်ပေ။ မချိုပြုံး တော့ ပြုံးလိုက်မိ၏။ ရှေ့ဆက် ဘယ်လိုရင်ဆိုင်ရဦးမလဲ။ ဟိုရောက်ရင် ဘာပြောကြဦးမလဲ။ လိုက်သာလာရတယ်။ စိတ်ထဲ မှာ မွန်းကျပ်နေသည်။ ဖြစ်နိုင်ရင် ခရီးကို ပြင်ဦးလွင်အထိ မရောက်စေချင်ပါဘူး။

မင်းပျိုမှာလည်း…

ဒီလင်မယားကို နားလည်ရခက်နေတာ အခုမှ မဟုတ်တော့ ပါဘူး။ အမြဲတမ်းပဲ နားမလည်ဖြစ်နေမိတာပါ။

"မန္တလေးဝင်ဦးမှာလား…အစ်ကို"

"အင်း…ဝင်မယ်လေ…ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး အစ်ကို…ကျွန်တော်လည်း မန္တလေး ကို မရောက်ဖူးလို့ပါ"

"ဒါဆို အဆင်ပြေတာပေါ့။ မန္တလေးမှာ တစ်ရက် နေလိုက်မယ်လေ"

"ဟုတ်…အစ်ကို"

ပန်းရောင်နဲ့မင်းပျိုက မန္တလေး မရောက်ဖူးဘူးဆိုတာနှင့် နွေလုလင် မန္တလေးမှာ ညအိပ်ဖို့ စီစဉ်ရသည်။ နောက်နေ့ တစ်နေ့



ကုန် လျှောက်လည်၊ ဘုရားတွေစုံအောင်ဖူးပြီးမှ ပြင်ဦးလွင်သို့ ခရီးဆက်ခဲ့ကြတော့၏။

ပြင်ဦးလွင်ကိုရောက်တော့…

စိတ်ထဲမှာ အေးချမ်းသွားသလိုပါပဲ။ ရန်ကုန်မှာလို ကားတွေ၊ လူတွေ ကျပ်ညပ်နေအောင် မရှုပ်ဘူးလေ။ ပြီးတော့ ချစ်ဇနီးပန်းရောင်ကို သတိရပြီး အလွမ်းဝေဒနာက တစ်ဖက်ပေါ့။

"ဟော…သားနဲ့မြေး လာပြီ…ကိုကျော်ရေ… ရှင့်မြေး လာပြီ"

"ဟေ…ဟုတ်လား"

"မြေးလေး"

"ဘွားဘွား"

ကားပေါ်က ဆင်းပြီးတာနှင့် ဆောင်းက အိမ်ထဲသို့ ပြေးဝင် သွားလေသည်။ ကားသံကြားလို့ ထွက်လာပြီးကြိုတဲ့ အဘွားနဲ့ တွေ့တော့ တစ်ဦးကိုတစ်ဦး ဖက်လိုက်ကြလေသည်။ အဘိုး ဖြစ်သူပါ တစ်ခါရောက်လာတော့…

"မြေးလေး…ဘိုးဘိုးမြေးလေး"

"ဘိုးဘိုး"

မြေးကို တွေ့တာနှင့် သူ့အဘိုးရော အဘွားရော ဆောင်း ပါးပြင်နုနုလေးကို နမ်းလိုက်ကြတာ ဘယ်ပြန့်ညာပြန့်ပါ။ နမ်းလို့ ဝပြီဆိုမှ နွေလုလင်တို့ကို ကြည့်ဖြစ်သည်လေ။ ပထမ ကြည့် လိုက်တာ နွေလုလင်။ နောက်အကြည့် ပန်းရောင်ဆီသို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားလေတော့ ပါးစပ်က ပွင့်ဟသွားပြီး အကြာကြီး ငေးနေသည်လေ။

ပြီးမှ…

"သမီး"

ဟု ခပ်တိုးတိုးလေး ခေါ်လေသည်။ ချက်ချင်း မျက်ရည်တွေဝေ့လာသူက ဒေါ်ပပခိုင်ပါ။ ဦးကျော်မြိုင်ကတော့…

"သမီး…သမီးနဲ့တူလိုက်တာ"

"ဘိုးဘိုး"

"ဟေ"

"ဘိုးဘိုး…ဘာတွေပြောနေတာလဲ…မေမေနဲ့တူမှာပေါ့။ မေမေပဲဥစ္စာ…မေမေ့ကို ခေါ်လိုက်လေ"

"ဩော်…အေး…အေးပါ မြေးရဲ့"

ဦးကျော်မြိုင် သတိလက်လွှတ် ပြောလိုက်မိတာအတွက် နောင်တရသွားလေသည်။ ဟုတ်သားပဲ…နွေလုလင် ကြိုပြောထားပါလျက်နဲ့ သူတို့ သတိလက်လွတ်ဖြစ်သွားတာ။ သမီး ပန်းရောင် ဆုံးသွားတဲ့ကိစ္စ…မြေးလေးမှ မသိဘဲဟာ။

"သမီး"

ဒေါ်ပပခိုင် ပန်းရောင်လက်ကလေးကို ဆုပ်ကိုင်ပြီး ငိုဖေတော့သည်။ ပန်းရောင်မဟုတ်တဲ့ ပန်းရောင် အမေချင်း ကိုယ်ချင်းစာပါသည်လေ။ ထို့ကြောင့် ဒေါ်ပပခိုင်၏လက်ကို ခပ်တင်းတင်းပြန်ဆုပ်ထားလိုက်မိ၏။





"သမီး…သမီးကို မေမေ အရမ်းလွမ်းနေတာ သမီးရဲ့…ဒီမှာ အကြာကြီးနေရမယ်နော်…သမီး"

"ဟုတ်ကဲ့ပါ အမေ"

"သမီးရယ်"

ကြားထဲက မင်းပျိုတော့ သူတို့စကားတွေ၊ သူတို့အပြုအမူတွေကြောင့် ရှုးချင်စိတ်တောင် ပေါက်ပါသည်။ တကယ်…တကယ်…ဘယ်သူ့ကို ဘယ်လိုတွေ နားလည်ရမှန်းကို မသိတော့ဘူး။

"ကဲ…ကဲ…ပြီးမှ အလွမ်းသယ်ကြ…မတ်တတ်ကြီးတွေ…ကလေးတွေကို အိမ်ထဲဝင်ဖို့ခေါ်လေ ပပရဲ့"

"ဩော်…အင်း…ဟုတ်သားပဲ။ လာကြ…အိမ်ထဲဝင်ကြ"

ခင်ပွန်းသည် ပြောလိုက်မှပဲ ဒေါ်ပပခိုင် မျက်ရည်တွေသုတ်ပြီး အိမ်ထဲဝင်ဖို့ ခေါ်လေသည်။

"မင်းပျို"

"ဗျာ…အစ်ကို"

"မင်းနဲ့ငါ ကားပေါ်ကပစ္စည်းတွေ တစ်ခါတည်း ချလိုက်ကြရအောင်ကွာ"

"နေပါ…အစ်ကို၊ ကျွန်တော်တစ်ယောက်တည်းပဲ ချလိုက်ပါ့မယ်"

"မောင်နွေရယ်…ပစ္စည်းတွေက ဘယ်မှထွက်မပြေးပါ



www.burmeseclassic.com

www.burmeseclassic.com



အုး…အမောပြေပြီးမှ ချပါ… အေးအေးဆေးဆေးပေါ့”

ဦးကျော်မြိုင်ပြောတာနှင့် ပစ္စည်းတွေ မချဖြစ်ဘဲ အိမ်ထဲသို့သာ ဝင်လာခဲ့ကြသည်။ အေးအေးဆေးဆေးမှပဲ ကားပေါ်က ပစ္စည်းတွေကို ချတော့မယ်ပေါ့။



## အခန်း (၃၃)

ပြင်ဦးလွင်ဆိုတာ ပန်းမြို့တော်ပဲလေ။ ခြံထဲမှာ ပန်းတွေက ရောင်စုံ။ နွေလုလင် ဝရန်တာကနေ ခြံထဲက ပန်းတွေရဲ့အလှကို ငေးကြည့်နေမိသည်။ ပန်းရဲ့နူးညံ့လှပမွှေးပျံ့ခြင်းကို မိန်းကလေးတွေရဲ့ လှပခြင်းဂုဏ်သတင်းနဲ့ တင်စားဖွဲ့ဆိုတတ်ကြသည်။

ဒါဆိုရင်…

ပန်းရောင်ခြယ်ဆိုတဲ့ ပန်းကလေးက ကြွေကျသွားတာပေါ့။ ကိုယ့်ဘဝဥယျာဉ်ထဲမှာ အပွင့်ကြွေသွားပေမယ့် ရနံ့ကတော့ သင်းပျံ့မွှေးထုံနေဆဲပါပဲ။

“သား”

နောက်ကခေါ်သံကြောင့် နွေလုလင် လှည့်ကြည့်လိုက်တော့ ယောက္ခထီးကြီးပါ။

www.burmeseclassic.com

www.burmeseclassic.com



"သားကို ဖေဖေ ပြောစရာရှိလို့။ မေးစရာရှိတယ်ဆိုရင် ပိုပြီးမှန်မယ်"

"ဟုတ်ကဲ့… မေးပါ ဖေဖေ"

"သားနဲ့ ဟိုကလေးမလေးအခြေအနေက ဘယ်လိုလဲ"

နွေလုလင် မျက်ခုံးနှစ်ဖက် တွန့်တက်သွားကာ…

"ဖေဖေ ဘာကိုမေးတာလဲ"

"သား…သူ့ကို လက်ထပ်မှာလားလို့ မေးတာပါ။ သမီးနဲ့လည်းတူတယ်။ မြေးလေးအပေါ်လည်း မိခင်ရင်းတစ်ယောက်လို ချစ်နိုင်ကြင်နာနိုင်မယ်ဆိုရင် ဖေဖေတို့က သဘောတူမှာပါ။ အခု မြင်နေရတာတော့ ကလေးမလေးက အေးချမ်းမယ့်ပုံပါ။ သား လက်ထပ်မယ်ဆိုရင် လက်ထပ်ပါ။ ဖေဖေက သား ပြောရခက်နေမှာစိုးလို့ လမ်းကြောင်းပေးတဲ့သဘောပဲ"

"ဖေဖေရယ်…မဖြစ်နိုင်တာ"

"ဘာလို့မဖြစ်နိုင်တာလဲ…သား၊ အကြောင်းပြချက်က ဘာလဲ"

နွေလုလင် ရှက်ပြုံးပြုံးရင်း မျက်ခုံးကို လက်ညှိုးနှင့် ကုတ်ခြစ်လိုက်မိသည်။ တစ်အိမ်တည်းမှာ အတူတူနေတာကြာလာတော့ ပန်းရောင်အပေါ်မှာ သူ သံယောဇဉ်ရှိပါသည်။ ကိုယ့်ဇနီးနှင့်တူအောင် ဖန်တီးပေးထားပြီး ဒီမျက်နှာကို မြင်နေရတော့…

တစ်ခါတစ်ခါ…

ကိုယ့်ဇနီး ပန်းရောင်နေရာမှာထားပြီး ခံစားမိတာလည်း



အခါခါပါ။ သူများကို ပြောပြရမှာရှက်လို့သာ မပြောတာ။ ကိုယ့်ဇနီးမဟုတ်မှန်းသိသိနဲ့လည်း ပန်းရောင်အပေါ် သံယောဇဉ်ရှိတာပါပဲ။

"ကျွန်တော်က ကလေးတစ်ယောက်အဖေ မုဆိုးဖိုလေ အဖေ…သူက အပျိုပါ"

"ဟ…အဲဒါဘာဖြစ်လဲ။ လူပျိုမဟုတ်ပေမယ့် မုဆိုးဖိုဆိုတာ လူလွတ်ပဲလေကွာ…ဒီမှာ ငါ့သား"

"ဗျာ"

"မင်းက ရုပ်ချော…ဥစ္စာပေါ…ပညာတတ်။ တစ်ပင်လဲလို့ တစ်ပင်ထူတာ ဘာဖြစ်လဲကွ။ ကိုယ့်မှာ ကာမပိုင်မိန်းမ ရှိလျက်နဲ့ ဖောက်ပြန်တာမှမဟုတ်တာ။ မိန်းကလေးဘက်က တွေးကြည့်ရင်လည်း ဒါ…အငယ်အနှောင်းမဟုတ်ဘူးလေ။ အချို့ အပျိုလေးတွေက သူများအငယ်အနှောင်းလုပ်တာ ဘယ်လိုလုပ်မလဲ။ လူပျိုမဟုတ်ပေမယ့် လူလွတ်တစ်ယောက်ကို တရားဝင် လက်ထပ်ယူတာ ဘာမသင့်တော်စရာအကြောင်းရှိလဲ…ပြော"

"ဟုတ်တော့ဟုတ်ပါတယ်…ဒါပေမဲ့"

"ဒါပေမဲ့တွေဘာတွေ လုပ်မနေနဲ့…သား၊ ကောင်မလေးကို မင်း သဘောကျလား…မကျဘူးလား…ဒါပဲပြော"

နွေလုလင် သက်ပြင်းချလိုက်မိသည်။ ပန်းရောင်ကသာ လက်ခံမယ်ဆိုရင် ကောင်းတာပေါ့။ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ရှိကြသားပဲ။ ပန်းရောင်က အိမ်ထောင်သက်အဖြစ်

www.burmeseclassic.com



ရွေးချယ်သင့်တဲ့ မိန်းကလေးပါ။ နွေလုလင် ဇနီးအပေါ်မှာ သစ္စာဖောက်ပြီး အပြောင်းအလဲမြန်တာ မဟုတ်ပါဘူး။

ရှေ့ရေးအတွက် စဉ်းစားတာပါ။

ပန်းရောင်က သမီးလေးနဲ့ အဆင်ပြေမယ်ဆိုတာကို ဦးစားပေးစဉ်းစားတာလည်း ပါတာပေါ့။

"ခက်တယ်...အဖေ"

"ဟင်...ဘာကခက်နေတာလဲ"

"အရာရာအတွက် စဉ်းစားကြည့်တာပါ။ ပန်းရောင်က ကျွန်တော့်ကို လက်ခံနိုင်ပါ့မလား"

"မင်း ဘာတွေကို စဉ်းစားနေတာလဲ...သား။ မင်းလို လူမျိုးကို လက်မထပ်ချင်တဲ့ မိန်းကလေးက ခပ်ရှားရှားပဲဖြစ်လိမ့်မယ်"

အဲဒါ ကိုယ်တွေရဲ့ တစ်ဖက်သတ်အတွေးပဲလေ။ ပန်းရောင်ခက်ဆစ်က သူ့မှာ သိပ်ချစ်ရတဲ့ချစ်သူ ရှိခဲ့ဖူးသည်။ သူချစ်သူကို မေ့နိုင်မှာတဲ့လား။ မျှော်လင့်နေသေးလား၊ မမျှော်လင့်တော့ဘူးဆိုတာလည်း မသိရ။ ကိုယ်က ဘယ်လိုပြောရပါ့မလဲ။

"မင်း...ကောင်မလေးကို နည်းနည်းပါးပါး တီးခေါက်မကြည့်မိဘူးလား"

"ဟာ...အဖေကလည်း"

"ငါက ရိုးရိုးပြောတာကွ။ မင်းက ဘာတွေ အတွေးချော်နေတာလဲ။ စကားရိပ်လေးဘာလေး မသမ်းဖူးဘူးလားလို့



မေးတာ"

"ကိုယ့်စည်းနဲ့ကိုယ် နေကြတာပါပဲ"

ဦးကျော်မြိုင် သားမက်ဖြစ်သူကို လေးစားပြီး ချစ်ခဲ့တာ အဲဒါတွေကြောင့်ပါ။ သူ့အဆင့်အတန်း၊ သူ့ရုပ်ရည်၊ သူ့ပညာနဲ့ ရှုပ်လို့ပွေလို့ရပေမယ့် မရှုပ်မပွေဘဲ ရိုးသားအေးချမ်းစွာ နေထိုင်ခဲ့သူပါ။ သူက သူ့ဂုဏ်သိက္ခာကို အရမ်းတန်ဖိုးထားသည်လေ။

"အရင်က စည်းနဲ့နေခဲ့တာထားပါ...အခုစည်းနည်းနည်း ချိုးလိုက်...ဟုတ်ပြီလား"

"အဖေကလည်း"

"အဖေကလည်းမလုပ်နဲ့...သမီးရဲ့ကိုယ်ပွားအဖြစ် ဒီကလေးမကို မြင်နေရတော့ အလွမ်းပြေတာပေါ့ကွာ။ သူများနောက်ပါသွားရင် တို့ဆိုတာထက် သား ခံစားနိုင်မလား...စဉ်းစားပေါ့ကွာ"

နွေလုလင် သက်ပြင်းချမိတာ ဘယ်နှကြိမ်မှန်း မသိတော့ပေ။ အခုမှ ရှေ့တိုးရခက် နောက်ဆုတ်ရခက်ပါပဲ။ အဖေပြောသလို သူများနောက် အပါခံနိုင်လား တွေးကြည့်တော့ ရင်ထဲမှာ ဆို့နစ်နစ်ကြီးပါ။

ဒါဆို သေချာပြီပေါ့။

သူ ပန်းရောင်ကို သူများရင်ခွင်ထဲ ထည့်မပေးနိုင်ဘူးဆိုတဲ့ ပန်းရောင်က ကိုယ်ရေလောင်းပေါင်းသင်ပေးလို့ သေရာဘေးကနေ ပြန်လည်ရှင်သန်ခွင့်ရလာတဲ့ ပန်း...ဒါပေမဲ့ ကိုယ်လည်းမပိုင်၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မပိုင်သည့်ပန်းမို့ ရှေ့လှမ်းဖို့ကလည်း အခက်သား။

"မင်း…တွေဝေမနေနဲ့ သား…မြေးလေးရဲ့ရှေ့ရေးအတွက် မင်း စဉ်းစား…ဒီမိန်းကလေးနဲ့ဆို အဆင်ပြေမယ်လို့ ဖေဖေ ယုံကြည်တယ်။ မင်းအတွက် မခက်ခဲပါဘူးကွာ…အဖေ လမ်းခင်းပေးမယ်။ အဖေခင်းတဲ့လမ်းကို မင်း လျှောက်… ကြားလား"

"ဗျာ"

"ဗျာမနေနဲ့…အဖေပြောသလိုသာ[illegible]ပ်"

"ဘိုးဘိုး"

"ဟေ"

ဆောင်းက ပြေးလာပြီး အဘိုးဖြစ်သူခါးကို ဖက်လေသည်။ နောက်မှာပါလာတာက ပန်းရောင်။

"ကိုကြီး"

"ဟင်"

"သမီးက ပန်းခြံထဲသွားချင်လို့တဲ့ ပူဆာနေလို့။ ရက္ခဗေဒ ဥယျာဉ်ဆိုလားပဲ…ပန်းရောင်က မသိဘူးလေ"

"အေး…သွားကြလေ…သွားကြ…သမီးတို့မိသားစု သွားကြပေါ့…ရောက်တုန်းရောက်ခိုက် နှံ့အောင်သွား…သြော်… သား"

"ဗျာ"

"သမီးနဲ့မြေးကို ပိတ်ချင်းမြောင် လိုက်ပို့လိုက်လေကွာ"



"ဟုတ်ကဲ့ပါ အဖေ…မင်းပျိုလည်း မရောက်ဖူးသေးတော့ သူတို့ကို လိုက်ပို့မလို့ပါ"

"ဟာ…ကွာ"

ဦးကျော်မြင့် ရှုံ့မဲ့မဲ့ကြီးဖြစ်သွားပြီး ခေါင်းကုတ်လေတော့ သည်။ မိသားစုတွေ လွတ်လွတ်လပ်လပ်သွားလို့ လမ်းကြောင်း ပေးကာမှ မင်းပျိုက ကန့်လန့်ပါလာပြန်ပြီ။ ဒီလောက်တောင် တုံးရသလားလို့ နားရင်းသာအုပ်ပစ်လိုက်ချင်တော့သည်။

ဟူး…

နေရာချင်းလဲလို့သာရရင် နေရာချင်းသာ လဲလိုက်ချင်တော့ တယ်။

"မင်းပျိုကို ခေါ်မသွားနဲ့…သား"

"ဘာဖြစ်လို့လဲ…အဖေ"

"ငါ မန္တလေးသွားမလို့ကွ…အဲဒါ အဲဒီကောင်ကို ခေါ်သွားမလို့"

"ခေါ်သွားလေ…အဖေ…မင်းပျိုပြန်လာမှပဲ ကျွန်တော် တို့ သွားလိုက်ပါ့မယ်။ အဖေက ဘယ်နေ့သွားမှာလဲ"

"ကျွတ်"

ဦးကျော်မြင့် အားမလိုအားမရနှင့် ကိုယ့်နဖူးကိုယ် ရိုက်ပစ် လိုက်ပြီးမှ…

"ငတုံး…မင်းတို့သွားတဲ့နေ့မှ ငါ သွားမယ်ကွာ…ရှင်းပြီ လား"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဒေါသခြေလှမ်းဖြင့် ထွက်သွားသော ယောက္ခထီး ကျောပြင်ကိုကြည့်ပြီး နွေလုလင် ပြုံးလိုက်မိသည်။ သဘော ပေါက်သွားလို့ ပြုံးလိုက်မိတာပါ။ ဒါပေါ့လေ…သူတို့ချမှာလည်း သမီးအတွက် ရူးနေကြသူတွေဆိုတော့ သူတို့သမီးနဲ့ တူနေတဲ့ ပန်းရောင်ကို လက်လွှတ်မခံချင်တာ အဆန်းတော့မဟုတ်ပါဘူး။

"ကိုကြီး"

"ဟင်"

"ဦးက ကိုကြီးကို ဘာလို့ ငတုံးလို့ ပြောသွားတာလဲဟင်"

နွေလုလင် ရယ်ကျဲကျဲနှင့်ပဲ…

"ငတုံးပြောတာ မချွန်လို့ပေါ့"

"ဟင်"



# အခန်း (၃၄)

ဆောင်း ခြံထဲမှာ ပန်းတွေကို လျှောက်ခူးပြီး အိမ်အဝ လှေကားထစ်ရင်းမှာ ပုံထားလေသည်။ ပန်းတွေကို သွားခူးလိုက်၊ လှေကားရင်းမှာ လာပုံလိုက်ပါပဲ။ ဒါကို ကားရေဆေးရင်းမှ မြင်နေရတဲ့ မင်းပျို့ စိတ်မကောင်းဖြစ်မိ၏။

ပန်းဆိုတာ…

ဘုရားတင်ဖို့နဲ့ ခေါင်းမှာပန်ဆင်ဖို့လို့ လက်ခံထားတဲ့ နှလုံးသားပိုင်ရှင်အဖို့ ဒီပန်းတွေကို ကစားတော့မယ်မှန်း သိနေ တော့ ဘယ်လိုလုပ်ပြီး စိတ်ကောင်းနိုင်ပါ့မလဲ။ ခဏကြာတော့ ထင်တဲ့အတိုင်းပါပဲ။ ဆောင်းက ခူးထားတဲ့ပန်းပုံဘေးမှာ ဒူး ထောက်ထိုင်ပြီး ပန်းပွင့်ဖတ်ကလေးတွေကို ခြွေယူကာ ပွင့်ဖတ် ကလေးတွေကို အင်္ဂလိပ်အက္ခရာ ဗွီပုံစံဖြစ်အောင် စီနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့...

အေပုံစံ စီပြန်၏။ မင်းပျို ကားရေဆေးတာကို ရပ်ထားခဲ့ပြီး ဆောင်းဆီသို့ လျှောက်လာခဲ့ကာ...

"မီးမီး"

ခေါ်လိုက်တော့ ဆောင်းက မော့ကြည့်လေသည်။ သူ ဆောင်းရှေ့မှာ ထိုင်လိုက်ပြီး...

"ပန်းတွေကို ဘာလို့ ခြွေပစ်နေတာလဲ သမီးရဲ့... နောက်ထပ်ချူးပြီး မခြွေနဲ့တော့နော်"

"ဘာဖြစ်လို့လဲ ဦးဦးရဲ့...ဒီပန်းတွေက မီးမီး မချူးလည်း နောက်နေ့တွေဆို သူ့အလိုလိုနွမ်းပြီး ကြွေကျသွားမှာကို"

"ဟုတ်တော့ဟုတ်ပါတယ်...ဒါပေမဲ့ သူ့အလိုလိုပဲ နွမ်းပြီးပဲ ကြွေပါစေကွာ...ပန်းဆိုတာ ဘုရားတင်ဖို့...ပန်ဖို့အတွက် တင့်တယ်တာ မီးမီးရဲ့။ ခြွေပြီးကစားတာကျ သနားပါတယ်"

"ဟာ...ဦးဦးကလည်း ပန်းက အသက်မှမရှိတာ။ ဘယ်လိုလုပ်ပြီး သနားဖို့ကောင်းမှာလဲ။ မီးမီးက ပန်းလေးတွေ လှလို့ စီကြည့်နေတာ"

"သမီးကလည်း လှတာကို လှတဲ့အတိုင်းထားလိုက်လေ။ မီးမီးက ခြွေလိုက်တော့ သူ့အလှ ပျက်သွားတာပေါ့"

ဆောင်း တွေကနဲ ဖြစ်သွားလေသည်။ ကလေးကလည်း သူ ဉာဏ်မီသလောက် တစ်ခုခုကို တွေးလိုက်သည်ထင်ပါ့။ ပန်းတွေကို ခြွေနေတဲ့ လက်ချောင်းသွယ်သွယ်လေးတွေ ရပ်တန့်သွား



ပြီး သူစီထားတဲ့ ပွင့်ဖတ်ကလေးတွေကို သေသေချာချာ ကြည့်လေတော့သည်။

ပန်းတွေက...

နှင်းဆီပန်းတွေ...ပြီးတော့ အခြားပန်းအမျိုးအစားတွေလည်း ပါသေးတော့ အရောင်အသွေး စုံလင်စွာပေါ့။

"ပြီးတော့ ပန်းမှာ အသက်ရှိတယ်လေ သမီးရဲ့။ အသက်ရှိလို့ အပင်ကနေ အဖူးလေးတွေကို မွေးဖွားပေးတာပေါ့။ ဟော ပြီးတော့ အဖူးကနေ အာ...အဲဒါကနေ...ပွင့်...အသက်ရှိလို့ အဆင့်ဆင့် ပွင့်လာတာပေါ့"

"ဒါဆို အပင်က ဒီပန်းလေးတွေကို မွေးပေးတဲ့အမေပေါ့ နော်...ဦးဦး"

"ဟုတ်တာပေါ့ မီးမီးရဲ့"

"နောက်ဆို မီးမီး မချူးတော့ပါဘူး။ အပင်ရော...အပွင့်လေးတွေရော သနားပါတယ်"

ဆောင်းက ဝမ်းနည်းသွားဟန် အသံလေးတိုးတိုးနဲ့ပြောပြီး အင်္ဂလိပ်အက္ခရာ ဗွီနဲ့အေပုံစံစီထားတဲ့ ပန်းပွင့်ဖတ်ကလေးတွေကို သူ့မလက်ကလေးနှင့် ပြန်သိမ်းပြီး စုလိုက်လေသည်။

"သမီးက လိမ္မာတယ်"

မင်းပျို...ဆောင်းခေါင်းလေးကို ပွတ်ပေးလိုက်မိသည်။ ကလေးက ကလေး...မိန်းကလေးကဖြစ်ပြန်ဆိုတော့ ပြောပြလိုက်တာနဲ့ ပန်းကလေးတွေကို ဆောင်း တော်တော်သနားသွားပုံ

www.burmeseclassic.com

ရလေသည်။ ဒါ…နှုးညံ့ခြင်းလက္ခဏာပဲပေါ့။

"ဟင်"

ခြံထဲကို ကားတစ်စီးဝင်လာသဖြင့် မင်းပျိုရော ဆောင်းပါ လှမ်းကြည့်မိကြလေသည်။ ကားရပ်သွားတာနှင့် ဆင်းလာသူက တော့…

"သမီး…ဆောင်း"

"ဟင်…တီတီနု"

ဆောင်း ထရပ်လိုက်လေသည်။ တီတီနုက ဆောင်းမေမေ ရဲ့အစ်မဝမ်းကွဲပါ။ နာမည်က နုနုယဉ်တဲ့။

"ညည်းအမေဆိုတဲ့ မိန်းမရော…ဆောင်း"

"မေမေ အိမ်ထဲမှာရှိတယ် တီတီနု"

"လာ…သမီး တီတီနဲ့လိုက်ခဲ့"

နုနုယဉ်…ဆောင်းကို လက်ဆွဲခေါ်ပြီး အိမ်ထဲသို့ဝင်ခဲ့လေ တော့သည်။ နုနုယဉ်ဆိုတာ နာမည်ကသာ နုပြီးယဉ်တာ။ လူက တော့ နုသား။ စိတ်ကတော့ နုလည်းမနု၊ ယဉ်လည်းမယဉ်ကျေး ပေ။





# အခန်း (၃၅)

နုနုယဉ်၏ ခြေလှမ်းတွေက မာန်ပါနေသည်။ မာန်ပါဆို မကျေနပ်တာရှိလို့ပေါ့။ နုနုယဉ်ရဲ့အဖေက ဒေါ်ပပခိုင်နဲ့ မောင်နှမ အရင်းပါ။ နုရဲ့ မိဘနှစ်ပါးစလုံးက နုငယ်စဉ်လေးကတည်းက ဆုံးသွားကြတာလေ။ ဒါကြောင့် ဒေါ်ပပခိုင်တို့လင်မယားက နုကို တူမအရင်းမို့ မွေးစားခဲ့ကြတာ။

အခု…

မေမေက နွေလုလင်တို့ရောက်နေတယ်ဆိုပြီး အကျိုး အကြောင်းပြောပြလို့ သိရတာ။ ရောက်ကတည်းက ဖုန်းဆက် ပြောပြတာပေမယ့် သူမ အလုပ်မအားလို့ ဒီနေ့မှ လာဖြစ်ခဲ့တာ ပါ။ ဟိုအရင်တုန်းက ပြောပြထားသလောက်ဆို လက်ခံနိုင်သေး။ အခုက နွေလုလင်ကို ကောင်မလေးနဲ့ ဖြစ်စေချင်တယ်ဆိုတာကို တော့ သူမ လုံးဝ လက်မခံနိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

"ဟယ်…သမီးကြီး"

"ဟိုနေ့တွေက အိမ်မှာ အလုပ်မအားလို့ ဒီနေ့မှ လာဖြစ်တာ မေမေ"

"သြော်…အေး…လာ…ထိုင်…သမီး"

နု ထိုင်ပြီးတာနှင့် ပန်းရောင်ကို လှမ်းကြည့်လေသည်။ ပန်းရောင်က ပြုံးပြပေမယ့် သူမကတော့ နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်သာ။

"ပန်းရောင်နဲ့ တူတော့တူပါတယ်။ ဆင်တယ်လို့ပြောရင် ပိုမှန်မယ်။ အပေါ်ယံဆင်တာနဲ့တော့ နုအနေနဲ့ ပန်းရောင်ခြယ်နေရာမှာ အစားမထိုးနိုင်ဘူး။ အခု ဖေဖေနဲ့မေမေကို သိအောင်နု တစ်ခါတည်းပြောတာ။ သမီး သူ့ကို ပန်းရောင်အဖြစ် မသတ်မှတ်နိုင်ဘူး"

"သမီး"

"ဟာ"

ဦးကျော်မြိုင်နှင့် ဒေါ်ပပခိုင် သမီးကြီးစကားကြောင့် ပန်းရောင်ခက်ဆစ်ကို အားနာသွားလေသည်။ ကလေးကလွဲရင် အားလုံး ခါးတွေမတ်လျက် သူ့မျက်နှာ ငါကြည့်၊ ငါ့မျက်နှာ သူကြည့်ဖြစ်ကုန်ကြလေသည်။ ကလေးကလည်း သူ့အန်တီ မျက်နှာကို မော့ကြည့်ပြီး နားလေးစွင့်လို့ပေါ့။

ကလေးဆိုတာ…





လူကြီးတွေစကားကို နားလေးစွင့်ပြီး စပ်စုတတ်ကြသည်သာ။ မင်းမျိုးမှာလည်း ကားဆီသို့ ပြန်သွားမလို့လုပ်နေရင်းမှ အမျိုးသမီးရဲ့ အသံစူးစူးကျယ်ကျယ်ကြောင့် မသွားဖြစ်ဘဲ နားစွင့်လိုက်မိသည်။ သူမစကားက ဘာကိုရည်ညွှန်းတာလဲဆိုတာကို စိတ်ဝင်စားသွားမိတာပါ။ စပ်စုတယ်လို့ အမည်တပ်ရင်လည်း မတတ်နိုင်ဘူးပေါ့။

"သမီးမလုပ်နဲ့ မေမေ…သမီးက ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တာ။ ကလေးကို စိတ်ဆင်းရဲမှာစိုးလို့ လူစားထိုးပြီး ညာထားတာကို သမီး လက်ခံနိုင်ပါတယ်။ ဒါပေမဲ့ ဆောင်းလေးရဲ့မိထွေးနေရာမှာတော့ နု လက်ခံမပေးနိုင်ဘူး"

"မမနု"

"………"

"ဒါက ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စနော်…မမနု ဝင်စွက်ဖက်လို့ မလိုဘူးထင်တယ်"

"ဘာ"

"ဟုတ်တယ် မမနု…ကျွန်တော်က ကျွန်တော့်ဇနီး ပန်းရောင်ခြယ်ရှိနေလျက်နဲ့ အိမ်ထောင်ရေးဖောက်ပြန်နေတာ မဟုတ်ဘူးလေ။ တစ်ပင်လဲလို့ တစ်ပင်ထူတာ။ ကျွန်တော့်မှာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်။ အခု ပန်းရောင့်ခက်ဆစ်က သမီးအတွက် အသင့်တော်ဆုံး ကူညီဖေးမပေးနိုင်မယ့်သူ။ သမီးအပေါ်မှာ တကယ့်စေတနာမေတ္တာထားပေးနိုင်မယ့်သူ"

www.burmeseclassic.com

www.burmeseclassic.com



နွေလုလင် ပန်းရောင်ခက်ဆစ်ကို အားနာလွန်းလို့ ကာကွယ်ပြီး ပြောလိုက်တဲ့စကားက လွန်များလွန်သွားသလား။ ကာကွယ်တာနဲ့အတူ တကယ့်ရင်ထဲကလာတဲ့စကားတွေလည်း ပါပါသည်။ အိမ်ထောင်တစ်ခုတည်ဆောက်တဲ့နေရာမှာ သင့်တော်တာထက် သံယောဇဉ်က ပိုပြီး အဓိကကျတယ်မဟုတ်ဘူးလား။

သူ…

ပန်းရောင်ခက်ဆစ်အပေါ်မှာ သနားရာကနေ သံယောဇဉ်ရှိလာခဲ့တာ ဝန်ခံပါသည်။

"ဒါဆို မင်းက ပန်းရောင်ခက်ဆစ်ကို လက်ထပ်မယ်ပေါ့၊ ဟုတ်လား…နွေလုလင်"

ပန်းရောင်ခက်ဆစ်ဆိုတဲ့နာမည်ကြောင့် မင်းပျို ပိုပြီး စိတ်ဝင်စားသွားလေသည်။ ဒီနာမည်မျိုး နာမည်တူက ရှိသေးတယ်လား။ ပန်းရောင်ခက်ဆစ်ဆိုတဲ့နာမည်က ကိုယ့်နှလုံးသားကိုယ့်ဘဝလေ။

ခက်…

နင် ဘယ်မှာလဲ ခက်ရယ်…ရောက်လေရာအရပ်မှာ နင့်ကို စုံစမ်းပြီး ငါ ရှာနေခဲ့တာ။ သက်ရှိထင်ရှားရှိနေသေးရင် ငါ့ဆီကို ပြန်လာခဲ့ပါတော့ ခက်ရယ်။

"နွေလုလင့်…ငါမေးတာကို ဖြေလေ"

"သမီး…စကားကို အေးအေးဆေးဆေး ပြောစမ်း။ တကယ်တမ်းမှာ သားက ဘာမှဆုံးဖြတ်ရသေးတာ မဟုတ်ဘူး။ ဖေဖေတို့က သင့်တော်လို့ တိုက်တွန်းနေရတုန်းပဲရှိသေးတာ"



"သြော်…ဒီလိုလား၊ သင့်တော်တယ်ဆိုရအောင် ဖေဖေတို့က ပန်းရောင်ခက်ဆစ်အကြောင်းကို ဘယ်လောက်သိထားလို့လဲ ဖေဖေ"

"မမနု"

ပန်းရောင်ခက်ဆစ် ဘာဝင်ပြောရမလဲ။ နုံလို့အလို့ မဟုတ်ပါဘူး။ ကျေးဇူးရှင်ကိုကြီးမျက်နှာကို ထောက်ထားပြီး သူလုံးကြီးတင်လို့ ကိုယ်က ပြန်ပြီးဆံခတ်တဲ့စကားမျိုးတွေ မပြောချင်ပေ။

"မမနုလည်း ဘာမှ ဂဃနဏ မသိဘဲ သူများသိက္ခာကို စော်ကားဖို့ မသင့်ဘူးထင်တယ်"

"မစော်ကားပါဘူး…ငါ စော်ကားနေတာမဟုတ်ဘူး…နွေလုလင်။ မင်း…ပန်းရောင်ခက်ဆစ်ရဲ့ နောက်ကြောင်းကို ဖြစ်ကြောင်းကုန်စင် သိလား။ သူပြောပြတာ သူ့ပါးစပ်ထဲက စကား…မှသာဝါဒဆိုတာ တစ်ခါသုံးရင် ဘယ်လောက်ဆိုပြီး ဈေးသတ်မှတ်ဝယ်ပြောရတဲ့စကား မဟုတ်ဘူးကွ…နားလည်လား"

"မမနု"

"ပန်းရောင်ခက်ဆစ်က ဘယ်သူ့သမီးလဲ…ဘယ်ကလဲ၊ သူ ဘာတွေဖြစ်ခဲ့လဲ…ဘယ်လိုမျိုးရိုးက ဆင်းသက်လာသလဲ ဆိုတာ ဘယ်သူ ဂဃနဏ သိလဲ"

www.burmeseclassic.com

www.burmeseclassic.com



စကားက ဝယ်မပြောရဘူးဆိုတဲ့အသုံးနဲ့ ရှေ့က ပိတ်ထားတော့ ရှင်းပြလည်း ယုံမှာမဟုတ်ပေ။ ဒါကြောင့် နွေလုလင် ရှင်းပြမနေချင်တော့ပါဘူး။

"အတိတ်မှာ ပန်းရောင်ခက်ဆစ် ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့····ကျွန်တော် စိတ်မဝင်စားဘူး မမနု···ကျွန်တော် စိတ်ဝင်စားတာ အခုပစ္စုပ္ပန်နဲ့ အနာဂတ်ပဲ"

"ကျွတ်"

နုနုယဉ် ခေါင်းခါလိုက်ကာ···

"မင်း···မ,စိတ်မှန်နေပြီ···နွေလုလင်"

"ဘာဗျ"

"မင်းလို ပညာတတ်တစ်ယောက်ရဲ့ပါးစပ်က ဒီလိုစကားမျိုး ထွက်လာလိမ့်မယ်လို့ ငါ ထင်မထားဘူး။ မင်းဦးနှောက်တွေ ပိုးထိုးလောက်ကိုက်ဖြစ်သွားပြီ။ ငါကတော့ ရှင်းရှင်းပဲ။ ဘယ်က ရောက်လာမှန်းမသိ···အခြေအမြစ်မရှိတဲ့ မိန်းမတစ်ယောက်ကို ငါ့တူမလေးရဲ့ ပဲ့ကိုင်သူအဖြစ် မခံနိုင်ဘူး။ ငါ့တူမလေးရဲ့မိခင်နေရာမှာ အစားမထိုးနိုင်ဘူး"

ပညာနဲ့ ကိုင်ပေါက်တာကို နွေလုလင် လက်မခံနိုင်ပေ။ ပညာတတ်တွေ မှားခွင့်မရှိဘူးလား။ အခု ကိုယ်ကရော မှားနေလို့လား။

"သမီး···စကားကို ဆင်ခြင်ပြီးပြောစမ်း။ ဘယ်လိုမိန်းကလေးမျိုးပဲဖြစ်ဖြစ် သားမှာ ရွေးချယ်ခွင့်ရှိတယ်လေ။ သူ့



ကိုယ်ပိုင်လွတ်လပ်ခွင့်ကို မေမေတို့မှာ တားဆီးပိတ်ပင်ခွင့်မရှိဘူး။ ဆိုင်သာဆိုင်တယ်···မပိုင်ဘူးဆိုတာမျိုးပေါ့"

"ဟုတ်ပါပြီ···ကိုယ်တွေက သူနဲ့မဆိုင်တော့ဘူး။ ဒါပေမဲ့ ကလေးက ဆိုင်နေတယ်လေ။ သူ လက်ထပ်မယ်ဆိုရင် မတားတော့ဘူး။ ရှိတဲ့စည်းစိမ်အားလုံး ကလေးနာမည်နဲ့ လွှဲပေး···ဘယ်လိုလဲ"

"သမီး···တော်ပြီ···မပြောနဲ့"

ဦးကျော်မြိုင် ဒေါသဖြစ်ချင်သွားလေသည်။ သမီးရဲ့စကားတွေက ဖောင်းလာပြီလေ။ ကောင်မလေးရဲ့ဂုဏ်သိက္ခာကို ထိခိုက်လာပြီဆိုတော့ ကိုယ့်သမီးကိုပဲ ကိုယ်ပြောရတော့မည်သာ။

"သမီးရဲ့စကားတွေက တစ်ဖက်လူကို စော်ကားသလိုဖြစ်နေပြီ။ ဒီကိစ္စ ပန်းရောင်ခက်ဆစ်က ဘာမှသိသေးတာမဟုတ်ဘူး"

ဒီတော့မှ ပန်းရောင်ခက်ဆစ် မျက်ရည်စဲ့စဲ့နှင့်သာ···

"ဟုတ်ပါတယ် မမရယ်···ဒီကိစ္စကို ခက် ဘာမှမသိပါဘူး။ တကယ် မသိတာပါ။ သမီးလေး သိမှာစိုးလို့ နာမည်ထည့်မပြောပါနဲ့ဆိုလို့ ခက်···ခက်အစား ပန်းရောင်လို့ ကြိုးစားသုံးခဲ့ရတာပါ။ ပန်းရောင် လုပ်ပေးသမျှအားလုံး စေတနာမေတ္တာသန့်သန့်နဲ့ပါရှင်"

"တော်စမ်းပါ··အသက်သခင်ကျေးဇူးရှင် မျက်နှာက ဒဏ်ရာတွေကိုလည်း နိုင်ငံခြားအထိသွားပြီး ခွဲစိတ်ကုသပေးထား

www.burmeseclassic.com

www.burmeseclassic.com



တာ…ကျေးဇူးမကန်းနဲ့”

“မမရယ်…ခက်က”

“ပြောရင် ဆင်ခြေဆိုတာ လူတိုင်း ပေးတတ်တယ်။ နွေလုလင်က ဥစ္စာပေါ်ရုပ်ချော ပညာတတ်ဆိုတော့ နှင့်လို အခြေအမြစ်မရှိတဲ့ မိန်းမတစ်ယောက်က မက်မောတာ မဆန်းပါဘူး”

“မမနု…မမနု အရမ်းလွန်လာပြီနော်။ ဘာပဲဖြစ်ဖြစ် ဒါ ကျွန်တော့်လွတ်လပ်ခွင့်…ကျွန်တော့်ဆုံးဖြတ်ချက်လို့ ပြောပြီး ပြီပဲ”

နွေလုလင် ဒေါသကို မထိန်းနိုင်တော့ပေ။ မရိုင်းချင်ပါဘူး။ ဒါပေမဲ့ ဒီထက်ပိုပြီး သည်းခံရအောင် ခန္တီပါရမီပြည့်နေတဲ့ သူတော်စင်တစ်ယောက် မဟုတ်ဘူးလေ။ ဆရာဝန်လည်း စိတ်နဲ့ ပဲဥစ္စာ။

“ဖေဖေ”

ဖခင်ဖြစ်သူ ဒေါသထွက်တာမြင်လေတော့ ဆောင်း…နုနုယဉ်ဧည့်ခန်းကနေ ထသွားပြီး ဖခင်ဖြစ်သူ၏ ရင်ခွင်ထဲသို့ တိုးဝင်လေသည်။ ပြီးတော့ မျက်ရည်တွေနှင့် ဖခင်ကို မော့ကြည့်ပြီး…

“ဖေဖေ”

“သမီး”

“မေမေက တကယ်ပဲ သမီးရဲ့မေမေ မဟုတ်ဘူးလားဟင်။ မေမေမဟုတ်ရင် သူက ဘယ်သူလဲ ဖေဖေ…ပြောပါ…သမီးကို



ပြောပါ”

“သမီးရယ်”

“မြေးလေး”

ကလေးကို ဘယ်လိုရှင်းပြရမှန်းမသိလေသဖြင့် နွေလုလင် သမီးကို ဖက်ထားလိုက်မိသည်။

“အန်တီပြောမယ် သမီး…သူက သမီးရဲ့မေမေ ပန်းရောင်ခြယ် မဟုတ်ဘူး။ သူက ပန်းရောင်ခက်ဆစ်။ မျက်နှာက ဒေါ်ရာတွေကို နိုင်ငံခြားမှာ သွားကုတာ။ ပြီးတော့ သမီးမေမေရဲ့မျက်နှာပုံစံ ပြောင်းပစ်တာ။ သမီးရဲ့မေမေ ပန်းရောင်ခြယ်က သေတာ ကြာပြီ…သမီး”

“ဟင်”

“နုနု”

“နုနု…နှင်…ကလေးအပေါ် တကယ်စေတနာထားလို့ ပြောနေတာလား။ ဒါမှမဟုတ် သူများတွေ စိတ်ချမ်းသာပျော်ရွှင်နေတာကို မကြည့်နိုင်လို့ တမင်ဖျက်လိုဖျက်ဆီး လုပ်တာလား…ပြော”

ဒေါ်ပပခိုင်လည်း သည်းမခံနိုင်တော့ပေ။ ဒါကြောင့် အော်ပြောလိုက်မိတော့၏။

“နှင်…ပြန်တော့…နုနု…သွားတော့”

ကြားနေရတဲ့စကားတွေက ကိုယ့်နားပင် ကိုယ်မယုံနိုင်ပေ။ ခက်တဲ့လား…ပန်းရောင်ခက်ဆစ်တဲ့လား။ ခက်အသံနဲ့ဟု လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ။ ခက်စကားပြောပုံနဲ့ တူလိုက်တာလို့ ထင်ခဲ့တာ။ အခုတော့ ခက် ဖြစ်နေသလား။ တကယ်ပဲ ကိုယ့်ရဲ့ခက်လားလို့ ချက်ချင်း သွားမေးချင်ပေမယ့်···

လောလောဆယ်အဖို့···

ကိုယ့်မှာ အဲဒီလိုအခွင့်အရေး မရှိပေ။ ကိုယ့်ကို ပျို့ပျို့လို့ လွှတ်ကနဲခေါ်ခဲ့တာ···ခက်မို့လို့ပေါ့။ ခက်ရယ်···နင် ဘယ်လို အဖြစ်ဆိုးနဲ့ ကြုံခဲ့ရတာလဲဟာ။

"မေမေတို့က သမီးကို နှင်နေတာလား။ ကောင်းပြီလေ··· သမီးသွားမှာပါ။ ဒါပေမဲ့ မကျေနပ်ဘူး"

ပြောပြီးတာနှင့် နုနု ထရပ်ပြီး ခြေသံပြင်းပြင်းနှင့် ထွက် သွားလေတော့သည်။

"မေမေ···မေမေ···အီး···ဟီး"

"သမီး"

"မြေးလေး"

"မေမေရေ···ဟီး"

"သမီးရယ်"

ကလေးက ခက်ကို သူ့အမေ မဟုတ်ဘူး၊ သူ့အမေက သေသွားပြီဆိုတာ သိပြီးနောက် အော်ငိုလေတော့သည်။ နွေလှလင်လည်း သမီးကို ပွေ့ဖက်ပြီး ငိုရသည်သာပေါ့။





# အခန်း (၃၆)

ချော့မရ မော့မရနှင့် အမေကိုပဲ တပြီးငိုနေတဲ့ ကလေးကို ကြည့်ပြီး မခံစားနိုင်လို့ ခက်လည်း ငိုရသည်သာ။ ပြီးတော့ ကိုကြီးနဲ့ သူမကိစ္စ အရှုပ်အထွေးတွေကြောင့် ခက် ဘယ်သူနှင့်မှ မျက်နှာချင်းမဆိုင်ချင်တော့ပေ။ ကိုကြီးက သူမနဲ့လက်ထပ်ဖို့အထိ တွေးထားပြီလား။

ခက်···

တစ်နေ့ ဒီလိုတွေရှိလာရင် ကြိုတွေးခဲ့ပါသည်လေ။ ကျေးဇူးတရားကြောင့် ကိုယ်က ကိုကြီးကြိုးဆွဲရာကဖို့ ဆုံးဖြတ်ထားပြီးသားပါ။ ဒါ···ကျေးဇူးဆပ်ချင်လို့ ပေးဆပ်ရုံသက်သက်ပါပဲ။ သူမမှာ ဘာတပ်မက်မှု၊ ဘာမက်မောမှုမှ မရှိတာ။ ခက်ရဲ့ ကိုယ်စောင့်နတ်နဲ့ ခက်သာ အသိဆုံးပေါ့။

လောင်မြိုက်မှုတွေကြောင့် ခက် ခြံထဲက ချယ်ရီပင်အောက် တစ်ယောက်တည်း ထိုင်ငိုနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခက်"

နောက်ဆုံးတော့ ဘယ်လိုပဲအရောင်ခြယ်ခြယ် ခက်ဟာ ခက်ပါပဲ။

"ခက်"

'ခက်'ဆိုတဲ့အခေါ်ကြောင့် ခေါင်းကိုမော့ပြီး မျက်ရည်တွေကြားမှ ခေါ်တဲ့အသံရှင်ကို ကြည့်လိုက်မိသည်။

"ဟင်"

"ဟုတ်တယ်မဟုတ်လားဟင်...နင်...ခက် မဟုတ်လား။ ငါ သိပါတယ် ခက်ရယ်...နင် ခက်ပါ"

ခက် ဘယ်လိုပြောရမလဲ။ ငါ ဘယ်လိုပြောရမလဲ မင်းပျိုရယ်။ ရွှေတိုးရခက်၊ နောက်ဆုတ်ရခက် ဖြစ်နေတဲ့ဘဝမှာ ခက် ရေခိုးရေငွေ့လေးအဖြစ်နဲ့ ခြောက်သွေ့ပျောက်ကွယ်သွားချင်လိုက်တာ။

"ပြောလေ...ခက်...ငါမေးတာကို ဖြေပါဦးဟာ"

မင်းပျို...ခက်ဘေးမှာ ဝင်ထိုင်လိုက်တော့ ခက်က ထွက်သွားဖို့ ထရပ်လေလျှင်...

"ခက်"

ဖြစ်ချင်ရာဖြစ်ပါတော့။ မင်းပျို...ခက်ရဲ့လက်ဖျားလေးကို လှမ်းဆွဲထားလိုက်သည်။

"နင်...ရှောင်ထွက်မသွားပါနဲ့ ခက်ရယ်...ငါ သိပါတယ်။ နင်တို့ ပြောတာဆိုတာတွေကို ငါ အားလုံး ကြားပြီးပါပြီ။ ငါ နင့်ကို လိုက်ရှာနေတာ။ ရောက်လေရာအရပ်မှာ နင့်အကြောင်း





ကို စုံစမ်းနေတာပါဟာ"

"အဟင့်"

"နင်...ငါ့ဆီကို ပြန်လာခဲ့ပါ။ ငါ့ဘဝထဲကို ပြန်ဝင်လာခဲ့ပါ ခက်ရယ်...ငါ ဘယ်လောက်ခံစားနေရလဲ...နင် သိလား။ ငါ ရူးတော့မယ်ဟ"

"မပြောနဲ့...အဲဒါတွေ မပြောပါနဲ့တော့ မင်းပျိုရယ်"

"ဘာ...ခက်"

မင်းပျို ထရပ်ပြီး ခက်ပခုံးကို ဖိဆုပ်လိုက်မိသည်။

"ဘာလို့မပြောရမှာလဲ...မပြောလို့မရဘူးလေ။ နင်နဲ့ငါ ပတ်သက်ခဲ့တာ ချစ်သူရည်းစားအဆင့်မဟုတ်ဘူးနော်...ခက်"

"မင်းပျို"

ခက် ငိုနေရင်း ရှိုက်သံနှင့်မို့ စကားမဆက်နိုင်ပေ။ ပြီးမှ...

"ပြီးခဲ့တာတွေက ပြီးသွားပါပြီဟာ...အခုက ငါ့ဘဝငါ မပိုင်တဲ့ဘဝပါ။ ငါ့ကိုယ်ငါ မပိုင်တော့ဘူး...မင်းပျို"

"ခက်.... နင် အဲဒီလို ပြီးစလွယ်မပြောနဲ့လေဟာ... ကျေးဇူးတရားက နင့်ကို ချည်နှောင်ထားတဲ့ကြိုးဆိုရင် အဲဒီကြိုးကို ငါ ရအောင်ဖြေမယ်။ အဲဒီကျေးဇူးကို ငါ့အသက်နဲ့ပဲ လဲဆပ်ရဆပ်ရ ငါ ဆပ်မယ်"

"မင်းပျို"

မျက်ရည်တွေက ထိန်းနေသည့်ကြားမှ ထိန်းလို့ရပေ။ အရင်တုန်းက ပန်းရောင်ခက်ဆစ် မဟုတ်တဲ့အတိုင်းပါလား။

www.burmeseclassic.com

www.burmeseclassic.com



အရင်တုန်းက ခက်က မဟုတ်မခံ၊ မာနခဲမလေးပေါ့။ အခုတော့ ဘဝအတွေ့အကြုံအရ မာနတွေ အရေခွံကျွတ်ကျသွားသလိုပါပဲ။

ကျေးစူးတရားဆိုတာကြီးက ခက်ရဲ့မာနကို ချုပ်ကိုင်ထား လေသလား။

"စကားကို ပြီးစလွယ်ပြောတာက ငါ မဟုတ်ဘူး… မင်းပျို၊ နင်ပြောနေတဲ့စကားတွေကမှ ပြီးစလွယ်ဖြစ်နေတာ"

"ဘာ"

"အချို့အရာတွေက နင်ပြောသလောက် မလွယ်ဘူး… မင်းပျို၊ ကျေးဇူးတရားကို နင် အသက်ပေးပြီးဆပ်မယ်ဆိုတိုင်း ရမယ်ထင်နေလား"

"ဒါဆို ငါ ဘာလုပ်ရမလဲ…ခက်၊ နင့်ကို ငါ ထပ်ပြီး အဆုံးရှုံးခံရဦးမှာလား။ ဒီတစ်ခါဆို ငါ ရူးလိမ့်မယ် ခက်ရဲ့… ငါ့ကို အဲဒီလောက် ဥပေက္ခာမပြုပါနဲ့ဟာ… ငါ နင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နင် သိပါတယ်။ ငါ့ကို နောက်ထပ် နင် ထားခဲ့ဦးမှာလား ခက်ရယ်…အဲဒါဆို နင် ငါ့ကို သတ်ပါ။ သတ်သွားပါ ခက်"

"မင်းပျိုရယ်"

ခက် ရင်ဘတ်က အောင့်ဟက်လာသဖြင့် လက်ဖြင့် ရင်ဘတ်ကို ဖိလိုက်မိသည်။ ခက် ဖြစ်နိုင်ရင် သေပစ်လိုက်ချင် တာ။ မင်းပျိုကို ခက် ချစ်ပါတယ်လေ။ ဒါပေမဲ့ ကိုကြီးနဲ့ဆောင်း လေးကိုလည်း သံယောဇဉ်ရှိသည်။ ခက် ကိုယ့်ဘဝနဲ့ကိုယ်နေခဲ့ရ





အကောင်းသား။ အမေ… သမီးရဲ့အဖြစ်ကို မြင်လှည့်ပါဦး အမေရယ်။

"ခက်"

"အဟင့်"

"နင် ဘာတွေဖြစ်ခဲ့လဲ…ဟိုလူကြီးလက်ထဲကနေ နင် ဘယ်လိုလွတ်မြောက်ခဲ့လဲ။ ငါ့ကို ပြောပြပါလား"

ခက် ခေါင်းညိတ်ပြီး မျက်ရည်တွေကို သုတ်ပစ်လိုက် သည်။ ဘာတွေဖြစ်ခဲ့လဲဆိုတာ ခက်လည်း ပြောပြချင်နေခဲ့တာ ပါ။ ဒါပေမဲ့ ပြောပြခွင့်မရလို့ ကြိတ်မှိတ်မျိုသိပ်နေခဲ့ရတာ ဘယ်လောက်ကြာပြီလဲ။

"အဲဒီနေ့က နင်နဲ့ငါ ကွဲသွားပြီး အဖြစ်က ဒီလိုပါ မင်းပျို"

ခက် ဒီလိုကနေ အစချီပြီး ဖြစ်ကြောင်းကုန်စင် ပြောပြ လိုက်လေသည်။ ခက်မှာ ဘယ်လိုဝဋ်ကြွေးတွေကြောင့်များ ဒီလောက် ဘဝဖြတ်သန်းမှုက ခက်ခဲကြမ်းတမ်းနေခဲ့တာလဲ မသိ တော့ပါဘူး။ ဝဋ်ကြွေးတွေ ကြေပါစေတော့။

ခက်… မင်းပျိုကိုပြောပြလို့ ဓာတ်ရည်လည်သွားလေ တော့…

"တောက်…တော်တော်ယုတ်မာတဲ့လူကြီးပဲ။ ဖြစ်နိုင်ရင် အဲဒီလူကြီးကို ငါ သတ်ပစ်ချင်တာ။ အခုလည်း ငါ မမေ့နိုင် ဘူး။ နင့်အတွက် ထပ်ပြီး ခလုတ်ကန်သင်းဖြစ်နေဦးမယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ငါ ရှင်းပစ်မယ်…ခက်"

"ဟင်"

ခက် ရင်ထဲမှာ စိုးရိမ်ပူပန်မှုတို့ ဖြစ်တည်သွားလေသည်။ မင်းပျို…ဦးဖော်မင်းဦးကို ပြဿနာသွားရှာရင် ဒုက္ခ။ မင်းပျိုကို ခက် ဒုက္ခမရောက်စေချင်ပါဘူး။ ဦးဖော်မင်းဦးကို တစ်ခုခုသွားလုပ်လိုက်ရင် ထုတဲ့ဥသျှစ်ရော ခံရတဲ့ဥသျှစ်ရော ကွဲမှာပဲလေ။

"နင်…သူ့ကို ဘာမှသွားလုပ်စရာမလိုဘူး မင်းပျို…ပြီးခဲ့တာတွေ ထားလိုက်ပါတော့။ သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်တာမဟုတ်ပေမယ့် မုန်းစကိုတော့ ဆွဲမဆန့်ချင်တော့ဘူး။ ငါ ဝဋ်ကြွေးကြေတဲ့နေ့ အရာအားလုံးက ပြီးဆုံးသွားမှာပါ"

"ပန်းရောင်"

"ဟင်"

လှမ်းခေါ်သံနှင့်အတူ လျှောက်လာနေသူက နွေလုလင်ပါ။

"ပန်းရောင်…မြန်မြန်လာ"

"ဘာဖြစ်လို့လဲ ကိုကြီး"

"သမီးလေးက ခေါ်ခိုင်းနေလို့ပါ"

"ရှင်"

"ဟုတ်တယ်…ပန်းရောင်…တကယ်တော့ သူ့အမေကို ဆုံးရှုံးလိုက်ရလို့ သူ့အမေမရှိတော့ ခံစားရတာကသပ်သပ်၊ သမီးလေးက ပန်းရောင်ကို သံယောဇဉ်ရှိတာက တခြားပါ။ မေမေ ခက်ကို ခေါ်ပေးပါတဲ့"



သြော် သမီးလေးက အဲဒီလိုနာမည်နဲ့ ခွဲခေါ်တတ်သွားပြီလား။ ခက် ဝမ်းသာရမလား၊ ဝမ်းနည်းရမလား မပြောတတ်တော့ပေ။

"ကိုကြီး"

"ဟင်"

"ခက်ကို ခက်လို့ပဲ ခေါ်ပါတော့။ နေရာမှန်လူမှန်ဖြစ်သွားပြီပဲလေ။ သမီးလေးတောင် အမှန်အတိုင်း ခေါ်တတ်နေပြီပဲ"

နွေလုလင် ခေါင်းညိတ်လိုက်ပြီး…

"ကောင်းပါပြီ…ခက်၊ သမီးလေးဆီသွားရအောင်"

"ဟုတ်ကဲ့…ကိုကြီး"

ခက်နဲ့နွေလုလင် ထွက်သွားမည်ပြုတော့…

"ခက်"

"…………"

"နင် ငါ့ကို ဒီအတိုင်းပဲ ထားခဲ့တော့မှာလား…ခက်"

ခက် ဘာမှပြန်မပြောဘဲ ခြေလှမ်းတွေကို စတင်အလုပ်ပေးကာ ဆက်လျှောက်ခဲ့တော့သည်။ မချစ်လို့ မဟုတ်ပါဘူး မင်းပျို။ တစ်ခါတလေ လောကကြီးက ရယ်စရာကောင်းလှပါတယ်။ အချစ်အတွက်နဲ့ အသက်ပင်သေသေဆိုတဲ့လူတွေက…

အခြေအနေတစ်ခုကြောင့် ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးလိုက်ရတဲ့အခါတွေ ရှိတယ်ဆိုတာ တစ်နေ့ နင် သိလာမှာပါ။

"ခက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းပျို့ရင်ထဲမှာ နင့်နင့်သည်းသည်းနှင့် အသက်ရှူရတာ ကျပ်လာသလိုပါ။ စိတ်တွေမွန်းကျပ်လိုက်တာ။ ကိုယ်တွေရဲ့ဘဝက ဒီလိုလား။ တကယ်ပဲ ဝေးကြရတော့မှာလား ခက်ရယ်။ ငါ့ကို နည်းနည်းလေးမှ ငဲ့မကြည့်တော့ဘူးလား။

တည်ဆောက်လိုက်တဲ့ စိတ်ကူးယဉ်ကမ္ဘာ
ပန်းတွေဟာ မွေးပျံ့လို့
စမ်းရေက တသွင်သွင်စီးဆင်း
အဲဒီကမ္ဘာမှာ ဒုက္ခမရှိ
သောကဟာ အရောင်ပျော့ပျော့နဲ့
ပူပန်မှုဆိုတာ
ရေမွေးငွေ့လိုလား…
လက်တွေ့ကျတဲ့ ကမ္ဘာရောက်တော့
ဒုက္ခဟာ အရောင်နက်နက်
သုခကို အရောင်ဖျက်တဲ့ပိုးက
ချိုမှုပါပေမယ့်
ငိုအောင်တော့ ခဏခဏ စတတ်ပါလား။

ဪ… စိတ်ကူးယဉ်ကမ္ဘာက သာယာသလောက် လက်တွေ့ကျတော့ ကမ္ဘာကတော့ မျက်ရည်နဲ့ တည်ဆောက်ထား ရသလိုပါလား။



# အခန်း (၃၇)

ကလေးက ငိုတာများပြီး နေမကောင်းဖြစ်တော့ ခက်ကိုပဲ ကပ်နေတာ။ မျက်စိအောက်ကနေ အပျောက်မခံတော့ပေ။ မိခင် ဆုံးသွားပြီဆိုတာကိုသိပြီး အားငယ်နေပေမယ့် ခက်ရဲ့ကြင်နာ ယုယမှုအောက်မှာ သူ အကြာကြီးနေခဲ့ရဖူးတော့…

ခက်ကိုလည်း သံယောဇဉ်ရှိနေသည်လေ။ ဒါကြောင့် ဆောင်းရဲ့မေမေ မရှိတော့ပေမယ့် မေမေခက်ရှိနေလို့ ဆောင်း- အောက်ထပ် မငိုတော့ပါဘူးတဲ့။ ဒီလိုပြောပြီး ခက်ကိုပဲ အပျောက် မခံတော့ပေ။ ဟိုအနား ဒီအနားသွားရင်တောင် မေမေရောလို့ မေးပြီး လိုက်ရှာနေတတ်တာမျိုးပါ။

"မေမေ"

"ပြောလေ…သမီး"

www.burmeseclassic.com

www.burmeseclassic.com



"မေမေ…ဆောင်းကို ဘယ်တော့မှ ခွဲမသွားပါနဲ့နော်။ ဆောင်းလေ ဖေဖေရယ်…မေမေရယ်…ဆောင်းရယ် အမြဲတမ်း အတူတူနေသွားချင်တယ်။ မေမေ ဆောင်းကို ဘယ်တော့မှ ခွဲမသွားပါဘူးလို့ ကတိပေးပါနော်"

"သမီးရယ်"

ခက် သမီးကို ခပ်တင်းတင်း ပွေ့ဖက်ထားလိုက်မိသည်။ ကိုယ်လည်း ဘယ်ခွဲသွားချင်ပါ့မလဲလေ။ သမီးကို သူ့မ ချစ်ပါသည်။ ဒါပေမဲ့ အခြေအနေက ရှေ့ဘာဆက်ဖြစ်ဦးမလဲဆိုတာ မသိနိုင်သေးတော့ ရင်ထဲမှာ လေးနေရသည်သာ။

"မေမေ…ကတိပေးပါနော်၊ ဖေဖေရယ်…မေမေရယ်… ဆောင်းရယ် အတူတူနေကြမယ်။ ဘယ်တော့မှ မခွဲဘူးနော်"

"အေးပါ သမီးရယ်…သမီး စိတ်ချမ်းချမ်းသာသာ နေနော်"

"ဟုတ်ကဲ့ပါ မေမေ…မေမေ့ကို ဆောင်း အရမ်း ချစ်တယ်"

"မေမေလည်း သမီးကို ချစ်ပါတယ်ကွယ်"

"သမီးရေ"

ခေါ်ပြီးဝင်လာသူက နွေလုလင်ပါ။ လက်ထဲမှာလည်း အထုပ်တွေနဲ့။ နောက်ထပ်ဝင်လာသူတွေကတော့ ဦးကျော်မြိုင်နဲ့ ဒေါ်ပပခိုင်ပါ။

"မြေးလေး…သက်သာရဲ့လား"



"ဟုတ်ကဲ့…သက်သာပါတယ် ဘွားဘွား…ဖေဖေ ဘာတွေဝယ်လာတာလဲဟင်"

"သမီးစားဖို့ မုန့်တွေပေါ့…သမီးရဲ့၊ ပြီးတော့ ခက် အတွက်ရော သမီးအတွက်ရော ဆွယ်တာတွေ ဝယ်လာတာ။ ရော့… ခက် ကြိုက်ရဲ့လား…ကြည့်ပါဦး"

"ခက်က အဝတ်အစား ချေး(ဂျေး) မများတတ်ပါဘူး ကိုကြီး"

ခက်…နွေလုလင် လှမ်းပေးတဲ့ဆွယ်တာအိတ်ကို ယူလိုက်သည်။ ပြီးတော့ အင်္ကျီတွေကို ဖြန့်ကြည့်လိုက်ပြီး…

"အဆင်လေးတွေက လှလိုက်တာ…ကိုကြီးက ရွေးတတ်သားပဲ"

"မေမေရွေးပေးတာ ခက်ရဲ့"

"ဪ…ဟုတ်လား"

"ဟုတ်တယ် သမီးရေ…သမီးမေမေက သူ့သမီးနဲ့ သူ့မြေးအတွက် ဝယ်ပေးချင်တာတွေ များနေတာလေ။ ရွေးလိုက်တာလည်း စောင့်ရတဲ့သူ စိတ်မရှည်တော့ဘူး"

ဦးကျော်မြိုင်က ရယ်ကာမောကာနှင့် ဝင်ပြောလေသည်။ ဒေါ်ပပခိုင်က…

"မြေးလေး…နေကောင်းပြီလား။ နေကောင်းရင် မနက်ဖြန် သမီးတို့ ရက္ခဗေဒဥယျာဉ်ကို သွားကြလေ"

"မြေး…နေကောင်းနေပြီ ဘွားဘွား…ဖေဖေ မနက်ဖြန်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့…သွားမယ်နော်”

“လိုက်ပို့မှာပေါ့ သမီးရဲ့…မနက်ဖြန် သွားကြမယ်လေ နော်”

“ဟုတ်”

မင်းပျို နံ့ရံကွယ်ကနေ ချောင်းကြည့်ပြီး မျက်ရည်တွေ ကျလာလေသည်။ သြော်…သူတို့ကတော့ သိပ်ပျော်နေကြတာ ပေါ့။ ကိုယ့်မှာတော့ ရင်ကိုခွဲပြီး အသည်းကိုနုတ်ယူခံလိုက်ရတာ ရင်ဘတ်တစ်ခုလုံး နာကျင်မှုတွေ ဖြောင်းဆန်လို့ပါ။

ခက်ရယ်…

နှင် တကယ်ပဲ ငါ့အပေါ် ရက်စက်တော့မှာပေါ့နော်။ အေးပေါ့လေ…နှင် ငါ့ဘဝထဲကိုဝင်လာရင် အခုလို ချမ်းချမ်း သာသာနဲ့ တောက်တောက်ပြောင်ပြောင် နေရမှာမှမဟုတ်ဘဲ။ ချစ်သူတို့ရဲ့ယန်းတိုင်က ပေါင်းစည်းခွင့်ဆိုရင် ငါက လမ်းတစ်ဝက် မှာ ရပ်ကျန်ခဲ့ရတဲ့သူပါ။ နှင် ပျော်ပါစေ…ခက်။

ငါ နားလည်ပါတယ်ဟာ။ ငါ နှင့်ကို လွတ်လပ်စွာနဲ့ ပျံသန်းခွင့်ပြုလိုက်ပါပြီ။

“ဟင်”

ခက် ဘာရယ်မဟုတ် အိမ်တံခါးဝကို လှမ်းအကြည့် ချောင်းကြည့်နေတဲ့ မျက်နှာတစ်ခုကို မြင်လိုက်ရတော့ ခက်ရင်ထဲ မှာ စူးကနဲ နာကျင်သွားရလေသည်။

မင်းပျိုရယ်လို့ ရင်ထဲမှသာ တမ်းတမ်းတတ ခေါ်မိရင်း



မျက်ရည်က ဝေ့တက်လာခြင်းမှ အစပြုလို့ ထိန်းမရ သိမ်းမရပါ။

“ခက်”

“…………”

“ဘာဖြစ်လို့လဲ…မျက်ရည်တွေကျနေတာက ခက်အမေ ကို သတိရလို့လား”

“…………”

“ကိုယ့်ချင်းစာမိပါတယ်ကွာ…ခက် ဘာဖြစ်ချင်လဲ၊ ဘာလုပ်ချင်လဲ…ကိုကြီးကို ပြောပြလေ။ ရန်ကုန်ပြန်ရောက်ရင် ကိုကြီး စီစဉ်ပေးမယ်…ငိုမနေပါနဲ့”

အမိကအကြောင်းရင်းက ကိုကြီးပြောတာမဟုတ်တော့ ခက် ဘာမှပြန်မပြောဘဲ မျက်ရည်တွေကို သုတ်ပစ်လိုက်သည်။ နှင် ငိုနေတာလား မင်းပျိုရယ်။

“ခက်”

“…………”

“ရန်ကုန်ပြန်ရောက်ရင် ခက်အမေကို အဖြစ်မှန်တွေ ရှင်းပြ လိုက်ပါ ခက်…ပြီးရင် ခက်အနားမှာ ခေါ်ထားလိုက်ပါ”

“ဟုတ်တယ် သမီး…ဖေဖေ အဲ…အန်ကယ်လ်တို့က သမီးနဲ့သားကို ရန်ကုန်ကို ပြန်ရောက်တာနဲ့ လက်ထပ်စေချင် တယ်။ အဲဒီတော့ ခက်အမေကို အဖြစ်မှန်တွေ ရှင်းပြပြီးရင် လက်ထပ်လိုက်ကြပေါ့။ အဲဒါမှ သမီးအမေကို ခေါ်ထားရမှာ အဆင်ပြေမှာလေ”

www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားတွေက ခက်ရင်ကို လောင်မီးကျစေ၏။ ခက်မှာ လွှတ်လပ်စွာ ပျံသန်းခွင့်မရှိတော့ပါလား။ မင်းပျို… ငါ ဘာလုပ်ရမလဲဟင်။ နင့်ကို ငါ အရမ်းချစ်တာပါဟာ။ နင် ချောင်းကြည့်နေတာ မြင်လိုက်ရတော့…

ငါ ဘယ်လောက်နာကျင်ရလဲ။ ဖြစ်နိုင်ရင် ငါ ပြေးလာပြီး နင့်မျက်ရည်တွေကို သုတ်ပေးချင်တယ် မင်းပျို။ နင့်ရင်ခွင်ထဲ တိုးဝင်ပြီး နင့်ကို ငါ ဘယ်လောက်ချစ်ကြောင်း ပြောချင်တယ်။ ဒါပေမဲ့…

"ခက်…ခက်…ခေါင်းတွေနောက်လာလို့ အပြင်ခဏ ထွက်ပါရစေနော်"

ပြောပြီး ခက် ထထွက်လာခဲ့တော့ နွေလုလင် ခက်ကျောပြင်ကို လိုက်ငေးရင်း ခေါင်းထဲမှာ အတွေးတွေ ဖျတ်ကနဲ ဖျတ်ကနဲ လက်လာသည်သာ။



# အခန်း (၃၈)

မင်းပျို မခံစားနိုင်လွန်းလို့ ချယ်ရီပင်အောက်မှာ တစ်ယောက်တည်းထိုင်၍ အားရပါးရ ငိုရှိုက်နေမိတော့သည်။ သူ ခက်ကို တကယ်ပဲ စွန့်လွှတ်ရတော့မှာလား။ ကျွန်စစ်သားလို ကိုယ့်ချစ်သူကို တစ်ပါးသူရင်ခွင်ထဲ ထည့်ပေးရမယ့်အဖြစ်။

ကျေးဇူးတရားဆိုတဲ့ကြိုးတွေ ဘယ်လိုဖြေရမလဲ။ ဒီကြိုးတွေကြားကနေ လွတ်မြောက်အောင် ဘယ်သူများ ကူညီနိုင်ပါ့မလဲနော်။

"မင်းပျို"

ပခုံးကို လာပြီးဆုပ်ကိုင်တဲ့အထိအတွေ့ကြောင့် မင်းပျို မျက်ရည်တွေကို ကမန်းကတန်းနှင့် သုတ်ပစ်လိုက်သည်။ ပြီးတော့ မော့ကြည့်လိုက်စဉ်…

"ဟင်…ခက်"

မင်းပျို ချက်ချင်းထရပ်ပြီး ခက်နှင့် မျက်နှာချင်းဆိုင်လိုက်သည်တွင်…



www.burmeseclassic.com

www.burmeseclassic.com



"မင်းပျို"

"ခက်"

"အဟင့်"

ခက်…မင်းပျိုရင်ခွင်ထဲသို့ တိုးဝင်လိုက်ပော့ မင်းပျိုက လည်း ပြန်ဖက်ထားမိတာ လွတ်ထွက်သွားမှာစိုးသည့်အလား နှယ်။ နှစ်ယောက်စလုံးမှာ မျက်ရည်တွေနှင့်။ တကယ်တမ်း ဝေးကွာရမယ်ဆိုတော့ မခံစားနိုင်ကြတော့ဘူးလေ။

"ငါ ငါ ရူးတော့မယ် ခက်ရယ်၊ ငါ နင့်ကို အရမ်းချစ်တယ်"

"ထပ်တူပါပဲ မင်းပျို…ဒါပေမဲ့"

"တော်တော့…ခက်၊ ဒါပေမဲ့ရဲ့နောက်က စကားတွေ ငါ့ကို ထပ်မပြောပါနဲ့။ ငါ မကြားပါရစေနဲ့ဟာ"

"အဟင့်…မင်းပျိုရယ်"

"ငါ မခံစားနိုင်တော့ဘူး…ခက်၊ နင် ငါနဲ့ ပြန်လိုက်ခဲ့ပါ ဟာ…နော်…တို့ပြန်ကြရအောင်"

တစ်ယောက်နဲ့တစ်ယောက် တင်းတင်းဖက်ပြီး စကားတွေ တတွတ်တွတ် ပြောနေချိန်မှာ သူတို့ကို မမှိတ်မသုန် ငေးကြည့်နေ သူက နွေလုလင်ပါ။ သူ ခက်နောက်ကို လိုက်လာခဲ့တာလေ။ ဒီရောက်တော့ မြင်လိုက်ရတဲ့မြင်ကွင်းက သူ့ရင်ကို ထက်ခြမ်းခွဲ လိုက်သလိုပါပဲ။

ခက်… ဒါကြောင့် သူ ကိုယ့်မေတ္တာရိပ်အောက်မှာ မပျော်နိုင်ခဲ့တာကိုး။ သူ့နောက်ကြောင်းကို သိထားပေမယ့် သူမရဲ့

ချစ်သူဆိုတာ မင်းပျို ဖြစ်နေလိမ့်မယ်လို့ ထင်မထားမိပေ။ တိုက်တိုက်ဆိုင်ဆိုင် ဆုံတတ်လေပ။ ကိုယ်သတိမထားမိခဲ့တာပါ။

မင်းပျိုနဲ့ခက် ဆုံကြတိုင်း မင်းပျိုကို ခက် ကြည့်တဲ့အကြည့် တွေက သမားရိုးကျမှ မဟုတ်တာ။ ခက်ကို ခက်မှန်း မင်းပျို ဘယ်လိုသိသွားတာလဲ။ ခက် ပြောပြတာလား။ ဒါမှမဟုတ် မမနေ လာတဲ့နေ့က…

"ဖေဖေ"

"ဟင်"

သမီးလေး ပြေးလာပြီးခေါ်လေတော့ နွေလုလင် သမီးကို လှည့်ကြည့်သလို ခက်နဲ့မင်းပျိုလည်း သူတို့သားအဖကို မြင်သွား လေသည်။ ဒါကြောင့် နွေလုလင် သမီးလေးလက်ကို ဆွဲလျှက် ခက်တို့ဆီသို့ လျှောက်လာခဲ့လေလျှင်…

"ကိုကြီး"

နွေလုလင် မချိပြုံးပြုံးလိုက်မိပြီး…

"ကိုကြီးကြောင့် အနှောင့်အယှက်ဖြစ်သွားလား မသိဘူး။ ဆောရီးပါ…ခက်"

ခက် ခေါင်းလေးငုံ့ပြီး ဘာမှမပြောပေ။ ဒါပေါ့လေ… သူ့ခမျာ အခက်တွေ့နေမှာပေါ့။

"မေမေ"

"ဟင်"

"မေမေက ဆောင်းကို ထားခဲ့ပြီး ဒီမှာ ဘာလာလုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ မေမေရဲ့"

"သမီး"

"ရှင်…ဖေဖေ"

"ခက်က သမီးရဲ့မေမေအရင်းမှ မဟုတ်ဘဲကွယ်။ သူလည်း လွတ်လွတ်လပ်လပ် နေချင်မှာပေါ့။ သူ သမီးအနားမှာ အမြဲဘယ်နေနိုင်ပါ့မလဲ။ ဖေဖေတို့…သွားရအောင်နော်"

"ဟင့်အင်း…ဖေဖေကလည်း မေမေ့ကို သမီးရဲ့မေမေ မဟုတ်မှန်း သမီး သိပါတယ်။ ဒါပေမဲ့ ဒီမေမေ့ကိုလည်း သမီး ချစ်တယ်လေ။ မေမေ…မေမေ့ကို သမီး အရမ်းချစ်တယ်နော်။ မေမေ သမီးအနားမှာ အမြဲမနေချင်ရင် ရပါတယ်။ ဒါပေမဲ့ သမီးကိုတော့ ခွဲမသွားပါနဲ့နော်"

"သမီး"

"သမီးရယ်"

ခက် သမီးကို ဖက်ပြီးငိုရပြန်သည်။ အခုမှ ခက်အဖြစ်က ဆူးနှစ်ဖက်ကြားပေါက်နေတဲ့ ဘူးသီးလိုပါ။ မင်းပျိုကို ချစ်သလို ကိုကြီးတို့သားအဖကိုလည်း သံယောဇဉ်ရှိသည်။

"အစ်ကို"

မင်းပျို ပြောမှဖြစ်တော့မည်လေ။ ခက်နဲ့ကိုယ်က ချစ်သူရည်းစားအဆင့်မကခဲ့တော့ လိပ်လို့ပဲပြောပြော၊ ကြက်လို့ပဲပြောပြော ကိုယ့်ဘက်ကိုယ်ယက်ရတော့မည်သာ။ ဒါ…နှလုံးသားရဲ့ စေခိုင်းချက်ကို မလွန်ဆန်နိုင်လို့ နာခံခြင်းပဲပေါ့။





"အစ်ကို့ကို ကျွန်တော် တောင်းပန်ပါတယ်ဗျာ။ ကျွန်တော် ခက်ကို အစ်ကို့ဘဝထဲကနေ ခွဲမထုတ်ချင်ပါဘူး။ ဒါပေမဲ့ ခက်နဲ့ ကျွန်တော်က အကြင်လင်မယားအဖြစ် တရားမဝင်ခဲ့သေးပေမယ့် ချစ်သူအဆင့်လည်းမကခဲ့ပါဘူး အစ်ကို…ကျွန်တော် ခက်ကို အရမ်းချစ်တယ်"

"ငါ သိပါတယ်…ငါ နားလည်ပါတယ်ကွာ။ ဒါကြောင့် ခက်ကို ငါ ဘာနဲ့မှ တုပ်နှောင်မထားပါဘူး"

"မင်းပျို…နင် ဘာတွေပြောနေတာလဲ၊ မပြောပါနဲ့"

"မပြောလို့မရဘူး ခက်…ငါက အမှန်တရားတွေကို ပြောပြနေတာပါ။ နင် ကျေးဇူးတရားကို အခြားနည်းနဲ့ ဆပ်ချင်ဆပ်…နှလုံးသားနဲ့တော့ ရင်းပြီးမဆပ်ပါနဲ့။ ဒါဖြစ်ပြီးပြန်ဖျက်လို့ မရဘူးနော်"

နွေလုံလင် မချိပြုံးနဲ့ ခေါင်းညိတ်လိုက်မိသည်။ မှန်တာပေါ့။ မင်းပျိုပြောတဲ့စကားတွေက အမှန်တွေပဲလေ။ အိမ်ထောင်ရေးဆိုတာ တည်ဆောက်ပြီးရင် လွယ်လွယ်ပြန်ဖျက်ပစ်လို့မှ မရတာ။ အချစ်မပါတဲ့ အိမ်ထောင်ရေးက ဆားမပါတဲ့ဟင်းလိုပေါ့ ပျက်ပျက်နိုင်လွန်းလှတယ်လေ။

ခက်မှာ ချစ်သူမရှိရင်ထားတော့။ အခု ချစ်သူရှိနေမှန်းသိသိနဲ့ ကိုယ့်ဘဝထဲ ဆွဲမခေါ်ချင်ပေ။ ကိုယ့်ရင်ခွင်ထဲမှာနေပြီး အခြားတစ်ယောက်ကို သတိရလွမ်းဆွတ်နေမယ့်အဖြစ်မျိုးကို နွေပုံလင် မလိုချင်ပါဘူး။ ဒါကြောင့် သံယောဇဉ်ကြိုးကို တိုတိုနဲ့ ဖြတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာကောင်းပါတယ်။

"မင်းပျိုပြောတာမှန်တယ် ခက်…သံယောဇဉ်လောက်နဲ့တော့ ကိုကြီးတို့သားအဖကို ငဲ့မနေပါနဲ့။ နောက်မှ ခက် နောင်တရတာမျိုး မဖြစ်စေချင်ဘူး။ အစကတည်းက ကိုကြီးက ကိုယ်မပိုင်တဲ့ပန်းကို ပျိုးခဲ့မိသူပါ"

"ကိုကြီး…ခက်လေ"

"မင်းပျိုနဲ့ ပြန်လိုက်သွားပါ…ခက်၊ သံယောဇဉ်ဆိုတာ တစ်စကျန်တာနဲ့ အဲဒီတစ်စကနေ ရစ်ပတ်တတ်တဲ့အရာမို့ သွားပါ။ အစတွေ ချန်မထားခဲ့ပါနဲ့၊ မင်းပျိုက ခက်ကို သိပ်ချစ်တာဆိုတော့ ခက် စိတ်ချမ်းသာရမှာပါ…သွားပါတော့"

"ဖေဖေ…မေမေ ဘာတွေပြောနေတာလဲဟင်…မေမေ့ကို ဘာလို့သွားခိုင်းနေတာလဲ။ မေမေက ဘယ်ကိုသွားရမှာလဲ။ မသွားရဘူး…သမီး မေမေ့ကို မခွဲနိုင်ဘူး…ဖေဖေရဲ့"

"သမီးရယ်"

ခက် ဘယ်လိုမှ မခံစားနိုင်စွာ မျက်ရည်တွေ ကျလာပြန်သည်။ သမီးအနားသို့သွားပြီး သမီးကို ဖက်မည်ပြုတော့ နွေလုလင်က သမီးကို ဦးစွာပွေ့ချီလိုက်သည်။

ပြီးတော့ သမီးကို ခပ်တင်းတင်းဖက်ပြီး သမီးခေါင်းကို ပခုံးပေါ်တင်၍ ကပ်ထားလိုက်သည်။ မကြည့်ပါနဲ့တော့ သမီးရယ်…ကိုယ်မပိုင်တဲ့ပန်းကို နမ်းခွင့်မရတဲ့အတူတူ သံယောဇဉ်ကြိုးတွေ ဆက်ထုံးမထားချင်ပါနဲ့တော့။



"မင်းတို့နှစ်ယောက် သွားနိုင်ပါပြီ။ လွတ်လပ်စွာ ပျံသန်းကြပါ…ပျော်ရွှင်ပါစေလို့ ငါ ဆုတောင်းပေးပါတယ်"

"ကျေးဇူးပါ အစ်ကို…ကိုယ့်ခေါင်းမှာ ပန်မယ့်ဆဲဆဲ ပန်းကို သခင့်လက်ထဲ ပြန်ကမ်းပေးတဲ့အတွက် သူခိုးလို့ စွပ်စွဲရမယ့်အစား ရိုးသားစွာ ပြန်ကမ်းပေးတဲ့လက်ကို ဖြစ်နိုင်ရင် စိန်နဲ့စီ ရွှေချပြီး သိမ်းထားပေးချင်ပါတယ်။ အစ်ကို့ကျေးဇူးကို ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး။ အခွင့်အရေးရရင် ကျွန်တော် ကျေးဇူး ပြန်ဆပ်ပါ့မယ်"

"မလိုပါဘူး မင်းပျို…ငါက လူတစ်ယောက်ကို ကူညီလိုက်လို့ ကျေးဇူးတရားရဲ့အတိုးအရင်းကို မမျှော်လင့်တတ်ဘူး။ ကိုယ်မပိုင်တဲ့ပန်းကို ပျိုးခဲ့မိမှတော့ ဆူးစူးလည်း ငါ မကြောက်တော့ပါဘူး။ ဥယျာဉ်မှူးမှန်ရင် ဆူးစူးခံရတာပါပဲ"

ပြောပြီး နွေလုလင် လှည့်ထွက်ခဲ့လေတော့…

"မေမေ"

"သမီး"

"မေမေ"

ကလေးက အော်ခေါ်ပြီးငိုပေမယ့် နွေလုလင် ခြေလှမ်းတွေက ရပ်တန့်မသွားခဲ့ပေ။ ကလေးက ရုန်းကန်နေပေမယ့် ပွေ့ချီထားရာကနေ လွှတ်မပေးဘဲ ပို၍ တင်းကျပ်စွာ ဖက်ထားမိသည်။ သူ့မျက်ဝန်းမှာလည်း မျက်ရည်တွေနှင့်ပေါ့။

သံယောဇဉ်ကို တိုတိုနဲ့ဖြတ်ပါတော့ သမီးရယ်။ သမီးလေး

www.burmeseclassic.com

www.burmeseclassic.com



နာကျင်ခံစားရမှာစိုးလို့ ဖေဖေ လုပ်မိလုပ်ရာ လုပ်ခဲ့မိတဲ့ စေတနာအမှားတွေက အခုတော့ ပိုပြီးနာကျင်ကြေကွဲစရာတွေ ဖြစ်ခဲ့ပြီပေါ့။ ဖေဖေ့ကို ခွင့်လွှတ်ပါ။

"မေမေ"

"သမီး"

"ခက်"

ခက် သမီးနောက်ကို လိုက်သွားဖို့ ခြေလှမ်းပြင်လိုက်စဉ်မှာပဲ မင်းပျိုက ခက်ရဲ့လက်ကို ဖမ်းဆုပ်ထားလေသည်။ သူကလည်း သူ့အတ္တနဲ့သူ။ တစ်ဖက်သားအပေါ် အနိုင်မယူချင်ပေမယ့် ကိုယ့်ချစ်သူကို အဆုံးရှုံးမခံနိုင်ဘဲလေ။

လူတိုင်း ကိုယ့်ကိုယ်ကိုယ် သနားတတ်ကြတာချည်းပါပဲ။ မင်းပျိုက ပုထုဇဉ်လူသားပဲလေ။ ကိုယ်ချစ်တဲ့သူကို ကိုယ်ပဲပိုင်ဆိုင်ချင်တာပေါ့။ ဒါကို အတ္တလို့ တံဆိပ်ကပ်ရင် မင်းပျိုဆိုတာ အတ္တတံဆိပ်နဲ့လူသားပေါ့။

ဒါ...သိပ်ချစ်မိလို့ပါ။

"တို့...ဒီကနေ ထွက်သွားကြရအောင်...ခက်"

"အဟင့်"

"နင် ဂုဏ်တွေ... ငွေတွေ မမက်ဘူးဆိုရင် ငါနဲ့ လိုက်ခဲ့ပါ။ ပြီးတော့ ငါ့ကို တကယ်ချစ်တယ်ဆိုရင်ပေါ့"





# အခန်း (၃၉)

ခက်...ကိုကြီး ဆင်ပေးထားတဲ့ လက်ဝတ်လက်စားတွေကို ချွတ်လိုက်သည်။ နားကပ်ကတော့ အစကတည်းက ကိုယ့်မှာပါလာခဲ့တာပါ။ ကျန်တဲ့ လက်စွပ်၊ ဆွဲကြိုးနှင့် လက်ကောက်တွေကို ချွတ်ပြီး လက်ကိုင်ပဝါထဲထည့်၍ စုထုတ်လိုက်သည်။

ခက်...

ဒါတွေကို မမက်မောပါဘူး။ ခက် လိုချင်မက်မောတာက မေတ္တာတရားပါ။ အဲဒီမေတ္တာတရားကို ခက် ရခဲ့ပါတယ်။ ဒါပေမဲ့ အိမ်ထောင်ရေးဆိုတာ လှေနံနှစ်ဖက်နင်းလို့မှ မရဘဲလေ။ ဒါကြောင့် တကယ်ချစ်တဲ့သူနဲ့ပဲ ခက် ဘဝကို ဖြတ်သန်းပါတော့မည်။

အဝတ်နှစ်စုံသာ အိတ်ထဲထည့်ပြီး အားလုံးကို နှုတ်ဆက်ဖို့ထွက်လာခဲ့ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး"

"..............."

"ဒါတွေကို ခက် ပြန်အပ်ပါတယ်"

ခက် အထုပ်ကလေးကို ကမ်းပေးလိုက်စဉ်...

"ယူသွားပါ...အစကတည်းက ကိုကြီး ခက်ကို ပေးထားခဲ့တာပဲ။ မလိုမှ ငါ့ပစ္စည်းပြန်ပေးတောင်းသလို ကလေးကလားမဆန်ချင်ဘူး။ အရာအားလုံးအတွက် ခက်ကို ကိုကြီး ကျေးဇူးတင်ပါတယ်"

ခက်ရင်ထဲမှာ ရှုးရှူးနင့်နင့်ကြီး ဖြစ်သွားလေသည်။ တကယ်ဆို ခက်က ကျေးဇူးတင်ရမှာပါ။ သံယောဇဉ်ဆိုတဲ့ သံယောဇဉ်ရယ်...ဘာကြောင့်များ ဒီလောက်တွယ်ကပ်ရစ်ပတ်နေရတာလဲ။

"အစ်ကို"

မင်းပျို့က နွေလုလင်ရှေ့မှာ ဒူးထောက်လိုက်ကာ ခက်ကိုလည်း လက်ကလေးဆွဲချပြီး ဒူးထောက်စေ၏။ ပြီးတော့...

"အစ်ကို့ကို ကျွန်တော်တို့ ကန်တော့ပါရစေ အစ်ကို"

နွေလုလင် ကျလုဆဲဆဲ မျက်ရည်ကို သူတို့ ဦးချတုန်းမှာ လျှင်မြန်စွာ သုတ်ပစ်လိုက်သည်။ ဘာမှမခံစားရတဲ့ လူတစ်ယောက်အဖြစ် သူတို့ မြင်နိုင်ဖို့ပေါ့။

"သိပ်ချစ်ကြတဲ့ မင်းတို့ချစ်သူနှစ်ယောက် နောက်ထပ်ဖြတ်သန်းရမယ့် နေ့ရက်တိုင်းမှာ ပျော်ရွှင်စွာနဲ့ ထာဝရလက်တွဲ





သွားနိုင်ကြပါစေကွာ"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ...အစ်ကို"

"မေမေ"

"ဟင်"

နှစ်ယောက်သား ထွက်သွားကြဖို့ ခြေလှမ်းပြင်လိုက်စဉ်မှာပဲ ဆောင်းက အပေါ်ထပ်ကနေ ပြေးဆင်းလာပြီး ခက်ခါးကို ဖက်ထားလေသည်။

"မေမေ...မေမေ...ဘယ်မှ မသွားပါနဲ့။ သမီးကို မထားခဲ့ပါနဲ့။ သမီး မေမေ့ကို မခွဲနိုင်ဘူး...မေမေရဲ့...အီး...ဟီး...ဟီး"

"သမီး"

"နောက်ဆို သမီး မေမေ့အပေါ် မဆိုးတော့ပါဘူး။ ပုံပြင်လည်း မပြောခိုင်းတော့ပါဘူး။ သမီးကို မထားခဲ့ပါနဲ့ မေမေရဲ့"

"အို"

"သမီး"

ခက်က သမီးကို ပြန်ဖက်လိုက်စဉ်မှာပဲ နွေလုလင် ထသွားပြီး သမီးလက်ကို ဆွဲခေါ်လိုက်သည်။

"သမီး...ဖေဖေ ဘာပြောထားလဲ။ သူက သမီးရဲ့မေမေ မဟုတ်ဘူးလေ။ သူလည်း သူ့မေမေကို သတိရလို့ သူ့အိမ်သူ ပြန်မှာပေါ့"

"သမီးရဲ့မေမေ မဟုတ်မှန်း သမီး သိပါတယ်။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီမေမေကိုလည်း သမီး ချစ်တယ် မေမေရဲ့…ဟီး"

"မချစ်ရဘူး"

နွေလုလင် သမီးကို မအော်စဖူးဘဲ အော်ပစ်လိုက်မိသည်။ မဖြစ်နိုင်တာကို မပူဆာစေချင်လို့ပါလေ။

"သူက နင့်အမေ မဟုတ်ဘူးလို့ ငါ ပြောနေတယ်လေ။ သူက နင်နဲ့ ဘာမှမတော်ဘူး။ သူစိမ်းတစ်ယောက်ကို နင် ဘာမှ ချစ်စရာမလိုဘူး…လာစမ်း"

"မေမေ့"

"သမီး"

နွေလုလင် ဆောင်းကို အတင်းဆွဲခေါ်လေတော့ ခက်ရင်ထဲမှာ မချိတော့ပေ။ ဒါကြောင့် ပါးစပ်ကို ဖိပိတ်ပြီး တသိမ့်သိမ့် ရှိုက်ငိုမိတော့သည်။

"ခက်…တို့သွားကြရအောင်"

မင်းပျို ခက်လက်ကို ဆွဲခေါ်လာခဲ့တော့သည်။ ကြာရင် ခက် စိတ်ပြောင်းသွားမှာကို စိုးရိမ်လို့ပါလေ။ ကလေးက ငို၊ ခက်က လှည့်ကြည့်လှည့်ကြည့်နဲ့။ ကြာရင်မလွယ်တော့ဘူး ထင်လို့ပါ"

"မေမေ"

"………"

"မေမေ"

"သမီးရယ်"



ယောက်ျားမျက်ရည် မကျရလို့ သတ်မှတ်ချက်မရှိတာမို့ နွေလုလင် သမီးကိုဖက်ပြီး ငိုမိတော့သည်။ ကိုယ့်မေတ္တာရိပ်က ခက်အတွက် အတောင်ညောင်းတုန်း ခေတ္တနားခိုရာပါလေ။ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်မှာပဲပေါ့။

လူကြီးတွေကတော့ ကိုယ့်အိတ်ထဲကဖား ဘယ်အချိန်ပဲ ထုတ်ရိုက်ရိုက်လို့ ထင်ခဲ့ကြတာ။ တကယ်တော့ ခက်က ကိုယ် မပိုင်သည့်ပန်းပါ။

"မေမေ"

"…………"

"မေမေ"

လျှောက်ရင်းလျှောက်ရင်းနဲ့ ခက်တို့က ခြံအပြင်ကိုတောင် ရောက်သွားခဲ့ပြီပဲလေ။ ဒါကြောင့် ဆောင်းရဲ့ခေါ်သံငိုသံကို မကြားလေတော့ဘူးပေါ့။

သမုဒ္ဒရာကြီးက ပြောတယ်…ရေပြင်ကျယ်ဟာ သူ့ရဲ့
အဖော်ပဲ×××တောင်တန်းကြီးက ပြောတယ်၊ စမ်းချောင်း
လေးတွေကို ချစ်တယ်×××ကောင်းကင်ကြီးက ပြောတယ်၊
တိမ်ရောင်စုံဟာ သူ့ရဲ့အဖော်ပဲ×××ကြယ်လေးများက
ပြောတယ်×××လမင်းမရှိရင် ငိုချင်တယ်…

ဘယ်ကမှန်းမသိ လွင့်ပျံ့လာတဲ့ သီချင်းသံကြောင့် မင်းပျို ခက်မျက်နှာလေးကို ငုံ့ကြည့်လိုက်မိသည်။ ပြီးတော့ ပြုံးလိုက်မိ ရင်း…

www.burmeseclassic.com

www.burmeseclassic.com



မင်းပျိုမောင်က ပြောတယ်…ပန်းရောင်ခက်ဆစ်က သူ့ရဲ့ အဖော်ပဲ××× မင်းပျိုမောင်က ပြောတယ်၊ ခက်ဆိုတဲ့ ကောင်မလေးကို ချစ်တယ်××× ကျွန်တော်…ကျွန်တော် ကလည်း ပြောမယ်××× ခက်ဆိုတာ ကျွန်တော့်ရဲ့လက်တွဲ ဖော်ပဲ…မင်းပျိုမောင်က ပြောတယ်×××ပန်းရောင်ခက်ဆစ် မရှိရင် ငိုချင်တယ်…

"ဟင်"

ထာဝရ ကိုယ့်ရင်ခွင်မှာ မင်းလေး နေပါ×××ကိုယ်ဟာ မင်းရဲ့ အမြဲတမ်းပဲ အဖော်မွန်ပါ×××မြတ်နိုးလွန်းလို့ ချစ်တာ×× တန်ဖိုးထားပြီးချစ်တာ×××

ခက် တင်းထားတဲ့စိတ်ကို လျှော့ချပစ်လိုက်သည်။ အရာ အားလုံးက ပြီးဆုံးသွားပြီလို့ သတ်မှတ်လို့မရပေမယ့် နောက်ထပ် ပြန်တွေ့ကြရင်တောင် ပြီးခဲ့တာတွေက ပြီးသွားခဲ့ပါပြီ။

"ခက်"

"ဟုင်"

"နှင်… ငါ့ရင်ခွင်မှာ ထာဝရနေရတော့မှာနော်… နောက်ဆုံးတစ်နေ့အထိ လက်တွဲမဖြုတ်ကြေး"

ခက် ခေါင်းညိတ်လိုက်ကာ…

"ဒါပေါ့ မင်းပျို…အချစ်စစ်တို့မည်သည် ဖြောင့်ဖြူးရိုးမှ မရှိတာ။ အခု တို့…အခက်အခဲအားလုံးကို ဖြတ်ကျော်ခဲ့ပြီးပြီ။ နောက်ထပ် ခွဲစရာအကြောင်း မရှိတော့ပါဘူး"



"ဟုတ်တယ်နော်…နောက်ထပ် အခက်အခဲရှိလာရင်လည်း တို့နှစ်ယောက် သတ္တိရှိစွာနဲ့ ရင်ဆိုင်ဖြေရှင်းကြတာပေါ့"

"နှင့်အမေနဲ့ အဖေကရော"

"ငါ အိမ်မပြန်တော့ဘူး…ခက်၊ ငါ အရမ်းချစ်တဲ့ နှင်နဲ့ ထပ်မခွဲနိုင်ဘူး။ ကိုယ့်ကမ္ဘာကိုယ် တည်ဆောက်ကြတာပေါ့"

"နှင်…ငါ့ကို အဲဒီလောက်ချစ်တာလား"

"အဲဒါထက် အဆပေါင်းများစွာ ပိုပြီးချစ်တာ"

"မင်းပျိုရယ်"

"အရမ်းချစ်တယ်"

ခက်ရဲ့ပါးပြင်လေးဆီမှာ နွေးကနဲဖြစ်သွားပြီး ကိုယ်လုံး လေးကလည်း မင်းပျိုရင်ခွင်ထဲသို့ ရောက်သွားလေသည်။ ချစ်သူ့ ရင်ခွင်ထဲကနေ အခြားအကြောင်းတွေ တမ်းတလွမ်းဆွတ်မနေ ချင်တော့ပါဘူး။ ဒါကြောင့်…

"ငါလည်း နှင့်ကို အရမ်းချစ်တယ်"

အခုတော့လည်း အရာအားလုံးက အေးချမ်းလို့ လောကကြီး က လှပသွားပါပြီလေ။

ပရိသတ်များကို ထာဝရချစ်ခင်လေးစားလျက်
မိုးစက်ပွင့်
၁၀-၁၂-၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com



## ဥယျာဉ်မှူးရဲ့ ရာဇဝင် (၂)

ချစ်ရသူရေ
ငါ့ရင်ဘတ်ထဲကနေ
ချစ်ခြင်းရနံ့ဖြာ
ပန်းမာလာတွေကို
မင်းကြိုက်သလောက် ချွေယူလိုက်ပေါ့။
ဥယျာဉ်မှူးဖြစ်သူ ငါ့တို့မှာတော့
ပန်ဆင်သူတွေ ကျေနပ်ဖို့အတွက်
ပေးဆပ်ရုံသက်သက်ပါပဲ။
ဒါပေမဲ့လေ…
ဘဝင်မကျတဲ့ ခင်နှမအချို့က
ရင်ထဲက သံယောဇဉ်နွယ်တွေကို
ခက်လက်မဖြာအောင်
အထပ်ထပ်အခါခါ ချိုးသွားကြလို့
ခေတ္တနားခိုလာသူ
ငါ့ချစ်သူအတွက်
သာယာဖွယ်အရိပ်ဟာစ်ခုဖြစ်ခဲ့ရင်
ငါ့ကို ခွင့်လွှတ်ပေးပါ ချစ်သူရယ်…။

ကဗျာပေးပို့သူ ချစ်မိုးဆွေ (တမာမြေ) အား အထူးကျေးဇူးတင်ပါသည်။

www.burmeseclassic.com